
www.dhammaransi.com



# ရေရန်ပွဲမှသည်
# အမြိုက်ရသအောင်ပွဲဆီသို့

မဟာသဒ္ဓမ္မဇောတိကဓဇ
## တက္ကသိုလ်သျှင်သီရိ
(ဓမ္မာစရိယ ဘီ-အေ)

Design KO SAW

www.dhammaransi.com

၂၉၁၁ ၇
၂၉၄ - ၃
၁၁ ၇

M.A ကျမ်းပြုသူများနှင့်သုတေသီများအတွက်

# ရေရန်ပွဲမှသည်
# အမြိုက်ရသအောင်ပွဲဆီသို့


မဟာသဒ္ဒမ္မဇောတိကဓဇ

တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ ဘီ.အေ)

• • • • • • • • •

ဦးကိုကိုမြိုင် (တွဲဘက်ပါမောက္ခ)

သုတ္တန္တပိဋကမဟာဌာန

www.dhammaransi.com

အမှတ် ၂၉၅၅၇
ရက်စွဲ ၁၃-၅-၁၆

ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် – ၂၀၁၅–ခုနှစ်၊ အောက်တိုဘာလ
အုပ်ရေ – ၁၀၀၀

ထုတ်ဝေသူ

ဦးကိုကိုမြိုင် (ထုတ်ဝေခွင့်အမှတ်–၀၀၉၉၃)
"ဆွေသဟာ"စာပေ
၈/၅၅၊ သုနန္ဒာ(၃)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်

အဖုံးနှင့်အတွင်းစာသားပုံနှိပ်သူ

ဒေါ်လှမူသိန်း
ဂုဏ်လင်းကျော်ပုံနှိပ်တိုက်
အမှတ်(၂၄)၊ ဗဟိုလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

www.dhammaransi.com

# ဓမ္မဒါနအလှူရှင်

နှစ်ဘက်သောမိဘများနှင့်ဆွေမျိုးများအား
အမှူးထား၍

အမှတ်(၈၂၀)၊ (၉)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊
တောင်ဥက္ကလာပမြို့နယ် နေ

**အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးစံငြိမ်း**

**+**

**ဒေါ်သိန်းဝင်း**

မိသားစု မှ

ပညာပါရမီပဒေသာပင်အဖြစ်

ရိုက်နှိပ်ထုတ်ဝေလှူဒါန်းပါသည်

**အလှူငွေပေါင်း–၉,၀၀၀၀၀ိ/–**

www.dhammaransi.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမှာစာ -------------- | |
| | **အခန်း(၁)** | |
| ၂။ | သာကီဝင်မင်းတို့၏ရေရန်ပွဲမှသည်စစ်ပွဲဆီသို့ | |
| | - ရောဟိနီမြစ်၏ရေခွဲဝေမှုပြဿနာ | ၁ |
| | - ဗုဒ္ဓ၏အမြိုက်တရား | ၅ |
| | - လူ့အသက်နှင့်ရေတစ်စက်တန်ဖိုး | ၇ |
| | - ရုက္ခစိုးနတ်နှင့်ဝက်ဝံတို့၏ရန်လိုမှုနှင့်ပျက်စီးမှု | ၉ |
| | - မစူးမစမ်းမဆင်ခြင်သော ယုန်၏စကားယုံမှားမိသူများ | ၁၄ |
| | - အားနည်းသူပင်ဖြစ်လင့်ကစား အားကြီးသူကိုနိုင်ရမည် | ၂၁ |
| | - ညီညွတ်မှု၏အား | ၂၇ |

www.dhammaransi.com


- ခိုက်ရန်ငြင်းခုံပျက်စီးရပုံ ၃၁
- မင်းသားငယ်ငါးရာရဟန်းပြုခြင်း ၄၀
- ရဟန်းငါးရာကိုဟိမဝန္တာသို့ခေါ်ဆောင်သွားခြင်း ၄၃
- ကုဏာလဥဩငှက်မင်းနှင့်ဖုဿဥဩမင်း ၄၆
- နတ်အပေါင်းတို့စုဝေးရောက်လာခြင်း ၅၂
- ကာမဂုဏ်သောင်းကျန်းသောကဏှာဒေဝီ ၅၃
- သစ္စကပါပီ ပရဗိုဇ်မ ၅၇
- ကုရုဂ်ဒေဝီမိဖုရား ၆၁
- ကာကဝတီမိဖုရား ၆၅
- ဗြဟ္မဒတ်မင်း၏မယ်တော် ၆၇
- မိန်းမတို့၏အပြစ်ကိုပြောပြခြင်း ၆၈
- ကိန္နရာဒေဝီမိဖုရားကြီး ၇၇
- ပဉ္စပါပီမိဖုရားကြီး ၈၃
- ပိယင်္ဂါနီမိဖုရားကြီး ၈၆
- အာနန္ဒာလင်းတမင်း၏မိန်းမတို့၏ ကျေးဇူးမဲ့တရား ၈၉
- နာရဒရသေ့၏မိန်းမတို့၏ကျေးဇူးမဲ့တရား ၉၂
- ရဟန်းများသောတာပန်ဖြစ်ကြခြင်း ၉၉
- ရဟန်းငါးရာတို့အမြိုက်အရသာ ရရှိခံစားနိုင်ကြပြီ ၁၀၁

www.dhammaransi.com

- မဟာသမယ ၁၀၄
- သုဒ္ဓါဝါသဗြဟ္မာကြီး(၄)ဦး ၁၀၆
- နတ်ဗြဟ္မာများနှင့်ဗုဒ္ဓအကြံ ၁၁၂
- နတ်ဗြဟ္မာများ၏အမည်များကိုပြောကြားခြင်း ၁၁၅
- သတ္တဝါနှင့်စရိုက်ကိုကြည့်ရှုခြင်း ၁၂၄
- နိမ္မိတ(ဖန်ဆင်းရှင်)ဘုရားကို
ဖန်ဆင်းတော်မူခြင်း ၁၂၈

## အခန်း(၂)

## စရိုက်အားလျော်သောသုတ်တော်များ

- သမ္မာပရိဗ္ဗာဇနိယသုတ် ၁၃၂
- ပုရာဘေဒသုတ် ၁၅၆
- ကလဟဝိဝါဒ ၁၈၁
- စူဠဗျူဟသုတ် ၂၀၉
- မဟာဗျူဟသုတ် ၂၂၈
- တုဝဋ္ဋကသုတ် ၂၅၈

www.dhammaransi.com

# အမှာစာ

နယုန်လပြည့်နေ့ကို မဟာသမယနေ့ ဟု ဗုဒ္ဓဘာသာဝင် အများတို့သိထားကြသလို မဟာသမယသုတ်ကိုရွတ်ဖတ်လျှင် နတ်များက ချစ်မြတ်နိုးသည်ဟု၍လည်း ယုံကြည်ထားကြပါသည်။

ဗုဒ္ဓသည် ရေရန်ပွဲမှသာကီဝင်မင်းတို့၏တိုက်တွန်းမှုကြောင့် သာကီဝင်မင်းသားတစ်ဘက်(၂၅၀)စီ စုစုပေါင်း(၅၀၀) ရဟန်းငါးရာတို့ကို အကျွတ်တရားရစေခြင်းငှာ မဟာဝုန်တော၌ တရားဟောရန်စီစဉ်ရာမှ ဤမဟာသမယသုတ်တော်သည်ဖြစ်ပေါ်လာရပါသည်။

မဟာသမယသုတ်ကို ဗုဒ္ဓဘုရားဟောကြားတော်မူခြင်းမှာ နတ်ဗြဟ္မာတို့၏စိတ်နူးညံ့ချမ်းသာစေရန်အလို့ငှာ ရှေးဦးပရိက်အနေဖြင့် ရဟန်းပရိသတ်နှင့်နတ်ဗြဟ္မာပရိသတ်တို့ကို မိတ်ဆက်ပေးသောအလား ဟောကြားတော်မူခြင်းဖြစ်ပါသည်။

www.dhammaransi.com



မဟာသမယသုတ်သည် အနှစ်သာရမဟုတ်ပါ၊ လောက လူ့သဘာဝ လူတို့မည်သည် မိမိတို့၏အမည်နာမကိုခေါ် ယူပြော ဆိုလျှင် နှစ်သက်ဝမ်းမြောက်ကြသကဲ့သို့ စကြာဝဠာတိုက်တစ် သောင်းမှလာရောက်ကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့၏ အမည်ကို ဘုရားရှင်ကထုတ်ဖော်ခေါ်ပြသဖြင့် နတ်ဗြဟ္မာအပေါင်း တို့သည် မိမိတို့၏နာမည်ကိုခေါ်ကြသဖြင့် ကြည်နူးနှစ်သက်ကာ စိတ်နှလုံးနူးညံ့ချမ်းမြေ့ကြသည်။

ထိုအခါကျမှ ဗုဒ္ဓက နတ်ဗြဟ္မာအပေါင်းတို့ကျွတ်တမ်း ဝင်ရေးအတွက်ကိုမူ လေးလေးနက်နက်ရှုဆင်ခြင်ပြီးလျှင် နတ် ဗြဟ္မာအပေါင်းတို့ကိုလွှန်ကဲသောစရိုက်အားဖြင့် (၆)ခုခွဲတော်မူ၍

၁။ ရာဂစရိုက်လွှန်ကဲသော
နတ်ဗြဟ္မာများအား - သမ္မာပရိဗ္ဗာဇနိယသုတ်

၂။ ဒေါသစရိုက်လွှန်ကဲသော
နတ်ဗြဟ္မာများအား - ကလဟဝိဝါဒသုတ်

၃။ မောဟစရိုက်လွှန်ကဲသော
နတ်ဗြဟ္မာများအား - မဟာဗျူဟာသုတ်

၄။ ဝိတက်စရိုက်လွှန်ကဲသော
နတ်ဗြဟ္မာများအား - စူဠဗျူဟာသုတ်

၅။ သဒ္ဓါစရိုက်လွှန်ကဲသော
နတ်ဗြဟ္မာများအား - တုဝဋ္ဋကသုတ်

၆။ ပညာ(ဗုဒ္ဓိ)စရိုက်လွှန်ကဲသော
နတ်ဗြဟ္မာများအား - ပုရာဘေဒသုတ်

တို့ကိုဟောကြားပြသခဲ့ပါသည်။

www.dhammaransi.com



မဟာသမယသုတ်နှင့်ပတ်သက်၍ မဟာသမယသည် နတ်ပြဟ္မာအစည်းအဝေး၌ အမည်ဖော်ထုတ်မိတ်ဆက်ပေးခြင်း အကာသဘောမျှသာရှိပါသည်၊ အနှစ်သာရသည်ကား ဤ(၆) သုတ်ဖြစ်ပါသည်။

ဤ(၆)သုတ်ဟောကြားမှုကြောင့် သုတ်တစ်သုတ်၏ ဟောကြားပြီးသည်အဆုံး၌ ရဟန္တာဖြစ်သောနတ်ပြဟ္မာပေါင်း တစ်ကုဋေ့စီရှိကြ၍ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဖြစ်ကြသော နတ်ပြဟ္မာတို့မှာ မရေတွက်နိုင်အောင်များပြားကြောင်း သိရပါသည်။

ဤမဟာသမယသုတ်ရွတ်ဖတ်မှုကို နတ်များနှစ်သက် မြတ်နိုးမှုနှင့်ပတ်သက်၍-

ဣဒံ ပနမဟာသမယသုတ္တံ နာမဒေဝတာနံ ပိယံ
မနာပံ ဒေဝတာကိရ ဣဒံ သုတ္တံ သုဏိဿာမာတိ
ဩဟိတာ ဝိစရန္တိ

ဟူ၍ ဖွင့်ဆိုထားသည်ကို တွေ့ရပါသည်။

| | |
|---|---|
| ဣဒံ ပနမဟာသမယသုတ္တံ နာမ | -ဤမဟာသမယသုတ်အမည် ရှိသောဒေသနာတော်ကို |
| ဒေဝတာနံ | -နတ်တို့သည် |
| ပိယံ | -ချစ်ခင်နှစ်သက်၏ |
| မနာပံ | -နှလုံးပွားစေအပ်၏ |
| ဣဒံ သုတ္တံ | -ဤမဟာသမယသုတ် ဒေသနာကို |

www.dhammaransi.com



| | |
|---|---|
| သုဏိသာမာတိ | -နာကြားကြသည်ဟူ၍ |
| ဒေဝတာ | -နတ်တို့သည် |
| ဩဟိတာဝိစာရန္တိ | -ထောင်သောနားရှိကြကုန်သည်ဖြစ်၍ |
| ဝိစာရန္တိ | -သွားလာလှုပ်လှုပ်နေကြကုန်သတည်း |

မဟာသမယသုတ်ကို နတ်တို့အထူးသဖြင့် ကြည်ညိုလေးမြတ်နှစ်သက်ကြကုန်သဖြင့် ဤသုတ်ကိုကြားနာကုန်အံ့ ဟုမပြတ်လှုပ်လှုပ် စူးစမ်းကြလေ့ရှိသည် ဟုဆိုပါသည်။

ထို့ကြောင့် အုတ်ဖိုဆရာတော်ဘုရားကြီးက ဤသုတ်ကိုဒေဝတာပိယသုတ္တံ ဟူ၍အမည်ထူးပေးခဲ့သည်ကိုလည်း တွေ့ရပါသည်။

တစ်ဖန် ဤမဟာသမယသုတ်ကို-

- မင်္ဂလာနှင့်စပ်လျဉ်းသောနေရာဌာနကိစ္စတို့၌လည်းကောင်း
- အိမ်သစ်၊ ရွာသစ်၊ မြို့သစ်အစရှိသောအသစ်ဖြစ်သောနေရာဌာနတို့၌လည်းကောင်း

ဟောကြားအပ်၊ ရွတ်ဖတ်အပ်သည်၊ ထိုနေရာသို့ တန်ခိုးကြီးသောနတ်တို့အမြဲလာရောက်ကြသဖြင့် လူတို့အား နှိပ်စက်ဖျက်ဆီးသောသရဲ တစ္ဆေ ဘီလူးများဖယ်ခွာသွားကြသည် ဟုဆိုပါသည်။

နတ်ပြဟ္မာတို့၏အမည်မျှပါသော မူလမဟာသမယသုတ်ကိုရွတ်ဆိုကာမျှဖြင့် နတ်တို့ချစ်ကြ၊ ခင်ကြ၊ စောင့်ရှောက်

www.dhammaransi.com



ကြသည် ဟုဆိုပါလျှင် ယင်းတို့ကျွတ်တမ်းဝင်သွားသော နိဗ္ဗာန် ရောက်ကြောင်းတရားကောင်းများဖြစ်ကြသော သမ္မာပရိဗ္ဗာဇနိယ စသောသုတ်(၆)သုတ်ကိုပါ ရွတ်ဆိုပွားများပါက နတ်ဗြဟ္မာအ ပေါင်းတို့သည် သာ၍ပင်ချစ်ကြ၊ ခင်ကြ၊ စောင့်ရှောက်မည့်အပြင် မိမိတို့ကိုယ်တိုင်လည်း တရားထူးကိုသိမြင်ရရှိနိုင်ကြပါမည်။

မဟာသမယသုတ်ကိုရွတ်ဖတ်ပူဇော်မှုကြောင့် လောကီ အကျိုးစီးပွားခံစားရသူများအကြောင်းကို ရှေးသီဟိုဠ်ခေတ် သာသနာဝင်မှတ်တမ်းများနှင့်မြန်မာပြည်သာသနာဝင်မှတ်တမ်း တို့၌ များစွာတွေ့ရှိခဲ့ရပါသည်၊ ယနေ့ခေတ် ဗုဒ္ဓဘာသာဆိုင်ရာ စာပေမဂ္ဂဇင်းစာစောင်တို့၌လည်း မဟာသမယသုတ်ရွတ်ဖတ် ပူဇော်မှုကြောင့် လောကီကောင်းကျိုးချမ်းသာရရှိသူများ၏ အကြောင်းတို့ကို အခါအားလျော်စွာဖတ်ရှုခဲ့ရပါသည်။

စာရေးသူအယ်ဒီတာလုပ်ခဲ့သော ဗုဒ္ဓဓမ္မလောကစာ စောင်၊ မြစ်မခဓမ္မစာစောင်၊ သာထွန်းပြန့်ဓမ္မာစာစောင်၊ ဓမ္မဝီရ ဂျာနယ်တို့၌လည်း ထိုမဟာသမယသုတ်ရွတ်ဖတ်ပူဇော်မှုကြောင့် ကိုယ်တွေ့ကောင်းကျိုးခံစားရသူများက သူတို့၏ကိုယ်တွေ့အဖြစ် အပျက်နှင့်ကောင်းကျိုးခံစားရပုံအစုံစုံတို့ကို ရေးပြလာခဲ့သဖြင့် စာရေးသူကလည်း ထိုအကြောင်းများကိုနောင်လာနောက်သား ဗုဒ္ဓဘာသာဝင်များအားကျစေရန် ရွတ်ဖတ်ကြစေရန်ရည်ရွယ်ပြီး ထည့်သွင်းပေးခဲ့ပါသည်။

တစ်ဘက်ကလည်း ထိုအကြောင်းများကိုဖတ်ရှုပြီး မဟာ သမယသုတ်ကိုစိတ်ဝင်စားပြီးလေ့လာခဲ့ပါသည်၊ ထိုသို့လေ့လာ

www.dhammaransi.com



သောအခါ မဟာသမယသုတ်နှင့်ပတ်သက်၍ ဗုဒ္ဓက နတ်ဗြဟ္မာတို့စရိုက်အားလျော်စွာဟောကြားခဲ့သောသုတ်(၆)သုတ်၏အဆီအနှစ်ကိုလေ့လာမိပါသည်၊ ထိုသို့လေ့လာရာတွင် ပထမဖတ်မိသည်မှာ ပါဠိတော်နှင့်မြန်မာပြန်၊ ထို့နောက် မဟာစည်ဆရာတော်ဘုရားကြီး၏ သမ္မာပရိဗ္ဗာဇနီယသုတ်ဟောစဉ်ကို စတင်လေ့လာဖတ်ရှုမိပါသည်၊ ထို့နောက် မင်းကွန်းတိပိဋကဓရဆရာတော်၏မဟာဗုဒ္ဓဝင်ပါ မဟာသမယသုတ်အဖွင့်ကို လေ့လာမိပါသည်။

ထို့နောက် ဓမ္မဝီရဂျာနယ်တိုက်မှ ဦးပြည်စိုး(ပါဠိပါရဂူ)က ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်အုပ်ဆရာတော် အရှင်နန္ဒိယမထေရ်ရေးသားစီရင်အပ်သော မဟာသမယသုတ်များ၊ ပါဠိတော်နိဿယနှင့် အဓိပ္ပာယ်ဖွင့်ကျမ်းကိုပေးလာ၍ ဆက်လက် လေ့လာမိပါသည်။

ဆရာတော်၏ မှတ်စုရှင်းလင်းချက်များသည် အလွန်မှတ်သားဖွယ်ကောင်းလှပါသည်၊ သဘောလည်းပေါက်လွယ်ပြီး အနှစ်သာရကိုလည်းခံစားနိုင်ပါသည်။

ဆရာတော်၏စာအုပ်ကို ၁၃၂၈-ခု၊ (၁၉၆၇)ခုက မြန်မာနိုင်ငံ၊ ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်၌ ရိုက်နှိပ်ထုတ်ဝေသည်ကိုတွေ့ရပါသည်၊ ထိုစာအုပ်ကိုသာမန်စာဖတ်သူ လက်လှမ်းမမှီ၊ မသိရှိကြပါ။

စာရေးသူသည် ဗုဒ္ဓဘာသာဝင်တို့အား အကာနတ်ချစ်သည်ထက် အနှစ်အမြိုက်သာရကိုရရှိခံစားစေလိုသောစေတနာဖြစ်ပေါ်မိပါသည်၊ ထိုသို့ဖြစ်ပေါ်မိသည့်အတွက် ဆရာတော်

အရှင်နန္ဒိယမထေရ်၏အဓိပ္ပာယ်ဖွင့်ကျမ်းနှင့်ပါဠိတော်မြန်မာပြန်ကိုအဓိကမူထားပြီး ဤမည်သော **"ရေရန်ပွဲမှသည်အမြိုက်ရသ"** ဟူသော စာမူကို အရှင်းဆုံး အလွယ်ဆုံး ဝေါဟာရတို့ဖြင့် ပြန်လည်ရေးသားတင်ပြခြင်းဖြစ်ပါသည်။

ပါဠိတော်၏ဆိုလိုချက် ဆရာတော်၏အဓိပ္ပာယ်နှင့်ဖွင့်ဆိုချက်တို့ကိုမမှီဟုဆိုက စာရေးသူ၏အားနည်းချက်သာဖြစ်ပါမည်၊ စာရေးသူ၏စေတနာမှာ မဟာသမယ၏အနှစ်သာရကို ဗုဒ္ဓဘာသာဝင်အများတို့ သိရှိခံစားရရှိစေခြင်းမျှသာ ဖြစ်ပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အကူအညီပေးကြသော ဓမ္မဝီရဂျာနယ်တိုက်မှ ဦးပြည်စိုး(ပါဠိပါရဂူ)နှင့် စာအုပ်စာတမ်းများငှားရမ်းကူညီကြသော နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ စာကြည့်တိုက်တာဝန်ခံဆရာတော်များ၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ သုတေသနစာကြည့်တိုက်မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှသန်းနှင့်ဝန်ထမ်းများ၊ ထုတ်ဝေသူတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

ဦးကိုကိုမြင့်
အမှတ်(၅၅)၊သုနန္ဒာ(၃)လမ်း
စ-ရပ်ကွက်၊မ/ဥက္ကလာပမြို့နယ်
ဖုန်း-၀၁-၉၆၉၀၃၂၄/ ၀၉၄၂၁၀၁၆၈၇၈

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်သီရိ
(ဓမ္မာစရိယ ဘီ-အေ)

www.dhammaransi.com

# အခန်း ( ၁ )

# သာကီဝင်မင်းတို့၏ရေရန်ပွဲမှသည်စစ်ချီပွဲသို့

## ရောဟိနီမြစ်၏ရေခွဲဝေမှုပြဿနာ

သကျသာကီဝင်တို့၏ သက္ကတိုင်းဝယ် ကပိလဝတ်ပြည်၊ ဒေဝဒဟပြည်၊ ကောလိယပြည် ဟူ၍ ပြည်ထောင်သုံးခုရှိသည်၊ ကပိလဝတ်ပြည်နှင့် ကောလိယပြည်နှစ်ထောင်ကြားဝယ် ရောဟိနီမည်သောမြစ်ငယ်တစ်ခုစီးဆင်းလျက်ရှိသည်၊ နှစ်ပြည်ထောင်လယ်သမားတို့သည် နွေအခါ၌ ထိုမြစ်ငယ်ကိုထိပ်မှတာတမံပိတ်ရေလောင်းပြီးလျှင် နှစ်ဦးနှစ်ဘက်ညီမျှစွာရေကို ခွဲဝေယူကြပြီး လယ်ယာအလုပ်ကိုလုပ်ကိုင်နေခဲ့ကြသည်။

တစ်နှစ်သောနယုန်လအရောက်ဝယ် ရောဟိနီမြစ်ရေသည် ရေအင်အားနည်းပါးသွားသဖြင့် လယ်များရေလုံလောက်စွာမပေးနိုင်ချေ၊ ရောဟိနီမြစ်ရေလုံလောက်စွာမရသဖြင့် နှစ်

www.dhammaransi.com



ဘက်ရှိစိုက်ပျိုးထားသောကောက်စပါးပင်များသည် ညှိုးနွမ်းခြောက်သွေ့လာကြသည်။

နှစ်ဘက်သောကောက်လယ်ပင်တို့သည် ရေတစ်ခါသွင်းလိုက်ပါက သီးနှံများအောင်မြင်မည့်အခြေအနေတွင်ရှိနေကြသည်၊ ရောဟိနီမြစ်ရေသည်က တစ်ဘက်လယ်သွင်းရုံလောက်သာရှိသည်၊ နှစ်ဘက်ခွဲဝေက မည်သို့မျှလုံလောက်မျှတမည် မဟုတ်သည်ကို နှစ်ဘက်သောလယ်သမားတို့ သိကြသည်။

ထိုအတွက် နှစ်ဘက်သောလယ်သမားတို့သည် အစည်းအဝေးပြုလုပ်ကြသည်၊ ထိုအစည်းအဝေးတွင် ကောလိယပြည်သားလယ်သမားတို့က-

"အဆွေတို့ . . ဤဆည်အတွင်းရှိ အနည်းငယ်သောရေတို့ကိုနှစ်ဦးနှစ်ဘက်ခွဲဝေယူကြလျှင် သင်တို့အတွက်လည်းလုံလောက်မည်မဟုတ်၊ ငါတို့အတွက်လည်း လုံလောက်မည်မဟုတ်၊ ငါတို့၏ကောက်ပင်များက ရေတစ်ကြိမ်သွင်းပေးက မှည့်ရင့်အောင်မြင်ပါလိမ့်မည်၊ သို့အတွက် ထိုအနည်းငယ်သောရေကို ငါတို့လယ်အတွက်ပေးကြပါ "

ဟု ပြောဆိုတောင်းခံကြသည်။

"အဆွေတို့ . . သင်တို့က မိမိတို့၏စပါးကျီကြတို့ကို စပါးအပြည့်ထည့်ကာ စိတ်အေးလက်အေးနေကြချိန်ဝယ် ငါတို့က မျက်နှာငယ်ဖြင့် ရွှေ၊ ငွေအသပြာတို့ကို ယူဆောင်ကာ တင်း တောင်းအိတ်ခွံစသည်တို့ကို လက်စွဲယူကြပြီး သင်တို့၏အိမ်ပေါက်ဝ၌ မျက်နှာငယ်ဖြင့်လှည့်လှည်ဝယ်နေရပါသည်၊ ထိုသို့

www.dhammaransi.com



မလုပ်နိုင်ပါ၊ ငါတို့၏ကောက်ပင်များသည်လည်း ရေတစ်ကြိမ် သွင်းသဖြင့် မှည့်ရင့်အောင်မြင်ပါလိမ့်မည်၊ သို့အတွက် ထိုရေကို သင်တို့မယူဘဲ ငါတို့အားသာပေးပါ ”
ဟု ကပိလဝတ်ပြည်သားတို့ကလည်း တုံ့ပြန်ပြောဆိုတောင်းကြ သည်။

ဤသို့ဖြင့် တစ်ဘက်နှင့်တစ်ဘက်အကြိတ်အနယ် ငြင်းခုံမှုဖြစ်လာကြသည်။

“ငါတို့ဘက်ကတော့ ဘယ်နည်းနှင့်မျှမပေးနိုင်ပါ ” ဟုတစ်ဘက်ကဆိုသလို တစ်ဘက်ကလည်း မပေးနိုင်ကြောင်း ငြင်းဆိုကြပြန်သည်။

သူ့ဘက်၊ ငါ့ဘက်ရေရရှိရေး ငြင်းခုံနေကြရင်းပင် စိတ် မထိန်းနိုင်သူတစ်ယောက်က တစ်ဘက်လယ်သမားတစ်ယောက် ကိုငြင်းခုံရင်း ထရိုက်မိရာမှ အုပ်စုလိုက်ရိုက်ပွဲကြီးတစ်ခုဖြစ်သွား လေသည်။

“အမှိုက်ကစ ပြဿဒ်မီးလောင်” သောသဘောဖြင့် အောက်ခြေလယ်သမားတို့ရန်ဖြစ်မှုသည် မင်းတို့၏အမျိုးဘက် ကိုပါ ထိခိုက်ပြောဆိုလာကြသည်။

“အသင်တို့က ကပိလဝတ်သာကီဝင်တို့ကိုအားကိုးပြီး ကြုံးဝါးနေဘိကြ၏၊ အသင်တို့အားကိုးသောကပိလဝတ်မင်းတို့ သည်ကား အိမ်ခွေး၊ တောခွေးများပမာ မိမိ၏နှမအရင်းများနှင့် အိမ်ထောင်ဖက်ပြုကြကုန်၏၊ ထိုသာကီဝင်မင်းများ၏ ဆင်များ၊ မြင်းများ၊ ကာလက်နက်များက ငါတို့ကိုဘာလုပ်နိုင်စွမ်းရှိပါသလဲ”

www.dhammaransi.com



ဟု ကောလိယလယ်သမားတို့က အမျိုးဇာတ်ကိုထိပါးပြောဆို လာကြသည်။

"အသင်တို့က အနာကြီးရောဂါစွဲသူ၊အနူကလေးများကို လက်ကိုင်ထားပြီး ငါတို့အား ယခုကဲ့သို့ ကြုံးဝါးလာကြခြင်းဖြစ် သည်၊ အသင်တို့အားကိုးသောကောလိယမင်းတို့ကား ပြည်နှင် ဒဏ်ခံရသဖြင့် ကိုးကွယ်ရာမရှိကြဘဲ တိရစ္ဆာန်တို့ကဲ့သို့ ကလော ပင်ခေါင်း၌ခိုအောင်းနေထိုင်ကြရသူများဖြစ်ကြသည်၊ သင်တို့ ကောလိယမင်းများ၏ဆင်၊ မြင်း၊ လက်နက်တွေကကော ငါတို့ကို ဘာများပြုလုပ်နိုင်စွမ်းရှိပါသနည်း"

ဟု ကပိလဝတ်လယ်သမားတို့ကလည်း အညံ့မခံရန်ဇာတ်နှင့် ပတ်သက်သောရန်တွေစကားပြန်လည်ပြောဆိုကြသည်။

ထိုပြဿနာသည် လယ်သမားများတစ်ဆင့် မြို့သို့ ရောက်သွားကြပြီး လယ်ယာစိုက်ပျိုးရေးဆိုင်ရာ မှူးမတ်တို့အား တိုင်ကြားပြောဆိုရာမှ မင်းအသီးသီးတို့၏နားသို့ထိုးဖောက် ရောက်သွားလေသည်။

"နှမများနှင့်အတူအိမ်ထောင်ဖက်ပြုကြသော ငါတို့၏ စွမ်းရည်နှင့်အင်အားကိုထင်ရှားပြကုန်အံ့"

ဟု ကပိလဝတ်မင်းတို့သည် ကြွေးကြော်ကာ စစ်ရေးကိုပြင်ဆင် ကြသည်၊ အလားတူ ကောလိယမင်းတို့ကလည်း-

"ကလောပင်ခေါင်းအောင်းသောငါတို့၏စွမ်းရည်နှင့် အင်အားကိုထင်ရှားပြကုန်အံ့"

ဟု ကြွေးကြော်ကာ စစ်ရေးပြင်ဆင်ကြလေသည်။

www.dhammaransi.com



နှစ်ဘက်မင်းတို့သည် စစ်ကြီးကိုပြင်ဆင်ကြလျက် စစ်ထိုးရန် ရောဟိနီမြစ်သဲသောင်ပြင်သို့ စစ်ချီတက်လာခဲ့ကြသည်။

## ဗုဒ္ဓ၏အမြိုက်တရား

သာကီဝင်မင်းတို့နှစ်ဘက်စစ်ပြင်ပြီး ညနေချမ်းစစ်ချီထွက်လာသောအချိန်ဝယ် ဗုဒ္ဓသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေပါသည်၊ ဗုဒ္ဓသည် နံနက်မိုးသောက်အားကြီးလင်းကာနီး၌ သတ္တလောကကိုကြည့်ရှုတော်မူသောအခါ ဆွေတော်မျိုးတော် များဖြစ်ကြသော ကပိလဝတ်နှင့်ကောလိယတို့ စစ်ကြီးခင်းလျက် ထွက်လာမည့်အရေးကိုမြင်တော်မူသည်။

"ငါဘုရားကြွသွားသော် ဤခိုက်ရန်မှုငြိမ်းမည်လော၊ မငြိမ်းလိမ့်မည်လော၊ မည်သို့သောအကျိုးများဖြစ်ပေါ်လာမည်နည်း" ဟုဆင်ခြင်မိသည်။

စစ်ပြေငြိမ်းပြီး တစ်ဘက်နှစ်ရာ့ငါးဆယ်သောအမျိုးကောင်းသားတို့ မိမိ၏သာသနာအတွင်းဝင်လာမည့်ထိုသူတို့ကို ရဟန်းပြုပေးပြီးနောက် မဟာသမယအစည်းအဝေးကြီးဖြစ်မည့်အကျိုးကိုလည်းမြင်တော်မူလေသည်။

ထိုသို့ကောင်းကျိုးများစွာဖြစ်မည်ကို ဗုဒ္ဓသည်မြင်တော်မူ၍ ထိုနှစ်ဘက်မင်းတို့စစ်ခင်းမည့် ရောဟိနီသဲသောင်ပြင်သို့ ကြွသွားရန်ဆုံးဖြတ်တော်မူလေသည်။

ဗုဒ္ဓသည် ထိုနေ့နံနက်တွင် သာဝတ္ထိပြည်တွင်းသို့ဆွမ်းခံဝင်ပြီးနောက် တစ်ပါးတည်းသီတင်းသုံးနေပြီး ညနေချမ်းအချိန်

www.dhammaransi.com



ဝယ် သပိတ်သက်န်းကိုယူပြီး တစ်ပါးတည်းသာလျှင် ကောင်းကင်ခရီးဖြင့်ကြွတော်မူပြီးလျှင် နှစ်ဘက်သောစစ်တပ်များ၏ အကြားအထက်ကောင်းကင်၌ တင်ပလ္လင်ဖွဲ့ခွေနေတော်မူပြီးလျှင် နှစ်ပြည်ထောင်မင်းတို့အား သံဝေဂဖြစ်စေရန် နေခင်းကြောင်တောင်အမှောင်ကြီးကျရောက်စေရန် ဆံတော်မှနီလရောင်ခြည်တော်များကို လွှတ်ထိုင်နေလေသည်။

ထိုသို့အမှောင်ကြီးကျလာသဖြင့် နှစ်ပြည်ထောင်မင်းတို့သည်လည်း ထိတ်လန့်တုန်လှုပ်သွားကြသည်၊ ထိုအချိန်ဝယ် ဗုဒ္ဓက ကိုယ်တော်ကိုထင်ရှားစွာပြတော်မူ၍ ရောင်ခြည်တော်ခြောက်ပါးကိုလွှတ်ပြလေသည်၊ နှစ်ဘက်မင်းတို့သည် ဗုဒ္ဓကိုဖူးတွေ့ကြရလေသည်။

"ငါတို့၏ဆွေမျိုးဖြစ်သောဘုရားသည် ကြွတော်မူသည်၊ ဗုဒ္ဓသည် ငါတို့၏ခိုက်ရန်မှုပြုကြကြောင်းကို ကောင်းစွာမြင်အပ်လေသလော၊ ငါတို့သည် ဗုဒ္ဓကြွလာတော်မူစဉ် ဗုဒ္ဓ၏မျက်မှောက်၌ သူတစ်ပါး၏ကိုယ်ပေါ်၌လက်နက်ပစ်ချရန် မသင့်လျော်ပါချေ၊ ကောလိယမင်းက ငါတို့ကိုသတ်လိုကလည်းသတ်ပါစေ၊ ဖမ်းဆီးလိုကလည်း ဖမ်းဆီးယူဆောင်ကြပါစေ"

ဟု ကြံစည်တိုင်ပင်ဆုံးဖြတ်ကြဏာ လက်နက်များကိုစွန့်ပစ်ကြပြီးလျှင် ဗုဒ္ဓကိုရိုသေမြတ်နိုးရှိခိုးနေကြလေသည်။

ကောလိယမင်းတို့သည်လည်း ထိုနည်းတူ လက်နက်များ စွန့်ပစ်ကြပြီးဗုဒ္ဓကိုရိုသေမြတ်နိုးရှိခိုးနေကြလေသည်။

www.dhammaransi.com



ထိုအခါကျမှ ဗုဒ္ဓသည် ကောင်းကင်မှသက်ဆင်းကြွလာပြီးလျှင် သဲသောင်ပြင်၌ ဗုဒ္ဓအတွက်ခင်းထားအပ်သောနေရာ၌ အတုမရှိသောဗုဒ္ဓ၏အသရေတော်ဖြင့် တင့်တယ်စွာ စံပါယ်သီတင်းသုံးနေလေသည်။

## လူ့အသက်နှင့်ရေတစ်စက်တန်ဖိုး

ဗုဒ္ဓသည် ထိုင်နေတော်မူပြီးလျှင် နှစ်ဘက်စစ်ပြင်လာသည်ကိုသိလျက်ပင်-

"မြတ်သောမင်းအပေါင်းတို့. . . . အသင်တို့သည် အဘယ်သို့သောအကြောင်းဖြင့် ဤအရပ်သို့ရောက်လာကြပါကုန်သနည်း"

ဟု မေးမြန်းလိုက်လေသည်။

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . တပည့်တော်တို့သည် မြစ်ကိုကြည့်ရန်လည်းလာကြသည်မဟုတ်ပါ၊ ရေကစားကြရန်အတွက်လည်းလာကြသည်မဟုတ်ပါ၊ စင်စစ် ဤသဲသောင်ပြင်၌စစ်ကြီးခင်းရန်အတွက် လာကြကုန်ပါသည်ဘုရား"

"မြတ်သောမင်းအပေါင်းတို့. . . အဘယ်ဝတ္ထုကိုအကြောင်းပြု၍ သင်မင်းနှစ်ပါးတို့ခိုက်ရန်ဖြစ်ကြပါသနည်း"

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . ရောဟိဏီဆည်ရေကိုအကြောင်းပြုပြီး ခိုက်ရန်ဖြစ်ကြပါသည်ဘုရား"

"မြတ်သောမင်းအပေါင်းတို့. . . ရောဟိဏီဆည်ချောင်းရေသည် အဘယ်မျှအဖိုးထိုက်ပါသနည်း"

www.dhammaransi.com



"ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . ရောဟိနီဆည်ချောင်းရေသည် အနည်းငယ်သာအဖိုးထိုက်တန်ပါသည်"

"မြတ်သောမင်းအပေါင်းတို့. . . မြေကြီးသည် မည်မျှအဖိုးတိုက်တန်ပါသနည်း"

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . အဖိုးအတိုင်းမသိထိုက်တန်ပါ၏ဘုရား"

"မြတ်သောမင်းအပေါင်းတို့. . . ခတ္တိယနွယ်ရိုး မင်းအမျိုးတို့သည်အဖိုးမည်မျှထိုက်တန်ပါသနည်း"

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . ခတ္တိယနွယ်ရိုးမင်းအမျိုးတို့သည်လည်း အဖိုးအတိုင်းမသိထိုက်တန်ပါကုန်၏ဘုရား"

"မြတ်သောမင်းအပေါင်းတို့. . . အဖိုးအနည်းငယ်မျှထိုက်တန်သောရောဟိနီဆည်ချောင်းရေကို အကြောင်းပြုပြီးအဘယ်ကြောင့်အဖိုးအနဂ္ဃထိုက်တန်လှသောခတ္တိယနွယ်ရိုးမင်းမျိုးတို့ကိုဖျက်ဆီးလိုဘိကြသနည်း၊ ခိုက်ရန်ငြင်းပွားအချင်းများခြင်း၌ တစ်စိုးတစ်စီသာယာဖွယ်ဟူ၍ မရှိပါချေ၊

မြတ်သောမင်းအပေါင်းတို့ ခိုက်ရန်ငြင်းပွားအချင်းများသောအားဖြင့် တစ်ဦးသောရုက္ခစိုးနတ်၏ဝက်ဝံတစ်ကောင်နှင့်ဖွဲ့အပ်သောရန်ငြိုးသည် ဤဘဒ္ဒကမ္ဘာတစ်ခုလုံးအစဉ်တစိုက်လိုက်ပါရောက်ခဲ့ဘူးလေပြီ၊ ထိုရန်ငြိုးအဖြစ်အပျက်ကို ငါဘုရားဟောကြားပါမည်"

www.dhammaransi.com



ဟု ဗုဒ္ဓကမိန့်တော်မူလျက် နှစ်ပြည်ထောင်မင်းနှင့်မှူးမတ်ဗိုလ်ပါ စစ်သည်တို့ကို တေရသကနိပါတ်လာဖန္ဒနဇာတ်တော်ကို ဟောပြ တော်မူလေသည်။

## ရုက္ခစိုးနတ်နှင့်ဝက်ဝံတို့၏ရန်လိုမှုနှင့်ပျက်စီးရမှု

မြတ်သောမင်းအပေါင်းတို့ ရှေးလွန်လေပြီးသောအခါ ဗာရဏသီပြည်၌ ဗြဟ္မဒတ်မင်းမင်းပြုနေစဉ် မြို့ပြင်ပ၌လက်သ မားရွာတစ်ရွာရှိသည်။

ထိုရွာ၌ ပုဏ္ဏားလက်သမားတစ်ဦးသည် တောမှသစ်၊ ပျဉ်တို့ကိုယူဆောင်ပြီးလျှင် ရထားပြုလုပ်ကာရောင်းချ အသက် မွေးသည်။

ထိုအခါ ဟိမဝန္တာတောအရပ်၌ ကြို့ပင်ကြီးတစ်ပင် ရှိလေသည်၊ ဝက်ဝံတစ်ကောင်သည် တောအရပ်၌ လှည့်လှည် အစာရှာစားပြီးနောက် ကြို့ပင်အောက်တွင်ခဏလာရောက်အိပ် လေ့ ရှိ သည်။

တစ်နေ့တွင် လေပြင်းတိုက်ခတ်၍ ကြို့ပင်၏ကိုင်း ခြောက်တစ်ခုသည် ကျိုးပြတ်၍ ဝက်ဝံ၏ကျောကုန်းထက်၌ ကျ ရောက်မိလေသည်၊ ဝက်ဝံသည် အနည်းငယ်နာကျင်စွာခံစားရပြီး ကြောက်လန့်တကြားထ၍ပြေးသွားပြီး အတန်ဝေးသော် နောက် သို့ပြန်၍လှည့်ကြည့်သည်၊ ရန်သူတစ်စုံတစ်ရာကိုမတွေ့သဖြင့်-

"ငါ့ကိုလိုက်ပါဖမ်းယူမည့်ခြင်္သေ့၊ သစ်၊ ကျားတစ်ကောင် မျှလည်းမတွေ့ရပါချေ၊ စင်စစ် ဤကြို့ပင်၌နေသောရုက္ခစိုးနတ်

www.dhammaransi.com



သည် ငါကြို့ပင်အောက်၌အိပ်နေသည်ကိုမနာလိုမနှစ်သက်လေ ယောင်တကား၊ ရှိစေဦးတော့ ငါစဉ်းစားပြီးလက်စားချေအံ့" ဟု အရာမဟုတ်သည်၌ရန်ငြိုးဖွဲ့ပြီး ကြို့ပင်ထံပြန်လာကာ ကြို့ ပင်ကိုလက်သည်းဖြင့်ကုတ်ဖဲ့လေသည်။

ငါသည် သစ်ပင်၏အရွက်ကိုလည်းမစား၊ အကိုင်းကို လည်းငါမချိုး၊ ဤကြို့ပင်အောက်၌ ငါမှတစ်ပါးနေကြသည့်သား ကောင်များကို သင်ကနာလို၏၊ ငါ့ကိုကား သင်ကမနာလို၊ ငါ့မှာ ဘာအပြစ်ရှိသနည်း၊ နှစ်ရက်၊ သုံးရက်ဆိုင်းလင့်ဦး၊ နှစ်ရက်၊ သုံး ရက်ကြာလျှင် သင်ရုက္ခစိုး၏ကြို့ပင်ကိုအမြစ်ပါမကျန်နှုတ်ပစ်ပြီး အပိုင်းပိုင်းပြတ်စေရမည်"
ဟု ခြိမ်းခြောက်ကြိမ်းမောင်းပြီးလျှင် သစ်ပင်ကိုဖျက်ဆီးနိုင်မည့် သူကိုရှာဖွေစောင့်စားလျက် ကြို့ပင်အနီးမှာပင်ကျက်စားနေလေ သည်။

ဤသို့သောအချိန်ကာလတစ်နေ့တွင် ပုဏ္ဏားလက်သမား သည် အဖော်နှစ်ယောက်နှင့်အတူ ရထားပြုလုပ်ရန် တောသို့ သစ်ရှာထွက်ခဲ့ကြသည်။

ဝက်ဝံသည် ထိုလက်သမားပုဏ္ဏားကိုမြင်လျှင်-

"ယနေ့ ငါသည်ရန်သူကျောက်ကုန်းကို ရှုကြည့်မှသင့် တော့မည်"
ဟု ကြံစည်လျက် ကြို့ပင်ရင်း၌ရပ်တည်ကာနေလေသည်။

လက်သမားပုဏ္ဏားကြို့ပင်အနီးသို့ရောက်လာသော်-

www.dhammaransi.com



"အမောင်ယောက်ျား. . . ဓားမစွဲလျက် တောသို့ဝင်လာသည့်၊ အဘယ်သစ်ကိုဖြတ်ယူလိုပါသနည်း"
ဟု လူစကားဖြင့်လှမ်းမေးလိုက်သည်။

လက်သမားပုဏ္ဏားသည် ဝက်ဝံ၏စကားကိုကြားရလျှင်-

"အမောင်တို့. . . အံ့ဖွယ်ရှိလေစွ၊ ငါသည် ရှေးအခါကသားကောင်ကလူစကားပြောကြားသည်ကိုမမြင်ဘူး၊ မကြားဘူးပါချေ၊ ထူးထူးခြားခြားလူ့စကားပြောသော၊ ဤဝက်ဝံသည် ရထားပြုလုပ်ရန်ကောင်းမွန်သောသစ်သားကိုသိပေလိမ့်မည်၊ ဤဝက်ဝံကိုမေးကြည့်အံ့"
ဟု သူ့တပည့်များကိုပြောပြသည်။

"အသင်ဝက်ဝံမင်း. . . အသင်သည် ဤတော၌လှည့်လည်သွားလာနေသူဖြစ်ပါ၏၊ အဘယ်သစ်သည် ရထားပြုလုပ်ရန်သင့်ပါသနည်း၊ သင်သိက ပြောကြားပေးပါ "

"ယခုအခါ ငါ၏စိတ်နှလုံးအလိုဆန္ဒကား အထွတ်အထိပ်ရောက်ပြီးမြောက်အောင်မြင်ပေတော့မည်"
ဟု ဝက်ဝံသည် အားရဝမ်းသာဖြစ်လေသည်။

"အဆွေပုဏ္ဏား. . . ပိတောက်သားသည်လည်း ရထားအကွပ်ပြုလုပ်ရန်မခိုင်မာ၊ ရှားသား၊ အင်ကြင်းသား၊ မျောက်ငိုသားတို့ကပို၍ပင်မခိုင်မာပါ၊ ကြို့ပင်ခေါ် သောသစ်ပင်မှသစ်သားသည်ရထားအကွပ်လုပ်ရန် အကောင်းဆုံး အခိုင်ခန့်ဆုံးဖြစ်ပါသည်"

www.dhammaransi.com



"ငါကား ယနေ့နေ့ကောင်းရက်သာဖြင့် တောသို့ဝင်ခဲ့မိ၍ချေပြီတကား၊ တိရစ္ဆာန်ဖြစ်သောဝက်ဝံက ငါ့အားရထားပြုလုပ်ရန်ကောင်းမွန်သောသစ်သားကိုပြောကြားပေးပါ၏၊ သြော်. . . ကောင်းလေစွတကား"

လက်သမားသည် ဤသို့ကြံစည်မိပြီး-

"အဆွေဝက်ဝံ. . . ကြို့ပင်၏အခက်အရွက်များက အဘယ်သို့ရှိပါသနည်း၊ ကြို့ပင်၏ပင်စည်ကား အဘယ်သို့ရှိပါသနည်း၊ ကြို့ပင်၏အကြောင်းကိုပြောပြပါဦး"

ဟုမေးလေသည်။

"အဆွေပုဏ္ဏား. . . အကြင်သစ်ပင်၏အကိုင်းအခက်များသည် ညွတ်ကွေးလျက်တွဲလျားကျကုန်၏၊ ကျိုးလည်းမကျိုးလွယ်ကုန်၊ မျှင်၍ခံကုန်၏၊ အကြင်သစ်ပင်ရင်း၌ ငါသည်ရပ်နေ၏၊ ထိုသစ်ပင်သည် ကြို့ပင်ဖြစ်ပေတော့၏၊ ဤကြို့ပင်သည် သင်ပြုလုပ်မည့်ရထား၏ထောက်အကန့်၊ ဆီး၊ ပုံတောင်၊ ဝင်ရိုး၊ ရထားအကွပ်စသည် အလုံးစုံသောရထားအင်္ဂါအစိတ်အပိုင်းများ ပြုလုပ်ရန်အလွန်ကောင်းပါ၏"

ဝက်ဝံသည် လက်သမားပုဏ္ဏားကို ဤသို့ပြောပြီး ဝမ်းမြောက်ဝမ်းသာသောစိတ်ဖြင့် သင့်လျော်ပတ်သောအရပ်၌ ကျက်စားသွားလာနေသည်။

လက်သမားပုဏ္ဏားသည် ကြို့ပင်ကိုခုတ်ဖြတ်လှဲယူရန် စီမံအားထုတ်လေသည်။

"ငါသည် ဝက်ဝံအပေါ်၌ တစ်စုံတစ်ရာကိုမျှ မပစ်ချမိပါဘဲလျက် ဤဝက်ဝံသည် အရာမဟုတ်သည်၌ရန်ငြိုးဖွဲ့ပြီးလျှင်

www.dhammaransi.com



ငါ၏ဗိမာန်ကိုပျက်စီးအောင်ကြံဆောင်လေပြီ၊ ငါ၏ဗိမာန်ပျက်စီးလျှင် ငါလည်းပျက်စီးရတော့မည်၊ ဥပါယ်တစ်မျဉ်ဖြင့် ဤဝက်ဝံကိုလည်း ပျက်စီးစေအံ့"

ဟု ကြို့ပင်စောင့်နတ်သည် ကြံစည်ပြီးလျှင် အလုပ်သမားယောကျ်ားအသွင်ဖန်ဆင်း၍ လက်သမားပုဏ္ဏားအနီးသို့လာရောက်ကာ-

"အို- လက်သမား. . . သင်နှစ်သက်သောကြို့ပင်ကိုရအပ်ပေပြီ၊ ဤကြို့ပင်ကိုဖြတ်ပြီး အဘယ်ဝတ္ထုကိုပြုမည်နည်း" ဟုမေးသည်။

"အဆွေ. . . ငါသည် ရထားအကွပ်ကိုပြုလုပ်ပါအံ့"

"ဤကြို့သားဖြင့်ရထားပြုလုပ်လျှင် ကောင်းသည်ဟူ၍ သင့်အားအဘယ်သူကပြောအပ်ပါသနည်း"

"ဝက်ဝံတစ်ကောင်က ပြောပါသည်"

"အို-လက်သမား. . . ကောင်းပါ၏၊ ထိုဝက်ဝံသည် သင့် အားကောင်းသည်ကိုညွှန်ကြားပြောဆိုအပ်ပေပြီ၊ ဤကြို့သားဖြင့် သင်တည်ဆောက်မည့်ရထားသည် ထိုဝက်ဝံပြောသည့်အတိုင်း တင့်တယ်ကောင်းမြတ်ပါလိမ့်မည်၊ ကျွန်ုပ် အကြံတစ်ခုထပ်ပေးပါမည်၊ ဝက်ဝံ၏လည်ပင်းရေကိုခွဲ၍ လက်လေးသစ်ခန့်အရပ်၌ သံပြားဖြင့်ပတ်အပ်သကဲ့သို့ ရထားအကျယ်အဝန်းကိုရစ်ပတ်ပေးခဲ့သော် ရထားအကွပ်လည်း ပိုမိုခိုင်မာပါလိမ့်မည်၊ များစွာသော ဥစ္စာလည်းရပါလိမ့်မည်"

"အို-အဆွေ. . . ဝက်ဝံရေကိုအဘယ်ကရမည်နည်း"

www.dhammaransi.com



"အို-အဆွေ. . . အမောင်သည် ကလေးသူငယ်ဖြစ်သလား၊ သင့်အတွက် ဤကြို့ပင်ကားအသက်မရှိသည့်အတွက် ဤတောထဲမှာတည်မြဲတည်နေသော အရပ်တစ်ပါးထွက်ပြေးသွားလိမ့်မည်မဟုတ်ပါ၊ အမောင်သည် ကြို့ပင်အကြောင်းပြောကြားသောဝက်ဝံ၏အထံသို့သွားပြီးလျှင် အို-ဝက်ဝံ. . . အရှင်ညွှန်ပြအပ်သောကြို့ပင်ကိုအဘယ်နေရာကဖြတ်ရပါမည်နည်း ဟုလှည့်ဖြားခေါ်ဆောင်ခဲ့ပါလော့၊ ထိုအခါ ကြောက်လန့်ရွံ့ရှာခြင်းအလျှင်းမရှိဘဲ ဤနေရာ ဤနေရာ၌ဖြတ်လော့ ဟုနှုတ်သီးရှည်ကြီးကိုဆန့်ကာဆန့်ကာ ညွှန်ကြားပြသမည့်ထိုဝက်ဝံကို သင်၏ပုဆိန်ဖြင့်ခုတ်သတ်၍အရေကိုခွာယူပြီး ဆူဖြိုးသောအသားကိုစားပြီးမှ ဤကြို့ပင်ကိုဖြတ်တောက်ပါလော့"

ဟုတစ်ဖန် ဝက်ဝံကိုရန်ပြုသောအကြံကိုပေးလေသည်။

"မင်းမြတ်အပေါင်းတို့. . . ကြို့ပင်စောင့်နတ်သည် ထိုခဏ၌ ရန်အမှုကိုဖြစ်စေလေပြီ၊ ဖြစ်ပြီး ဖြစ်လတံ့သောဝက်ဝံအပေါင်းတို့၏ဆင်းရဲဒုက္ခကိုဆောင်ခဲ့လေပြီ"

ဟူ၍ ဗုဒ္ဓက ကြားဖြတ်မိန့်ကြားပါသည်။

လက်သမားပုဏ္ဏားသည် ကြို့ပင်စောင့်နတ်အကြံပေးသည့်အတိုင်း-

"ယနေ့ကား ငါ့အတွက် မင်္ဂလာရှိသောနေ့ပေတည်း" ဟု အံ့ဩစကားပြောကြားမြွက်ဆိုပြီးလျှင် ဝက်ဝံကိုလည်းသတ်၊ ကြို့ပင်ကိုလည်းဖြတ်ကာ မိမိနေရပ်သို့သယ်ဆောင်ကာပြန်ခဲ့လေသည်။

www.dhammaransi.com



"မင်းအပေါင်းတို့ . . . ဤသို့လျှင် ကြို့ပင်စောင့်နတ်က လည်း ဝက်ဝံကို၊ ဝက်ဝံကလည်း ကြို့ပင်စောင့်နတ်ကို အချင်းချင်းအပြန်အလှန်ခိုက်ရန်မှုပြုသဖြင့် အချင်းချင်းအပြန်အလှန် သတ်ဖြတ်ကြလေပြီ။

ဤအတူပင်လျှင် အကြင်အရပ်၌ လူတို့၏ခိုက်ရန်ပွား အချင်းများမှုသည်ဖြစ်၏၊ ထိုအရပ်၌ ထိုလူတို့သည် ဝက်ဝံနှင့် ကြို့ပင်စောင့်နတ်တို့သည် ဥဒေါင်းကသကဲ့သို့ကကြကုန်၏။

(ဥဒေါင်းများ ကကြသည်ရှိသော် လျှို့ဝှက်အပ်သော အင်္ဂါဇာတ်ကိုထင်ရှားပြဘိသကဲ့သို့ ဤအတူ လူများသည်လည်း ခိုက်ရန်ဖြစ်ကြသည်ရှိသော် အချင်းချင်းလျှို့ဝှက်ရမည့်အကြောင်း ကိုထင်ရှားဖော်ပြကြသဖြင့် ဥဒေါင်းကသည်နှင့်တူသည်ဟူ၍ ဥပမာပြုပြောဆိုခြင်းဖြစ်ပါသည်)

"မင်းအပေါင်းတို့ . . . သို့ဖြစ်၍ သင်တို့အား ငါဘုရား ဆုံးမစကားပြောကြားလိုသည်မှာ သင်မင်းအပေါင်းတို့အဖို့မှာ ကောင်းခြင်းမင်္ဂလာဖြစ်ပါစေသတည်း၊ ဤရောဟိနီမြစ်ကမ်း နံဘေး၌ စည်းဝေးမိကြသောသင်မင်းအပေါင်းတို့သည် ဂင်္ဂါ-ယမုံနာမြစ်နှစ်ဖြာကဲ့သို့ ကောင်းစွာနှီးနှောမေတ္တာချင်းရောနှော ကြပါကုန်လော့၊ ခိုက်ရန်ဖြစ်ပွားအချင်းမများကြပါကုန်လင့်၊ ဝက်ဝံနှင့်ကြို့ပင်စောင့်နတ်တို့တူသောသူမဖြစ်ကြပါကုန်လင့်"

"မင်းအပေါင်းတို့ . . . ညီညွတ်ရန်ကိုသာကျင့်ကြံအား ထုတ်ကြကုန်လော့၊ ဤညီညွတ်ခြင်းကို အဆူဆူသောဘုရားရှင် တို့သည် ချီးမွမ်းအပ်ပေ၏၊ ညီညွတ်ခြင်း၌မွေ့လျော်ပျော်ပိုက်ကာ

www.dhammaransi.com



သုစရိုက်(၁၀)ပါးတရား၌တည်သောသူသည် ယောဂလေးတန်ကုန်ရာမှန်သည် နိဗ္ဗာန်ချမ်းသာမှမလျှော့ကျမဆုံးရှုံးချေ"

ဤတရားတော်၏အဆုံးဝယ် နှစ်ဖက်သောသာကီဝင်မင်းအပေါင်းတို့သည် အချင်းချင်းညီညွတ်သွားကြလေသည်။

ဗုဒ္ဓက သာကီဝင်မင်းအပေါင်းတို့ကို ဆက်လက်၍ ဘဝအတိတ်ဇာတ်လမ်းတစ်ပုဒ်ကို ဆက်လက်ဟောကြားပြန်ပါသည်။

"မြတ်သောမင်းအပေါင်းတို့. . . သူတစ်ပါးပြောသည့်စကားကိုမစဉ်းမစားဘဲ ယုံကြည်ကြကုန်သောကြောင့် ယုန်တစ်ကောင်၏(မြေပြိုပြီ-မြေပြိုပြီ)ဟူသောစကားဖြင့် ယူဇနာသုံးထောင်အပြောကျယ်သောဟိမဝန္တာတော၌ အခြေလေးချောင်းသားအပေါင်းတို့သည် မဟာသမုဒ္ဒရာအတွင်းသို့သက်ဆင်းကျရောက်လုမတတ်ဆင်းရဲဒုက္ခရောက်ကြရလေပြီ၊ ထို့ကြောင့် သူတစ်ပါးပြောစကားကို မစဉ်းမစားယုံကြည်သူမဖြစ်သင့်ကြပါ " ဟုမိန့်ကြားပြီး ဒုဒ္ဒုဘဇာတ်ကိုအတိတ်ဆောင်၍ဟောတော်မူသည်။

## မစူးစမ်းမဆင်ခြင်သောယုန်၏စကားယုံမှားမိသူများ

မင်းအပေါင်းတို့ ဗာရဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုနေစဉ်ကာလ ဘုရားလောင်းသည် ခြင်္သေ့မျိုး၌ဖြစ်၍ တောအရပ်၌နေသည်။

ထိုအခါ အနောက်သမုဒ္ဒရာနား၌ ဥသျှစ်ပင်နှင့်ရောသောထန်းတောတစ်တောရှိသည်၊ ထိုထန်းတော၌ ယုန်ငယ်တစ်

www.dhammaransi.com



ကောင်သည် ဥသျှစ်ပင်အနီးရှိ ထန်းပင်တစ်ပင်၏ထန်းရွက်အောက်၌နေလေသည်။

ထိုယုန်ငယ်သည် တစ်နေ့ပတ်လုံးအစာရှာစားပြီး ထန်းရွက်အောက်၌ပြန်လာပြီးဝပ်နေသည်၊ ထိုသို့ဝပ်နေရင်း ယုန်ငယ်သည်-

"ဤမြေသည် ပြိုကျခဲ့ငြားအံ့၊ ငါသည် အဘယ်သို့သွားရအံ့နည်း"

ဟု ကြံစည်စဉ်းစားနေလေသည်။

ထိုခဏမှာပင် ဥသျှစ်ပင်ပေါ်မှ ဥသျှစ်သီးမှည့်တစ်လုံးသည် ထန်းရွက်ပေါ်သို့ကြွေကျလေသည်၊ ယုန်သူငယ်သည် ဥသျှစ်သီးကြွေကျသံကိုကြား၍မချွတ်မြေပြိုသည်ဟုထင်မှတ်ကာ ထခုန်ပြီးနောက်လှည့်မကြည့်၊ မစူးစမ်းမဆင်ခြင်ဘဲ သေဘေးမှကြောက်သည်ဖြစ်၍ တဇွတ်ထိုးပြေးလေသည်။

ထိုယုန်သူငယ်ကို အခြားယုန်တို့ကတွေ့မြင်၍-

"အရှင်. . . အဘယ့်ကြောင့် ကြောက်လန့်စွာဖြင့်ပြေးနေရပါသလဲ"

ဟုမေးကြသည်၊ မေးသောယုန်များကလည်း ဘုမသိ-ဘမသိ ကြောက်လန့်ပြီး ယုန်ငယ်နောက်ကပြေးလိုက်ကြသည်။

ထိုယုန်ငယ်များအုပ်စုလိုက် ကြောက်လန့်တကြား ပြေးနေသည်ကိုမြင်တွေ့ရသော သမင်တစ်ကောင်ကမြင်ပြန်ပြီး ကြောက်လန့်တကြားပြေးပြန်လေသည်၊ အလားတူ ဝက်၊ စိုင်၊ ကျွဲ၊ ကြံ၊ ကျား၊ ဆင်စသောသတ္တဝါတို့သည်လည်းမြေပြိုသည်

www.dhammaransi.com



ကောလဟာလစကားကြောင့် ကြောက်လန့်တကြားပြေးကြရာ ယူဇနာအတိုင်းအရှည်ရှိကြသော တိရစ္ဆာန်တို့သည်ဖြစ်ကြကုန်သည်။

ထိုအခါ ဘုရားလောင်းခြင်္သေ့မင်းသည် ကြောက်လန့်တကြားပြေးနေကြသောတိရစ္ဆာန်အပေါင်းတို့ကိုမြင်၍ တိရစ္ဆာန်တစ်ကောင်ကိုဖမ်းယူပြီး-

"အဘယ့်ကြောင့်ပြေးကြသနည်း" ဟုမေးသည်။

"ဤအရပ်၌မြေပြိုသည်ဖြစ်၍ ကြောက်၍ပြေးကြပါသည်" ဟုအဖြေပေးသည်။

"ဤအရပ်၌မြေပြိုခြင်းမည်သည် တစ်ခါမျှမဖြစ်ဖူးခဲ့၊ ထိုသတ္တဝါတို့သည် တစ်စုံတစ်ခုသောအသံကိုမကောင်းသဖြင့်ကြားသည်ဖြစ်လတံ့၊ ငါသည် လုံ့လမပြုခဲ့သော် ခပ်သိမ်းသောသတ္တဝါတို့သည်ပျက်စီးကုန်လတံ့၊ ထိုသတ္တဝါတို့၏အသက်ကို ငါကယ်မှဖြစ်အံ့"

ဟု ဘုရားလောင်းခြင်္သေ့မင်းသည် ဤသို့ကြံစည်ပြီးလျှင် ခြင်္သေ့၏အားမန်အဟုန်ဖြင့် သတ္တဝါများ၏ရှေ့သို့ပြေးထွက်၍ တောင်ခြေရင်းသို့ရောက်သော် ခြင်္သေ့ဟောက်သံကိုသုံးကြိမ်ပြုလေသည်။

သတ္တဝါများသည် ခြင်္သေ့ဟောက်သံကိုကြားသောအခါ ခြင်္သေ့ဘေးမှကြောက်ကြပြန်သဖြင့် အံ့အားသင့်ပြီး တန့်ရပ်ကြလေသည်။

ခြင်္သေ့မင်းသည် သတ္တဝါတို့၏အလယ်သို့ဝင်၍-

"အဘယ်အကျိုးငှာပြေးကြသနည်း"ဟုမေးသည်။

www.dhammaransi.com



"ဤအရပ်၌ မြေပြိုသည်ဆို၍ပြေးကြပါသည်အရှင်"

"အဘယ်သူသည်မြေပြိုသည်ကိုမြင်ခဲ့ပါသနည်း"

"ဆင်တို့သည် မြင်ကုန်၏ဟုဆိုပါသည်"

ခြင်္သေ့မင်းသည် သတ္တဝါအဆင့်ဆင့်ကိုစုံစမ်းမေးမြန်းရာ နောက်ဆုံးယုန်သူငယ်ထံသို့ရောက်ရှိသွားလေသည်။

"အချင်းယုန်. . . မြေပြိုသည်ဟူသောသတင်းသည် မှန်ပါသလော"

"အရှင်. . မှန်ပါသည်၊ ကျွန်ုပ်ကိုယ်တိုင်မြင်ခဲ့ရပါသည်"

"အဘယ်အရပ်၌မြင်ခဲ့ပါသနည်း"

"အနောက်သမုဒ္ဒရာအနီး ဥသျှစ်ပင်နှင့်ရောနှောပေါက်နေသော ထန်းတော၌ ကျွန်ုပ်ထန်းရွက်အောက်၌ဝပ်နေစဉ် မြေပြိုသံကိုကြားရပါ၏"

ထိုအခါ ခြင်္သေ့မင်းသည် "ဤယုန်သူငယ်သည် ဥသျှစ်သီးကြွေကျသံကိုမြေပြိုသည်ဟု ထင်မှတ်ကာပြေးသည်ဖြစ်လတ့်၊ ငါသည်အမှန်အတိုင်းသိရန်စုံစမ်းအံ့"

ဟု စဉ်းစားကြံစည်ပြီးလျှင် သားရဲတိရစ္ဆာန်အပေါင်းတို့ကို နှစ်သိမ့်စေပြီး ယုန်သူငယ်ကိုခေါ်ကာ ထိုမြေပြိုသည်ဆိုသောထန်းတောအရပ်သို့သွားလေသည်၊ ရောက်သောအခါ မြေပြိုမည်ဆိုသောအရပ်နှင့်ယုန်ဝပ်နေခဲ့သောအရပ်ကိုပြစေသည်၊ ယုန်သူငယ်က မသွားဝံ့၊ မပြဝံ့ ဟုဆိုသဖြင့် ခြင်္သေ့မင်းကမကြောက်လင့် ဟုနှစ်သိမ့်ပြီး အားပေးစကားပြောကာပြစေသည်၊ ယုန်သူငယ်က မလိုက်ဝံ့၍အဝေးကပင်ညွှန်ပြသည်။

www.dhammaransi.com



ဘုရားလောင်းခြင်္သေ့မင်းသည် ထိုနေရာသို့သွား၍စုံစမ်းရာ ဥသျှစ်သီးကိုမြင်တွေ့ရ၍ မြေပြိုသည့်အဖြစ်မှန်ကိုသိရှိပြီးလျှင် ယုန်ကိုမိမိကျောပေါ် ၌တင်ကာ ခြင်္သေ့အဟုန်ဖြင့် သားရဲတိရစ္ဆာန်များစုဝေးရာအရပ်သို့သွားလေသည်။

ဘုရားလောင်းခြင်္သေ့မင်းကတွေ့မြင်ခဲ့ရသော အလုံးစုံအကြောင်းအခြင်းအရာတို့ကိုရှင်းပြပြီး "သင်တို့သည်မကြောက်ကြကုန်လင့်" ဟု နှစ်သိမ့်ပြီးမိမိတို့၏နေရာအသီးသီးသို့ပြန်စေသည်။

ထိုအခါ ဘုရားလောင်းခြင်္သေ့မင်းသာ မရှိခဲ့ငြားအံ့၊ မကယ်ငြားအံ့၊ အလုံးစုံသောသတ္တဝါတို့သည် သမုဒ္ဒရာသို့ကျပြီးပျက်စီးကြကုန်သည်ဖြစ်ရာ၏၊ ဘုရားလောင်းခြင်္သေ့မင်းကျေးဇူးကြောင့် ခပ်သိမ်းသောသတ္တဝါတို့အသက်ချမ်းသာရကြသည်။

"မင်းအပေါင်းတို့ . . . အကြင်သူမိုက်တို့သည် တစ်ဘက်စကားကိုသေချာစွာနားမထောင်၊ သူတစ်ပါးစကားကိုစဉ်းစားဆင်ခြင်မပြုဘဲ တစ်ဘက်စကားကိုစဉ်းစားဆင်ခြင်မရှိ၊ ယုံကြည်အဟုတ်ထင်ပြီးလုပ်တတ်သည်၊ ထိုသူတို့သည် သူတစ်ပါးစကားကိုစဉ်းစားဆင်ခြင်မရှိ၊ ယုံကြည်မှုကြောင့် ပျက်စီးခြင်းသို့ရောက်ရပေ၏"

ဟူ၍ ဟောကြားတော်မူလေသည်။

www.dhammaransi.com



## အားနည်းသူဝင်ဖြစ်လင့်တစား အားကြီးသူကိုနိုင်ရမည်

"မြတ်သောမင်းအပေါင်းတို့. . . တစ်ရံတစ်ခါ၌ အားနည်းသောသူပင်ဖြစ်သော်လည်း အားကြီးသောသူ၏ပျက်စီးရာပျက်စီးကြောင်းအခွင့်အလမ်းကိုတွေ့မြင်နိုင်သည်၊ တစ်ခါတစ်ရံအားကြီးသောသူကလည်း အားနည်းသောသူ၏ပျက်စီးရာပျက်စီးကြောင်းအခွင့်အလမ်းကိုတွေ့မြင်လေသည်၊ ဗီလုံးငှက်မလေးပင်လျှင် ဆင်ပြောင်ကြီးကိုသတ်ဖြတ်ဘူးလေပြီ"

ဟူ၍ မိန့်ကြားပြီး လဋုကိက (ပဉ္စကနိပါတ်)ကိုဟောကြားတော်မူလေသည်။

"မင်းအပေါင်းတို့. . . ရှေးလွန်လေပြီးသောအခါ ဗာရဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုနေစဉ် ဘုရားလောင်းသည် အဆင်းအင်္ဂါလက္ခဏာနှင့်တင့်တယ်သောအဆင်းရှိသောဆင်မျိုး၌ဖြစ်သည်၊ ကြီးမားသောကိုယ်ကာယနှင့်အင်အားရှိပြီး ဆင်ရှစ်သောင်းတို့၏အကြီးအမှူးဖြစ်ပြီး ဟိမဝန္တာတော၌နေပါသည်။

ထိုအခါ ဗီလုံးငှက်မငယ်သည် ဆင်တို့သွားရာလမ်းမ၌ မိမိ၏ဥများကိုဥထားလေသည်၊ ထိုဥမှ ဗီလုံးငှက်ငယ်များပေါက်လာပြီး အတောင်မရင့်သေး၍ မပျံနိုင်သောအချိန်ကာလတွင် ဘုရားလောင်းဆင်မင်းသည် ဆင်အပေါင်းရှစ်သောင်းရံလျက်ထိုအရပ်သို့အစာရှာထွက်ရန်ရောက်လာသည်။

ဗီလုံးငှက်မငယ်သည် ဆင်အပေါင်းကိုမြင်သော်-

"ငါမတောင်းပန်က ဤဆင်မင်းသည် ငါ၏သားငယ်တို့ကို ကြိတ်နင်း၍သတ်ချေအံ့၊ ယခုပင် ငါသည် ဆင်မင်းထံသို့

www.dhammaransi.com



သွား၍ သားငယ်တို့ကိုစောင့်ရှောက်ပေးရန် တရားသောအစောင့်အရှောက်ကိုတောင်းဆိုအံ့"
ဟုစဉ်းစားပြီး ဆင်မင်းရှိရာသို့ရှေးရှုပျံသန်းခဲ့ပြီး ဆင်မင်းကို အတောင်နှစ်ဘက်ဖြင့်လက်အုပ်ရှိခိုးပြီး ရှေ့မှရပ်တည်ကာ-

"အို-အရှင်ဆင်မင်း. . . ဆင်အုပ်တို့၏သခင် အရှင်ဆင်မင်းကို ကျွန်ုပ်သည် အတောင်နှစ်ဘက်လက်အုပ်ချီ၍ ရှိခိုးပါ၏၊ အားငယ်သူ ကျွန်ုပ်၏သားငယ်များကိုကြိတ်ချေနင်းဖြတ်သတ်တော်မမူပါနှင့်"
ဟု တောင်းပန်စကားပြောကြားလေသည်။

ဗိုလုံးငှက်မငယ်သည် ထွေရာလေးပါးအကြံများ၍ စိတ်အားမငယ်လင့်၊ ငါသည် သင့်သားငယ်များကိုဘေးမသီရန်မခအောင် စောင့်ရှောက်မှုပေးပါမည်"
ဟု ဆင်မင်းကအားပေးစကားပြောကြားပြီး ငှက်ငယ်တို့၏ အပေါ်၌ကိုယ်ဖြင့်ရပ်အုပ်ကာ ရပ်တည်နေလေသည်၊ ထိုအခါ ဆင်ရှစ်သောင်းတို့သည် ဆင်မင်းကိုတိမ်းရှောင်သွားကြကုန်သည်။

ထို့နောက် ဆင်မင်းသည် ဗိုလုံးငှက်မငယ်ကိုခေါ်ပြီး-

"ဗိုလုံးငှက်မလေး. . . ငါတို့၏နောက်မှ အပေါင်းအသင်းမရှိ၊ တစ်ကောင်တည်းကျက်စားလေ့ရှိသော ဆင်ကြမ်းကြီးတစ်ကောင်လာလိမ့်မည်၊ ထိုဆင်ကြမ်းကြီးသည် ငါတို့၏စကားကို လိုက်နာလိမ့်မည်မဟုတ်၊ ထိုဆင်ကြီးလာလတ်သော် ထိုဆင်ကြီးကိုတောင်းပန်၍ သားငယ်တို့၏အသက်ချမ်းသာရေးကိုသင်ပြုရစ်ပါ "
ဟုမှာကြားပြီး ဖယ်ခွာသွားလေသည်။

www.dhammaransi.com



ဆင်ကြမ်းကြီးရောက်လာသောအခါ ဗီလုံးငှက်မငယ်သည် ဘုရားလောင်းဆင်မင်းမှာခဲ့သည့်အတိုင်း ခရီးဦးကြိုဆို၍ အတောင်နှစ်ဘက်ဖြင့်လက်အုပ်ချီမှုပြုပြီးလျှင်-

"အို-ဆင်မင်း. . . တစ်ကိုယ်တည်းလှည့်လှည်လျက်တောအရပ်၌မွေ့လျော်ကာ ကျောက်တောင်တောလျှိုမြောင်တို့၌ကျက်စားသောအရှင်ဆင်မင်းကို ကျွန်ုပ်ရှိခိုးပါ၏၊ အရှင်ဆင်မင်းအား အတောင်နှစ်ဖက်တို့ဖြင့်ယှက်ကာ လက်အုပ်ချီမှုအရိုအသေပြုပါ၏၊ အားငယ်လှသူ ကျွန်ုပ်၏သားငယ်များကိုကြိတ်ချေနင်းဖြတ် မသတ်ပါလင့်"

ဟု တောင်းပန်တိုးလျှိုစကားပြောကြားသည်။

"ဟယ်-ဗီလုံးငှက်မ. . . နင်ဘာကြောင့် ငါ့သွားလမ်း၌သားတို့ကိုထားဘိသနည်း၊ စော်စော်ကားကားနှင့်ငါသွားရာလမ်းမှာ နင့်သားများကိုထားဘိ၏၊ သင်၏သားများကိုကြိတ်ချေနင်းဖြတ်သတ်အံ့၊ သင်သည် ငါ့ကိုဘယ်လိုမာန်ထောင်၍ ရန်ပြုဝံ့သနည်း၊ သင်ကား သာမန်အားငယ်သူဖြစ်၏၊ ငါသည် သင့်ကိုဗီလုံးငှက်ထောင်သောင်းကို ငါ၏လက်ဖက်ခြေတစ်ချောင်းဖြင့်ထောင်းထောင်းကြေအောင်သတ်နိုင်၏"

ဟု ကြိမ်းဝါးပြောဆိုပြီးလျှင် ဗီလုံးငှက်မငယ်၏သားငယ်ကလေးများကို ခြေဖြင့်မှုန့်မှုန့်ညက်ညက်နင်းချေကာ ကျင်ငယ်ဖြင့်ပန်းပြီးမျောစေသည်၊ ထို့နောက် ကြိုးကြာသံဟစ်လျက် ဖွဲ့သွားလေသည်။

ဗီလုံးငှက်မငယ်သည် သစ်ပင်ထက်၌နားလျက်-

www.dhammaransi.com



"ဟယ်-ဆင်မိုက်. . . သင်က ယခုအရေးသာခိုက် ကြီးကြာသံဟစ်၍ သွားဘိဦးလော့၊ နှစ်ရက်၊ သုံးရက်အတွင်းမှာပင် ငါအလုပ်ကိုနင်မြင်ရချိမ့်မည်၊ ကိုယ်အားထက် ဉာဏ်အားက ကြီးမားသောအဖြစ်ကို နင်ကားမသိပါချေ"

အို-ဆင်မင်း. . . အရာခပ်သိမ်းပြုဖွယ်ကိစ္စဟူသမျှကို ကိုယ်အားတစ်မျိုးတည်းဖြင့် ပြုအပ်သည်မဟုတ်၊ လူမိုက်၏ခွန်အားသည် မိမိကိုယ်ကိုအသတ်ခံရဖို့သာဖြစ်ချေ၏၊ သင်ကား အားငယ်သောငါ၏သားများကိုကြိတ်ချေနင်းသတ်ခဲ့ပေပြီ၊ ဆင်မိုက် သင်၏အကျိုးမဲ့ကို ငါသည် နှစ်ရက်၊ သုံးရက်အတွင်းပြု၍ ပြပေအံ့"

ဗိလုံးငှက်မငယ်သည် ဤသို့ကြိမ်းဝါးပြောဆိုပြီးလျှင် ကျီးတစ်ကောင်ကို ခစားလုပ်ကျွေးပြီးမိတ်ဖွဲ့လေသည်။

ကျီးက ဗိလုံးငှက်မငယ်ကိုနှစ်သက်သဘောကျပြီး-

"အဆွေဗိလုံးငှက်မ. . . သင့်အတွက် အဘယ်မည်သောအရေးကြီးကိစ္စကို ငါဆောင်ရွက်ပေးရမည်နည်း" ဟုမေးသည်။

ထိုအခါက ဗိလုံးငှက်မငယ်က မိမိ၏သားများကိုဆင်မိုက်ကနင်းချေသတ်ပုံအလုံးစုံကိုပြောပြပြီး ထိုဆင်၏မျက်လုံးနှစ်ဖက်ကို အရှင်ကျီး၏နှုတ်သီးဖြင့်ထိုးဖောက်ပေးပါရန် တောင့်တပါသည် ဟု အကူအညီတောင်းခံလေသည်။

ကျီးက "ဒါဆို-ကောင်းပြီ၊ ငါဆောင်ရွက်ပေးမည်" ဟု ဝန်ခံကတိပြုလေသည်။

www.dhammaransi.com



ထို့နောက် ဗိလုံးငှက်မငယ်သည် ယင်မ၊ မဲရှိင်းတစ်ကောင်ထံသို့သွားရောက်ခစားလုပ်ကျွေး၍မိတ်ဖွဲ့လေသည်၊ ထိုယင်မမဲရှိင်းကလည်း ဗိလုံးငှက်မကိုသဘောကျ၍ မည်သည့်အကူအညီလိုပါသလဲ ဟုမေးသည်။

ဗိလုံးငှက်မငယ်က အကြောင်းစုံပြောပြပြီး ဆင်ကြမ်းကြီး၏မျက်လုံးထဲ၌ ယင်ဥများချထားပေးရန်လိုလားတောင့်တပါ၏ ဟုအကူအညီတောင်းခံလေသည်၊ ယင်မမဲရှိင်းကလည်း ကူညီပါမည်ဟုဝန်ခံကတိပြုလေသည်။

ဗိလုံးငှက်မငယ်သည် ဖားတစ်ကောင်ထံသို့သွား၍ ရှေးနည်းတူ ခစားလုပ်ကျွေး၍မိတ်ဖွဲ့သည်၊ ဖားကလည်း မည်သို့သောအကူအညီ လိုပါသနည်းဟုမေးသော် ဗိလုံးငှက်မက အကြောင်းစုံပြောပြပြီး ဆင်ကြမ်းကြီးမျက်စိကန်း၍ရေဆာသဖြင့် သောက်ရေကိုရှာသောအခါ သင်က တောင်ထိပ်မှနေ၍ အသံပြုပေးစေလိုပါသည်၊ ထိုဆင်ကြမ်းကြီး တောင်ထိပ်သို့ရောက်သော် သင်က တောင်ထိပ်မှဆင်း၍ ချောက်ကမ်းပါးက အသံပြုပေးစေလိုပါသည်၊ ကျွန်ုပ်သည် အဆွေဖားထံမှ ဤမျှသာအကူအညီလိုပါသည် ဟုပြောကာ အကူအညီတောင်းခံသည်။

ဖားကလည်း ဆောင်ရွက်ပေးရန်ဝန်ခံကတိပြုသည်။

ဤသို့ဖြင့် တစ်နေ့တွင် ကျီးငှက်သည် ဆင်မိုက်၏မျက်လုံးကိုဆင်ကြီးအိပ်ချိန်၌ ထိုးဖောက်ဖျက်ဆီးလေသည်။

ဆင်ကြီး၏မျက်စိအနာတွင် ယင်မမဲဝိုင်းက ယင်ဥများချပေးလေသည်၊ ဆင်မိုက်ကြီးသည် ပိုးလောက်တို့ကိုက်ခဲလှသ

www.dhammaransi.com



ဖြင့် ဆင်းရဲရောက်ကာ ရေငတ်သဖြင့်သောက်ရေရှာရန် စမ်းတဝါးဝါးဖြင့်ထွက်ခဲ့သည်။

ထိုအခါ ဖားက တောင်ထိပ်ကအသံပြုသည်၊ ဆင်ကန်းမိုက်ကြီးသည် ဖားအော်သံကြားရာသို့မှန်းပြီးလိုက်ခဲ့ရာ တောင်ထိပ်သို့ရောက်ရှိလာသည်၊ တောင်ထိပ်သို့ဆင်ကန်းမိုက်ကြီးရောက်သောအခါ ဖားကချောက်ထဲဆင်းပြီး အသံပြုပြန်သည်။

ဆင်ကန်းမိုက်ကြီးသည် ဖားအော်ရာအရပ်၌ရေရှိမည်ထင်ပြီး ချောက်ကမ်းပါးသို့ရှေးရှုသွားရာ တောင်ပေါ်မှလျှောကျကာ တောင်ခြေရင်းသို့ဦးခိုက်ကျွမ်းပြန်ကျလျက် အသက်ကုန်ခြင်းသို့ရောက်ရလေသည်။

ဗီလုံးငှက်မငယ်သည် ဆင်ကန်းမိုက်ကြီးသေသည်ကိုသိသော်-

"ငါသည် ရန်သူ၏ကျောကုန်းကိုမြင်အပ်လေပြီတကား" ဟု အားရဝမ်းသာဖြစ်လျက် ဆင်ကန်းကြီး၏ကျောကုန်းပေါ်၌ လူးလာတုံးခေါက်အားရအောင် စကြံနလျှောက်ပြီးမှ မိမိလိုရာအရပ်သို့ဖွဲ့သွားလေသည်။

"မင်းမြတ်အပေါင်းတို့. . . တစ်စုံတစ်ယောက်သောသူနှင့်မျှ ရန်အမှုကိုမပြုအပ်သင့်ချေ၊ အင်အားကြီးမားလှသော ဆင်ပြောင်ကြီးကိုပင်သော်လည်း အင်အားနည်းပါးကြသော ကျီး၊ ယင်မ မဲဝိုင်း၊ ဖား၊ ဗီလုံးငှက်မလေးဦးသားတို့သည် တစ်ပေါင်းတည်းညီညွတ်ကြကုန်လျက် ဆင်ပြောင်ကြီးအား အသက်ကုန်ခြင်းသို့ရောက်စေခဲ့လေကုန်ပြီ"

ဟူ၍ ဗုဒ္ဓက ဟောကြားခဲ့လေသည်။

www.dhammaransi.com



## ညီညွတ်မှု၏အား

ထို့နောက် ဗုဒ္ဓက သာကီဝင်တို့အားညီညွတ်ခြင်း၏အကျိုးကိုပြရန် ရုက္ခဓမ္မဇာတ်တော်ကို ဆက်လက်ဟောပြောပြတော်မူလေသည်။

"မြတ်သောမင်းအပေါင်းတို့. . . သင်တို့သည် ဆွေမျိုးရင်းချာဖြစ်ကြကုန်၏၊ ဆွေမျိုးတို့မည်သည် ညီညွတ်နှီးနှောမိကြမှသာ သင့်လျော်ပေသည်၊ ဆွေမျိုးတို့၏ညီညွတ်မှုရှိခဲ့သော် ရန်သူတို့သည် အခွင့်အလမ်းကိုမရနိုင်ကြကုန်၊ စိတ်စေတနာရှိသူ လူတို့ကိုထားဘိဦး၊ စိတ်စေတနာမရှိသောသစ်ပင်တို့အဖို့ရာသော်မှလည်း ညီညွတ်မှုကိုရမှသင့်လျော်ရာ၏"

ဆက်၍ဆိုဦးအံ့. . . ရှေးအခါ၌ ဟိမဝန္တာအရပ်ဝယ် အင်ကြင်းတောကြီးကို လေပြင်းမုန်တိုင်းသည် တိုက်ခတ်ခဲ့ဘူးလေပြီ၊ သို့သော်လည်း ထိုအင်ကြင်းတောကြီး၏သစ်ပင်ကြီးငယ် ချုံနွယ်ပိတ်ပေါင်းတို့ဖြင့် အချင်းချင်းဖွဲ့စပ်၍တည်နေသောကြောင့် သစ်တစ်ပင်မျှကိုလည်း လေပြင်းမုန်တိုင်းသည်မတိုက်လှဲနိုင်ဘဲ သစ်ပင်အပေါင်းတို့၏ထိပ်မှသာလျှင် လျှံကာလျှံကာသွားလေသည်၊ လွင်ပြင်၌ တစ်ပင်တည်းပေါက်နေသောသစ်ပင်ကြီးကိုကား အကိုင်းအခက်ပင်စည်အခွတို့နှင့်ပြည့်စုံစေကာမူ အခြားသောသစ်ပင်ကြီးငယ်ချုံနွယ်အပေါင်းတို့ဖြင့် မြေးယှက်ဖွဲ့စပ်ခြင်းအလျဉ်းမရှိသောကြောင့် အမြစ်ပါကျွတ်၍ ဦးစိုက်ပြောင်းပြန်ဖြစ်စေကာ မြေပြင်၌တိမ်းစောင်းလှဲခဲ့ဘူးလေပြီ။

www.dhammaransi.com



ဤအကြောင်းကြောင့် သင်မင်းမြတ်အပေါင်းတို့သည် ညီညွတ်နှီးနှောမှုရှိမှသာ သင့်လျော်လျှောက်ပတ်ပေမည်" ဟု မိန့်ကြားတော်မူသည်။

မင်းအပေါင်းက ထိုရုက္ခဓမ္မဇာတ်၏အတိတ်အကြောင်းကို ဟောပြောပြရန်တောင်းပန်ကြသည်။

"အို-မင်းမြတ်အပေါင်းတို့. . . ရှေးလွန်လေပြီးသောအခါ ဗာရဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ်ရှေးဦးစွာဖြစ်ခဲ့သော ဝေဿဝဏ်နတ်မင်းသည် နတ်သက်ကြွေကာစုတေလေသည်၊ သိကြားမင်းသည် အခြားနတ်တစ်ပါးကို ဝေဿဝဏ်နတ်မင်းနေရာကိုပေးအပ်ခန့်ထားလေသည်။

ဝေဿဝဏ်နတ်မင်းအသစ်သည် သစ်ပင်ကြီးငယ် ချုံနွယ်ပိတ်ပေါင်းတို့ရှိကြသည့်အနက် မိမိတို့နှစ်သက်ရာဌာန၌ ဘုံဗိမာန်ကိုယူကြကုန်လော့ ဟုအမိန့်သစ်တစ်ရပ်ကို ထုတ်ပြန်ပေးလေသည်။

ထိုစဉ်အခါက ငါဘုရားလောင်းသည် ဟိမဝန္တာအရပ်ဝယ် အင်ကြင်းတောတစ်ခု၌ ရုက္ခစိုးနတ်မင်းဖြစ်နေခဲ့သည်၊ ဘုရားလောင်းရုက္ခစိုးနတ်မင်းက ဆွေမျိုးဖြစ်သောနတ်တို့ကို-

"အမောင်တို့. . . ဘုံဗိမာန်ကိုယူကြလျှင် လွင်ပြင်ဝယ်တည်သောသစ်ပင်တို့၌မယူကြကုန်လင့်၊ ဤတောဝယ် ငါယူအပ်ပြီးသောဗိမာန်ကိုဝန်းရံ၍တည်သောသစ်ပင်တို့ကို ဗိမာန်ပြု၍ယူ ကြကုန်လော့"

ဟု လမ်းညွှန်စကားပြောကြားပေးသည်။

www.dhammaransi.com



ထိုနတ်အပေါင်းတို့တွင်နတ်ပညာရှိသူတို့က ဘုရားလောင်းရုက္ခစိုးနတ်၏စကားကိုလိုက်နာကြပြီး ဘုရားလောင်းရုက္ခစိုးဗိမာန်အေးဝယ်နေရာယူကြသည်။

ပညာမဲ့သောနတ်တို့သည်ကား-

"လူသူမနီး တောကြီးခေါင်ခေါင်ဝယ်တည်ရှိသောဗိမာန်တို့ဖြင့် ငါတို့အား အဘယ်အကျိုးရှိပါအံ့နည်း၊ လူတို့လမ်းခရီးဝယ် ရွာနိဂုံးမင်းနေပြည်တော်တံခါးအနီး၌တည်သောဗိမာန်ကိုသာယူကြကုန်အံ့၊ ရွာနိဂုံးမင်းနေပြည်တော်တို့ကိုမှီ၍နေသောနတ်များသည် လာဘ်လာဘအထွတ်အထိပ်ကျော်စောခြင်းသို့ရောက် ကြကုန်၏"

ဟု ကြံစည်တိုင်ပင်ကြကာ လူတို့လမ်းခရီးလွင်ပြင်အရပ်၌ ပေါက်ရောက်တည်ရှိသောသစ်ပင်တို့၌ ဗိမာန်ပြု၍ယူကြကုန်သည်။

တစ်နေ့သ၌ မိုးသက်လေပြင်းကြီးစွာတိုက်ခတ်ရွာသွန်းစဉ် လေအဟုန်ပြင်းထန်လှသောကြောင့် လွင်ပြင်အရပ်ဝယ်ပေါက်ရောက်သောအမြစ်မြဲခိုင်လှသော တောစိုးသစ်ပင်ကြီးများသော်လည်း အကိုင်းအခက်ကျိုးပျက်ပြတ်ကျကုန်လျက် အမြစ်ပါ ကျွတ်၍လဲကျလေကုန်သည်

တစ်ပင်နှင့်တစ်ပင်ဆက်စပ်လျက်တည်ရှိနေသော ဘုရားလောင်းရုက္ခစိုးနတ်နေသော အင်ကြင်းတောသို့ရောက်လာသောလေပြင်းတို့ကား ထိုမှဤမှတိုက်ခတ်ငြားသော်လည်း သစ်တစ်ပင်ကိုမျှလဲကျစေခြင်းငှာမတတ်နိုင်ကြချေ။

www.dhammaransi.com



ဝိမာန်ပျက်စီးသောနတ်တို့သည် ကိုးကွယ်ရာမဲ့ဖြစ်ကုန်လျက် သားငယ်သမီးငယ်တို့ကိုလက်ဆွဲခေါ်ကြပြီးလျှင် ဟိမဝန္တာတောသို့လာကြပြီး မိမိတို့ဘဝပျက်စီးရပုံအကြောင်းစုံကိုအင်ကြင်းတောနေမိတ်ဆွေနတ်တို့ကိုပြောပြကြလေသည်။

ထိုနတ်တို့၏အကြောင်းနှင့်ပတ်သက်၍ ဘုရားလောင်းရုက္ခစိုးနတ်က-

"ဆွေမျိုးနတ်အပေါင်းတို့ . . . များပြားလှကုန်သောအချင်းချင်းအမှီပြုပြီးစုပေါင်းနေထိုင်ကြသောဆွေမျိုးတို့သည် တောမြိုင်တစ်လျှောက်ပေါက်ရောက်ကုန်သော သစ်ပင်တို့သည် အချင်းချင်းထောက်ပံ့ကာ ကောင်းစွာတည်သဖြင့် ရန်သူတို့မနှိပ်စက်အပ်သဖြင့် ကောင်းမြတ်တင့်တယ်ကုန်သကဲ့သို့ တင့်တယ်ကောင်းမြတ်ကြပါကုန်၏၊

အဟုန်ပြင်းစွာတိုက်ခတ်လာသော လေမုန်တိုင်းသည် လွင်ပြင်ထီးဝယ် တစ်ပင်တည်းပေါက်ရောက်တည်နေသော တောစိုးသစ်ပင်ကြီးကိုအကိုင်းအခက်အရွက်ပင်စည်မျှပင်ကြီးမားသော်လည်း အမြစ်ပါမကျန် တွန်းလှန်တိုက်လှဲခံရတတ်ပါ၏"

ဟူ၍ ဟောပြောပြသည်။

"အို-မင်းအပေါင်းတို့ . . . ဤသို့လျှင် ဆွေမျိုးတို့သည် ညီညွတ်ခြင်းကိုရှေးဦးစွာရယူသင့်၏၊ ညီညွတ်မှုကိုရရှိကြပြီးလျှင် ဝမ်းမြောက်ဝမ်းသာအချင်းချင်းမေတ္တာဓာတ်နှီးနှောကြ၍ ချစ်ကြည်သောနေခြင်းကိုသာ နေကြပါကုန်လော့"

www.dhammaransi.com



ဟူ၍ သာကီဝင်မင်းအပေါင်းတို့ကို ဆုံးမသွန်သင်ဟောပြောပြလေသည်။

## ခိုက်ရန်ငြင်းခုံဖျက်စီးရပုံ

"မင်းအပေါင်းတို့ . . ဆွေမျိုးအချင်းချင်းတို့ခိုက်ရန်ဖြစ်ခြင်းသည် အလျဉ်းပင်မသင့်လျော်ပါချေ၊ လူတို့ကိုထားဘိဦး၊ တိရစ္ဆာန်များပင်သော်လည်း ရှေးအခါက ညီညွတ်သောအချိန်၌ ရန်သူတို့ကိုလွှမ်းမိုးအောင်နိုင်ကာ ချမ်းသာခြင်းသို့ရောက်ရှိကြပြီးလျှင် ခိုက်ရန်ငြင်းခုံမှုပြုသောအခါ၌ ကြီးစွာသောပျက်စီးခြင်းသို့ရောက်ခဲ့ကြရကုန်လေပြီ"
ဟု ဗုဒ္ဓက ဆက်လက်၍ဟောကြားတော်မူသည်။

ထိုအကြောင်းကိုလည်း ဆွေတော်မျိုးတော်များက တောင်းပန်သဖြင့် ဗုဒ္ဓက ဝဋ္ဋကဇာတ်(သမ္မောဒမာနဇာတ်)ကို ဆက်လက်ဟောပြောပြတော်မူပါသည်။

"မင်းအပေါင်းတို့ . . ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းမင်းပြုစဉ် ဘုရားလောင်းသည် ငုံးငှက်မျိုး၌ဖြစ်ပြီး ထောင်သောင်းများစွာသောငုံးငှက်ပေါင်းခြံရံလျက် တောအရပ်၌ကျက်စားနေထိုင်ပါသည်။

ထိုအခါ ငှက်မုဆိုးတစ်ယောက်သည် ထိုငုံးငှက်အပေါင်းတို့၏ကျက်စားသွားလာရာအရပ်သို့သွားရောက်၍ ငုံးငှက်မြည်သံကဲ့သို့မြည်တွန်ကာ ငုံးငှက်များကိုစုဝေးရောက်ရှိစေသည်၊ ငုံးများစုမိသောအခါ ငုံးအုပ်အပေါ်၌ပိုက်ကွန်ကိုပစ်ချပြီးလျှင် ဖမ်းယူ

www.dhammaransi.com



ကာထိုငုံးတို့ကိုရှောင်းချအသက်မွေးသည်။

ဘုရားလောင်းငုံးမင်းသည် မိမိ၏ငုံးအပေါင်းကိုစုဝေးကာ-

"အို-ငုံးငှက်အပေါင်းတို့ . . ဤငှက်မုဆိုးသည် ငါတို့၏ဆွေမျိုးငုံးငှက်များကိုပျက်စီးပြုန်းတီးခြင်းသို့ အကြိမ်ကြိမ်ရောက်ခဲ့လေပြီ၊ ငါသည် ဤငှက်မုဆိုးကြီး ငါတို့ကိုမဖမ်းယူနိုင်မည့် ဥပါယ် နည်းလမ်းကောင်းတစ်ခုကိုစဉ်းစားမိပါ၏။

ထိုနည်းလမ်းကောင်းမှာ ယခုအချိန်က၍ ထိုငှက်မုဆိုးက ငါတို့အပေါ်၌ ပိုက်ကွန်ကိုပစ်ချလျှင်ပစ်ချခြင်း ငုံးငှက်တစ်ကောင်တစ်ကောင်လျှင် ပိုက်ကွန်ပျက်ကွင်းတစ်ပေါက်တစ်ပေါက်၌ ဦးခေါင်းကိုထားပြီးလျှင် တစ်ညီတစ်ညွတ်တည်းပိုက်ကွန်ကို မချီလျက် အလိုရှိရာအရပ်သို့ဆောင်သွားကြပြီးလျှင် ဆူးချုံတစ်ခုအပေါ်၌ပစ်ချကြကုန်လော့၊ ထိုနောင်မှ ငါတို့သည် ပိုက်ကွန်အောက်မှထွက်ကာ ထိုထိုအရပ်သို့ပြေးသွားကြကုန်အံ့"

ဟု အကြံပေးစကားပြောကြားသည်။

အုပ်စုဝင်ငုံးငှက်အပေါင်းတို့သည် သဘောတူကြပြီးလျှင် ငှက်မုဆိုးဖမ်းလာသောအခါ ထိုကဲ့သို့ပြုလုပ်ကြသဖြင့် ဖမ်းယူခံရခြင်းမှလွတ်လေသည်။

ငှက်မုဆိုးသည် မိမိ၏ပိုက်ကွန်ကိုဇီးချုံပေါ်မှခက်ရာခက်ဆစ်ဖြုတ်ချယူပြီးပြန်ရသည်၊ နောက်တစ်နေ့ကလည်း ထိုကဲ့သို့ပင်ငုံးများကပြုလုပ်ဆောင်ရွက်သဖြင့် ငှက်မုဆိုးမှာအိမ်သို့လက်ချည်းသာပြန်ရသည်။

www.dhammaransi.com



ထိုအခါ ငှက်မုဆိုး၏မိန်းမသည်စိတ်ဆိုး၍-

"သင်သည် နေ့စဉ်နေ့တိုင်း လက်အချည်းနှီးဖြင့်သာပြန်၍လာနေသည်၊ သင့်မှာ ငါမှတစ်ပါး အခြားပြင်ပ၌ကျွေးမွေးနေရသောမယားရှိလေယောင်တကား"

ဟု စွပ်စွဲရှုတ်ချစကားဆိုလေသည်။

"ရှင်မ. . . ငါ့မှာ ရှင်မမှတစ်ပါး အခြားကျွေးမွေးဘို့ရာမရှိပါ၊ စင်စစ်သော်ကား ငှက်အပေါင်းသည် စည်းလုံးညီညွတ်ကြလျက် လှည့်လှည်ကျက်စားကုန်လျက် ငါပစ်ချလိုက်သောပိုက်ကွန်ကိုသယ်ယူကြပြီး ဇီးချုံပေါ်သို့ပစ်ချကာသွားကြပါ၏၊ ဒါပေမဲ့ ရှင်မ မပူပါနဲ့၊ တစ်နေ့နေ့ ဤငှက်များသည် စိတ်ဝမ်းကွဲကြပါမည်၊ ငြင်းခုံခိုက်ရန်ဖြစ်ကြပါမည်၊ ထိုအခါ ငါသည် ထိုငှက်တို့ကိုလွယ်ကူစွာဖမ်းယူနိုင်ပါမည်"

ဟု ငှက်မုဆိုးက မယားကိုနှစ်သိမ့်လေသည်။

နှစ်ရက်၊ သုံးရက်လွန်သော် ငှက်မုဆိုးတွက်ဆထားသည့်အတိုင်း ငုံးတစ်ကောင်သည် စားကျက်မြေသို့သက်ဆင်းလတ်သော် သတိမမူသည်ဖြစ်၍ အခြားငုံးတစ်ကောင်၏ဦးခေါင်းကိုမတော်တဆနင်းမိလေသည်၊ အနင်းခံရသောငုံးငှက်သည်-

"ငါ၏ဦးခေါင်း၌တက်နင်းသောသူကား အဘယ်သူနည်း ငါ့ကိုအဘယ်ကောင်က ခေါင်းတက်နင်းသနည်း"

ဟု ကြိမ်းမောင်းပြောဆိုလျက် အမျက်ထွက်လေသည်။

"အဆွေ. . . ငါသည် သတိမမူမိ၍ သင်၏ဦးခေါင်းကိုမတော်တဆနင်းမိပါသည်၊ စိတ်မဆိုးပါလင့်"

www.dhammaransi.com



ဟုနင်းမိသောငုံးငှက်ကတောင်းပန်သော်လည်း အနင်းခံရသော ငုံးငှက်က အမျက်ကိုသည်းမခံနိုင်၊ ဆက်လက်၍အမျက်ထွက်လေသည်။

ထိုငုံးငှက်နှစ်ကောင်တို့သည် တစ်ကောင်နှင့်တစ်ကောင် အပြန်အလှန်အဖန်ဖန်ပြောဆိုကြသည်တွင်-

"မင်းက မင်းသာလျှင်ပိုက်ကွန်ကို မချီနိုင်သည် ဟု မှတ်ထင်ပါသလော"

စသည်အားဖြင့် တစ်ကောင်နှင့်တစ်ကောင်ခိုက်ရန်စကား အငြင်းပွားကြလေသည်၊ ထိုသို့ဖြင့် တစ်အုပ်စုနှင့်တစ်အုပ်စုကွဲပြားကြလာလေသည်။

ထိုအခါ ဘုရားလောင်းငုံးမင်းက-

"ငြင်းခုံမှုပြုလုပ်ရာအရပ်သည် ချမ်းသာခြင်းမည်သည် မရှိနိုင်၊ ယခုပင်လျှင် ထိုငုံးငှက်တို့သည် ပိုက်ကွန်ကိုအညီအညွတ်ချီသယ်ယူဆောင်မှုပြုကြတော့မည်မဟုတ်ချေ၊ ထိုအခါ ကြီးစွာသောပျက်စီးခြင်းသို့ ငုံးငှက်များရောက်ကြတော့မည်၊ ငှက်မုဆိုးသည် အခွင့်ကောင်းကိုရချေတော့မည်၊ ငါသည် ဤအရပ်၌နေ၍ မသင့်လျော်တော့ချေ"

ဟု ကြံစည်ပြီးလျှင် မိမိ၏ပရိသတ် မိမိ၏စကားကိုနားထောင်သောငုံးအပေါင်းကိုခေါ်ကာ အရပ်တစ်ပါးသို့ဖယ်ခွာသွားလေသည်။

ထိုတော၌ကား ဒေဝဒတ်လောင်းဦးဆောင်သောငုံးအပေါင်းတို့သည် ကျန်ရစ်ခဲ့ကြလေသည်။

www.dhammaransi.com



ငှက်မုဆိုးသည် နှစ်ရက်၊ သုံးရက်လွန်လျှင် ထိုတောသို့ သွားရောက်၍ ငုံးမြည်သံကိုပြုသည်၊ ငုံးများစုဝေးရောက်လာသော် ပိုက်ကွန်ကိုပစ်ချလေသည်။

ထိုအခါ ငုံးတစ်ကောင်က အခြားငုံးတစ်ကောင်ကို-

"ပိုက်ကွန်ကို မချီကာစမှာပင် သင်၏ဦးခေါင်းမွေးများ ကျကုန်ပါသလော၊ သတ္တိရှိလျှင် ယခုမချီပါတော့လား"

ဟု မခံသာအောင် စကားပြောကြားလေသည်။

အပြောခံရသော ငုံးငှက်ကလည်း ပထမပြောသောငုံးငှက်ကို-

"ပိုက်ကွန်ကို မချီကာစမှာပင် သင်၏အတောင်နှစ်ဖက်တို့၌ အမွေးများကား အမောဆို့ကာလျော့ကျကုန်လေပြီ၊ သတ္တိရှိလျှင် ယခုပင်လျှင် အသင်မချီပါတော့လား"

ဟု ရန်တုံ့စကားပြောကြားလေသည်။

ဤသို့လျှင် ငုံးအပေါင်းတို့သည်-

"သတ္တိရှိလျှင် အသင်မချီပါတော့လော၊ သတ္တိရှိလျှင် အသင်မချီပါတော့လော"

ဟုရန်တွေ့စကားပြောကြားနေကြစဉ်မှာပင် ငှက်မုဆိုးသည် ပိုက်ကွန်ကိုမချီ၍ ထိုငုံးအားလုံးကိုစုရုံးယူကာ ခြင်းတောင်းအပြည့်ထည့်ပြီးလျှင် အိမ်ရှင်မကို့ရွှင်လမ်းဝမ်းမြောက်စေလေသည်။

"မင်းအပေါင်းတို့ ဤသို့ဆိုအပ်ခဲ့သည့်အတိုင်း ဆွေမျိုးတို့၏ခိုက်ရန်ငြင်းခုံမှုမည်သည် အဘယ်နည်းနှင့်မျှမသင့်လျော်ပါချေ၊ခိုက်ရန်ငြင်းခုံမှုသည် ပျက်စီးခြင်း၏အကြောင်းရင်းကေန်မှန်ပေ၏"

www.dhammaransi.com



ဟူ၍ ဟောကြားတော်မူလေသည်။

ဗုဒ္ဓသည် နှစ်ပြည်ထောင်မင်းတို့အား ဤဇာတ်တော်များကိုဟောတော်မူပြီးလျှင် သုတ္တနိပါတ်လာအတ္တဒဏ္ဍသုတ်ကို အောက်ပါအတိုင်းဆက်လက်ဟောကြားတော်မူလေသည်။

"မင်းမြတ်အပေါင်းတို့ . . ပစ္စုပ္ပန်သံသရာနှစ်ဖြာသော ဘေးသည် မိမိ၏ဒုစရိုက်အပြစ်ဒဏ်ကြောင့်သာဖြစ်ပေါ်ရာ၏၊ ဤသို့ပင်ဖြစ်သော်လည်း အချင်းချင်းခိုက်ရန်ငြင်းခုန်နေသော လူအပေါင်းကိုရှုကုန်လော၊ ငါဘုရားကိုယ်တိုင်ထိတ်လန့်မှု သံဝေဂရခဲ့ဘူးသည့်အတိုင်း ထိတ်လန့်ဖွယ်သံဝေဂတရားကို ဟောကြားပေအံ့"

ရေနည်းငါးကဲ့သို့ ကိလေသာတို့ကြောင့် တုန်လှုပ်နေသောသတ္တဝါအပေါင်းကိုမြင်ရ၍လည်းကောင်း၊ အချင်းချင်းခိုက်ရန်ငြင်းခုန်နေကြသောလူတို့ကိုမြင်ရ၍လည်းကောင်း၊ ကြောက်မက်ဖွယ်သောဘေးရန်သည် ငါ့ထံသို့ဝင်ရောက်လာ၏။

ထက်ဝန်းကျင်အားလုံးသောလောကသည် အနှစ်သာရမရှိ၊ အရပ်မျက်နှာအားလုံးရှိသင်္ခါရတရားတို့သည် မမြဲခြင်းစသည်ဖြင့် တုန်လှုပ်ကုန်၏၊ မိမိ၏မှီခိုအားထားရာကို အလိုရှိသောသူသည် ဇရာစသည်တို့ဖြင့် မလွှမ်းမိုးနိုင်သောတစ်စုံတစ်ခုသော အရပ်ကိုမမြင်။

ပျိုသောအရွယ်စသည်တို့၏ပြီးဆုံးပြီးနောက်ဖြစ်ကုန်သောဇရာစသည်တို့နှိပ်စက်ညှင်းဆဲအပ်ကုန်သော သတ္တဝါတို့ကို မြင်ရ၍ ငါ့အားမမွေ့လျော်မှုဖြစ်ခဲ့ပြီ၊ ထိုပြင် ဤသတ္တဝါတို့၌စိတ်

www.dhammaransi.com



နှလုံးကိုမှီနေသည်ဖြစ်၍ မြင်နိုင်ခဲသောရာဂစသောမြားငြောင့်ကို ငါမြင်ခဲ့ပြီ။

အကြင်ရာဂစသော မြားငြောင့်စူးဝင်နေသော အရပ်မျက်နှာအားလုံးတို့ကိုပြေးသွားရ၏၊ ထိုရာဂစသောမြားငြောင့်ကို ပင်လျှင် နုတ်ပယ်လိုက်သည်ရှိသော် မပြေးသွားရတော့ပေ၊ ဩဃ လေးပါး၌ မနစ်မြုပ်ရတော့ပေ။

လူ့ပြည်လောက၌ အကြင်တပ်မက်မောဖွယ်(ကာမဂုဏ်) တို့သည်ရှိကုန်၏၊ ထိုကာမဂုဏ်တို့ကြောင့် သင်အတတ်စသော အတတ်ပညာတို့ကိုအဆင့်ဆင့်သင်ယူကြကုန်၏၊ ထိုကာမဂုဏ် တို့နှင့်အတတ်ပညာတို့၌လိုက်စားလေ့လာသူမဖြစ်ရာ၊ ကာမတို့ ကိုအနိစ္စစသောအားဖြင့် အချင်းခပ်သိမ်းထိုးထွင်းသိ၍ မိမိ၏ ရာဂစသည်ကိုငြိမ်းစေသောဌာကျင့်ရာ၏။

ရဟန်းသည် ဝစီသစ္စာစသည်နှင့်ပြည့်စုံသူဖြစ်ရာ၏၊ ကိုယ်နှုတ်စိတ်မကြမ်းတမ်းသူ၊ လှည့်ပတ်မှုမာယာမရှိသူ၊ ဂုံးတိုက်မှုကင်းသူ၊ အမျက်ထွက်မှုမရှိသူဖြစ်ရာ၏၊ ယုတ်မာသောလောဘ ကိုလည်းကောင်း၊ ဝန်တိုမှုမစ္ဆရိယကိုလည်းကောင်း လွန်မြောက် ရာ၏။

နိဗ္ဗာန်သို့ညွတ်သောစိတ်ရှိသူသည် ငိုက်မြည်းခြင်းကို လည်းကောင်း၊ ပျင်းရိခြင်းကိုလည်းကောင်း ၊ထိုင်းမှိုင်းခြင်းကို လည်းကောင်း၊ ဖျောက်ဖျက်ရာ၏၊ ကုသိုလ်ကောင်းမှုတို့၌ မေ့ လျော့သဖြင့်မနေရာ၊ အလွန်ထောင်လွှားမှုမာန၌မတည်ရာ။

www.dhammaransi.com



မုသားစကားမပြောဆိုရာ၊ ရုပ်တရား၌ချစ်ခင်မှုမပြုရာ၊ ထောင်လွှားမှုမာနကိုလည်းပိုင်းခြား၍သိရာ၏၊ အဆောတလျင်ပြုလုပ်ခြင်းမှရှောင်ကြဉ်သည်ဖြစ်၍ကျင့်ရာ၏။

အတိတ်ခန္ဓာငါးပါးကိုမနှစ်သက်မမက်မောရာ၊ ပစ္စုပ္ပန်ခန္ဓာငါးပါး၌နှစ်သက်မက်မောမှုကိုလည်းမပြုရာ၊ ခန္ဓာစသည်ပျက်စီးသည်ရှိသော်မပူဆွေးရာ၊ ဆွဲငင်တတ်သောတဏှာကို စွဲမှီသူမဖြစ်ရာ။

မက်မောမှုတဏှာကိုကြီးစွာသောရေအယဉ်ဟူ၍ ငါဆို၏၊ လျင်စွာဖြစ်တတ်သောတဏှာကိုတောင့်တမှု-"ဇပ္ပန"ဟူ၍လည်းကောင်း၊ မလွတ်မူ၍ဆွဲကိုင်မှု"အာရမ္မဏ" ဟူ၍လည်းကောင်း၊ တုန်လှုပ်မှု"ပကပ္ပန"ဟူ၍လည်းကောင်း ငါဆို၏၊ ကာမဟူသောညွန်ကိုလွန်မြောက်နိုင်ခဲသောအရာဟုငါဆို၏။

မကောင်းမှုမှအပပြုပြီးသော ထိုရဟန်းသည် အဋ္ဌင်္ဂိကမဂ်သစ္စာမှမလွဲမရှောင်မူ၍ အာယတနအားလုံးကိုစွန့်လွှတ်ပြီးလျှင် နိဗ္ဗာန်ဟူသောကြည်းကုန်းထက်၌တည်၏၊ ထိုပုဂ္ဂိုလ်ကိုစင်စစ်အားငြိမ်းအေးပြီးသူဟုဆိုအပ်၏။

ဤလောက၌ ဆန္ဒရာဂစသည်ကိုပယ်ပြီးဖြစ်၍ ကောင်းစွာနေထိုင်သွားလာသောထိုပုဂ္ဂိုလ်သည် တဏှာဒိဋ္ဌိတို့ဖြင့် မမှီပဲလျက် သင်္ခတတရားအပေါင်းကို အနိစ္စစသောအားဖြင့်သိပြီးဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှမချစ်ခင်တော့ပေ၊ ထိုပုဂ္ဂိုလ်သည်ပညာရှိမည်၏၊ ထိုပုဂ္ဂိုလ်သည်သာ မဂ်ဉာဏ်သို့ရောက်ပြီးသူမည်၏။

www.dhammaransi.com



ဤလောက၌ အကြွင်းသူသည်ကာမတို့ကိုလွန်မြောက်ခဲ့ပေပြီ၊ လောက၌လွန်နိုင်ခဲသောကပ်ငြိမှုတဏှာကိုလည်းလွန်မြောက်ခဲ့ပြီ၊ တဏှာအယဉ်ကိုဖြတ်ပြီးသောကိလေသာအနှောင်အဖွဲ့မရှိသောထိုသူသည် မပူဆွေး မကြံမှိုင်တော့ပေ။

အတိတ်သင်္ခါရတို့ကို အာရုံပြု၍ဖြစ်သောကိလေသာမျိုးတို့ကို ခြောက်ခန်းစေလော၊ အနာဂါတ်သင်္ခါရတို့ကိုအာရုံပြု၍ဖြစ်သောရာဂစသောကြောင့်ကြမှု သင့်အားမဖြစ်စေလင့်၊ ပစ္စုပ္ပန်ခန္ဓာငါးပါးတို့ကို တဏှာဒိဋ္ဌိအားဖြင့် သင်မစွဲယူမူကိလေသာငြိမ်းအေးသည်ဖြစ်၍ နေရလတ့်။

အကြွင်းရဟန္တာအား နာမရုပ်တရားအပေါင်း၌ ငါ-ငါ၏ဥစ္စာဟုအချင်းခပ်သိမ်းမြတ်နိုးစွဲလမ်းမှုမရှိ၊ ထိုနာမ်ရုပ်ပျက်စီးသော်လည်းမစိုးရိမ်၊ ထိုရဟန္တာပုဂ္ဂိုလ်သည် လောက၌ဆုတ်ယုတ်ဆုံးရှုံးသူမဟုတ်။

အကြွင်းရဟန္တာပုဂ္ဂိုလ်အား ငါ၏ဥစ္စာဟူ၍လည်းကောင်း၊ သူတစ်ပါး၏ဥစ္စာဟူ၍လည်းကောင်း ရုပ်ဝေဒနာစသည်ကိုစွဲယူကြောင့်ကြမှုမရှိ၊ ထိုရဟန္တာပုဂ္ဂိုလ်သည် မြတ်နိုးဖွယ်ဝတ္ထုကိုမရသော်လည်း ငါ့အားမရမရှိဟူ၍ မစိုးရိမ်တော့ချေ။

တုန်လှုပ်ခြင်းမရှိပုဂ္ဂိုလ်ကို ငါ့အားမေးသည်ရှိသော် အကြွင်းပုဂ္ဂိုလ်သည် ငြူစူခြင်းမရှိ၊ မက်မောတွယ်တာမှုမရှိ၊ တုန်လှုပ်ကြောင်းတဏှာမရှိ၊ အာယတနအားလုံးတို့၌ အညီအမျှလျစ်လျူရှုနိုင်၏၊ ထိုပုဂ္ဂိုလ်၌ ထိုအကျိုးအာနိသင်လေးပါးကိုငါဆို၏။

www.dhammaransi.com



တုန်လှုပ်မှုတဏှာကင်းသော သင်္ခါရတရားတို့၏အနိစ္စသောအခြင်းအရာကိုသိသောသူအား တစ်စုံတစ်ခုပြုပြင်တတ်သောသင်္ခါရမရှိ၊ ထိုပုဂ္ဂိုလ်သည် အထူးထူးသောအားထုတ်မှု (ကုသိုလ်၊ အကုသိုလ်)သင်္ခါရမှုကင်းသည်ဖြစ်၍ အလုံးစုံသောအရာဌာနတို့၌ဘေးမရှိသည်ကိုမြင်နိုင်၏။

အကြင်ရဟန်းသည် ကူညီသူတို့၌ မာနအစွမ်းဖြင့် တူညီသူဟုမပြောဆို၊ ယုတ်နိမ့်သူတို့၌ယုတ်နိမ့်သူ ဟုမပြောဆို၊ မြင့်မြတ်သူတို့၌ မြင့်မြတ်သူဟုမပြောဆို၊ ကိလေသာငြိမ်းအေးပြီးသော ထိုရဟန်းသည်ဝန်တိုမှုမစ္ဆေရကင်းသည်ဖြစ်၍ ခန္ဓာငါးပါးစသည်ကိုစွဲလမ်းမစွဲယူ၊ စွန့်လည်းမစွန့်လွှတ်။

(သုတ္တနိပါတ-အဋ္ဌကဝဂ်၊ အတ္တဒဏ္ဍသုတ်)

## ဓမ်းသားဝယ်(၅၀၀)ရဟန်းပြုခြင်း

ထိုအခါ နှစ်ပြည်ထောင်သောမင်းတို့သည် အချင်းချင်းညီညွတ်ကြကာ ဗုဒ္ဓကိုကြည်ညိုသောစိတ်များ တဖွားဖွားဖြစ်ပေါ်လာကြသည်။

"ဗုဒ္ဓသာ အကယ်၍ကြွလာတော်မမူလျှင် ငါတို့သည် အချင်းချင်းသတ်ဖြတ်၍ သွေးချောင်းစီးစေကြမည်အမှန်ပင်ဖြစ်ပေသည်၊ ဗုဒ္ဓကိုအမှီပြု၍ ငါတို့သည် အသက်ရှင်ခြင်းကိုရအပ်ပေပြီ၊ အထူးအားဖြင့် ဗုဒ္ဓသည် လူ့ဘောင်၌အကယ်၍နေခဲ့ငြားအံ့၊ ကျွန်းငယ်နှစ်ထောင်ရှိသောလေးကျွန်းသနင်းစကြာမင်းစည်းစိမ်သည် ရွှေလက်တော်ရောက်ဖြစ်လေရာ၏၊နှလုံးရည်လက်ရုံးရည်

www.dhammaransi.com



စုံညီပြည့်ညောင်း သားတော်ပေါင်းအထောင်ထွန်းကားလျက် မင်း ပရိသတ်ခြံရံကာ လှည့်လှည်တော်မူလေရာ၏။

ဤငါတို့ဆွေမျိုးဖြစ်သော မြတ်စွာဘုရားသည် ထိုစကြာ မင်းစည်းစိမ်ကိုစွန့်ပယ်လျက် တောထွက်၍ရှင်ရဟန်းပြုပြီးလျှင် ဘုရားအဖြစ်သို့ရောက်တော်မူခဲ့လေပြီ၊ ယခု ဘုရားဖြစ်သော အခါမှာလည်း မင်းသားရဟန်းများခြံရံလျက်သာလျှင် လှည့်လှည် ကျက်စားသွားလာနေထိုင်တော်မူစေသင့်ပါသည်"

ဟု တစ်ညီတညွတ်တည်းစည်းဝေးတိုင်ပင်ကြံစည်ကြပြီးလျှင် နှစ် ပြည်ထောင်မင်းတို့သည် တစ်ဘက်လျှင် (၂၅၀)စီ အသီးသီး ဗုဒ္ဓ ကိုလှူဒါန်းအပ်နှံကြလေသည်။

ဗုဒ္ဓသည် ထိုမင်းသား(၅၀၀)ကိုလက်ခံကာ ဧဟိဘိက္ခု ရဟန်းပြုပေးပြီးလျှင် ကပိလဝတ်ပြည်၌ တစ်ခါတစ်ရံ ကောလိယ ပြည်၌ဆွမ်းခံလှည့်လှည်ကြွချီတော်မူသည်၊ နှစ်ပြည်ထောင်သား လူအများကလည်း ကြီးစွာသောပူဇော်မှုကိုပြုကြလေသည်။

ရဟန်းငယ်(၅၀၀)တို့သည် မိမိတို့၏သဒ္ဓါတရားဖြင့် ရဟန်းပြုကြသည်မဟုတ်၊ မိဘလူကြီးတို့၏စကားကိုမလွန်ဆန် နိုင်၍သာ ရဟန်းပြုနေကြရသူများဖြစ်၍ ကြာသော်ရဟန်းဘဝ ကို ငြီးငွေ့ပျင်းရိလာကြသည်။

ထို့ပြင် မိမိတို့၏ကြင်ယာဟောင်းဇနီးများက-

"အရှင်သားတို့သည် သာသနာ့ဘောင်၌ အစဉ်ပျော်ပိုက် မနေကြပါကုန်လင့်၊ အရှင့်သားတို့သွားသည့်နေ့ကစ၍ အိမ်ရော စီးပွားတို့သည် တစ်နေ့တစ်ခြားဆုတ်ယုတ်ပျက်ပြားကုန်ကြပါပြီ"

www.dhammaransi.com



အစရှိသောစကားတို့ကို ရေးသားပြောဆိုကာ သဝဏ်လွှာပါးကြ သဖြင့် ရဟန်း(၅၀၀)တို့သည် "မစွမ်းရင်းကလည်းရှိ၊ ကဋ္ဌန်းခင်း ကလည်းငြိ"ဆိုဘိသကဲ့သို့ ရှေးကထက်တိုး၍ သာသနာတော်၌ မပျော်မမွေ့ဖြစ်လာကြသည်။

ဗုဒ္ဓသည် မင်းသားရဟန်းတို့ကို ရစ်မသည်မိမိဥကိုစောင့် ရှောက်သကဲ့သို့လည်းကောင်း၊ စာမရီသားကောင်သည် မိမိ၏ မြီးဆံကိုစောင့်ရှောက်သကဲ့သို့လည်းကောင်း၊ မိခင်သည် ချစ်လှ စွာသောသားကို စောင့်ရှောက်သကဲ့သို့လည်းကောင်း၊ မျက်စိ တစ်ဘက်သာရှိသောယောကျာ်းသည် ထိုမျက်စိကို အမြတ်တနိုး စောင့်ရှောက်သကဲ့သို့လည်းကောင်း၊ နေ့(၃)ကြိမ်၊ ညဉ့်(၃)ကြိမ် အမြဲ(၆)ကြိမ် ကြည့်ရှုဆင်ခြင်တော်မူသည်။

ဗုဒ္ဓသည် ထိုရဟန်းငါးရာတို့သာသနာ၌ မပျော်ပိုက် သည်ကို ကောင်းစွာဆင်ခြင်သိမြင်တော်မူ၍-

"ဤရဟန်းတို့သည် ငါကဲ့သို့သောဘုရားနှင့်အတူတကွ နေကြကုန်လျက် ပျင်းရိကုန်ဘိ၏၊ ထိုရဟန်းတို့အား အဘယ်သို့ သော တရားစကားသည် သင့်လျော်လျောက်ပတ်ပါမည်နည်း" ဟု စုံစမ်းဆင်ခြင်တော်မူသည်။

"ငါသည် ဤရဟန်းတို့ကို ဟိမဝန္တာသို့ခေါ်ဆောင်သွား ပြီးလျှင် ကုဏာလဇာတ်လာတရားစကားဖြင့် ထိုရဟန်းတို့အား မာတုဂါမ၏အပြစ်ကိုထင်ရှားဖော်ပြကာ သာသနာတော်၏မမွေ့ လျော်ခြင်းကိုပယ်ရှားပြီးလျှင် သောတာပတ္တိမဂ်ဉာဏ်အမြင်ကို ပေးတော့အံ့"

ဟု အကြံဖြစ်လေသည်။

www.dhammaransi.com



## ရဟန်းငယ်ငါးရာတို့ကိုဟိမဝန္တာသို့ခေါ်ဆောင်သွားခြင်း

ဗုဒ္ဓသည် နံနက်အခါကပိလဝတ္ထုပြည်အတွင်း ဆွမ်းခံကြွတော်မူပြီးလျှင် နေလွဲသောအခါ ထိုရဟန်းငါးရာတို့ကိုစုဝေးကာ-

"ရဟန်းတို့ . . သင်တို့သည် မွေ့လျော်ဖွယ်ကောင်းသော ဟိမဝန္တာတောအရပ်ကို ရှေးကမြင်ဘူးကြပါသလော"

ဟု မေးတော်မူသည်။

"မမြင်ဘူးပါဘုရား"

"ဒါဆို. . . သင်ချစ်သားတို့ ဟိမဝန္တာသို့ ခရီးယာယီလှည့်လှည့်သွားလာလိုကြပါသလား"

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . တပည့်တော်တို့မှာ တန်ခိုးရှိသူမဟုတ်ကြပါ၊ တပည့်တော်တို့အဘယ်နည်းနှင့် သွားနိုင်ပါမည်နည်းဘုရား"

"သင်ချစ်သားတို့ တန်ခိုးရှိသောပုဂ္ဂိုလ်တစ်ယောက်ယောက်က ခေါ်ဆောင်သွားလျှင် သင်ချစ်သားတို့လိုက်ပါကြမည်လော"

"ဒါဆို လိုက်ပါမည်ဘုရား"

ထိုအခါ ဗုဒ္ဓသည် ထိုရဟန်းငယ်ငါးရာကို ကိုယ်တော်၏ တန်ခိုးဣဒ္ဓိပါဒ်ဖြင့်ခေါ်ဆောင်၍ ကောင်းကင်၌ပျံတက်တော်မူကာ ဟိမဝန္တာသို့ရှေ့ရှုကြွတော်မူသည်၊ ဟိမဝန္တာတောင်ထက်ကောင်းကင်၌တည်လျက် မွေ့လျော်ဖွယ်ကောင်းသော ဟိမဝန္တာအရပ်၌ရှိသော ရွှေတောင်၊ ငွေတောင်၊ ပတ္တမြားတောင်၊ ဟင်းသပြဒါးတောင်၊ မျက်စဉ်းတောင်၊ သာနုမည်သောတောင်၊ ဖက်

www.dhammaransi.com



တောင်အစရှိသော တောင်အမျိုးမျိုးတို့ကိုလည်းကောင်း၊ မြစ်ကြီးငါးသွယ်၊ အိုင်ကြီးခုနစ်အိုင်တို့ကိုလည်းကောင်း ပြသပေးတော်မူသည်။

ဟိမဝန္တာတောင်မှာ ယူဇနာ(၅၀၀)အမြင့်ရှိပြီး ယူဇနာ(၃၀၀၀)အကျယ်အပြန့်ရှိသဖြင့် လွန်စွာကြီးမားလှသည်၊ ဗုဒ္ဓ၏ ဟိမဝန္တာတောင်၏မွေ့လျော်ဖွယ်အသွယ်သွယ်ကို ကိုယ်တော်၏ တန်ခိုးအာနုဘော်ဖြင့် ပြပေးတော်မူသည်၊ ထိုဟိမဝန္တာတောရှိ ခြသေ့်၊ ကျား၊ ဆင်အစရှိသောအခြေလေးချောင်းရှိသော သားကောင်တစ်စိတ်တစ်ဒေသကိုလည်း ပြပေးတော်မူသည်၊ တစ်ဖန် ဟိမဝန္တာရှိ မွေ့လျော်ဖွယ်ကောင်းသော အရာမ်ဥယျာဉ်စသည် တို့ကိုလည်းကောင်း၊ အပွင့်မျိုး၊ သစ်ပင်အသီးမျိုးသစ်ပင်တို့ကို လည်းကောင်း၊ ငှက်အမျိုးမျိုးကိုလည်းကောင်း၊ ရေပန်း၊ ကုန်းပန်း အမျိုးမျိုးတို့ကိုလည်းကောင်း၊ ဟိမဝန္တာတောင်၏အရှေ့ဘက် နံပါး ရွှေသားအပြင်ကိုလည်းကောင်း၊ အနောက်ဖက်နံပါးဟင်းသ ပြဒါးကိုလည်းကောင်း ပြတော်မူသည်။

ရဟန်းငါးရာသည် ထိုမွေ့လျော်ဖွယ်အသွယ်သွယ်ကိုမြင် တွေ့ကြရသောအခါ ကြင်ယာဟောင်းတို့၌ တပ်မက်သောဆန္ဒ ရာဂကိုပယ်အပ်ပြီးဖြစ်နေတော့သည်။

ထို့နောက် ဗုဒ္ဓသည် ထိုရဟန်းငါးရာကို ဟိမဝန္တာတောင် ၏အနောက်ဘက်နံပါးရှိယူဇနာ(၆၀)အပြန့်ကျယ်သောဆေးဒန်း မြင်းသီလာကျောက်ဖျာအပြင်၌(၇)ယူဇနာအမြင့်အကျယ်အဝန်း ရှိပြီး ကမ္ဗာပတ်လုံးတည်မည်ဖြစ်သော အင်ကြင်းပင်ကြီးအောက်

www.dhammaransi.com



၌ သီတင်းသုံးတော်မူပြီး ရောင်ခြည်တော်(၆)သွယ်ကိုလည်း လွှတ်တော်မူသည်။

"ရဟန်းတို့ . . ဤဟိမဝန္တာအရပ်ဝယ် သင်တို့မမြင်အပ်စဖူးသောအရာဝတ္ထုတို့ကိုမေးမြန်းကြကုန်လော့"
ဟု ဖိတ်မန်စကားမိန့်ကြားလေသည်။

ထိုခဏမှာပင် ဆန်းကြယ်သောအမွေးအတောင်ရှိသော ဥသြငှက် ငှက်ပျိုမနှစ်ကောင်တို့သည် ဒုတ်တစ်ချောင်း၏အစွန်းတစ်ဘက်စီတို့၌ ကိုက်ချီပြီးလျှင် အလယ်၌မိမိတို့အရှင်သခင် ဥသြငှက်မင်းကိုလိုက်ပါထိုင်စေသည်၊ ဝဲယာရှေ့နောက် အထက်အောက်(၆)ဌာနတို့၌ (၈)ကောင် (၈)ကောင်စီသော ဥသြငှက်မပျိုတို့ခြံရံလိုက်ပါလျက် ကောင်းကင်ထက်မှပျံသန်းလာကြသည်။

ထိုထူးဆန်းသောဥသြငှက်တို့၏ပျံသန်းလာမှုကို ရဟန်းတို့ကမြင်၍-

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . ဤငှက်တို့ကား အဘယ်အမည်ရှိပါသနည်း"

"ရဟန်းတို့ . . ဤသကုဏဝင်ငှက်မျိုးအစဉ်သည် ငါဘုရား၏ရှေး၌ဖြစ်ခဲ့ဘူးသော အမျိုးအစဉ်ပင်ဖြစ်၏၊ ငါဘုရားထားခဲ့သောပဝေဏီအစဉ်အဆက်ဖြစ်ပေသည်၊ ရှေးအခါကအစ ပကတူးလက်ဦးအမှန် ငါ့ကိုဤနည်းနှင့်ပြုစုလုပ်ကျွေးယုယခဲ့ကြဘူးပြီ၊ ထိုစဉ်အခါက ထိုငှက်အပေါင်းသည် ယခုထက်ပင် များပြားလှ၏၊ သုံးထောင်ငါးရာကုန်သောငှက်မပျိုတို့သည် ငါ့ကိုပြုစုလုပ်ကျွေးယုယမှုပြုခဲ့ကြကုန်ပြီ၊ အစဉ်သဖြင့် ယုတ်လျော့၍ယခုအခါ၌ အနွယ်မပျောက်ရုံ ဤမျှလောက်သာရှိလေသည်"

www.dhammaransi.com



"ဤသို့သဘောရှိသော တောအုပ်ကြီး၌ ထိုသုံးထောင့်ငါးရာသောငှက်ကညာမတို့က အရှင်ဘုရားတို့ကို အဘယ်ပုံအဘယ်နည်းပြုစုယုယခဲ့ကြကုန်ပါသနည်း ဘုရား"

"ရဟန်းတို့ . . ထိုသို့ဖြစ်လျှင် နားထောင်ကြကုန်လော့" ဟု မိန့်ကြားပြီးလျှင် အသီတိနိပါတ်လာ ကုဏာလဇာတ်ကို ဟောကြားပြသပေးတော်မူသည်။

## ကုဏာလဉသြှငှက်မင်းနှင့်ဖုဿဉသြှငှက်မင်း

ရဟန်းတို့လွန်လေပြီးသောအခါ ဟိမဝန္တာဝယ် အသီးအပွင့် အကိုင်းအခက်နှင့်ပြည့်စုံ၍ သားအပေါင်း၊ ငှက်အပေါင်းတို့ပျော်မွေ့ရာ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားစသော ရတနာတို့ဖြင့်တန်ဆာဆင်သဖြင့် အလွန်မွေ့လျော်ပျော်ဖွယ်ရှိသော တောအုပ်၌ လှပတင့်တယ်သောအမွေးအတောင်နှင့်ပြည့်စုံသော ကုဏာလမည်သော ဥသြှမင်းသည် အလုပ်အကျွေးမယားသုံးထောင့်ငါးရာခြံရံလျက်နေသည်။

ဥသြှမင်းသွားသောအခါ၌ ဥသြှမနှစ်ကောင်တို့သည် တုတ်၊ လှံတံစွန်းနှစ်ဘက်တို့၌ တစ်ကောင်စီနှုတ်သီးဖြင့် ချီမလျက် ဥသြှမင်းကို လှံတံပေါ်ကနေစေလျက် ပျံကုန်သည်၊ ငါးရာကုန်သောဥသြှမတို့သည် အကယ်၍ဥသြှမင်းကျလာခဲ့သော် အတောင်ဖြင့်ခံထားနိုင်ရန် အောက်အရပ်မှပျံကုန်သည်။

ငါးရာသောဥသြှမတို့သည် ဥသြှမင်းနေမပူစေရန် အထက်အရပ်မှအဆင့်ဆင့်ပျံကုန်သည်၊ ငါးရာသောဥသြှမတို့

www.dhammaransi.com



သည် အချမ်း၊ အပူ၊ မြူ ဆီးနှင်းများ ဉသြမင်းကိုမထိပါးစေရန် နံပါးနှစ်ဘက်မှပျံကုန်သည်၊ ငါးရာသောဥသြမတို့သည် တစ်စုံ တစ်ရာလက်နက်၊ သစ်ပင်၊ ခြုနွယ်တို့မထိခိုက်စေရန် ရှေ့မှပျံကုန် ကြသည်။

ငါးရာသောဥသြမတို့သည် သွားရင်းလာရင်း ဥသြမင်း မပျင်းရိစေရန် ချစ်ဖွယ်သောစကားကိုပြောဆိုကာ နောက်မှပျံ ကုန်ကြသည်။

ငါးရာသောဥသြမတို့သည် သွားလာရင်း ဥသြမင်းဆာ မွတ်ခြင်းမဖြစ်စေရန် သစ်သီးတို့ကိုရှာဖွေ၍ဆက်သကာ ပတ်ဝန်း ကျင်မှပျံကုန်ကြသည်။

ဤသို့လျှင် သုံးထောင်ငါးရာသောဥသြမတို့သည် ခြံရံ ကာ လိုက်ပါလုပ်ကျွေးကြသည်။

ကုဏာလဥသြမင်းသည် သာယာနှစ်သက်ဖွယ်ကောင်း သော အာရုံငါးပါးကာမဂုဏ်တရားဖြင့် အမြဲခစားလုပ်ကျွေးပါ ငြားသော်လည်း မိန်းမများအပေါ်၌ မျက်နှာသာပေးလေ့မရှိပါ၊ မြှောက်ပင့်ကာ သာယာပျော်ဘွယ်သောစကားကိုပြောဆိုလေ့ မရှိ။

မိမိထံအခြံအရံ ခစားလုပ်ကျွေးနေသော ဥသြမတို့ကို ပင်-

"ဟယ်-အယုတ်မတို့. .၊ ဟယ်-သူခိုးတို့. . .၊ ဟယ်- အလေမ တို့ . . . သွားကြကုန်၊ ပျက်ကြကုန်"
ဟု ခြိမ်းခြောက်ကြိမ်းမောင်းလေ့ရှိသည်။

www.dhammaransi.com



"ရဟန်းတို့ . . ငါဘုရားသည် တိရစ္ဆာန်မျိုး၌ဖြစ်သော်လည်း မိန်းမတို့၏သူ့ကျေးဇူးကိုမသိတတ်သောအပြစ်၊ မာယာများသောအပြစ်၊ အကျင့်မကောင်းသောအပြစ်၊ သီလမရှိသောအပြစ်ကိုသိတော်မူ၍ မိန်းမအလိုသို့မလိုက် မိမိအလိုသို့သာလိုက်စေပါသည်"

တစ်ဖန် ရဟန်းငါးရာတို့သည် ထိုခဏမှာပင် ဥဩမနစ်ကောင်ကိုချီမကာ ရှေ့ နောက် ဝဲ ယာထက် အောက်မျက်နှာတို့၌ ဥဩမလေးကောင်စီခြံရံ၍ ပျံသွားသောဥဩမင်းကိုမြင်ကြကုန်၍ ဘုရားရှင်ကို လျှောက်ထားကြပြန်ကုန်သည်။

"ရဟန်းတို့ . . ဤဥဩမင်းကား ရှေးအခါက ငါ၏အရှေ့တော်ပုဏ္ဏမုခမည်သော ဖုသဥဩမင်း၏အနွယ်အဆက်တည်း၊ ဤဥဩမင်းသည် ရှေးအခါက ကုဏာလအိုင်အနီးတောအုပ်တစ်ခု၌နေသည်၊ အလုပ်အကျွေးမယားတို့က သုံးရာငါးဆယ်ရှိကုန်၏၊ ထိုဥဩမင်းသည်လည်း တစ်နေရာမှတစ်နေရာသို့ သွားသော ရှေ့ နောက် ဝဲ ယာ ထက် အောက် ထက်ဝန်းကျင် ဤခုနစ်ပါးသောအရပ်တို့မှ ငါးဆယ်စီဖြစ်သောဥဩမတို့ဖြင့် ခြံရံသွားသည်။

ထိုဖုသဥဩမင်းကား မိမိ၏မယားတို့ကို မျက်နှာသာပေးလေ့ရှိသည်။

"အို-နှမ. အမျိုးကောင်းသမီးတို့ ကောင်းစွ-ကောင်းစွ" ဟူ၍ မြှောက်ပင့်ချီးကျူးကာပြောဆိုလေ့ရှိသည်၊ မကြာခဏလည်း ကုဏာလဥဩမင်းထံသို့သွားလေ့ရှိသည်။

www.dhammaransi.com



တစ်နေ့ ဖုသဉသြသည် အဆွေတော်ကုဏာလထံသို့ သွားရာ ကုဏာလဉသြမင်း၏ အလုပ်အကျွေးမိန်းမတို့က-

"အရှင်ပုဏ္ဏမုခ. . . ကျွန်ုပ်တို့၏ ကုဏာလဉသြမင်းသည် အလွန်ကြမ်းကြုတ်၏၊ အလွန်ကြိမ်းမောင်းဘိ၏၊ လုပ်ကျွေးရသော်လည်း မျက်နှာကောင်းမရ၊ အရှင်တောင်းပန်ပေးလျှင် ကျွန်ုပ်တို့သက်သာရာရပါလိမ့်မည်"

ဟု ပြောကြားတောင်းပန်ကြလေသည်။

ဖုသဉသြကလည်း ကုဏာလထံသို့ရောက်သောအခါ-

"အဆွေကုဏာလ. . . သင်သည် အမျိုးဇာတ်တူဖြစ်လျက် ကောင်းစွာပြုစုလုပ်ကျွေးနေသော ဉသြမတို့အပေါ်၌ အဘယ်ကြောင့် ကြမ်းကြုတ်သောစကားကို ဆိုဘိသနည်း၊ အဘယ်ကြောင့် ကြိမ်းမောင်းဘိသနည်း၊ ယောကျ်ားတို့မည်သည် မနှစ်သက်ဖွယ်သောစကားပင်ဖြစ်သော်လည်း နှစ်သက်ဖွယ်သောစကားကဲ့သို့ ပြောဆိုရာသည်မဟုတ်ပါလော"

ဟု တောင်းပန်စကားပြောဆိုလေသည်။

"ဟယ်-အဆွေခင်ပွန်းယုတ်. . . ယခုသွားလော့၊ မယားအနိုင်ခံရသောသင်နှင့်တူသော လူလိမ္မာအဘယ်မှာရှိပါတော့အံ့နည်း" ဟု ကြိမ်းမောင်းနှင်ထုတ်လေသည်၊ ဖုသဉသြသည် ပြောဘွယ်ရာမရှိတော့၍ ထိုအရပ်မှပြန်ခဲ့လေသည်။

နောက်များမကြာခင် ဖုသဉသြအားပြင်းထန်စွာဝမ်းသွေးသွန်သောအနာသည်ဖြစ်လေသည်၊ သေလုနီးပါး ဒုက္ခဝေဒနာကိုခံစားရသည်။

www.dhammaransi.com



ထိုအခါ အလုပ်အကျွေးဥဩမတို့သည်-

"ဤဖုသဥဩကား သေလုနီးပါးအနာနှိပ်စက်၍၊ ပျောက်မည်၊ သေမည်ကိုလည်းမသိနိုင်၊ ဝေဒနာနှိပ်စက်နေသူနှင့် အတူတကွနေခြင်းဖြင့်လည်းအကျိုးမရှိ၊ ဖုသဥဩကိုစွန့်၍ ကုဏာလထံသို့သွားကြစို့"

ဟု တိုင်ပင်ကြပြီးလျှင် အနာနှိပ်စက်နေသောလင်ဖုသဥဩမင်းကိုစွန့်ကာ ကုဏာလဥဩမင်းထံသို့သွားကြလေသည်။

"ဟယ်-အယုတ်မတို့၊ သူခိုးမတို့ ဘယ်အတွက်လာကြသနည်း၊ သင်တို့လင်ကို အဘယ်အရပ်မှာထားခဲ့သနည်း"

ဟု ကုဏာလဥဩမင်းကမေးလေသည်။

"အရှင်. . . ကျွန်ုပ်တို့လင် ဖုသဥဩသည် ဝမ်းသွေးလွန်သောအနာဖြစ်၍ သေဝပါးနီးဆင်းရဲကိုခံစားနေရပါ၏၊ ကျွန်ုပ်တို့ကား မျှော်လင့်ဘွယ်မရှိတော့သဖြင့် စွန့်ပစ်ကာအရှင်ထံလုပ်ကျွေးမည်ဟု လာခဲ့ပါသည်"

ဟု ပြောကြားကြသည်။

"ဟယ်-အမိုက်မတို့. . . မင်တို့အလွန်ယုတ်မာကြကုန်၏၊ သူခိုးနှင့်တူကုန်၏၊ ကျေးဇူးကိုမသိကုန်၊ သတိမရှိကုန်၊ မာယာများကုန်၏၊ လေကဲ့သို့လိုရာသို့သွားတတ်ကုန်၏၊ မိမိ၏ကျေးဇူးရှင်လင်ယောက်ျားမကျန်းမမာသည်ကို ကျန်းမာအောင်ပြုစုလုပ်ကျွေးရမည်မဟုတ်ပါလော၊ သို့ပါလျက် ရက်ရက်စက်စက်မငဲ့မကွက်နှင့်စွန့်ပစ်၍လာကြကုန်၏၊ အယုတ်မတို့သွားကြကုန်၊ ပျက်စီးကြကုန်"

ဟု ခြိမ်းခြောက်မောင်းမံနှင်ထုတ်လေသည်။

www.dhammaransi.com



ကုဏာလဥသြမင်းသည် ဖုဿဥသြမင်းရှိရာသို့ အမြန်သွား၍ အနီးသို့ချဉ်းကပ်ကာ ယုယကြင်နာစွာပြုစုလျက်-

"အဆွေ. . . အသက်ရှင်ပါသေး၏လော"

ဟုမေးသည်။

ဖုဿဥသြသည်လည်း လုပ်ကျွေးပြုစုမည့်သူမရှိတော့၍ အလွန်ဝမ်းနည်းနေခိုက် အဆွေကုဏာလဥသြရောက်လာ၍ အလွန်ဝမ်းမြောက်ရွှင်လန်းလျက် အားတက်လာကာ-

"အဆွေ အသက်ရှင်ပါသေး၏၊ စောင့်ရှောက်ပါ"

ဟု သနားစဖွယ်ပြောလေသည်။

ထိုအခါ ကုဏာလဥသြမင်းသည် ဖုဿဥသြကို အတောင်နှစ်ဘက်နှုတ်သီးတို့ဖြင့် ပိုက်ဖက်ချီပွေ့ကာ အသာအယာထစေ၍ သင့်လျော်ရာဆေးနှင့်အစာတို့ကိုကျွေးမွေးပြီး ပြုစုကုသလေသည်။

ဖုဿဥသြ၏ရောဂါသည် မကြာခင်ပျောက်ငြိမ်းချမ်းသာလေသည်၊ ဖုဿဥသြရောဂါပျောက်သောအခါ မယားတို့သည် ပြန်လာကြကုန်လေသည်။

ကုဏာလဥသြမင်းသည် နှစ်ရက်၊ သုံးရက်နေ၍ ဖုဿဥသြအားရှိလာသောအခါ-

"အဆွေ. . . သင်လည်းကျန်းမာ၍ အားရှိလာခဲ့ပြီ၊ သင်၏မယားဥသြမတို့သည်လည်း ရောက်လာကြလေပြီ၊ ကျွန်ုပ်ပြန်ပါတော့မည်"

ဟု နှုတ်ဆက်စကားပြောဆိုသည်။

www.dhammaransi.com



"အဆွေ. . . ပြင်းထန်စွာရောဂါဖြစ်သောအခါ ငါ့ကို ပစ်၍ပြေးကြသည်၊ ငါ့အားကာမကြူးသောမိန်းမတို့ဖြင့် အလို မရှိပါကုန်"

"အဆွေ. . . ကောင်းပြီ၊ သင့်အားမိန်းမတို့ယုတ်မာ သောအဖြစ်ကို ငါဟောပြမည်၊ လိုက်ခဲ့ပါ "

ဟု ဖုသ္သဥဩကိုခေါ်၍ မိမိနေရာ ဟိမဝန္တာနံပါး ဆေးဒန်မြင်း သီလာဖြင့်ပြီးသော ကျောက်ဖြာအပြင်(၇)ယူဇနာရှိသော အင် ကြင်းပင်ကြီး၏အရိပ်ဝယ်နေလေသည်၊ ဖုသ္သဥဩလည်း မိမိ၏ အခြွေအရံနှင့်တကွ တစ်ခုသောနံပါးအပြင်၌နေလေသည်။

## နတ်အပေါင်းတို့စုဝေးရောက်လာခြင်း

ထိုအခိုက်ဝယ် ဟိမဝန္တာ၌နေကြသောနတ်အပေါင်းတို့ သည်-

"အချင်းတို့. . . ယခုအခါ ကုဏာလဥဩမင်းသည် ဟိမ ဝန္တာဝယ် ကျောက်ဖျာအပြင်၌နေလျက် ဘုရားကဲ့သို့တင့်တယ် ခြင်းဖြင့် တရားတော်ကိုဟောပြောပါလိမ့်မည်၊ ထိုတရားတော်ကို နာကြားရန် လာရောက်ကြကုန်လော့"

ဟု ကြွေးကြော်ကြကုန်သည်။

ကြားတိုင်းကြားတိုင်းသောအရပ်မှ အဆင့်ဆင့်ကြွေး ကြော်ကြသဖြင့် နတ်ပြည်ခြောက်ထပ်ရှိနတ်တို့နှင့်တကွ နဂါး ဂဠုန် ဝိဇ္ဇာဓိုရ်ရတို့သည်လည်း စုဝေးရောက်လာကြကုန်သည်။

အာနန္ဒဝမည်သောလင်တမင်းသည်လည်း ကြွေးကြော်

www.dhammaransi.com



သံကိုကြားရ၍ လင်းတတစ်သောင်းခြံရံလျက် တရားနာရန်လာသည်။

နာရဒမည်သောရသေ့လည်း ကြွေးကြော်သံကိုကြားရလျှင် အဘိညာဉ်ရ ရသေ့တစ်သောင်းခြံရံလျက် တရားနာရန်ရောက်လာသည်၊ များစွာသောအစည်းအဝေးသဘင်ကြီးဖြစ်လာလေသည်။

ပရိသတ်စုံညီသောအခါ ကုဏာလဉ္စြမင်းသည် ဇာတိဿရဉာဏ်ဖြင့် ရှေးဘဝကမြင်ခဲ့ဘူး၊ ကြားခဲ့ဘူးသောမိန်းမတို့၏အဖြစ်ကို ဖုဿဉ္စြမင်းကိုသက်သေပြုကာ ဟောပြောပြလေသည်။

## ထာမဝုဏ်သောင်းကျန်းသောကဏှာဒေဝီ

အဆွေဖုဿ. . . လွန်လေပြီးသောအခါ ဗြဟ္မဒတ်မင်းကြီးသည် ကောသလမင်းကိုသတ်၍ ကိုယ်ဝန်ရှိသောမိဖုရားကိုသိမ်းပိုက်ကာ မိဖုရားပြုလေသည်၊ နောင်အခါ ထိုမိဖုရားမှသမီးတော်တစ်ပါးဖွားမြင်၍ ကဏှာဒေဝီ ဟုအမည်မှည့်ပေးပါသည်။

ဗြဟ္မဒတ်မင်းကြီးသည် သားသမီးမရှိခဲ့သဖြင့် သမီးကိုရလျှင် အလွန်နှစ်သက်တော်မူ၍ မိဖုရားကြီးအားလိုရာဆုကိုယူလော့ ဟုဆုပေးထားလေသည်။

ကဏှာဒေဝီအရွယ်သို့ရောက်သော် မိခင်မိဖုရားကြီးက-

"ချစ်သမီး. . . သင်၏ခမည်းတော်ကဆုကိုပေးထား၏၊ လိုရာဆုကိုယူပါလော့"

www.dhammaransi.com



ဟုတိုက်တွန်းစကားပြောဆိုသည်။

ကဏှာဒေဝီသည် ကိလေသာရာဂအားကြီးလှသဖြင့် အရှက်အကြောက်မရှိဘဲ မိဖုရားကြီးအား-

"မိခင်. . လင်ကိုအလိုရှိသမျှယူလို၏၊ ထိုဆုကိုပေးပါ" ဟုလျှောက်ထားသည်။

မိဖုရားကြီးသည် မင်းကြီးကိုလျှောက်ထားသည်၊ မင်းကြီးလည်း သမီးတော်ကိုအလွန်ချစ်သဖြင့်"သမီးတော်လိုသမျှလင်ကိုယူပါစေ" ဟုဆုကိုပေးတော်မူသည်။

ကဏှာဒေဝီသည် မင်းကြီးထံမှဆုကိုရလျှင်-

"လင်ကိုလိုသမျှယူမည်၊ ယောကျ်ားတို့မင်းရင်ပြင်၌ စည်း ဝေးကြကုန်"

ဟုတစ်မြို့လုံးစည်ကိုလည်စေသည်။

မြို့ရှိယောကျ်ားပေါင်းစုံတို့သည် တန်ဆာဆင်၍ မင်းရင်ပြင်၌စည်းဝေးကြကုန်သည်၊ ကဏှာဒေဝီသည် ပန်းပခြုပ်ကိုကိုင်၍ ယောကျ်ားတို့ကိုကြည့်လတ်သော် မိမိနှစ်သက်သောယောကျ်ားကိုမမြင်ချေ။

ထိုအခိုက်မှာပင် တက္ကသိုလ်မှာပညာသင်ယူပြီး ဒေသန္တရဇဟုသုတအလို့ငှာ လှည့်လည်လာကြသော ပဏ္ဍုမင်းမျိုးမှအဇ္ဇုနမင်းသား၊ နကုလမင်းသား၊ ဘီမသေနမင်းသား၊ ယုဓိဋ္ဌိလမင်း သား၊ သဟဒေဝမင်းသား ဤမင်းသားငါးယောက်တို့သည် မင်းရင်ပြင်သို့ရောက်လာကြသည်။

www.dhammaransi.com



ထိုမင်းသားငါးယောက်တို့ကိုမြင်လျှင် ငါးယောက်လုံး၌ အလွန်တပ်စွန်းသောစိတ်ရှိသဖြင့် ပန်းကုံးကိုငါးယောက်စလုံး စွပ်လေသည်။

"မိခင် ဤငါးယောက်စလုံးကိုပင် လင်ပြုလိုပါ၏"

ဟု လျှောက်သည်၊ မိဖုရားကြီးက မင်းကြီးကိုလျှောက်ပြသည်၊ မင်းကြီးသည် နှလုံးမသာသော်လည်း ဆုပေးပြီးဖြစ်သဖြင့် မတားမြစ်တော့ဘဲ အမျိုးအမည်တို့ကိုမေးမြန်းပြီးလျှင် ပူဇော်သက္ကာရပြု၍ မင်းသားငါးယောက်တို့အား ကဏှာဒေဝီကိုပေးအပ်လေသည်။

ကဏှာဒေဝီသည် ဘုံခုနှစ်ဆင့်ရှိသောပြာသာဒ်၌နေ၍ မင်းသားငါးယောက်တို့နှင့်ကာမဂုဏ်ကိုအစွမ်းကုန်ခံစားပျော်မွေ့နေလေသည်။

ထိုမင်းသမီးအား ကုန်းကွသော "ငဆွံ့"မည်သောအလုပ်အကျွေးတစ်ယောက်ရှိလေသည်။

မင်းသမီးသည် မင်းသားငါးယောက်နှင့်အလဲအလှယ် ကာမဂုဏ်ခံစားပေါင်းဖော်နေသော်လည်း အားရတင်းတိမ်ခြင်းမရှိ၊ မင်းသားများအလစ်တွင် ကိလေသာပူလောင်သဖြင့် ရွံရှာဖွယ်ကောင်းသော ငဆွံ့နှင့်ပင်ကာမဂုဏ်ခံစားကာ ယုတ်မာသောအကျင့်ကိုကျင့်လေသည်။

ငဆွံ့နှင့်ကာမဂုဏ်ခံစားသောအခါ-

"နင့်ကိုသာချစ်သည်" ဟုပြောသကဲ့သို့ မင်းသားကြီး၊ မင်းသားလတ်၊ မင်းသားငယ်တို့နှင့် ကာမဂုဏ်ခံစားသောအခါ၌

www.dhammaransi.com



လည်း "အရှင့်သားကိုသာချစ်သည်" ဟု ပလီပလာပြောဆိုလေသည်။

ထိုသူခြောက်ယောက်တို့ကား မင်းသမီးသည် မိမိကိုယ်သာအချစ်ဆုံး ဟုထင်မှတ်နေခဲ့ကြသည်။

တစ်နေ့တွင် ကဏှာဒေဝီ၌ အနာရောဂါနှိပ်စက်လေသည်၊ ထိုအခါ အဇ္ဇုနမင်းသားက ဦးခေါင်းကိုဆုပ်နယ်ပေး၏၊ အခြားလေးယောက်တို့ကလည်း ခြေ၊ လက်တို့၌အသီးသီးဆုပ်နယ်ပေးကုန်၏၊ ငဆွံ့သည်ကား ခြေရင်း၌နေလေသည်။

ထိုအခါ ကဏှာဒေဝီမိန်းမယုတ်သည် ဦးခေါင်း၌ဆုပ်နယ်နေသောမင်းသားအား သင့်ကိုသာချစ်သည် ဟုခေါင်းဖြင့်အမှတ်ပေးသည်။

ခြေ၊ လက်တို့၌ဆုပ်နယ်သောမင်းသားတို့အားလည်း ခြေ၊ လက်တို့ဖြင့်အမှတ်ပေးသည်၊ ငဆွံ့ကိုကား လျှာဖြင့်အမှတ်ပေးသည်။

အလုံးစုံသောသူတို့သည် ရှေးအခါကပြောဘူးသောစကားကိုထောက်၍ အသီးသီးသိရှိကြလေသည်။

ထိုအခါ အကိုကြီးအဇ္ဇုနသည် ညီငယ်တို့ကိုအပြင်သို့ လက်တို့ခေါ်ပြီးလျှင်-

"ဤမိန်းမကား ဦးခေါင်းလက်ခြေတို့ဖြင့်အမှတ်ပေး၏၊ ငဆွံ့အား လျှာဖြင့်အမှတ်ပေး၏၊ သိကြ၏လော"

ဟုမေးရာ ညီတော်တို့က သိကြောင်းပြောကြသည်။

"ဤမိန်းမသည် ငဆွံ့နှင့်ပင် ယုတ်မာသောအကျင့်ကို ကျင့်နေကြောင်း အစ်ကိုကြီးအဇ္ဇုနမင်းသားက ပြောပြသည်၊

www.dhammaransi.com



ညီတော်တို့ကလည်း မယုံကြည်ကြသဖြင့် ငဆွံ့ကိုခေါ်မေးကာ အကြောင်းစုံကိုသိရှိကြရလေသည်။

မင်းသားငါးယောက်တို့သည် ငဆွံ့၏စကားကိုကြားရလျှင် မင်းသမီးအပေါ်၌ တပ်စွန်းခြင်းကင်းကုန်လျက်-

"မိန်းမတို့မည်သည်ကား ယုတ်မာပေစွ၊ သီလမရှိစွ၊ အမျိုးဇာတ်နှင့်ပြည့်စုံသောမင်းသားတို့ကိုစွန့်၍ စက်ဆုပ်ရွံရှာဘွယ်ကောင်းသောငဆွံ့နှင့်ပင်ယုတ်မာသောအကျင့်ကိုကျင့်ပေသေး၏၊ ပညာရှိသောသူသည် အရှက်အကြောက်မရှိ၊ ယုတ်မာသောအကျင့်ရှိသော မိန်းမတို့နှင့်အဘယ်မှာမွေ့လျော်မည်နည်း"

မင်းသားတို့သည် အိမ်ရာထောင်ခြင်း၌ အပြစ်ကိုမြင်ကြကာ တောထွက်၍ရသေ့ရဟန်းပြုပြီးလျှင် ဂံအားလျော်စွာ လားရကုန်လေသည်။

## သစ္စကပါပီပရိဗိုဇ်မ

အဆွေဖုသႏ. . . ရှေးလွန်လေပြီးသောအခါ ဗာရဏသီပြည်၌ သစ္စကပါပီ မည်သောပရိဗိုဇ်မတစ်ယောက်ရှိသည်၊ထိုပရိဗိုဇ်မသည် သုသာန်၌နေ၍ လေးရက်လွန်မှထမင်းကိုစားသည်၊ အကျင့်ကောင်းသည်၊ တစ်ပြည်လုံးထင်ရှားသည်။

လူတို့သည် ချေဆတ်သောအခါမှာပင် နမောသစ္စကပါပိယ ဟုဆိုကြလေ့ရှိသည်။

ထိုအခါ ဗာရဏသီပြည်ဝယ် လူတို့သည် ခုနှစ်ရက်ပတ်လုံးပွဲသဘင်ခံကုန်၏၊ ရွှေပန်းထိမ်သည်တို့သည်လည်း အသင်းဖွဲ့

www.dhammaransi.com



ကာ မဏ္ဍာပ်ဆောက်ပြီးလျှင် ပျော့ရွှင်မြူးတူးကြရန် ငါး၊ အမဲ၊ သေရက်၊ ပန်းနံ့သာတို့ကိုယူဆောင်၍ သေရည်သောက်ရန် စီမံကြသည်။

ထိုအခိုက် ရွှေပန်းထိမ်သည်တစ်ယောက်သည် သေအိုးကိုစွန့်၍ နမောသစ္စကပါပိယာ ဟုဆိုလိုက်လေသည်၊ ထိုအခါ တစ်ယောက်သောပညာရှိက-

"ဟယ်-လူမိုက် မိန်းမကိုရှိခိုးရသလော"

ဟု ပြောလိုက်သည်။

"အချင်း. . . ထိုကဲ့သို့ မဆိုလင့်၊ ငရဲကျလိမ့်မည်"

ဟု ပြန်ပြောသည်။

"ဟယ်-လူမိုက်. . . သင်အသာနေ မယုံလျှင်ဥစ္စာတစ်ထောင်ဖြင့် လောင်းတမ်းပြုလော့၊ ငါသည် ခုနှစ်ရက်ပြည့်သောနေ့၌ ဤမဏ္ဍာပ်သို့ သစ္စကပါပိယကိုသေအိုးကိုရွက်စေ၍ လာပြီးလျှင် သေသောက်ပြမည်၊ မိန်းမတို့မည်သည် မမြဲသောသီလရှိပါ၏"

"အချင်း. . . သင်မတတ်နိုင်ပါ၊ လောင်းပါမည်"

ဟု အရှုံးအနိုင် လောင်းတမ်းပြုကြလေသည်။

ပညာရှိသည် အခြားရွှေပန်းထိမ်သည်တစ်ယောက်ကို ပန်ကြားသက်သေပြုပြီးလျှင် နက်ဖြန်နံနက်စောစောကပင် ရသေ့အသွင်ကိုယူ၍ သုသာန်သို့ဝင်ကာ သစ္စကပါပီပရဗိုဇ်၏ မနီးမဝေးအရပ်တွင် နေကိုရှိခိုးလျက်ရပ်၍နေလင့်သည်။

www.dhammaransi.com



ပရဗိုဇ်မဆွမ်းခံသွားသောအခါမြင်လျှင် "တန်ခိုးကြီးသောရသေ့ဖြစ်လိမ့်မည်၊ သုဿာန်လယ်၌နေဝံ့သည်၊ ကိုယ်တွင်း၌နိဗ္ဗာန်တရားရှိလိမ့်မည်" ဟု နှလုံးသွင်း၍ ချဉ်းကပ်ကာ ရှိခိုးလေသည်။

ရသေ့သည် ပရဗိုဇ်မကိုမကြည့်၊ စကားမပြော၊ နှစ်ရက်မြောက်သောနေ့၌လည်းမကြည့်၊ စကားမပြော၊ သုံးရက်မြောက်သောနေ့၌ကား မျက်နှာကိုငုံ့လျက် "သွားလော့"ဟု ဆိုလိုက်သည်။

လေးရက်မြောက်သောနေ့၌-

"ဆွမ်းခံရတာပင်ပန်းသလော"

ဟုမေးလိုက်သည်၊ ပရဗိုဇ်မလည်း စကားရပေပြီ ဟုဝမ်းမြောက်ဝမ်းသာဖြစ်မိလေသည်၊ ငါးရက်မြောက်နေ့၌ အလွန်စကားပြော၍ အနည်းငယ်နေသည်၊ ခြောက်ရက်မြောက်သောနေ့၌ကား သစ္စကပါပီပရဗိုဇ်မကို-

"နှမ. . ဇာရဏသီပြည်၌ တီးသံ၊ မှုတ်သံကြားရသည် အသို့နည်း"

ဟု မေးသည်။

"အရှင်. . . အရှင်တို့မသိကုန်၊ ပွဲသဘင်ခံကြသည်"

ဟုပြောသည်၊ ရသေ့သည် မသိဟန်ဆောင်၍-

"နှမ. . . သင်သည် ဘယ်နှစ်ရက်လွန်မှ ထမင်းစားသနည်း" ဟုမေးသည်။

"အရှင်. . . လေးရက်လွန်မှ ထမင်းစားပါ၏"

www.dhammaransi.com



"အရှင်ကော. . . ဘယ်နှစ်ရက်မှထမင်းစားပါသနည်း"

"နှမ. . . ငါကား ခုနှစ်ရက်မှစားပါသည်"

အမှန်မှာ ရသေ့သည် နေ့တိုင်း-နေ့တိုင်း ညအခါ၌သာ စားသည်။

"နှမ. . . ဘယ်နှစ်ဝါရပြီးနည်း"

"အရှင်. . . ဆယ့်နှစ်ဝါရပါပြီ"

"အရှင်ကော. . . ဘယ်နှစ်ဝါရပြီးနည်း"

"နှမ. . . ခြောက်ခုမြောက်ဝါဖြစ်ပါသည်၊ သင် နိဗ္ဗာန်တရားရပြီးလော"

"အရှင်. . . မရသေးပါ၊ အရှင်ကောရပါပြီးလော"

"နှမ. . . မရသေးပါ၊ နှမ ငါတို့နှစ်ဦးမှာကား ကာမချမ်းသာကိုလည်းမရကုန်၊ ရဟန်းချမ်းသာကိုလည်းမရကုန်၊ ငါတို့မှာသာ ငရဲမီးပူသလော၊ လူထွက်အံ့၊ ငါ့မှာမိဘအမွေအနှစ်ဥစ္စာများစွာရှိပါသည်၊ ဆင်းရဲကိုမခံနိုင်ပါ"

ထိုအခါ ပရိဗိုဇ်မသည် တုန်လှုပ်ဖောက်ပြန်သောစိတ်ရှိသည်ဖြစ်၍ ရသေ့၌လည်း တပ်စွန်းသောစိတ်ဖြစ်ပေါ်ကာ-

"အရှင်. . . အကျွန်ုပ်သည်လည်း ငြီးငွေ့ပျင်းရိပါ၏၊ အကယ်၍ အရှင်သည် အကျွန်ုပ်ကိုမစွန့်အံ့၊ ကျွန်ုပ်သည် လူထွက်၍လိုက်ပါမည်"

ဟု တောင်းပန်စကားပြောလေသည်။

ထိုအခါ ရသေ့ယောင်ပန်းထိမ်သည်သည် ပရိဗိုဇ်မကို မြို့တွင်းသို့ခေါ်ဆောင်လာကာ သေအိုးကိုရွက်စေပြီး မိမိချိန်း

www.dhammaransi.com



ထားသောမဏ္ဍာပ်သို့သွား၍ လင်မယားနှစ်ယောက်စလုံး ပျော်ရွှင်စွာ သေရည်ကိုသောက်ကြလေသည်။

အလောင်းအစားပြုသောပန်းထိမ်သည်လည်း ဥစ္စာတစ်ထောင်ရှုံးရလေသည်။

## တုရှင်ဒေဝီမိဖုရား

လွန်လေပြီးသောအခါ ဗာရဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် ကောသလမင်းကြီးကိုသတ်၍ တစ်ပြည်လုံးကိုသိမ်းပိုက်ကာ ကိုယ်ဝန်ရှိသောမိဖုရားကြီးကိုယူ၍ ကိုယ်ဝန်ရှိမှန်းသိတော်မူလျက်ပင် မိဖုရားကြီးအရာ၌ထားလေသည်။

မိဖုရားကြီးသည် ထိုကိုယ်ဝန်ရင့်၍ဖွားမြင်သောအခါ-

"သတို့သားကို မင်းကြီးသိပါလျှင် ရန်သူသားဖြစ်၍ သတ်ရာသည်၊ ငါ့သားကလေး သူတစ်ပါးလက်မှာမသေစေလင့်" ဟု နှလုံးသွင်းကာ အထိန်းတော်မိန်းမတစ်ယောက်ကို ကလေးအားပုဆိုးနွမ်းဖြင့်ထုတ်စေပြီး သုသာန်၌ပစ်ချစေသည်။

သူငယ်၏အဘဖြစ်သော ကောသလမင်းသည်ကား သူငယ်၏ကိုယ်စောင့်နတ်ဖြစ်၍နေလေသည်၊ ထိုနတ်သည် သူငယ်ကိုစောင့်ရှောက်နေ၏၊ မိမိ၏အာနုဘော်ဖြင့် သုသာန်၌ကျက်စားလာသောဆိတ်မတစ်ကောင်ကိုချစ်ခင်စေ၍ နို့တိုက်စေသည်၊ ဆိတ်မသည် သူငယ်ကိုတစ်နေ့နှစ်ကြိမ်သုံးကြိမ်နို့လာတိုက်ပေးလေသည်။

www.dhammaransi.com



ဆိတ်ကျောင်းသားသည် ထိုအခြင်းအရာကိုမြင်တွေ့၍ ကြည့်ရှုရာ သူငယ်ကိုမြင်လျှင် သားဟူသောချစ်ခြင်းဖြင့် ကောက်ယူ၍ မယားကိုကျွေးမွေးပြုစုစေသည်၊ မယား၌လည်း သားသမီးမရှိ၊ ဆိတ်မနို့ဖြင့်သာမွေးမြူရလေသည်။

ထို့နောက်မှစ၍ ဆိတ်ကျောင်းသားအိမ်၌ ဆိတ်မတစ်နေ့နှစ်ကောင် သုံးကောင်သေလေသည်။

"ဤသူငယ်ကိုမွေးမြူသည့်အတွက် ဤကဲ့သို့သာသေလျှင် ငါ၏ဆိတ်တွေကုန်ရာ၏၊ သူငယ်ဖြင့် အဘယ်အကျိုးရှိပါအံ့နည်း"

ဟု ဆိတ်ကျောင်းသားသည် ကြံစည်ပြီးလျှင် သူငယ်ကိုအိုး၌ထည့်ကာ စလောင်းဖုံးလျက်မြစ်၌မျှောလိုက်လေသည်။

အဘကိုယ်စောင့်နတ်အမြဲစောင့်ရှောက်သဖြင့် ဘေးရန်မရှိ၊ အစဉ်အတိုင်းမျောသွားရာ မင်းအိမ်နန်းတော်၌ ဆွေးမြေ့သောအရာတို့ကိုပြင်ဆင်သောဒွန်းစဏ္ဍားလင်မယားတို့မြင်၍ အိုးကိုဆယ်ယူပြီးဖွင့်ကြည့်ရာ သူငယ်ကိုမြင်လျှင် သားဟူသောချစ်ခြင်းဖြင့်မွေးမြူကြလေသည်။

ဒွန်းစဏ္ဍားတို့သည် သူငယ်(၇)နှစ်၊ (၈)နှစ်ရှိသောအခါ မင်းအိမ်သို့ခေါ်ဆောင်၍သွားကြလေသည်၊ အသက်(၁၆)နှစ်သို့ရောက်သောအခါ ထိုသူငယ်ပင် မင်းအိမ်သို့သွား၍ဟောင်းနွမ်းဆွေးမြေ့သောအရာတို့ကိုပြုပြင်ပေးရသည်။

မင်းကြီး၏မိဖုရား၌ ကုရုင်္ဂဒေဝီမည်သော သမီးတော်တစ်ပါးရှိသည်၊ ထိုသမီးသည် မြတ်သောအဆင်းကိုဆောင်သည်၊

www.dhammaransi.com



ထိုကုရုဂ်ဒေဝီသည် သတို့သားကိုမြင်ရသောအချိန်မှစ၍ တပ်မက်သောစိတ်ရှိသည်ဖြစ်၍ သတို့သားအမှုလုပ်ရာအရပ်သို့လာနေလေသည်။

သတို့သားနှင့်မင်းသမီးတို့သည် တစ်ဦးနှင့်တစ်ဦးမပြတ်မြင်လတ်သော် အလွန်တပ်မက်သောစိတ်ရှိကြသဖြင့် ဖုံးလွှမ်းသောအရပ်၌ကာမဂုဏ်ကိုလွန်ကျူးမိကြလေသည်၊ ကာလကြာသော် အလုပ်အကျွေးတို့ကသိသွားသဖြင့် မင်းကြီးအားလျှောက်ထားကြလေသည်။

မင်းကြီးသိလတ်သော် ယမ်းပုံမီးကျသည့်အလားအလွန် အမျက်ထွက်လျက်-

“ဒွန်းစဏ္ဍားရဲ့သားကား ငါ့သမီးတော်ကိုခင်လျက် ပြစ်မှားဘိသည်၊ အလွန်အပြစ်ကြီးသည့်အတွက် ကြီးစွာသောမင်းဒဏ်ကိုပေး၍ ညှင်းဆဲပြီးမှသတ်ရမည်”

ဟု အမိန့်ချမှတ်ပေးလေသည်။

ထိုခဏ၌ အဘဖြစ်သောကိုယ်စောင့်နတ်သည် မိဖုရားကိုဝင်ပူး၍ပြောပြသည်၊ ထိုအခါ မိဖုရားကြီးသည် မင်းကြီးထံသွားပြီးလျှင်-

“အရှင်မင်းကြီး. . . ဤသတို့သားကား ဒွန်းစဏ္ဍားသားမဟုတ်ပါ၊ အကျွန်ုပ်မှမွေးဖွားအပ်သော ကောသလမင်းကြီး၏သားပါတည်း၊ မွေးဖွားသောအခါ သုသာန်၌ပစ်ထားစေ၍သေပြီးဟုအရှင်မင်းကြီးအားလျှောက်ထားခဲ့ဘူးပါ၏၊ ယင်းကိုဆိတ်ကျောင်းသားကတွေ့ပြီး ကောက်ယူမွေးစားခဲ့ပါသည်၊ သူ့

www.dhammaransi.com



အိမ်၌ဆိတ်များသေလွန်သဖြင့် ဤသားကြောင့်ဟုဆိုကာ သားကို အိုးထဲထည့်ပြီးရေမျောစေရာ ခဝါဖွပ်သောဒွန်းစဏ္ဍားလင်မယား လက်ထဲရောက်ပါသည်၊ ယုံတော်မမူလျှင် အလုံးစုံသောသူတို့ကို ခေါ်၍မေးတော်မူပါဘုရား"

ဟု လျှောက်ထားလေသည်။

မင်းကြီးလည်း အထိန်းတော်မှစ၍ အလုံးစုံသောသူတို့ကို ခေါ်ယူစုံစမ်းမေးမြန်းရာ အဟုတ်အမှန်သိရပြီး ယုံကြည်ကာ-

"အမျိုးဇာတ်နှင့်ပြည့်စုံသူဖြစ်ပေသည်"

ဟု နှစ်သက်တော်မူရကား သမီးတော်ကုရုင်္ဂဒေဝီနှင့်လက်ထပ်ပေးလေသည်။

အမည်ကိုလည်း ဆိတ်မတို့သေသည်ကိုအစွဲပြု၍ "ဆွေိကကုမာရ"ဟု အမည်မှည့်လေသည်။

နောက်အခါ မင်းသားအား သူ၏ခမည်းတော်အရိုက်အရာဖြစ်သော ကောသလတိုင်းကိုပေး၍ မင်းပြုစေသည်၊ ပညာသင်ရန် ဆဋ္ဌင်္ဂရကုမာရဆရာကိုလည်း စေလွှတ်ပေးလေသည်။

ကုရုင်္ဂဒေဝီသည် နောက်တွင် ဆဋ္ဌင်္ဂကုမာရဆရာနှင့်လည်းကောင်း၊ ထိုဆရာ၏အလုပ်အကျွေးဖြစ်သော ဓနန္တေဝါသီနှင့်လည်းကောင်း ယုတ်မာသောကာမဂုဏ်အကျင့်ကို အခွင့်ရလျှင်ရသလိုကျင့်လေသည်။

www.dhammaransi.com



## ထာကာဝတီမိဖုရား

အဆွေဖုသ. . . လွန်လေပြီးသောအခါ ဗာရဏသီပြည်၌ ဘုရားလောင်းသည် ဗြဟ္မဒတ်မင်းဖြစ်လေသည်၊ ထိုမင်း၏မိဖုရားကား နတ်သမီးတစ်မျှလှပသော ကာကဝတီ အမည်ရှိသည်၊ ထိုအခါ ဂဠုန်မင်းတစ်ဦးသည် လူအသွင်ဖန်ဆင်းလာပြီးလျှင် ဗာရဏသီမင်းနှင့်ကြွေဆန်ကစားလတ်သော် ကာကဝတီမိဖုရားကြီးကိုမြင်လျှင် တပ်စွန်းသောစိတ်ရှိသည်ဖြစ်၍ ထိုမိဖုရားကို ဂဠုန်တို့၏တန်ခိုးဖြင့်ပြုလုပ်ပြီး ဂဠုန်ပြည်သို့ယူဆောင်သွားကာ အတူတကွမွေ့လျော်ကာနေလေသည်။

မင်းကြီးသည် ကာကဝတီမိဖုရားပျောက်ဆုံးသည်ရှိသော် နဋကုဝေရမည်သော စောင်းသမားကိုခေါ်၍ စုံစမ်းစေခိုင်းသည်၊ စောင်းသမားသည် စုံစမ်းလတ်သော် ဂဠုန်မင်းဆောင်ယူသည်ကိုသိရှိပြီး ဂဠုန်မင်းလာသောအခါ မသိရအောင်အတောင်ကြား၌စီးလိုက်သွားပြီးလျှင် အိုင်ငယ်တစ်ခုအနီး ပြိန်းမြက်တော၌အိပ်လေသည်၊ သီတာခုနစ်တန်နှင့်လက်ပံပင်ပေါ်သို့တက်သောအခါ၌လည်း ဂဠုန်၏တောင်ပံ၌ တိတ်တဆိတ်ခိုပြီးလိုက်ခဲ့သည်၊ ဂဠုန်မင်းထွက်ခွာသွားသောအခါ ကာကဝတီမိဖုရားကြီးရှိရာသို့သွားပြီး အကျိုးအကြောင်းပြောပြသည်၊ ဂဠုန်မင်းရောက်လာသောအခါ တစ်နေရာ၌ပုန်းအောင်းနေသည်၊ ဂဠုန်မင်းမရှိသောအခါ ကာကဝတီမိဖုရားသည် စောင်းသမားနှင့်ကာမဂုဏ်ကိုအလိုရှိတိုင်းမွေ့လျော်ပြီးနေလေသည်။

တစ်ချိန် ဂဠုန်မင်း ဗာရဏသီသို့သွားသောအခါ အတောင်ကြား၌တိတ်တဆိတ်စီးပြီး လိုက်ပါလာလေသည်။

www.dhammaransi.com



ဂဠုန်မင်းသည် ဗာရဏသီမင်းနှင့်ကြွေအန်ကစားသော အခါ စောင်းသမားသည် စောင်းကိုယူ၍ ကြွေအန်ကစားသော ပွဲသို့သွားပြီးလျှင် မင်းကြီးအနီး၌နေလျက်-

"အချင်းတို့ . . ဂဠုန်ပြည်မှာ ငါ့မယားနေ၏၊ ဂဠုန်ပြည်မှ ဤနတ်နံ့သာကိုလိမ်းကျံသောကာကဝတီမိဖုရား၏ ကိုယ်နံ့သည် မွှေးကြိုင်၏၊ ထိုကာကဝတီမိဖုရားကြီး၌ ငါ၏စိတ်သည် မွေ့လျော်ဘိ၏၊ ထိုမိဖုရားကြီးသည် ဤဗာရဏသီပြည်မှဝေးသောဂဠုန်ပြည်၌နေ၏"

ဟူသောသီချင်းကိုသီဆိုကာ စောင်းကိုတီးလေသည်။

ထိုစောင်းသီချင်းသံကိုကြားလျှင် ဂဠုန်မင်းသည်-

"အို-စောင်းသမား . . သင်သည် သမုဒ္ဒရာကြီးကိုမည်ကဲ့သို့ကူးသနည်း၊ သီတာခုနှစ်တန်ကို မည်ကဲ့သို့ကူးပါသနည်း၊ သီတာခုနှစ်တန်ကိုကူးပြီး လက်ပံပင်ကိုမည်ကဲ့သို့တက်ပါသနည်း"

ဟု စောင်းသမားကိုမေးလေသည်။

"အို-ဂဠုန်မင်း . . ကျွန်ုပ်ကား သမုဒ္ဒရာကြီးကို သင်၏ကိုယ်ဖြင့်ကူး၏၊ သီတာခုနှစ်တန်ကို သင်၏ကိုယ်ဖြင့်ကူးပါ၏၊ သီတာခုနှစ်တန်ကူးပြီး၍ လက်ပံပေါ်သို့ သင်၏ကိုယ်ဖြင့်ပင့်တက်ပါ၏"

"အို-စောင်းသမား . . ငါကား ငါ့မယား၏လင်သယောင် စောင်းသမားကို ဂဠုန်ပြည်သို့လည်းကောင်း၊ ဤလူ့ပြည်သို့လည်း ကောင်း ပို့ဆောင်ရဘိ၏၊ ထို့ကြောင့် ကိုယ်ကြီးသောငါ့ကို ကဲ့ရဲ့

www.dhammaransi.com



မိ၏၊ ပေါ့သည်၊ လေးသည်အဖြစ်ကိုမသိသော ငါ့ကို ငါကဲ့ရဲ့မိပါ၏"

ဟု စောင်းသမားကိုပြောပြီးလျှင် ဂဠုန်မင်းသည် နှလုံးမသာမယာဖြစ်ပြီး မိန်းမတို့မည်သည်ကား သမုဒ္ဒရာ၌ထားသော်လည်း လင်သယောင်ထား၍ ဖောက်ပြားမှုကိုပြုကြသည်သာဖြစ်သည်၊ မိန်းမကိုစောင့်ရှောက်ခြင်းငှာမတတ်နိုင်၊ သီလမရှိသောမိန်းမဖြင့် အဘယ်အကျိုးရှိအံ့နည်း"

ဟု ညည်းတွားလျက် ကာကဝတီမိဖုရားကို တစ်ဖန်ယူဆောင်ကာ ဗာရဏသီမင်းကြီးထံပြန်ပို့ပေးပြီး ဂဠုန်ပြည်သို့ပြန်လေသည်၊ ထိုအချိန်မှစ၍ ဗာရဏသီသို့မလာတော့ပေ။

(စတုက္ကနိပါတ ကာကဝတီဇာတက)

## ဗြဟ္မဒတ်မင်းမယ်တော်

အဆွေဖုသ. . . လွန်လေပြီးသောအခါ ကောသလမင်းသည် ဗာရဏသီကိုသိမ်းယူပြီးလျှင် ထိုမင်း၌ကိုယ်ဝန်ရှိသော မိဖုရားကိုပင် မိဖုရားကြီးပြု၍တိုင်းပြည်သို့ပြန်ခဲ့သည်၊ နောင်တွင် သားယောကျ်ားလေးဖွားမြင်သည်၊ ကောသလမင်းသည် သားယောကျ်ားမရှိ၍ သားဟူသောချစ်ခြင်းဖြင့်မွေးမြူလျက် အရွယ်ရောက်သောအခါ အဘ၏ဥစ္စာဖြစ်သော ဗာရဏသီပြည်၌မင်းပြန်ပြုစေသည်။

မယ်တော်မိဖုရားကြီးသည် မင်းကြီးကိုပန်ကြားပြီးလျှင် သားတော်ထံသို့သွားရာ လမ်းခရီးအကြား နိဂုံးရွာတစ်ရွာ၌ အခြံအရံနှင့်တကွတည်းခိုနေထိုင်သည်၊ ထိုရွာ၌ ပဥ္စာလစန္ဒမည်သော

www.dhammaransi.com



ပုဏ္ဏားလုလင်သည်အလွန်အဆင်းလှသည်၊ ထိုလုလင်သည် မိဖုရားကြီးထံ လက်ဆောင်ပဏ္ဏာကိုဆက်သသည်။

မိဖုရားကြီးသည် ထိုလုလင်ကိုမြင်လျှင်မြင်ချင်း တပ်စွန်းသောစိတ်ရှိသည်ဖြစ်၍ ထိုလုလင်နှင့်ကာမဂုဏ်ယုတ်မာသောအကျင့်ကိုကျင့်လေသည်၊ နှစ်ရက်၊ သုံးရက်နေပြီးလျှင် ဗာရဏသီပြည်ရှိ သားတော်မင်းကြီးနှင့်တွေ့ဆုံပြီးပြန်လာသောအခါ ပဉ္စာလစန္ဒလုလင်နှင့်ကာမဂုဏ်ယုတ်မာသောအကျင့်ကို နှစ်ရက်၊ သုံးရက်နေ၍ကျင့်ပြန်၏။

ထိုနောက်မှကောသလမင်းထံသို့ပြန်ခဲ့သည်၊ ထိုမှနောက် မိဖုရားကြီးသည် သားတော်ထံသွားမည်ဟုပန်ကြားကာ ထိုနိဂုံး၌ လခွဲကြာအောင်နေပြီး ပဉ္စာလစန္ဒလုလင်နှင့် ယုတ်မာသော ကာမဂုဏ်အကျင့်ကိုကျင့်၍နေပါသည်။

## မိန်းမတို့၏အပြစ်တို့ကိုပြောပြခြင်း

အဆွေဖုသ. . ယခုငါပြောပြခဲ့သောမိန်းမငါးယောက်တို့သာ ယုတ်မာသောအကျင့်ကိုကျင့်ကြသည်မဟုတ်၊ တစ်ပါးသောမိန်းမတို့သည်လည်း ယုတ်မာသောအကျင့်ကိုကျင့်ကြကုန်သည်သာတည်း။

အဆွေဖုသ. . . မိန်းမတို့မည်သည် မြေကြီးနှင့်တူကုန်၏၊ မြေကြီးသည် အလုံးစုံသောဝတ္ထုတို့၌ တပ်ခြင်းတူမျှသဖြင့်တည်ရာဖြစ်သကဲ့သို့ မိန်းမတို့သည်လည်း အယုတ်၊ အလတ်၊ အမြတ်မရွေး အလုံးစုံသောယောကျ်ားတို့၌တပ်ခြင်းတူမျှသဖြင့်တည်ရာဖြစ်ကုန်၏။

www.dhammaransi.com



အဆွေဖုသ. . . မိန်းမတို့သည် ခြင်္သေ့နှင့်တူကုန်၏၊ ခြင်္သေ့တို့သည် သားကောင်ကိုဖမ်းသောအခါ နှုတ်သီး၊ လက်နှစ်ဘက်၊ ခြေနှစ်ဘက်၊ ဤလက်နက်ငါးမျိုးဖြင့်ဖမ်းသကဲ့သို့ မိန်းမတို့သည် ယောကျ်ားတို့ကို ဖမ်းသောအခါ ရုပ်အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိအာရုံငါးပါးဖြင့်ဖမ်းယူကုန်၏။

အဆွေဖုသ. . . မိန်းမတို့သည် သေမင်း၏ကျော့ကွင်းမည်ကုန်၏၊ လှည့်ပတ်တတ်ကုန်၏၊ တံလျှပ်နှင့်တူကုန်၏၊ စိုးရိမ်ခြင်းကိုပြုတတ်ကုန်၏၊ ဘေးဥပါဒ်ကိုပြုတတ်ကုန်၏၊ အနာရောဂါကိုပြုတတ်ကုန်၏၊ သတ်ခြင်း၊ နှောင်ဖွဲ့ခြင်းကိုပြုတတ်ကုန်၏၊ ကိုယ်တည်းဟူသောလိုဏ်ဂူကိုမှီကုန်၏၊ ထိုမိန်းမတို့ကို အကျွမ်းမဝင်ရာ၊ အကျွမ်းဝင်သောယောကျ်ားသည် ယောကျ်ားတို့တွင် အယုတ်ဆုံးသောယောကျ်ားဖြစ်သည်။

အဆွေဖုသ. . . မိန်းမတို့သည် သူခိုးနှင့်တူကုန်၏၊ သူခိုးတို့သည် ဥစ္စာကိုလုယက်ပျက်ဆီးသကဲ့သို့ ယောကျ်ားတို့ကို ကိလေသာနိုင်ငံသို့ဆောင်ယူ၍ လုယက်ဖျက်ဆီးကုန်၏။

အဆွေဖုသ. . . မိန်းမတို့သည် အဆိပ်ရောသော မုရာသည်ဖောက်ပြန်ခြင်းကိုပြုသကဲ့သို့ ယောကျ်ားတစ်ပါးတို့၌ တပ်စွန်းသောစိတ်ရှိသည်ဖြစ်၍ ပြုအပ်သည်၊ မပြုအပ်သည်ကို မသိကုန်၊ ဖောက်ပြန်ခြင်းကိုပြုတတ်ကုန်၏။

အဆွေဖုသ. . . မိန်းမတို့သည် ကုန်သည်နှင့်တူကုန်၏ ကုန်သည်တို့သည် မိမိကုန်၏ဂုဏ်ကျေးဇူးကိုသာပြောဆိုကုန်သကဲ့သို့ မိမိတို့၏အပြစ်ကိုဖုံးလွှမ်း၍ ဂုဏ်ကျေးဇူးကိုသာ ပြောဆို

www.dhammaransi.com



တတ်ကုန်၏၊ ပြောင်းလဲဖောက်ပြန်လွယ်သောစိတ်ရှိသဖြင့် ဝံနှင့်တူကုန်၏၊ မဟုတ်မမှန်မုသားစကားကိုဆိုတတ်သဖြင့် လျှာနှစ်ခွရှိသောမြွေဟောက်နှင့်တူကုန်၏၊ မိမိကိုယ်ကိုအဝတ်တန်ဆာဖုံးလွှမ်း၍သွားတတ်သောကြောင့် ပျဉ်ဖုံး၍ထားအပ်သောမစင်တွင်းနှင့်တူကုန်၏။

မိန်းမတို့သည် အမှိုက်ဖုံးနေသောတွင်းနှင့်တူကုန်၏၊ အမှိုက်ဖုံးသောတွင်းသည် နင်းသွားသောသူတို့၏ဆင်းရဲကိုဖြစ်စေသကဲ့သို့ အကျွမ်းဝင်သောသူတို့၏ဆင်းရဲကိုဖြစ်စေကုန်၏။

မိန်းမတို့သည် ဗလဝါမုခဝဲနှင့်တူကုန်၏၊ ဗလဝါမုခဝဲသည် စီးဝင်နေသောရေတို့ဖြင့်မပြည့်နိုင်သကဲ့သို့ မေထုန်အကျင့်သားဖွားခြင်း၊ တန်ဆာဆင်ခြင်း ဤသုံးပါးတို့ဖြင့်မပြည့်နိုင်ကုန်မရောင့်ရဲနိုင်ကုန်။

မိန်းမတို့သည် ဘီလူးမနှင့်တူကုန်၏၊ ဘီလူးမတို့သည် ဉစ္စာဖြင့်မရောင့်ရဲနိုင်ဘဲ စွန့်ပစ်ကာ သားဟင်းမျိုးကိုသာ တောင့်တသကဲ့သို့ မိန်းမတို့သည် ဉစ္စာဖြင့်မရောင့်ရဲနိုင်ဘဲ ဉစ္စာဖြင့်စွန့်ပယ်ကာ မေထုန်အကျင့်ကိုတောင့်တကုန်၏။

မိန်းမတို့သည် ယမမင်းနှင့်တူကုန်၏၊ ယမမင်းသည် စီစစ်သည်ဖြစ်၍ တစ်စုံတစ်ယောက်သောသူကိုမျှ မရှောင်ကြဉ်သကဲ့သို့ မိန်းမတို့သည် တစ်စုံတစ်ယောက်သောယောကျ်ားကိုမျှ မရှောင်ကြဉ်ဘဲ ကိလေသာ၏အစွမ်းဖြင့် သီလကိုဖျက်ဆီးကာ သေလွန်သောအခါ ငရဲသို့ဆောင်တတ်ကုန်၏။

www.dhammaransi.com



မိန်းမတို့သည် မီးနှင့်တူကုန်၏၊ မီးသည် ကောင်း-မကောင်းကိုမရွေးချယ်ဘဲ အလုံးစုံသောဝတ္ထုတို့ကို လောင်ကျွမ်းတတ်သကဲ့သို့ မိန်းမတို့သည်ကောင်း-မကောင်းကိုမရွေးချယ်ဘဲ အလုံးစုံသောယောကျ်ားတို့ကို မှီဝဲတတ်ကုန်၏။

မိန်းမတို့သည် မြစ်နှင့်တူကုန်၏၊ မြစ်သည် အလုံးစုံသောဝတ္ထုတို့ကိုမျှောသကဲ့သို့ မိန်းမတို့သည်ယောကျ်ားတို့နှင့်ဆက်ဆံကုန်၏။

မိန်းမတို့သည် လေနှင့်တူကုန်၏၊ လေသည် အလိုရှိရာအရပ်သို့ပြေးသွားတတ်သကဲ့သို့ မိန်းမတို့သည် အလိုရှိရာအရပ်သို့ပြေးသွားတတ်ကုန်၏၊ နေရှင်ရွှေတောင်သည် မိမိထံရောက်လာသောသားငှက်တို့ကို အတူအမျှပြုသကဲ့သို့ မိန်းမတို့သည် မိမိထံရောက်လာသောယောကျ်ားတို့ကို အတူအမျှပြုတတ်ကုန်၏။

သရက်သီးနှင့်တူသော ကိံပက္ကမည်သောအဆိပ်သီးသည် အဆင်း၊ အနံ့၊ အရသာနှင့်ပြည့်စုံသည်ဖြစ်၍ စားသောသူတို့ကို သေစေသကဲ့သို့ မိန်းမတို့သည် အဆင်း၊ အနံ့၊ အရသာ၊ အတွေ့အထိနှင့်ပြည့်စုံသည်ဖြစ်၍ မှီဝဲသောယောကျ်ားတို့ကို အပါယ်သို့ကျစေတတ်ကုန်၏။

မိန်းမတို့သည် လင်ယောကျ်ားတို့ဆင်းရဲငြိုငြင်စွာရှာမှီး၍ ထားအပ်သောဥစ္စာတို့ကို သူတစ်ပါးတို့အားပေး၍ ယုတ်မာသောအကျင့်ကိုကျင့်တတ်ကုန်၏။

ခိုင်နွား၊ နို့ညှစ်နွားမ၊ ယာဉ်ရထား၊ မယား၊ ဤလေးမျိုးတို့ကို သူတစ်ပါးအိမ်၌ မထားရပါ၊ ထားသော် အကြောင်းကိစ္စပေါ်လာသောအခါ အသုံးမပြုနိုင်၊ ပျက်စီးတတ်ရ၏။

www.dhammaransi.com



- ခိုင်းနွားကို သူတစ်ပါးအိမ်ထားသော် သူတစ်ပါးခိုင်းသဖြင့် ပျက်စီးတတ်သည်။
- နို့ညှစ်နွားမကို သူတစ်ပါးအိမ်ထားသော် သူတစ်ပါးနို့ညှစ်စားသဖြင့် ပျက်စီးတတ်သည်။
- ယာဉ်ရထားကို သူတစ်ပါးအိမ်ထားသော် သူတစ်ပါးသုံးစွဲသဖြင့် ပျက်စီးတတ်သည်။
- မယားကိုသူတစ်ပါးအိမ်ထားသော် သူတစ်ပါးဖျက်ဆီးသဖြင့် ပျက်စီးတတ်သည်။

ဤလောကဝယ် အကျိုးမပြီးသောဝတ္ထုခြောက်မျိုးရှိသည်-

၁။ အညို့မရှိသောလေး
၂။ သူတစ်ပါးအိမ်၌နေသောမယား
၃။ တစ်ဘက်ကမ်းမှာရှိသောလှေ
၄။ ဝင်ရိုးကျိုးနေသောလှည်း၊ ရထား
၅။ အဝေး၌ရှိသောအဆွေခင်ပွန်း
၆။ မကောင်းသောအဆွေခင်ပွန်း

ဤခြောက်မျိုးတို့သည် မိမိ၌ တစ်စုံတစ်ခုပြုဘွယ်ကိစ္စဖြစ်လတ်သော် အကျိုးစီးပွားမပြီးစေကုန်။

မိန်းမတို့က လင်ကိုအကြောင်းရှစ်ပါးဖြင့် မထေမဲ့မြင်ပြုတတ်ကြကုန်သည်-

၁။ ဆင်းရဲခြင်း
၂။ အနာရောဂါနှိပ်စက်ခြင်း

www.dhammaransi.com



၃။ အိုမင်းခြင်း
၄။ သေသောက်ကြူးခြင်း
၅။ တွေးဝေမိန်းမောခြင်း
၆။ သူရာယစ်မူးခြင်း
၇။ ကိစ္စအလုံးစုံ၌မိန်းမအလိုသို့လိုက်ခြင်း
၈။ အလုံးစုံသောဥစ္စာကိုပေးအပ်နှံခြင်း

မိန်းမတို့သည် ကိုးပါးသောအကြောင်းတို့ဖြင့် လင်ကို အပြစ်ပြုတတ်ကုန်၏။

၁။ ပန်းအရံသို့သွားလေ့ရှိခြင်း
၂။ ဥယျာဉ်သို့သွားလေ့ရှိခြင်း
၃။ မြစ်ဆိပ်သို့သွားလေ့ရှိခြင်း
၄။ ဆွေမျိုးတို့အိမ်သို့သွားလေ့ရှိခြင်း
၅။ သူတစ်ပါးအိမ်သို့သွားလေ့ရှိခြင်း
၆။ မှန်ကြည့်ခြင်း၊ အဝတ်တန်ဆာဆင်ခြင်း
၇။ သေအရက်သောက်ခြင်း
၈။ အိမ်ပြူတင်းပေါက်မှကြည့်ရှုလေ့ရှိခြင်း
၉။ မိမိ၏ကိုယ်အင်္ဂါကြီးငယ်တို့ဖြင့် အရာမအဟုတ် သည်၌ တည်လေ့ရှိခြင်း

မိန်းမတို့သည် မာယာလေးဆယ်ဖြင့် ယောကျာ်းတို့ကို လွှမ်းကျူး၍ ကျင့်တတ်ကုန်၏-

၁။ ကိုယ်လက်ကိုဆန့်ခြင်း
၂။ ကိုယ်ကိုကိုင်းညွတ်ခြင်း

www.dhammaransi.com



၃။ တင့်တယ်စပ့်ပါယ်ခြင်း
၄။ ရှက်စနိုးပြုခြင်း
၅။ လက်သည်းချင်းခြစ်ခြင်း
၆။ ခြေချင်းနင်းခြင်း
၇။ တုတ်ဖြင့်မြေကိုရေးခြစ်ခြင်း
၈။ သူငယ်ကိုမြှောက်ပြခြင်း
၉။ သူငယ်ကိုမြှောက်စေခြင်း
၁၀။ သူငယ်ကိုချီပွေ့ခြင်း
၁၁။ သူငယ်ကိုကစားခြင်း
၁၂။ သူငယ်ကိုကစားစေခြင်း
၁၃။ သူငယ်ကိုနမ်းရှုပ်ခြင်း
၁၄။ သူငယ်ကနမ်းရှုပ်စေခြင်း
၁၅။ နိုင်နိုင်စားခြင်း
၁၆။ နိုင်နိုင်စားစေခြင်း
၁၇။ ပေးခြင်း
၁၈။ တောင်းခြင်း
၁၉။ အတုပြုခြင်း
၂၀။ ကျယ်စွာပြောခြင်း
၂၁။ တိုးတိုးသာသာပြောခြင်း
၂၂။ ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ ငိုကြွေးခြင်း၊ စမ့်ပါယ်ခြင်း၊ တန်ဆာဆင်ခြင်းဖြင့် ထင်ရှားစွာပြောဆိုခြင်း
၂၃။ ပုန်းကွယ်၍ ပြောဆိုခြင်း

www.dhammaransi.com



၂၄။ ပြင်းစွာရယ်ခြင်း
၂၅။ စောင်း၍ကြည့်ခြင်း
၂၆။ ခါးကိုလှုပ်ခြင်း
၂၇။ လျှို့ဝှက်သောအင်္ဂါကိုလှုပ်ပြခြင်း
၂၈။ ပေါင်ကိုဖွင့်ပြခြင်း
၂၉။ ပေါင်ကိုဖုံးခြင်း
၃၀။ သားမြတ်ကိုပြခြင်း
၃၁။ လက်ကတီးကြားကိုပြခြင်း
၃၂။ ချက်ကိုပြခြင်း
၃၃။ မျက်စိကိုမှိတ်ပြခြင်း
၃၄။ မျက်မှောင်ကိုချီခြင်း
၃၅။ နှုတ်ခမ်းကိုကိုက်ခြင်း
၃၆။ လျှာကိုထုတ်ပြခြင်း
၃၇။ လုံချည်ကိုကျွတ်ဟန်ပြုခြင်း
၃၈။ လုံချည်ကိုပြင်၍ဝတ်ခြင်း
၃၉။ ဆံပင်ကိုဖြေပြခြင်း
၄၀။ **ဆံပင်ကိုထုံးပြခြင်း**

မိန်းမတို့သည် နှစ်ဆယ့်ငါးပါးသောအကြောင်းတို့ဖြင့် မိန်းမတို့၏ပျက်စီးခြင်းကိုသိကုန်ရာ၏-

၁။ လင်အရပ်တစ်ပါးသို့သွားသည်ကိုဝမ်းသာခြင်း
၂။ အရပ်တစ်ပါးသို့သွားနေသောလင်ကိုအမှတ်မရခြင်း
၃။ အရပ်တစ်ပါးမှပြန်လာသောလင်ကိုမနှစ်သက်ခြင်း
၄။ လင်၏ကျေးဇူးမဲ့ကိုပြောဆိုခြင်း

www.dhammaransi.com



၅။ လင်၏ကျေးဇူးကိုမပြောဆိုခြင်း
၆။ လင်၏အကျိုးမဲ့ကိုပြုခြင်း
၇။ လင်၏အကျိုးကိုပြုခြင်း
၈။ လင်မပြုအပ်စေသောကိစ္စကိုပြုလုပ်ခြင်း
၉။ လင်ပြုလုပ်စေအပ်သောကိစ္စကိုမပြုလုပ်ခြင်း
၁၀။ အဝတ်ကိုမြဲမြံစွာဝတ်၍ အိပ်ခြင်း
၁၁။ လင်ကိုကျောပေး၍ အိပ်ခြင်း
၁၂။ တပြောင်းပြန်ပြန်လူးလည်၍ အိပ်ခြင်း
၁၃။ အုတ်အုတ်ကျက်ကျက်ပြုကာ အသက်ရှူပြင်းပြင်းရှူခြင်း
၁၄။ အနာရောဂါကိုပြောကြားခြင်း
၁၅။ ကျင်ကြီးကျင်ငယ်ကိုမပြတ်စွန့်ခြင်း
၁၆။ ဖောက်ပြန်သောအကျင့်ကိုပြုကျင့်ခြင်း
၁၇။ တစ်ပါးသောယောကျ်ား၏အသံကိုနားထောင်ခြင်း
၁၈။ စည်းစိမ်ဥစ္စာကိုဖျက်ဆီးခြင်း
၁၉။ အိမ်နီးနားချင်းယောကျ်ားတို့နှင့်ကိလေသာဖြင့် ရောယှက်ခြင်း
၂၀။ အိမ်မှမကြာခဏထွက်သွားတတ်ခြင်း
၂၁။ ညအခါထွက်လေ့ရှိခြင်း
၂၂။ သယောက်လင်မြောင်ထားခြင်း
၂၃။ လင်ကိုမရှိသောဘဲ ပြစ်မှားလိုသောစိတ်ဖြင့် အိမ်တံခါး ပေါက်၌ မပြတ်နေလေ့ရှိခြင်း
၂၄။ လက်ကတီးကြားစသော အင်္ဂါကြီးငယ်ကိုပြတတ်ခြင်း

www.dhammaransi.com



၂၅။ ဟိုဟိုသည်သည်ကြည့်တတ်ခြင်း

အလုံးစုံသောမြစ်ချောင်းတို့သည် ကောက်ကုန်၏၊ အလုံးစုံသောတောတို့သည် ထင်းဖြစ်ကုန်၏၊ အလုံးစုံသောမိန်းမတို့သည် ဆိတ်ကွယ်ရာအရပ်ကိုရသည်ရှိသော် ယုတ်မာသောအမှုကိုပြုကြကုန်၏။

မိန်းမတို့သည် အခွင့်အခါကောင်း၊ ဆိတ်ကွယ်ရာအရပ်ဖျက်ဆီးအံ့သောသူကိုရသည်ရှိသော် ယုတ်မာသောအမှုကိုပြုကြကုန်၏၊ အကယ်၍ မရသည်ရှိသော် ဆွံ့အသောသူတို့နှင့်ပင် ယုတ်မာသောအမှုကိုပြုတတ်ကြကုန်၏။

မိန်းမတို့သည် ယောကျ်ားတို့မမွေ့လျော်ခြင်းကိုပြုတတ်ကုန်၏၊ စိတ်မှားကုန်၏၊ အဆုံးအမခက်ကုန်၏။

မိန်းမတို့သည် အလုံးစုံသောနှစ်သက်ခြင်းကိုမပြုပြောအံ့၊ အကျွမ်းမဝင်ရာ မိန်းမတို့သည်မြစ်ဆိပ်နှင့်တူကုန်၏။

## တိန္ဒုရာဒေဝီမိဖုရားကြီး

အဆွေဖုသ. . ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ကိန္နရာမင်းကြီးမင်းပြုတော်မူသည်၊ မိဖုရားကြီးကား ကိန္နရာဒေဝီအမည်ရှိ၏၊ အလွန်အဆင်းလှသည်၊ မင်းကြီးနှင့်အရွယ်တူ၍ ပညာဉာဏ်နှင့်ပြည့်စုံသော ပဉ္စလစန္ဒမည်သော ပုရောဟိတ်လည်းရှိသည်။

နန်းတော်ပြသာဒ်ကိုမှီ၍ပေါက်လျက် မြို့ရိုးပေါ်သို့ အကိုင်းအခက်တို့ကျနေသောသပြေပင်ကြီးလည်းရှိသည်။

www.dhammaransi.com



မြို့ရိုးအပြင်ဘက်သပြေပင်ရိပ်၌ မကောင်းသောအဆင်း သဏ္ဍာန်ရှိ၍ စက်ဆုပ်ဖွယ်ကောင်းသောငဆွံ့သည်နေလေသည်။

တစ်နေ့သ၌ မိဖုရားကြီးသည် လေသာတံခါးကိုကြည့်သော် ငဆွံ့ကိုမြင်၍ အလွန်တပ်စွန်းသောစိတ်ဖြစ်လေသည်၊ မိဖုရားကြီးသည် မင်းကြီးအိပ်ပျော်နေခိုက်မွန်မြတ်သောခဲဘွယ်ဘောဇဉ်တို့ကို ရွှေခွက်တွင်ထည့်၍ ခါးပိုက်၌ထည့်ပြီးလျှင် ကြိုးဖြင့်လေသာတံခါးမှဆင်းသက်၍ သပြေပင်ပေါ်သို့တက်ပြီးလျှင် သပြေခက်ကိုကိုင်း၍ဆင်းကာ ငဆွံ့ထံသို့သွားသည်၊ ပါလာသော ခဲဘွယ်ဘောဇဉ်ကိုကျွေးမွေးပြီးလျှင် အလိုရှိတိုင်းကာမဂုဏ်ကို ခံစားပြီး လာလမ်းအတိုင်းပြန်ပြီး နံ့သာလိမ်းကာပြန်အိပ်လေသည်။

ဤသို့လျှင် ညတိုင်းမပြတ် ယုတ်မာသောအကျင့်ကို ကျင့်လေသည်။

တစ်နေ့သောအခါ မင်းကြီးသည် မြို့ကိုလကျ်ာရစ်၍ နန်းတွင်းသို့ဝင်ရာ သပြေပင်ရိပ်တွင် ငဆွံ့ကိုမြင်ရာ ပုရောဟိတ်ကို-

"ဆရာ. . . ဤလူပြိတ္တာကိုမြင်၏လော၊ စက်ဆုပ်ရွံရှာဘွယ်ကောင်းလှ၏၊ အဘယ်မည်သောမိန်းမသည် ဆန္ဒရာဂဖြင့် ချဉ်းကပ်နိုင်မည်နည်း"
ဟု ပြောဆိုလေသည်။

ဤစကားကို ငဆွံ့ကကြားလျှင် မာန်တက်ကာ-

"ဤမင်းကားမသိလေ၊ သူ့မယားကိန္နရာဒေဝီပင် ငါ့ထံလာ၍ပျော်ပါးနေရသည်"

www.dhammaransi.com



ဟု သပြေပင်ကိုရှိခိုးကာ-

"အရှင်နတ်မင်းသာသိပါ၏၊ တစ်ပါးသူတို့မသိပါ "

ဟုပြောဆိုတိုင်တည်လေသည်။

ပုရောဟိတ်သည် ဆွံ့၏အခြင်းအရာကိုမြင်လျှင်-

"မချွတ်မိဖုရားကြီးသည် သပြေခက်ဖြင့်ဆင်း၍ ဆွံ့နှင့်ပျော်ပါးရာသည်" ဟု နှလုံးသွင်းလျက်-

"အရှင်မင်းကြီး. . . . ညဥ့်အခါ မိဖုရားကြီး၏ကိုယ်အတွေ့သည်အသို့နည်း"

ဟုမေးသည်။

"ဆရာ. . . သန်းကောင်ယံ၌ အလွန်အေးလှ၏"

"အရှင်မင်းကြီး. . . မိဖုရားကြီးသည် ဆွံ့နှင့်ယုတ်မာသောအကျင့်ကိုကျင့်လိမ့်မည်"

"ဆရာ. . . မဟုတ်နိုင်ပါ၊ အထွတ်အထိပ်သို့ရောက်နေသောမိဖုရားကြီးသည် အဘယ်မှာလျှင် ဤလူပြိတ္တာနှင့်ယုတ်မာသောအကျင့်ကိုကျင့်နိုင်မည်နည်း"

"အရှင်မင်းကြီး. . . မယုံလျှင် ညဥ့်အခါ၌စုံစမ်းဆင်ခြင်ကြည့်ပါလော့"

မင်းကြီးသည် ညဥ့်အခါ မိဖုရားကြီးနှင့်အိတ်လတ်သော် အိပ်ချင်ယောင်ဆောင်၍နေလေသည်၊ မိဖုရားကြီးသည် မင်းကြီးအိပ်ပြီးထင်၍ ဆွံ့ထံသို့ထုံးစံအတိုင်းသွားလေသည်၊ မင်းကြီးလည်း မိဖုရားကြီးသွားသောလမ်းအတိုင်း အသာလိုက်ကာ သပြေပင်ရင်းမှောင်ကွယ်မှနေ၍ ပုန်း၍ကြည့်သည်။

www.dhammaransi.com



ငဆွံ့သည် မိဖုရားကြီးကိုအမျက်ထွက်သဖြင့်-

"နင်. . . ယနေ့ ကြာလှချည်လား"

ဟု ငေါက်ငမ်းပြောဆိုသည်။

"အရှင်. . မင်းကြီးအိပ်ပျော်သည်ကိုစောင့်ရပါသေး၏"

ထိုအခါ ငဆွံ့သည် မိမိ၏မယားပမာ မိဖုရားကြီး၏ ပါးကို လက်ဖြင့်ရိုက်လိုက်သည်၊ နားဋောင်းတစ်ဘက်သည် ကျွတ်၍ လွင့်စင်ကာ မင်းကြီး၏ခြေရင်း၌ကျလေသည်၊ မင်းကြီးသည် သက်သေရပြီ ဟု အသာကောက်ယူ၍ပြန်ခဲ့သည်။

မိဖုရားကြီးသည် ငဆွံ့နှင့်အလိုရှိတိုင်းကာမဂုဏ်ခံစားပြီး ပြန်လာကာ မင်းကြီးထံပြန်လာပြီးအိပ်မည်ပြုသည်၊ မင်းကြီးက အိပ်ခွင့်မပြုဘဲနှင်ချလေသည်။

"သင်မိဖုရားကြီးသည် နက်ဖြန်နံနက်ငါဆင်ထားသော အဝတ်တန်ဆာတို့ကို အပြည့်အစုံဝတ်ဆင်၍ ခ,စားရမည်"

ဟု အမိန့်ပေးလေသည်။

ကိန္နရာဒေဝီလည်း နားဋောင်းတစ်ဘက်ဖြင့်လာရောက် ခစားသည်၊ မင်းကြီးက နားဋောင်းကိုမေးသောအခါ ပန်းထိမ် သည်ထံမှာရှိကြောင်းလျှောက်ထားသဖြင့် ပန်းထိမ်သည်ကိုခေါ် ယူမေးသည်၊ ပန်းထိမ်သည်ကမရှိကြောင်းလျှောက်ထားသည်၊ ထိုအခါ မင်းကြီးသည် အလွန်အမျက်ထွက်သဖြင့်-

"ဟယ်-ဒွန်းစဏ္ဍားမ-အယုတ်မ၊ ငါကဲ့သို့သောမင်းသည် သင်၏ရွှေပန်းထိမ်သည်ဖြစ်ရမည်လော"

ဟုဆို၍ မိဖုရားရှေ့တွင်နားဋောင်းကိုပစ်ချလိုက်ပြီး ပုရောဟိတ် ကိုလည်း-

www.dhammaransi.com



"ဆရာ. . . ဆရာ့စကားမှန်ပါ၏၊ ယခုပင် မိဖုရားကို သတ်ပါလော"

ဟု အမိန့်ချမှတ်လေသည်။

ပုရောဟိတ်သည် မိဖုရားကြီးကိုနန်းတော်တစ်နေရာ၌ ထားပြီးလျှင် မင်းကြီးထံသို့လာရောက်၍-

"မင်းကြီး. . . ကိန္နရာဒေဝီကို အမျက်မထွက်ပါလင့်၊ မိန်းမတို့မည်သည် ဤနည်းပင်ယုတ်မာကြသည်၊ ယုံတော်မမူလျှင် လှည့်လည်၍စုံစမ်းပါ"

ဟု လျှောက်ထားလေသည်။

မင်းကြီးလည်း ကောင်းပြီ ဟုဆို၍ မယ်တော်အား တိုင်းပြည်ကိုအပ်ကာ ပုရောဟိတ်နှင့်အတူ မြို့မှမထင်မရှားသော အသွင်ဖြင့်ထွက်ခဲ့ကြသည်၊ တစ်ယူဇနာခရီးသို့ရောက်လျှင် တစ်နေရာ၌တည်းခိုကာနေကြသည်။

ထိုအခိုက်ဝယ် သူကြွယ်တစ်ယောက်သည် မိမိသားအတွက် အမျိုးသမီးတစ်ယောက်ကို အခြံအရံနှင့်တကွခေါ်ဆောင်လာရာ မင်းကြီးနှင့်ပုဏ္ဏားတို့အနီးသို့ရောက်လာ၏။

ပုရောဟိတ်သည် မင်းကြီးကိုအမျိုးသမီးနှင့်ပေါင်းဖော်ရအောင်ဆောင်ရွက်ပေးမည် ဟုတင်လျှောက်ပြီးလျှင် မင်းကြီးကိုတင်တိမ်ကာပြီးလျှင် သူကြွယ်အနီးသို့သွား၍ငိုကြွေးသည်။

"အဘယ်ကြောင့်ငိုကြွေးပါသနည်း"

ဟု သူကြွယ်ကမေးသည်။

www.dhammaransi.com



"သူကြွယ်ခရီးသွားခိုက် အကျွန်ုပ်၏မယားမွေးဖွားရန် ကမ္မဇလေလှုပ်၍ပင်ပန်းလှပါ၏၊ မိန်းမအဖော်လည်းမရှိပါ၊ ဤ လက်ထပ်ခဲ့သောအမျိုးသမီးသည်လည်း စီးပွားချမ်းသာမင်္ဂလာ ဖြစ်ပါလတ့်၊ အမျိုးသမီးကိုလွှတ်ပေးပါ"

ဟု ပြောဆိုတောင်းပန်သည်၊ သူကြွယ်ကလည်း ဟုတ်ပေသည် ဟုဆိုကာ အမျိုးသမီးကိုလွှတ်ပေးလိုက်သည်။

အမျိုးသမီးသည် အဟုတ်မှတ်၍လိုက်သွားရာ တင်းတိမ် အတွင်းသို့ရောက်၍ မင်းကြီးကိုမြင်လျှင် တပ်စွန်းသောစိတ်ရှိသဖြင့် မင်းကြီးနှင့်ကာမဂုဏ်အလိုရှိတိုင်း ပျော်ပါးလေသည်၊ ကိစ္စ ပြီးသောအခါ မင်းကြီးကလက်စွပ်ကိုပေးလိုက်သည်။

သူကြွယ်ကအကျိုးအကြောင်းမေးရာ ရွှေအဆင်းနှင့်တူ သောသားယောကျာ်းလေးမွေးဖွားပါသည် ဟုပြောဆိုလေသည်။

ပုရောဟိတ်သည် မင်းကြီးထံသွား၍ လက်စွပ်ပေးလိုက် ကြောင်းသိလေလျှင် ထိုမိန်းမထံလိုက်၍-

"အကျွန်ုပ်မယား၏လက်စွပ်ကိုယူသွားသည်"

ဟုပြောပြရာ သူကြွယ်ကပြန်ပေးစေသည်၊ အမျိုးသမီးကလည်း-

"သူခိုးယူလော"

ဟုပြောပြီး လက်ကိုဆိတ်လိုက်လေသည်။

ပုရောဟိတ်လည်း မင်းကြီးရှေ့သို့တစ်ဖန်သွား၍စုံစမ်း ရန်လျှောက်ထားရာ မင်းကြီးက သိရပေပြီ၊ တော်ပြီ ဟုဆိုကာ နန်းတော်သို့ပြန်လေသည်။

www.dhammaransi.com



ကိန္နရာဒေဝီကို ရာထူးမှချကာ အခြားမိန်းမတစ်ယောက်ကို မိဖုရားမြှောက်လေသည်၊ ဆွံ့ကိုလည်းနှင်ထုတ်ပြီး သပြေပင်ကိုလည်းဖြတ်တောက်ပစ်စေသည်။

## ပဉ္စပါပီမိဖုရားကြီး

အဆွေဖူးသ. . ရှေးလွန်လေပြီးသောအခါ ဗာရဏသီပြည်၌ ဗကမင်းကြီးမင်းပြုတော်မူသည်၊ ထိုအခါ မြို့အရှေ့တံခါး၌နေသော သူဆင်းရဲတစ်ယောက်က ပဉ္စပါပီမည်သော သမီးတစ်ယောက်ရှိပါသည်၊ ထိုပဉ္စပါပီသည် ရှေးဘဝက ပစ္စေကဗုဒ္ဓါအား မြေစိုင်ခဲကိုလှူခဲ့သောကောင်းမှုကြောင့် ကိုယ်အတွေ့အလွန်နူးညံ့၏၊ အမျက်ထွက်၍ ကြည့်ဖူးသောမကောင်းမှုကြောင့် အဆင်းမလှ၊ လက်၊ ခြေ၊ ခံတွင်း၊ မျက်စိ၊ နှာခေါင်းတို့အားအဆင်းမလှမပ၊ ထို့ကြောင့် ပဉ္စပါပီ ဟူ၍ခေါ်ဆိုသည်။

တစ်နေ့တွင် မင်းကြီးသည် စုံစမ်းရန်မထင်ရှားသောအသွင်ဖြင့် ညဉ့်အခါမြို့တွင်းသို့လှည့်လည်သည်၊ ပဉ္စပါပီသည် သူငယ်မတို့နှင့်ကစားစဉ် မသိသဖြင့် မင်းကြီး၏လက်ကိုကိုင်မိသည်၊ မင်းကြီးလည်း အထိအတွေ့ကောင်းလှသဖြင့် မိန်းမောသွား၏၊ သတိရလျှင် အကျိုးအကြောင်းမေး၍ လင်မရှိမှန်းသိသောအခါအိမ်သို့လိုက်၍ မိဘတို့ထံတောင်းသည်၊ မိဘတို့ကလည်း မိမိတို့၏သမီးအရုပ်ဆိုးလှသဖြင့် လိုချင်မှုဝေးစွ၊ မေးမြန်းသူမရှိသဖြင့် ဝမ်းမြောက်ဝမ်းသာစွာဖြင့်ပေးစားလိုက်သည်။

www.dhammaransi.com



မင်းကြီးသည် နန်းတော်သို့ရောက်လျှင် အမတ်ကြီးများကို ပဥ္စပါပီ၏ကိုယ်အတွေ့ကိုသိရလေအောင် ပရိယာယ်ပြုပြီးလျှင် နန်းတော်သို့ခေါ်ဆောင်ကာ မိဖုရားကြီးမြှောက်ထားလေသည်။

ထိုအခါမှစ၍ မင်းကြီးသည် တရားလည်းမဆုံးဖြတ်နိုင်၊ ပဥ္စပါပီနှင့်သာနေတော်မူသည်၊ အခြားမိဖုရားတို့ကို မိန်းမဟူ၍ မထင်မှတ်တော့ပေ၊ ထိုအခါ အခြားမိဖုရားတို့သည် ပဥ္စပါပီကို နှင်ထုတ်ရန်အခွင့်ကိုသာရှာ၍နေကြသည်။

တစ်နေ့သ၌ ပဥ္စပါပီမိဖုရားကြီးသည် ဆင်ဖြူတော်သို့တက်၍ လကိုသုံးသပ်ရသည် ဟုမင်းနှစ်ပါးတို့၏မိဖုရားကြီးဖြစ်ရန်အကြောင်းနိမိတ်ကိုအိပ်မက်မြင်မက်လေသည်။

ထိုအကြောင်းကို မင်းကြီးအားလျှောက်ထားလျှင် ပုဏ္ဏားတို့ကိုခေါ်ယူ၍မေးသည်၊ မိဖုရားတို့ထံမှတံစိုးလက်ဆောင်ရ,ထားသောပုဏ္ဏားတို့ကလည်း အဟုတ်အမှန်ကိုမဖတ်ကြဘဲ-

"အရှင်မင်းကြီး. . . ဆင်ဖြူတော်သို့တက်ရသည်ဟုမက်ခြင်းကား မင်းကြီးနတ်ရွာစံအံ့သောငှာနိမိတ်တည်း၊ လကိုသုံးသပ်ရသည်ဟုမက်ခြင်းကား မင်း၏ရန်သူဖြစ်အံ့သောနိမိတ်တည်း" ဟုဖတ်ပြလေသည်။

"ဆရာတို့ အသို့ပြုအံ့နည်း"

"အရှင်မင်းကြီး. . . မိဖုရားကြီးကိုမသတ်ကောင်း၊ လှေပေါ်တင်၍မြစ်ထဲသို့မျှောပါ"

ဟု လျှောက်ထားကြသည်။

www.dhammaransi.com



မင်းကြီးသည် ပဥ္စပါပီကိုချစ်လျက်ပင် သေဘေးကို ကြောက်ရွံ့သဖြင့် ပုဏ္ဏားတို့၏စကားကိုနားထောင်ကာ ညဥ့်အခါ အဝတ်အစားအဆင်တန်ဆာအပြည့်အစုံနှင့်မိဖုရားကြီးကို လှေပေါ်တင်၍မျှောလိုက်လေသည်။

မြစ်စဉ်အတိုင်းမျှောလေသော် ဗာစရိယမင်းကြီးသည် အခြံအရံများနှင့်ရေသဘင်ကစားနေရာ ပဥ္စပါပီလှေသည် ထိုနေရာသို့ဆိုက်ရောက်သွားလေသည်၊ မင်းကြီးကမြင်လျှင်-

"ဘီလူးမလော"

ဟု လန့်၍မေးသည်၊ ပဥ္စပါပီကပြုံးရယ်လျက် အကြောင်းစုံကို လျှောက်ပြလေသည်၊ မင်းကြီးသည် ပဥ္စပါပီလက်ကိုကိုင်၍ချီပွေ့၏၊ မင်းကြီးသည် အလွန်ကောင်းသောအတွေ့ကိုခံစားရသဖြင့် မိဖုရားမြှောက်လေသည်၊ အခြားမိဖုရားတို့ကို အရေးမစိုက်တော့ပေ။

ဗကမင်းကြီးသည် ထိုအကြောင်းကိုကြားလတ်သော် အလွန်အမျက်ထွက်၍ ဗိုလ်ပါဖြင့်စစ်ထိုးရန်ချီတက်လာသည်၊ ဗာစရိယမင်းကြီးသည် စစ်ထိုးရန်စစ်ပြင်ဆင်၍ချီတက်လာသည်၊ မြစ်ဆိပ်၌ဆုံကြသော် ပညာရှိမှူးမတ်တို့က-

"မိန်းမအတွက် မင်းနှစ်ပါးတို့စစ်ဖြစ်ရန်အကြောင်းမရှိပါ၊ ဤမိန်းမသည် မင်းနှစ်ပါးလုံးပင်သက်ဆိုင်သဖြင့် ခုနှစ်ရက်စီ ဤမိန်းမနှင့်ခံစားစံစားပါ"

ဟု ဖြန်ဖြေပေးကြသည်။

www.dhammaransi.com



မင်းနှစ်ပါးတို့သည် နှစ်သက်၍ ခုနှစ်ရက်စီခံစားရန် သဘောတူကြသည်၊ ပဥ္စပါပီသည် အိပ်မက်အတိုင်းမင်းနှစ်ပါး၏ မိဖုရားကြီးဖြစ်ရလေသည်။

ထိုအခါ မင်းတစ်ပါးထံမှမင်းတစ်ပါးထံသို့ ခုနှစ်ရက်စေ့သောအခါ လှေဖြင့်ပို့ရသောသူကား အိုမင်းလှသောငကုန်းဖြစ်လေသည်။

ပဥ္စပါပီသည် မင်းနှစ်ပါးစလုံး၏ မိဖုရားကြီးဖြစ်၍ ကာမဂုဏ်ကိုခံစားရသော်လည်း တင်းတိမ်ခြင်းမရှိဘဲ မြစ်လယ်တွင်ငကုန်းနှင့် ကာမဂုဏ်ကိုအလိုရှိတိုင်းခံစားပြီး ယုတ်မာသောအကျင့်ကိုကျင့်ပြန်လေသည်။

## ပိယဂါနိမိဖုရားကြီး

အဆွေဖုသ. . ရှေးလွန်လေပြီးသောအခါ ဗြဟ္မဒတ်မင်းကြီး၏မိဖုရားကြီးသည် ပိယဂါနိအမည်ရှိပါသည်၊ ထိုမိဖုရားသည် တစ်နေ့တွင် လေသာတံခါးဖွင့်ကြည့်ရာ မြင်းထိန်းကိုမြင်လျှင် တပ်စွန်းသောစိတ်ရှိသည်ဖြစ်၍ ညဉ့်အခါ မင်းကြီးအိပ်ခန်းလေသာတံခါးမှဆင်း၍ မြင်းထိန်းနှင့်အလိုရှိတိုင်း ကာမဂုဏ်ကိုပျော်ပါးသည်။

မင်းကြီးသည် အကြိမ်များသဖြင့် သိတော်မူလျှင် နံနက်အခါ မျူးမတ်တို့စုံညီ၍ မိဖုရားအမှုကိုထင်ရှားအောင်ပြုပြီးလျှင်-

"မိန်းမတို့မည်သည် ယုတ်မာသောသဘောရှိ၊ ပညာရှိတို့အမျက်မထွက်ရာ"

www.dhammaransi.com



ဟု နှလုံးသွင်းပြီးသည်းခံကာ အပြစ်မပြုဘဲ ထိုမိဖုရားကိုရာထူးမှချပြီး အခြားမိန်းမတစ်ဦးကို မိဖုရားကြီးမြှောက်လေသည်။

ထို့နောက် တစ်ဖန် ကုဏာလဥဩမင်းသည် မိန်းမတို့၏ အပြစ်ကိုဆက်လက်ဟောပြပြန်သည်မှာ-

မိန်းမတို့သည် တပ်မက်မောတတ်ကုန်၏၊ စိတ်မြန်ကုန်၏၊ သူ့ကျေးဇူးကိုမသိတတ်ကုန်၊ အဆွေခင်ပွန်းကိုပြစ်မှားတတ်ကုန်၏၊ မိန်းမတို့သီလရှိ၏ ဟူသောစကားကို ရာဂနတ်မဖမ်းစားသောသူတို့သည် ယုံကြည်ခြင်းငှာမထိုက်ကုန်။

မိန်းမတို့သည် မိမိအားပြုဘူးကျေးဇူးကိုမသိကုန်၊ အတုံ့အပြန်ပြုရမည့်ကျေးဇူးကိုလည်းမသိကုန်၊ အမိအဖ မောင်ကြီး၊ မောင်ငယ်၊ အမကြီး၊ အမငယ်တို့ကိုလည်းမသိကုန်၊ ယုတ်မာသောအကျင့်ကိုကျင့်ရာ၌ အရှက်မရှိကုန်၊ ယောကျ်ားကိုလွန်ကျူး၍ ကျင့်ကုန်၏၊ စိတ်အလိုသို့လိုက်တတ်ကုန်၏။

ကြာမြင့်စွာပေါင်းသင်းနေထိုင်၍လည်း ချစ်ခင်အပ်၊ မြတ်နိုးအပ်၊ နှစ်သက်အပ်၊ အသက်နှင့်တူသောလင်ယောကျ်ားကိုသော်လည်း ထိုထိုကိစ္စကြောင့်လည်းကောင်း၊ ဘေးရန်တို့ကြောင့်လည်းကောင်း စွန့်ပစ်တတ်ကုန်၏၊ ထို့ကြောင့် ငါမူကားမိန်းမတို့နှင့်အကျွမ်းမဝင်ပါချေ။

အမှန်အားဖြင့် မိန်းမတို့သည် မျောက်စိတ်နှင့်တူကုန်၏၊ သစ်ပင်ရိပ်သည် ခိုနားသူတိုင်း ခိုနားသူတိုင်းကိုလွှမ်းမိုးသကဲ့သို့ဖြစ်၏၊ မိန်းမတို့၏စိတ်သည် အလွန်တုန်လှုပ်တတ်၏၊ လှည်းဘီး၏အကွပ်ကဲ့သို့လည်တတ်၏။

www.dhammaransi.com



မိန်းမတို့သည် ယောက်ျားတို့ထံ၌ ယူစရာဥစ္စာကိုတွေ့သောအခါ သိမ်မွေ့နူးညံ့သောစကားတို့ဖြင့်ပြောကာ ပလီကာ ယူတတ်ကုန်၏။

ကမ္ဘောဇတိုင်းသားတို့သည် ရေ၌ဖြစ်သောမှော်ပင်ဖြင့် မြင်းတို့ကိုဆောင်ယူသကဲ့သို့တည်း။

ယူစရာဥစ္စာပစ္စည်းမရှိသောအခါ ဝေးစွာရှောင်ကြဉ်ကြကုန်၏၊ မြစ်တစ်ဘက်သို့ကူးမြောက်ပြီးသောသူသည် ကမ်းကို မကြည့်သကဲ့သို့တည်း။

မိန်းမတို့သည် ကပ်ငြိတတ်သောမျောက်နဲ့စေးနှင့်တူကုန်၏၊ အလုံးစုံကောင်း၊ မကောင်းကိုလောင်ကျွမ်းတတ်သောမီးနှင့်တူကုန်၏၊ လျင်မြန်သောအယဉ်ရှိသောမြစ်နှင့်တူကုန်၏၊ ထက်သောမာယာရှိကုန်၏၊ ချစ်သူ၊ မုန်းသူနှစ်မျိုးစလုံးကိုမှီဝဲတတ်သဖြင့် ကမ်းနှစ်ဘက်လုံးကိုမှီဝဲသောလှေနှင့်တူကုန်၏။

မိန်းမတို့သည် တစ်ယောက်နှင့်လည်းတင်းမတိမ်ကုန်၊ နှစ်ယောက်နှင့်လည်းတင်းမတိမ်းကုန်၊ လူအများနှင့်ဆက်ဆံသောအိမ်ဈေးနှင့်တူကုန်၏။

မိန်းမတို့ကို ငါမယား ဟုမှတ်ထင်သောယောက်ျားသည် ကို ပိုက်ကွန်နှင့်ဖမ်းသကဲ့သို့တည်း။

လောက၌ မိန်းမတို့သည်မြစ်ဆိပ်နှင့်တူကုန်၏၊ ခရီးလမ်းနှင့်တူကုန်၏၊ သေတင်းကုပ်နှင့်တူကုန်၏၊ ရေအိုးစင်နှင့်တူကုန်၏၊ ပွဲသဘင်နှင့်တူကုန်၏၊ မိန်းမတို့အား အချိန်အခါမည်သည် မရှိကုန်။

www.dhammaransi.com



မိန်းမတို့သည် မီးနှင့်တူကုန်၏၊ မြွေဟောက်၏ဦးခေါင်းနှင့်တူကုန်၏။

နွားတို့သည် ကောင်းနိုးရာရာမြက်ကိုရှာ၍စားကုန်သကဲ့သို့ မိန်းမတို့သည် ကောင်းနိုးရာရာကိုရှာ၍ခံစားကုန်၏။

မီး၊ ဆင်၊ မြွေ၊ မိန်းမ၊ မင်း ဤငါးဦးတို့၏အလိုဆန္ဒသဘောကိုအလွန်သိနိုင်ခဲ၏၊ ဤငါးဦးကို အနီးကပ်မမှီဝဲရာ။

- အလွန်အဆင်းလှသောမိန်းမကိုမမှီဝဲအပ်။
- အလွန်ချစ်ခင်နှစ်သက်သူများသောမိန်းမကို မမှီဝဲအပ်။
- ကချေသည်၊ သီချင်းသည်မိန်းမကိုမမှီဝဲအပ်။
- သူတစ်ပါးမယားကို မမှီဝဲအပ်။
- ဥစ္စာကိုလို၍ မိမိထံသို့ချဉ်းကပ်လာသော မိန်းမကို အရှင်မရှိသော်လည်း မမှီဝဲအပ်။

ဤငါးယောက်သောမိန်းမတို့ကို မမှီဝဲအပ်ကုန်။

ကုဏာလဉဩမင်းသည် မိန်းမတို့၏ကျေးဇူးမဲ့ကို ဤသို့ဟောပြောပြီးလျှင် ဆိတ်ဆိတ်သာနေလေသည်၊ ပရိသတ်အပေါင်းတို့က ကောင်းချီးပေးကြလေသည်။

## အာနန္ဒာလင်းတမင်း၏မိန်းမတို့၏ကျေးဇူးမဲ့တရား

ကုဏာလဉဩမင်းဟောပြောပြီးသောအခါ အာနန္ဒာလင်းတမင်းကလည်း မိမိ၏ဉာဏ်စွမ်းဖြင့် မိန်းမများ၏ကျေးဇူးမဲ့ပုံကိုဆက်လက်ဟောပြောပြသည်-

www.dhammaransi.com



မိန်းမတို့သည် ချစ်မြတ်နိုးသဖြင့် ဥစ္စာအလုံးစုံဖြင့်ပြည့်စုံသော မြေကြီးကိုပေးသောယောကျ်ားကိုသော်လည်း အခွင့်ရသည်ရှိသော် မထေမဲ့မြင်ပြုကုန်၏၊ ယုတ်မာသောမိန်းမတို့အလိုသို့ မလိုက်ရာ။

အကယ်၍လည်း မတွန့်မတိုသည်ဖြစ်၍ လှံ့လပြုရာ၏၊ ချစ်နှစ်သက်ဖွယ်ကောင်း၍ အသက်အရွယ်နုနယ်သောယောကျ်ားကိုသော်လည်း ထိုထိုကိစ္စဘေးရန်တို့ကြောင့်စွန့်တတ်၏၊ ထို့ကြောင့် အကျွမ်းမဝင်ရပါ။

ယောကျ်ားသည် မိန်းမတို့ကို ငါ့ကိုနှစ်သက်၏ ဟုမှတ်ထင်၍လည်းကောင်း၊ ငါ့ကိုကြည့်ရာ၏ဟုမှတ်ထင်၍လည်းကောင်း၊ အကျွမ်းမဝင်ရာ။

လှေသည်ဟိုဘက်ကမ်းဒီဘက်ကမ်းကိုမှီဝဲသကဲ့သို့ ချစ်သူ မုန်းသူတို့ကိုမှီဝဲတတ်ကုန်၏။

ဟောင်းနွမ်းပြီးသောသစ်ရွက်အခင်း၊ အဆွေခင်ပွန်းကောင်းဖြစ်သောသူခိုးအဘိသိက်သွန်းပြီးသောမင်း၊ သားတစ်ကျိပ်၏အမိဖြစ်သောမိန်းမ၊ ဤလေးဦးတို့ကိုအကျွမ်းမဝင်ရာ။

မိန်းမတို့သည် လူမိုက်တို့မွေလျော်ခြင်းကိုပြုတတ်ကုန်၏ လွန်ကျူး၍ကျင့်တတ်ကုန်၏၊ ကိုယ်၊ နှုတ်၊ နှလုံးကိုမစောင့်စည်းကုန်၊ ထို့ကြောင့် အကျွမ်းမဝင်ရာ။

မိမိနှင့်အချစ်တူသောမယားကိုသော်လည်း အကျွမ်းမဝင်ရာ၊ စင်စစ် မိန်းမတို့သည် မြစ်ဆိပ်နှင့်တူကုန်၏။

www.dhammaransi.com



မိန်းမတို့သည် လင်ကိုကိုယ်တိုင်လည်းသတ်ဖြတ်ညှင်းဆဲတတ်ကုန်၏၊ သူတစ်ပါးကိုလည်း သတ်ဖြတ်ညှင်းဆဲစေကုန်၏၊ လည်ပင်းကိုဖြတ်၍ သွေးကိုသောက်တတ်ကုန်၏၊ ယုတ်မာကုန်၏၊ ဂင်္ဂါမြစ်ဆိပ်နှင့်တူကုန်၏၊ ထို့ကြောင့် မိန်းမတို့ကို မချစ်ခင်ရာ။

မိန်းမတို့၏မုသားသည် သစ္စာနှင့်တူ၏၊ သစ္စာသည်လည်း မုသားနှင့်တူ၏၊ ကောင်းနိုးရာရာမြက်ကို ရှာစားသောက်သောနွားတို့ကဲ့သို့ ကောင်းနိုးရာရာကိုရှာ၍ခံစားတတ်ကုန်၏။

မိန်းမတို့သည် သွားခြင်းဖြင့်လည်းကောင်း၊ ကြည့်ရှုခြင်းဖြင့်လည်းကောင်း၊ ပြုံးရယ်ခြင်းဖြင့်လည်းကောင်း၊ အဝတ်ကိုမကောင်းသောဝတ်ခြင်းဖြင့်လည်းကောင်း၊ သာယာစွာပြောဆိုခြင်းဖြင့်လည်းကောင်း ဖြားယောင်းသွေးဆောင်တတ်ကုန်၏။

မိန်းမတို့သည် သူခိုးနှင့်တူကုန်၏၊ ခက်ထက်ကုန်၏၊ ကြမ်းကြုတ်ကုန်၏၊ အကျိုးမဲ့ကိုပြောဆိုရာ၌ သကာခဲကိုစားရသကဲ့သို့ သာယာကုန်၏၊ စိုးစဉ်းမျှသောအကြံအစည်ကိုမသိကုန်၊ လှည့်ပတ်ခြင်းကိုမသိကုန်။

မိန်းမတို့သည် သတိမရှိသည်ဖြစ်၍ ယုတ်မာကုန်၏၊ အပိုင်းအခြားမသိကုန်၊ အမြဲတပ်စွန်းကုန်၏၊ မာန်မူတတ်ကုန်၏၊ အလုံးစုံကောင်း-မကောင်းကိုလောင်ကျွမ်းတတ်သော မီးနှင့်တူ၏။

မိန်းမတို့သည် ဆင်ထိန်း၊ မြင်းထိန်း၊ နွားထိန်း၊ သူကောင်ဖုတ်၊ ဒွန်းစဏ္ဍား၊ ပန်းမှိုက်သွန်း၊ အလုံးစုံသော

www.dhammaransi.com



ယောက်ျားတို့ကို ဥစ္စာပစ္စည်းရှိသောအခါ အစဉ်လိုက်တတ်ကုန်၏၊ ဥစ္စာပစ္စည်း မရှိသောအခါ အမျိုးကောင်းသားကိုသော်လည်း စွန့်ပစ်တတ်၏။

## နာရဒရသေ့၏မိန်းမတို့၏ကျေးဇူးမဲ့တရား

မဟာသမုဒ္ဒရာ၊ ပုဏ္ဏား၊ မင်း၊ မိန်းမ ဤလေးယောက်တို့တွင် မဟာသမုဒ္ဒရာသည် မြေပြင်ရှိမြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာတို့မှစီးဝင်သောရေတို့ဖြင့် မပြည့်နိုင်၊ ယုတ်လျော့၍သာနေလေသည်။

ပုဏ္ဏားသည် ဗေဒင်လေးပုံကိုသင်ကြားရသော်လည်း အကြားအမြင်ပညာဖြင့်မပြည့်နိုင်၊ ယုတ်လျော့၍သာနေသည်။

မင်းသည် စကြာဝဠာတောင်ဖြင့်ပိုင်းခြားအပ်သော ကျွန်းငယ်နှစ်ထောင်အရံရှိသော ကျွန်းကြီးလေးကျွန်းကိုအောင်နိုင်အုပ်စိုးသော်လည်းမပြည့်နိုင်၊ ယုတ်လျော့၍သာနေသည်။

မိန်းမသည် ကာမဂုဏ်၌ ရဲရင့်အားကြီး၍ ကာမဂုဏ်တရားအရသာအလုံးစုံကိုဆောင်ရွက်နိုင်စွမ်းသောယောက်ျားရှစ်ယောက်၌ ပေါင်းဖော်ရသော်လည်း ကိုးယောက်မြောက်ယောက်ျားကိုတောင့်တပြန်၏၊ မပြည့်နိုင်၊ ယုတ်လျော့၍သာနေ၏။

အလုံးစုံသောမိန်းမတို့သည် အလုံးစုံကိုလောင်ကျွမ်းတတ်သောမီးနှင့်တူကုန်၏၊ အလုံးစုံကိုမျောတတ်သောမြစ်နှင့်တူကုန်၏၊ အဆူးရှိသောသစ်ခက်နှင့်တူကုန်၏၊ ဥစ္စာကိုလိုချင်သဖြင့် ယောက်ျားတစ်ပါးသို့ကပ်တတ်ကုန်၏။

www.dhammaransi.com



အလုံးစုံသောအလိုကို မိန်းမတို့စွန့်လွှတ်၍ထားအပ်သောယောက်ျားသည် လေကိုပိုက်ကွန်ဖြင့်ဖမ်းသည်နှင့်တူကုန်၏၊ သမုဒ္ဒရာရေကိုလက်တစ်ဘက်ဖြင့် ခတ်၍ သွန်သည်နှင့်တူ၏၊ လက်တစ်ဘက်တည်းဖြင့်အသံမြည်အောင်တီးသည်နှင့်တူ၏။

မိန်းမတို့၌မှန်သောစကားကိုအလွန်ရခဲလှ၏၊ သူခိုးနှင့်တူ၍ ဥပါယ်တစ်မျိုးများသောမိန်းမတို့အလိုကို သိနိုင်ခဲကုန်၏၊ ကုန်သွားသောငါးကိုသိနိုင်ခဲသကဲ့သို့တည်း။

မိန်းမတို့သည် သုံးပါးသောတရားဖြင့်မရောင့်ရဲနိုင်ကုန်၊ နူးညံ့ချိုသာသောစကားကိုဆိုကုန်၏၊ ကိလေသာဖြင့်မပြည့်နိုင်သဖြင့် မြစ်နှင့်တူကုန်၏။

မိန်းမတို့သည် အပါယ်လေးပါးသို့နစ်မြုပ်စေတတ်ကုန်၏ ဟုသိ၍ ဝေးစွာရှောင်ကြဉ်ရာ၏။

မိန်းမတို့သည် များသောမာယာရှိကုန်သဖြင့် မျက်လှည့်သည်နှင့်တူကုန်၏၊ မြတ်သောအကျင့်ကိုဖျက်ဆီးတတ်ကုန်၏၊ အပါယ်လေးပါးသို့နစ်မြုပ်စေတတ်ကုန်၏ ဟုသိ၍ ဝေးစွာရှောင်ကြဉ်ရာ၏။

မိန်းမတို့သည် ချစ်ခင်နှစ်သက်သောကြောင့်လည်းကောင်း၊ ဥစ္စာကြောင့်လည်းကောင်း ယောက်ျားကိုမှီဝဲတတ်ကုန်၏။

မီးသည် မိမိ၏မှီရာဝတ္ထုကိုလောင်ကျွမ်းသကဲ့သို့ ထို့အတူမိမိမှီရာယောက်ျားကိုလွန်စွာလောင်ကျွမ်းတတ်ကုန်၏။

www.dhammaransi.com



နာရဒရသေ့သည် မိန်းမတို့၏ကျေးဇူးမဲ့စကားကိုပြော ပြီး၍ ဆိတ်ဆိတ်သာနေလေသည်။

တစ်ဖန် ကုဏာလဥဩမင်းသည် အထူးသဖြင့် မိန်းမ တို့၏ကျေးဇူးမဲ့တို့ကို တစ်ဖန်ဟောပြောပြပါသည်။

ပညာရှိသောယောကျ်ားသည် ထက်စွာသွေးအပ်ပြီးသော သန်လျက်လက်၌ရှိသောသူနှင့်လည်းကောင်း၊ အမျက်ဒေါသ ဟုန်းဟုန်းထနေသောဘီလူးနှင့်လည်းကောင်း စကားပြောရာ၏၊ လတ်တလောသေစေသောအဆိပ်ရှိသောမြွေကိုလည်းကိုင်ရာ၏၊ မိန်းမတို့နှင့်တစ်ယောက်အချင်းချင်းဆိတ်ကွယ်ရာ၌စကားမပြော နိုင်။

အမှန်အားဖြင့် မိန်းမတို့သည် လူ၏စိတ်ကိုညှင်းဆဲတတ် ကုန်၏၊ ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်း၊ ပြုံးရယ်ခြင်းစသောလက် နက်ရှိကုန်၏၊သတိကင်းသောယောကျ်ားကိုနှိပ်စက်တတ်ကုန်၏. . . . ဘီလူးမသည် သမုဒ္ဒရာကုန်းငယ်၌ ကုန်သည်တို့ကိုဖမ်းစား သကဲ့သို့တည်း။

မိန်းမတို့အား ကောင်းသောအကျင့်မည်သည်မရှိ၊ စောင့် စည်းခြင်းမည်သည်မရှိ၊ သေရည်အရက် ငါးအမဲနှင့်မွေ့လျော်ကုန် ၏၊ ကိုယ်၊ နှုတ်၊ နှလုံးမစောင့်စည်းကုန်၊ ယောကျ်ားတို့ဆောင်ယူ ရှာဖွေထားသောပစ္စည်းများကိုဖျက်ဆီးတတ်ကုန်၏. . . တိမိင်္ဂလ မည်သောငါးကြီးသည် သမုဒ္ဒရာ၌ မကာရ်းကိုစားမျိုသကဲ့သို့ တည်း။

www.dhammaransi.com



မိန်းမတို့သည် ကာမဂုဏ်ငါးပါး၌သာယာဖွယ်အာရုံဖြစ်ကုန်၏၊ တက်ကြွသောစိတ်ရှိကုန်၏၊ မမြဲကုန်၊ မစောင့်စည်းကုန်၊ မေ့လျော့သောယောကျ်ား၏အနီးသို့ကပ်တတ်ကုန်၏. . . မြစ်တို့သည် သမုဒ္ဒရာသို့စီးဝင်သကဲ့သို့တည်း။

မိန်းမတို့သည် ချစ်ခင်နှစ်သက်ခြင်းဖြင့်လည်းကောင်း၊ ကာမဂုဏ်ဖြင့်မွေ့လျော်လိုသဖြင့်လည်းကောင်း၊ ဥစ္စာကိုလိုသဖြင့်လည်းကောင်း၊ ယောကျ်ားကိုသွေးဆောင်ဖြားယောင်တတ်ကုန်၏၊ ရာဂ၊ ဒေါသစိတ်ဖြင့် နှိပ်စက်အပ်ကုန်သောမိန်းမတို့သည် မီးကဲ့သို့မှီရာယောကျ်ားကိုလောင်တတ်ကုန်၏။

မိန်းမတို့သည် ပစ္စည်းဥစ္စာကုံလုံကြွယ်ဝသောယောကျ်ားကိုသိ၍ မိမိဥစ္စာကိုပေး၍ ကိုယ်အတ္တဘောနှင့်တကွ အနီးသို့ချဉ်းကပ်တတ်ကုန်၏၊ တပ်စွန်းသောစိတ်ရှိသောယောကျ်ားကိုအလွန်ရစ်ပတ်တတ်ကုန်၏. . . တောတွင်း၌ ပြိတ်နွယ်သည်အင်ကြင်းပင်ကိုရစ်ပတ်သကဲ့သို့တည်း။

မိန်းမတို့သည် တန်ဆာဆင်ကုန်သောကြောင့် ဆန်းကြယ်သောကိုယ်မျက်နှာရှိကုန်သည်ဖြစ်၍ အထူးထူးသောအလိုဆန္ဒဖြင့် ယောကျ်ားကိုကပ်ကုန်၏၊ ပြုံးစွာရယ်မောတတ်ကုန်၏၊ ညှင်းညှင်းရယ်တတ်ကုန်၏. . . မျက်လှည့်သည်ရာဟုအသူရိန်နှင့်တူကုန်၏၊ မာယာများစွာ၌လိမ္မာကုန်၏။

မိန်းမတို့သည် ရွှေ၊ ငွေ၊ ပတ္တမြား၊ ပုလဲစသည်တို့ဖြင့် တန်ဆာဆင်အပ်ကုန်သည်ဖြစ်၍ လင်းအိမ်တို့၌အရိုအသေပြုအပ်ကုန်သော်လည်း မစောင့်ရှောင်ကုန်၊ လင်ကိုကျူးလွန်၍ကျင့်

www.dhammaransi.com



တတ်ကုန်၏. . . ဒါနေဘာဘီလူး၏ဝမ်း၌ထားသောမိန်းမသည် ဒါနေဘာဘီလူးကို ကြူးလွန်၍ကျင့်သကဲ့သို့တည်း။

အမှန်အားဖြင့် တန်ခိုးကြီး၍ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံလျက် များစွာသောလူတို့အရိုအသေပြုအပ်၊ ပူဇော်အပ်သောယောကျ်ားသည်လည်း မိန်းမတို့အလိုသို့လိုက်သည်ရှိသော် မတင့်တယ်. . . ရာဟုအသူရိန်ဖမ်းအပ်သောလကဲ့သို့တည်း။

အမျက်ထွက်ကာ ပျက်စီးသောစိတ်ရှိသောသူသည် အရပ်ထက်ဝန်းကျင်မှမိမိအလိုသို့ရောက်လာသောရန်သူကို ပျက်စီးခြင်းသို့ရောက်စေရာ၏၊ ထိုရန်သူပျက်စီးသောထက်တဏှာဖြင့် ငဲ့ကာမိန်းမအလိုသို့လိုက်သောသူသည် လွန်စွာပျက်စီးခြင်းသို့ ရောက်ရာ၏။

မိန်းမတို့သည် ဆံပင်ကိုနှုတ်ခြင်း၊ လက်သည်၊ ခြေသည်း တို့ကိုချိုးဖဲ့ခြင်းတို့ဖြင့် ခြိမ်းခြောက်ကာ ခြေ၊ လက်၊ တံတောင်၊ ကြိမ်၊ လှံတံတို့ဖြင့်ရိုက်နှက်ပုတ်ခတ်ကုန်သော်လည်း ယုတ်မာကုန် သည်သာတည်း. . . ယင်းတို့သည် အပုပ်၌မွေ့လျော်ကုန်သကဲ့ သို့ အယုတ်တရား၌သာ မွေ့လျော်ကြကုန်၏။

မိန်းမတို့သည် လင်အိမ်၊ ခရီးလမ်းမ၊ မင်းနေပြည်ရွာနိဂုံး တို့၌ ထောင်မြဲဖြစ်သော ကိလေသာတည်းဟူသော ကျော့ကွင်း၊ ကုတ်၊ ညွှတ်ကိုထောင်ကြကုန်၏၊ ထိုကျော့ကွင်း၊ ကုတ်၊ ညွှတ် တို့ကို ချမ်းသာကိုအလိုရှိလျက် ပညာမျက်စိရှိသောသူတို့သည် ရှောင်ကြဉ်ရာ၏။

ကုသိုလ်ဟုဆိုအပ်သောခြိုးခြံသောအကျင့်တည်းဟူ သောဂုဏ်ကျေးဇူးကိုစွန့်လွှတ်၍ ကာမဂုဏ်ဟူသော ယုတ်မာ

www.dhammaransi.com



သောအကျင့်တို့ကိုကျင့်သောသူကို နတ်တို့သည်ငရဲသို့ဆောင်ယူကုန်လတံ့. . . ကုန်သည်သည်သာ အဖိုးဥစ္စာပေး၍ စဉ့်ကျောက်ကိုဝယ်ယူသကဲ့သို့တည်း။

ဉာဏ်ပညာနည်းသောသူသည် ဤပစ္စုပ္ပန်ဘဝ၌လည်း ကဲ့ရဲ့အပ်သည်ဖြစ်၍ တမလွန်ဘဝ၌လည်း မိမိပြုအပ်သောအကုသိုလ်သည်ဖျက်ဆီးအပ်သည်ဖြစ်၍ လူ့ပြည်၊ နတ်ပြည်မှဆုံးရှုံးလျော့ကျကာ မြင့်ရှည်စွာအပါယ်လေးပါး၌ဖြစ်ရလတံ့. . . မြင်းပျက်ကသောရထားသည် ခရီးလမ်းမဟုတ်သည်၌ သွားသကဲ့သို့တည်း။

ကာမဂုဏ်၌စွဲလမ်းမက်မောသောသူသည် ပတာပနငရဲသို့ရောက်ရ၏၊ သံဂတိပြီး၍ လုံ့သွားကဲ့သို့အဆူးရှိသောလက်ပံတောသို့ရောက်ရ၏၊ တိရစ္ဆာန်မျိုး၌ဖြစ်ပြီး၍ ပြိတ္တာအသူရကာယမှမလွတ်နိုင်။

မိန်းမတို့သည် မေ့လျော့သောယောကျ်ားတို့အား နတ်ပြည် နန္ဒဝန်ဥယျာဉ်၌ မြူးတူးမွေ့လျော်ခြင်းကိုလည်းကောင်း၊ လူ့ပြည်၌ စကြာဝတေးမင်း၏စည်းစိမ်ချမ်းသာကိုလည်းကောင်း ဖျက်ဆီးတတ်၏၊ ထိုမေ့လျော့သောယောကျ်ားကို အပါယ်လေးပါးသို့ ရောက်စေတတ်ကုန်၏။

မိန်းမတို့ကိုအလိုမရှိ၊ စွန့်လွှတ်ကာမြတ်သောအကျင့်ကိုကျင့်သောယောကျ်ားတို့သည် နတ်ပြည်၌ဖြစ်သောမြူးတူးခြင်း၊ မွေ့လျော်ခြင်းတို့ကိုရလွယ်ကုန်၏၊ လူ့ပြည်၌ဖြစ်သော စကြာဝတေးမင်းစည်းစိမ်ကိုလည်းရလွယ်ကုန်၏၊ ရွှေဗိမာန်၌နေသော နတ်သမီးတို့ကိုလည်းရလွယ်ကုန်၏။

www.dhammaransi.com



မိန်းမတို့ကိုအလိုမရှိရာ စွန့်လွှတ်ကာမြတ်သောအကျင့်ကိုကျင့်ကုန်၍ ကိလေသာငြိမ်းဝေးသဖြင့် စင်ကြယ်သောယောကျ်ားသည် ကာမဘုံကိုလွန်မြောက်၍ ရူပဘုံသို့ရလွယ်ကုန်၏၊ သုဒ္ဓါဝါသဘုံကိုရလွယ်ကုန်၏။

မိန်းမတို့ကို အလိုမရှိစွန့်လွှတ်ကာ မြတ်သောအကျင့်ကိုကျင့်ကုန်၍ ကိလေသာငြိမ်းအေးသဖြင့် စင်ကြယ်သောယောကျ်ားတို့သည် အလုံးစုံဆင်းရဲမှလွတ်မြောက်ရာစင်စစ်မတုန်လှုပ်ရာ၊ အကြောင်းတရားလေးပါးတို့ကင်းရာ နိဗ္ဗာန်ကိုရလွယ်ကုန်၏။

ဤသို့လျှင် ကုဏာလဉဩမင်းသည် အမြိုက်နိဗ္ဗာန်သို့ရောက်စေသဖြင့် ဓမ္မဒေသနာကိုပြီးဆုံးစေခဲ့ပါသည်။

ထိုအခါ ရောက်လာကြသောပရိသတ်တို့သည်-

"ဩော်. . . အံ့ဖွယ်ရှိပေစွ၊ ဘုရားရှင်၏တင့်တယ်ခြင်းဖြင့် ဟောတော်မူပေ၏"

ဟု ချီးမွမ်းကြကာ တစ်ခဲနက်ကောင်းချီးပေးကြကုန်သည်။

တရားပွဲပြီးဆုံးသောအခါ အာနန္ဒာမည်သောလင်တမင်းနာရဒရသေ့၊ ပုဏ္ဏမုခမည်သော ဖုဿဉဩမင်းတို့သည် မိမိတို့၏အခြွေရံပရိသတ်နှင့်တကွ မိမိတို့နေရာပြန်ကြသည်၊ နောင်တွင်ကြိုးကြာ ကြိုးကြာလာ၍ ကုဏာလဉဩမင်းထံလာ၍ အဆုံးအမကို ခံယူကြလေသည်၊ သေလွန်သောအခါ နတ်ပြည်သို့ရောက်ကြလေသည်။

**(အသီတိနိပါတ မဟာကုဏာလဇာတက)**

www.dhammaransi.com



## ရဟန်းများသောတာပန်ဖြစ်ကြခြင်း

ကုဏာလဇာတ်တော်အဆုံးတွင် သာကီဝင်မင်းသား ရဟန်း(၅၀၀)လုံးပင် သောတာပတ္တိဖိုလ်၌တည်ကြပြီး မဂ်ဖိုလ်ရသည်နှင့်တစ်ပြိုင်နက်တည်း မြေလျှိုးမိုးပျံတန်ခိုးစျာန်များသည်လည်း အသီးသီးရရှိကြလေသည်။

မှတ်ချက်-ပုထုဇဉ်ပုဂ္ဂိုလ်တို့မှာ လောကီစျာန်သမာပတ်အဘိညာဉ်များကို ကသိုဏ်းအစရှိသော သမထကမ္မဋ္ဌာန်းစီးဖြန်း အားထုတ်မှသာလျှင် ရရှိနိုင်ပါသည်။

-အရိယာပုဂ္ဂိုလ်တွင် အချို့သောအရိယာပုဂ္ဂိုလ်တို့မှာ အရိယာမဂ်-ဖိုလ်ရပြီးမှ သမထကမ္မဋ္ဌာန်းကိုစီးဖြန်း အားထုတ်သဖြင့် လောကီစျာန်သမာပတ်အဘိဉာဏ် တို့ကိုရရှိကြသည်လည်းရှိသည်။

-ပုထုဇဉ်အခိုက်မှာ လောကီစျာန်သမာပတ်ရရှိထားပြီး သောပုဂ္ဂိုလ်များသည် အရိယာဖြစ်သောအခါ သမထကမ္မဋ္ဌာန်းအသစ်မစီးဖြန်းရတော့ဘဲ ပုထုဇဉ်အခိုက်က ရပြီးသော လောကီစျာန်သမာပတ်ကိုပင် အလွယ် တကူ ဝင်စားနိုင်ပါသည်။

-အချို့သောအရိယာပုဂ္ဂိုလ်တို့မှာ ပုထုဇဉ်အခိုက်က လည်း လောကီစျာန်သမာပတ်အဘိညာဉ်တို့ကို မရရှိ ခဲ့ကြပဲ လောကုတ္တရာအရိယာမဂ်ဖိုလ်သို့ ရောက် သည်နှင့်တစ်ပြိုင်နက်တည်း လောကီစျာန်သမာပတ် အဘိညာဉ်တို့ကိုရပြီးရောက်ပြီးသားဖြစ်ကြကာ အလိုရှိ

www.dhammaransi.com



သောအချိန်မှာ အလွယ်တကူဝင်စားနိုင် သုံးဆောင်နိုင်ကြသည်။

ထိုကဲ့သို့သော ဈာန်သမာပတ်အဘိညာဉ်မျိုးကို မဂ္ဂသိဒ္ဓိဈာန် (အရိယာမဂ်ဖြင့်ပြီးမြောက်ရရှိလာသောဈာန်)၊ မဂ္ဂသိဒ္ဓိအဘိညာဉ် (အရိယာမဂ်ဖြင့်ပြီးမြောက်ရရှိသောအဘိညာဉ်) ဟု ခေါ်ဆိုပါသည်။

သာကီဝင်မင်းသားငါးရာတို့သည် ရှေးကောင်းမှုကုသိုလ်ထူးများရှိကြသူများဖြစ်ကြသည့်အားလျော်စွာ သမထကမ္မဋ္ဌာန်းတို့ကိုအထူးစီးဖြန်းအားမထုတ်ရတော့ဘဲ လောကီဈာန်သမာပတ်အဘိညာဉ်တို့ကိုရရှိခဲ့ကြပြီး အလိုရှိသလို ဝင်စားသုံးဆောင်နိုင်ကြလေသည်။

"ဤရဟန်းငါးရာတို့အတွက် ဤသောတာပတ္တိမဂ်ဖိုလ်ဉာဏ်လောက်ပင်ရှိစေဦးတော့"

ဗုဒ္ဓသည် ဤသို့ကြံစည်တော်မူပြီးလျှင် ကောင်းကင်ခရီးဖြင့် မဟာဝုန်တောသို့ပြန်လည်ကြွတော်မူလေသည်။

ရဟန်းငါးရာသည် အသွားမှာတုန်းက ဗုဒ္ဓ၏တန်ခိုးတော်ဖြင့်သွားခဲ့ကြသော်လည်း အပြန်တွင်မူ မိမိတို့၏တန်ခိုးအာနုဘော်ဖြင့် ဗုဒ္ဓကိုခြံရံကာ ကောင်းကင်ခရီးဖြင့် ပြန်ကြွလာနိုင်ခဲ့ကြလေသည်။

www.dhammaransi.com



## ရဟန်းငါးရာတို့အမြိုက်အရသာရရှိခံစားကြရပြီ

ဗုဒ္ဓသည် မဟာဝုန်တောသို့ရောက်သော် ခင်းထားအပ်သောနေရာ၌ထိုင်တော်မူပြီး-

"ချစ်သားရဟန်းတို့လာကြကုန်၊ ထိုင်ကြကုန်လော၊ သင်ချစ်သားတို့အား ငါဘုရားသည် အထက်မဂ်သုံးပါးဖြင့် ပယ်ရှားသတ်ဖြတ်အပ်သောကိလေသာတို့ကိုပယ်စွန့်နိုင်ရန် ကမ္မဋ္ဌာန်းတရားများကိုဟောကြားမည်"

ဟု မိန့်ကြားတော်မူပြီး ရဟန်းများကိုအထက်မဂ်ဖိုလ်ရစေရန် ကမ္မဋ္ဌာန်းတရားကိုဟောကြားတော်မူသည်။

"ဗုဒ္ဓသည် ငါတို့၏သာသနာတော်အတွင်း၌ မမွေ့လျော်သည်ကိုကောင်းစွာသိတော်မူ၍ ငါတို့ကိုကုဏာလအိုင်သို့ခေါ်ဆောင်ပြီးလျှင် မမွေ့လျော်ခြင်းကိုအလျှင်းပယ်ဖျောက်ပေးရုံမျှမက ထိုအိုင်၌ သောတာပတ္တိဖိုလ်သို့ရောက်ရှိခဲ့ကြပြီးသောငါတို့ကို ယခုအခါ ဤမဟာဝုန်တောအရပ်၌ အထက်မဂ်သုံးပါးအတွက် ကမ္မဋ္ဌာန်းတရားကို ဟောကြားပေးသနားတော်မူ၏။

ငါတို့သည် တို့တတွေကား သောတာပန်အရိယာများတည်း ဟုပေ့ါပေ့ါတန်တန်အချိန်ကိုကုန်လွန်စေရန်မသင့်လျော်ကြချေ၊ ငါတို့သည် ငါတို့၏ရှေ့သွားယောကျ်ားအာဇာနည်ပုဂ္ဂိုလ်တို့နှင့်တူညီမှသာ သင့်လျော်လျောက်ပတ်ကြပေတော့မည်"

ဟု ကြံစည်ဆင်ခြင်ကြပြီးလျှင် ဗုဒ္ဓ၏ခြေတော်အစုံကိုရှိခိုးကြပြီးသော် နေရာမှထကာ အသီးသီးတောမြောင်ချောက်ကြားရှိ သစ်ပင်ရင်းများ၌ ရဟန်းတရားများကို ကြိုးစားအားထုတ်နေကြလေသည်။

www.dhammaransi.com



"ဤရဟန်းငါးရာတို့ကား ပကတိအားဖြင့်ပင် ကမ္မဋ္ဌာန်းတရားတို့ကိုလက်မလွှတ်ကြသောပုဂ္ဂိုလ်များဖြစ်ကြသည်၊ ဤရဟန်းငါးရာတို့သည် သောတာပန်အရိယာဖြစ်ကြပြီးဖြစ်သဖြင့် မဂ်ဖိုလ်ရကြောင်းအကျင့်ပဋိပတ်တည်းဟူသောနည်းလမ်းကောင်းကိုရရှိပြီးသူများဖြစ်ကြပြီး အထက်မဂ်ဖိုလ်ရဖို့ရန် ငြိုငြင်ပင်ပန်းဖွယ်အကြောင်းလုံးဝမရှိချေ၊ သွားတိုင်းသွားတိုင်းသော ထိုရဟန်းငါးရာတို့သည် ဝိပဿနာတရားပွားများကြ၍ အရဟတ္တဖိုလ်သို့အသီးသီးရောက်ရှိကြပြီးလျှင် မိမိတို့ရရှိအပ်သောအရဟတ္တဖိုလ်ဂုဏ်ကျေးဇူးကို ငါဘုရားထံကြားလျှောက်ကုန်အံ့"
ဟု ကြံစည်ကြကာ ညနေချမ်းအခါ၌ ငါဘုရားထံသို့ရောက်ကြလိမ့်မည်။

ထိုရဟန်းငါးရာတို့ရောက်ကြသည်ရှိသော် စကြာဝဠာတိုက်တစ်သောင်း၌နေကြသော နတ်ဗြဟ္မာတို့သည် ဤစကြာဝဠာတိုက်တစ်ခုတည်း၌စည်းဝေးကြလိမ့်မည်၊ ထိုအခါ ကြီးစွာသောအစည်းအဝေးကြီးဖြစ်ပါလိမ့်မည်၊ ငါဘုရားသည် စောစီးကပင်ကြိုတင်ကာဆိတ်ငြိမ်ရာအရပ်၌နေမှသင့်လျော်လျှောက်ပတ်ပေမည်"

ဤသို့ ဗုဒ္ဓကြံစည်တော်မူပြီးလျှင် ထိုနေရာမှထတော်မူခဲ့ပြီး ဆိတ်ငြိမ်ရာအရပ်သို့ကြွ၍ ဖလသမာပတ်ကိုဝင်စားကာနေထိုင်လေသည်။

ထိုရဟန္တာငါးရာတို့အနက် ဦးစွာကမ္မဋ္ဌာန်းယူ၍သွားသောမထေရ်သည် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ရောက်တော်မူသည်။

www.dhammaransi.com



ထို့နောက် မထေရ်တစ်ပါးပြီးတစ်ပါး ပဒုမ္မာကြာရုံ၌ ပဒုမ္မာကြာပွင့်တို့ရှေ့ဆင့်နောက်ဆင့်ပွင့်သကဲ့သို့ သစ္စာလေးဆင့် ကားကားပွင့်၍ ဖရှေ့ဆင့်နောက်ဆင့် အရဟတ္တဖိုလ်သို့ရောက်ကြလေသည်။

"အလျှင်လက်ဦး အရဟတ္တဖိုလ်သို့ရောက်ပြီးသော မထေရ်သည် မြတ်စွာဘုရားအားကြားလျှောက်တော့မည်" ဟု ကြံစည်၍ တင်ပလ္လင်ခွေကိုဖျက်ကာ နိသီဒိုင်ကိုယူပြီး ဘုရားထံမှောက်သို့ရှေ့ရှုရောက်လာလသည်။

ဤနည်းတူ တစ်ပါးပြီးတစ်ပါးရှေ့ဆင့်နောက်ဆင့် ထေရ်စဉ်ဝါလိုက် ဗုဒ္ဓထံမှောက်သို့ရောက်လာကြလေသည်။

ပထမဦးစွာရောက်လာသောမထေရ်သည် ဗုဒ္ဓကိုရှိခိုးပြီးလျှင် မိမိရအပ်သောအရဟတ္တဖိုလ်ကျေးဇူးတရားထူးကို ဗုဒ္ဓအား လျှောက်ထားလိုသည်ဖြစ်၍-

"ငါမှတစ်ပါး အခြားရဟန်းတစ်ဦးဦးရှိလေသလော၊ မရှိလေသလော"

ဟု နောက်သို့ပြန်လှည့်ကြည့်လိုက်ရာ မိမိနောက်တွင် မထေရ်အဆင့်ဆင့်ရောက်နေသည်ကိုတွေ့မြင်ရလေသည်။

ရဟန်းငါးရာတို့သည် ဘုရားထံမှောက်ရောက်လာကာ နေရာထိုင်ကြပြီးနောက် တစ်ပါးသည်တစ်ပါးကိုအကဲခတ်ကြည့်ရှုကြသည်တွင်-

"ဤရဟန်းသည် ဤရဟန်းအားရှက်နိုးလှ၍မလျှောက်ထားပဲရှိလေသည်"

www.dhammaransi.com



ဤသည်ကို အားလုံးသောရဟန်းတို့က ရိပ်မိသိရှိကြလေသည်။

- ရဟန္တာအရှင်မြတ်တို့သည် ငါရှိသောအရဟတ္တဖိုလ်ကျေးဇူးကို လူနတ်ပြဟ္မာသတ္တဝါအပေါင်းတို့သည် လျင်မြန်စွာထိုးထွင်းသိမြင်ရရှိကြပါမူကား ကောင်းလေစွ ဟုသတ္တဝါတို့၏အကျိုးကိုလိုလားသောစိတ်အစဉ်သည် ဖြစ်မြဲဖြစ်ပါသည်။
- အရဟတ္တဖိုလ်ရကြောင်းကိုကား ရွှေအိုးရသောယောကျ်ားကဲ့သို့ သူတစ်ပါးအားပကာသနပြုရာကျမည်ဖြစ်၍ မပြောကြားလိုကြပေ။

ဤသည်မှာ ရဟန္တာပုဂ္ဂိုလ်တို့၏အခြင်းအရာနှစ်မျိုးဖြစ်ပါသည်။

## ဓဟာသဓယ (ကြီးစွာသောနတ်သဘင်အစည်းအဝေးကြီး)

ရဟန္တာငါးရာတို့ စုရုံးစည်းဝေးမိသောနေ့နှင့်အချိန်ကား နယုန်လပြည့်နေ့ ညနေချမ်းအချိန်ကာလဖြစ်ပါသည်။

ထိုအချိန်ဝယ် အရှေ့လောကဓာတ်မှလမင်းကြီးသည် ဆီးနှင်း၊ မြူ၊ တိမ်၊ အသူရိန်၊ မီးခိုးဟူသော အညစ်အကြေးငါးမျိုးမှ ကင်းလွတ်လျက်ထွက်ပေါ်လာလေသည်။

ထိုအချိန်တွင် မဟာဝုန်တော၌နေထိုင်ကြသောဘုမ္မစိုး ရုက္ခစိုးနတ်တို့သည် လှုပ်လှုပ်ရှားရှားဖြစ်လာကြကာ-

www.dhammaransi.com



"အချင်းတို့. . . လာသွားကြစို့၊ ဘုရားရှင်ကိုဖူးမြင်ရခြင်းမည်သည် ကျေးဇူးများလှပေ၏၊ တရားနာရခြင်းသည်လည်း ကျေးဇူးများလှ၏၊ ရဟန်းသံဃာတော်များကိုဖူးမြင်ရခြင်းသည် ကျေးဇူးများလှပါ၏၊ လာသွားကြစို့. . . သွားကြစို့"
ဟူ၍ ကျယ်စွာသောအသံကိုပြုကြသဖြင့် မဟာဝုန်တစ်တောလုံး လှုပ်လှုပ်ရှားရှားဖြစ်ပြီး ဘုရားရှင်ထံသို့လာရောက်ကြကာ ဘုရားရှင်ကိုလည်းကောင်း၊ ယနေ့မှ ရဟန္တာဖြစ်ကြသောရဟန္တာငါးရာတို့ကိုလည်းကောင်း ရှိခိုးပူဇော်ကြလေသည်။

ထိုနည်းဖြင့်ပင် ထိုထိုနတ်တို့၏အုတ်အုတ်ကျက်ကျက်ကြွေးကြော်နှိုးဆော်ကြသောအသံကိုကြားကြရ၍ တစ်ခေါ်လောက်ဂါဝုတ်ဝက်လောက်၊ တစ်ဂါဝုတ်လောက်၊ ယူဇနာဝက်လောက်၊ တစ်ယူဇနာလောက်အစရှိသည်ဖြင့် အစဉ်အတိုင်း ကျယ်ပြန့်ကျယ်ပြန့်ကာ ဤစကြာဝဠာတိုက်ကို အလယ်ဗဟိုထား၍ ပတ်ဝန်းကျင်စကြာဝဠာပေါင်းတိုက်တစ်သောင်းတို့၌နေကြကုန်သောနတ်ဗြဟ္မာအပေါင်းတို့သည် (အညသတ်ဗြဟ္မာ၊ အရူပဗြဟ္မာကြီးများနှင့်သမာပတ်ဝင်စားနေဆဲဖြစ်သောဗြဟ္မာကြီးများမှအပ) ဤစကြာဝဠာတိုက်သို့လာရောက်စုရုံးစည်းဝေးမိကြလေသည်။

ဤသို့ဖြင့် စကြာဝဠာတစ်ခုလုံးသည် အပ်ဗူး၏အတွင်း၌ အကြားအလပ်မရှိသောအပ်ချောင်းများကိုထည့်၍ထားသကဲ့သို့ ဗြဟ္မာပြည်တိုင်အောင် နတ်ဗြဟ္မာတို့ပြည့်ညပ်လျက်ရှိလေသည်။

စကြာဝတေးမင်းနှင့်မင်းအပေါင်းတို့သည် စည်းဝေးညီဖူကြသောအခါ စကြာဝတေးမင်း၏နေထိုင်ရာအရပ်သည်

www.dhammaransi.com



မကျပ်တည်းမကျဉ်းမြောင်းသကဲ့သို့ စကြာဝဠာမင်းနှင့်တူသော ဗုဒ္ဓ၏ နေထိုင်ရာအရပ်ကား မကျပ်တည်းမကျဉ်းမြောင်းပါချေ။

လာတိုင်း-လာတိုင်းသောတန်ခိုးကြီးမားသောနတ်ဗြဟ္မာတို့သည် ဗုဒ္ဓ၏အနီးအပါး၌နေထိုင်စရာကိုရကြသည်၊ မြတ်ဗုဒ္ဓ၏ အနီးအပါးအရပ်များ၌ သားမြီးဖျားတစ်ထောက်ထိုးဆွလောက်ရုံသောအရပ်၌တစ်ကျိပ်နှစ်ကျိပ်လောက်မှ ခြောက်ကျိပ်လောက်သောနတ်ဗြဟ္မာတို့သည် အလွန်သိမ်မွေ့သောအတ္တဘောကို ဖန်ဆင်း၍ ရပ်တည်နေကြရလေသည်။

## သုဒ္ဓါဝါသဗြဟ္မာကြီး(၄)ဦး

ထိုအချိန်ဝယ် သုဒ္ဓါဝါသဘုံသားရဟန္တာဗြဟ္မာကြီး(၄)ဦးသည် သမာပတ်ကိုဝင်စား၍ ပိုင်းခြားအပ်သောကာလအတိုင်း ထိုသမာပတ်မှထကုန်ပြီးလျှင် ဗြဟ္မာဘုံကိုကြည့်ရှုကြသော် ဗြဟ္မာဘုံအားလုံး ဗြဟ္မာတို့မှဆိတ်သုဉ်းတိတ်ဆိတ်နေသည်ကို တွေ့ရသဖြင့်-

"ဗြဟ္မာတို့သည် အဘယ်အရပ်သို့သွားကြကုန်သနည်း" ဟု ဆင်ခြင်ကြသည်တွင် ဗုဒ္ဓထံ၌ မဟာသမယအစည်းအဝေးကြီးကို တွေ့မြင်သိရှိကြသည်။

"ဤအစည်းအဝေးကြီးကား ကြီးမားလှ၏၊ ငါတို့ကား နောက်ကျန်လျက်ရှိကုန်ပြီး နောက်ကျသောသူတို့အဖို့ရာ နေရာရဖို့ခဲယဉ်း၏၊ ထို့ကြောင့် ငါတို့သွားကြသောအခါ လက်ချည်းနှီးမသွားကြဘဲ တစ်ယောက်လျှင်တစ်ဂါထာစီဖွဲ့သီစီရင်၍ သွားကြ

www.dhammaransi.com



ကုန်အံ့၊ ထိုဂါထာလက်ဆောင်ဖြင့် မဟာသမယအစည်းအဝေး ကြီး၌မိမိတို့လာရောက်ကြောင်းကိုလည်းသိစေအံ့၊ ဗုဒ္ဓ၏ကျေးဇူး ကိုလည်းချီးကျူးပြောဆိုကြကုန်အံ့"

ဟု ကြံစည်တိုင်ပင်ကြပြီး တစ်ဦးလျှင်တစ်ဂါထာစီသီကုံးကြသည်၊ ထို့နောက် ဗြဟ္မာကြီးတစ်ဦးက အရှေ့စကြာဝဠာနခမ်းအရေး၌ သက်ဆင်းသည်၊ နီလကသိုဏ်းလျှင် အာရုံရှိသောစျာန်ကိုဝင်စား ၍ စိမ်းညိုသောအရောင်တို့ကိုတဖိတ်ဖိတ်ဖြန့်လွှတ်ကာ စကြာဝဠာပေါင်းတိုက်တစ်သောင်းမှလာရောက်စည်းဝေးကြသော နတ်ဗြဟ္မာအပေါင်းတို့အား မြလွှာဝတ်လုံကိုခြုံရုံ၍ပေးသည့်အလား မိမိလာရောက်သောအဖြစ်ကိုသိစေသည်။

(ဘုရားရှင်တို့၏ရှေ့တော်မှောက်ဝယ် တစ်ဦးတစ်ယောက် မျှပိတ်ဆို့နေထိုင်ခွင့်မရှိသော ဗုဒ္ဓဝီထိ "ယခုခေတ်-မင်းလျှောက် လမ်း"ခေါ် လမ်းခရီးရှိမြဲဖြစ်၍ ထိုလမ်းခရီးဖြင့်လာတိုင်း-လာ တိုင်းသောနတ်လူတို့ ဗုဒ္ဓ၏အနီးသို့ချဉ်းကပ်ဖူးမြော်ရသည်၊ ပြီးမှ မိမိနေရာသို့မိမိပြန်ရသည်)

ဗြဟ္မာကြီးသည် ထိုလမ်းခရီးဖြင့်လာရောက်ပြီး ဗုဒ္ဓကို ရှိသေမြတ်နိုးရှိခိုးရပ်တည်လျက်-

**"မဟာသမယော ပဝနသ္မိံ ဒေဝကာယာသမာဂတာ**
**အာဂတာမှာ ဣမံဓမ္မသမယံ ဒက္ခိတာယေအပရာ**
**ဇိတ သံဃန္တိ"**

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . မဟာဝုန်မည် သော ဤတောအုပ်၌ ယနေ့နတ်ဗြဟ္မာတို့၏ကြီးစွာသောအစည်း

www.dhammaransi.com



အဝေးကြီးသည်ဖြစ်ခဲ့ပါပြီ၊ စကြာဝဠာတိုက်တစ်သောင်းမှနတ်ပြဟ္မာအပေါင်းတို့သည် ယနေ့ပင် မာရ်သုံးအင်ကိုအောင်မြင်ပြီးသောရဟန္တာအပေါင်းကိုဖူးမြင်ခြင်းငှာ အညီအညာရောက်လာကြပါပြီ၊ ကျွန်ုပ်တို့သည် အောင်ပွဲရရဟန္တာအပေါင်းကို သဒ္ဓါကြည် လင်ဖူးမြင်ခြင်းငှာ ဤနတ်ပြဟ္မာအစည်းအဝေးကြီးသို့ လာရောက် ကြပါ၏ဘုရား"

ဤဂါထာကိုလျှောက်ထားပြီးလျှင် အရှေ့စကြာဝဠာနခမ်းရေးသို့ပြန်ပြီး ရပ်တည်နေလေသည်။

ပြဟ္မာတစ်ဦးသည် တောင်စကြာဝဠာနခမ်းရေး၌ သက်ဆင်းပြီးလျှင် ပီတိကသိုဏ်းလျှင်အာရုံရှိသောဈာန်ကိုဝင်စား၍ ဝါဝင်းသောရွှေရောင်တို့ကို တဖိတ်ဖိတ်ဖြင့်လွှတ်ကာ စကြာဝဠာတိုက်တစ်သောင်းမှရောက်လာသောနတ်ပြဟ္မာအပေါင်းတို့ကို ရွှေလွှာဝတ်ရုံကိုခြုံရုံပေးသည့်အလား မိမိလာရောက်သည့်အဖြစ်ကိုသိစေပြီး ဗုဒ္ဓထံရှေ့မှောက်သို့သွားပြီး-

**"တတြဘိက္ခဝေါ သမာဒဟံသု၊ စိတ္တမတ္တနော ဥဇုကံ အကံသု၊ သာရထိဝနေတ္တာနိဂဟေတွာ ဣန္ဒြိယာနိ ရက္ခန္တိ ပဏ္ဍိတာ တိ"**

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . ဤအစည်းအဝေးကြီးတွင်ပါဝင်တော်မူသော အရှင်ရဟန္တာငါးရာတို့သည် လောကုတ္တရာသမာဓိဖြင့်တည်ကြည်ငြိမ်သက်မလှုပ်မရှက်ဘဲ မြင့်မိုရ်မဏ္ဍိုင်ကဲ့သို့ ကြံ့ခိုင်တည်မတ်အာရုံတစ်ခုတည်း၌ရပ်တည်သောစိတ်လည်းရှိကြပါကုန်၏၊ မိမိတို့၏စိတ်ကို နွားကျင်ကောက်

www.dhammaransi.com



လရေးကောက်၊ ထွန်းတုံးကောက် ဟူသောအကောက်သုံးပါးမှ လွတ်ကင်းဖြောင့်စင်းအောင်ပြုတော်မူနိုင်ပေကုန်၏၊ သိန္ဓောမြင်းလိမ္မာတို့သည်သာစွာကယှဉ်အပ်သောရထားကိုမောင်းနှင်သော ရထားထိန်းသည် မြင်းဇက်ကြိုးတို့ကို မဆွဲမနှင်ညင်သာစွာကိုင်၍ နှလုံးချည်းကြည်တည်ရသကဲ့သို့ ထိုရထားထိန်းနှင့်အလားတူစွာ ရဟန္တာအရှင်မြတ်တို့သည် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ပိတ်သင့်သောဣန္ဒြေခြောက်ပါးတို့ကို သတိတည်းဟူသော အစောင့်အရှောက်ဖြင့် ကိလေသာရန်သူမဝင်ရလေအောင် စောင့်ရှောက်တော်မူနိုင်ကြပါကုန်၏၊ တပည့်တော်တို့သည် ထို ရဟန္တာငါးရာတို့ကိုဖူးမြော်ရန် ဤမဟာဝုန်တောသို့လာရောက်ကြပါကုန်၏ဘုရား"

ဤဂါထာဖြင့်လျှောက်ထားပြီး မိမိသက်ဆင်းရာစကြာဝဠာတောင်နခမ်းသို့ပြန်ပြီး ရပ်တည်နေလေသည်။

ထို့နောက် အနောက်စကြာဝဠာနတ်ခမ်းရေး၌သက်ဆင်းသောပြဟ္မာကြီးသည် လောဟိတကသိုဏ်းလျှင်အာရုံရှိသောစျာန်ကိုဝင်စား၍ နီမြန်းသောအရောင်တို့ကို တဖိတ်ဖိတ်ဖြန့်လွှတ်ကာ စကြာဝဠာတိုက်တစ်သောင်းမှရောက်လာသောနတ်ပြဟ္မာတို့အား ကမ္ဗလာနီဝတ်ရုံကိုခြုံရုံပေးသည့်အလား မိမိလာရောက်သော အဖြစ်ကိုသိစေပြီး ဗုဒ္ဓထံမှောက်ရှေ့သို့အရောက်သွားပြီးလျှင်-

"ဆေတွာခီလံ ဆေတွာပလိဃံ ဣန္ဒခီလံဦဟစ္စမနေဇာ
တေစရန္တိ သုဒ္ဓါဝိမလာ၊ စက္ခုမတာ သုသုနာဂါ "

www.dhammaransi.com



"ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . အကြင်ရှယ်တော်နုပျိုရဟန္တာပုဂ္ဂိုလ်တို့သည် ဗုဒ္ဓ၊ ဓမ္မ၊ သမန္တတည်း မံသ၊ ဒိဗ္ဗ-ငါးဖြာမျက်စိနှင့်ပြည့်စုံတော်မူသောအရှင်ဘုရား၏ဆုံးမအပ်သည်ဖြစ်၍ ဣန္ဒြေခြောက်ပါးမဖောက်ပြားဘဲ တရားသိမ်းဆည်းလွန်စွာယဉ်ကျေးပြီးဖြစ်တော်မူကုန်ပါ၏၊ ထိုရဟန္တာပုဂ္ဂိုလ်မျိုးတို့သည် ရာဂ၊ ဒေါသ၊ မောဟခပင်း၊ ခြောက်တံသင်းကိုမဂ်ဉာဏ်လေးပါးသန်လျက်ဓားဖြင့် ပယ်ရှားခုတ်ဖြတ်တော်မူကြပြီး ရာဂ၊ ဒေါသ၊ မောဟဟူသောတံခါးကျည်မင်းတုပ်လို မဂ်ဉာဏ်လေးပါးသံလျက်ဓားဖြင့်ခုတ်ဖြတ်ဖယ်ရှားခဲ့ပါပြီ၊ သက္ကာယမြို့တံခါးဝယ်မားမားစိုက်ပြိုင် ရာဂ၊ ဒေါသ၊ မောဟဟူသောတံခါးတိုင်ကိုအမြစ်မကျန် မဂ်လေးမဂ်ဉာဏ်ဖြင့် ပယ်လှန်နှုတ်ပယ်တော်မူခဲ့ပေပြီ၊ တုန်လှုပ်တတ်စွာတဏှာလောဘမရှိသည်ဖြစ်၍ ကိလေသာအန္တရာယ်စင်ကြယ်သန့်ရှင်းသည်ဖြစ်၍ ကိလေသာအညစ်အကြေးမှကင်းဝေးတော်မူကြကုန်သည်ဖြစ်၍ အရပ်လေးမျက်နှာသို့လှည့်လှည်ကျက်စားသွားလာနိုင်ကြပါပြီ၊ ထိုရဟန္တာများကိုဖူးမြင်ရန်တပည့်တော်တို့လာရောက်ကြပါကုန်၏ဘုရား"

ဤဂါထာဖြင့်ရွတ်ဆိုလျှောက်ထားပြီး စင်္ကြာဝဠာတောင်နခမ်းသို့ပြန်ပြီးရပ်တည်နေလေသည်။

ထို့နောက် မြောက်စကြာဝဠာနခမ်းသို့သက်ဆင်းသောဖြဟ္မာကြီးသည် သြဒါတကသိုဏ်းလျှင်အာရုံရှိသောစျာန်ကိုဝင်စား၍ ဖြူဖွေးသောအရောင်တို့ကို တဖိတ်ဖိတ်ဖြန့်လွှတ်ကာစကြာဝဠာတိုက်တစ်သောင်းမှရောက်လာကြသော နတ်၊ ဗြဟ္မာအပေါင်းတို့အား မုလေးပန်းခြုံရုံပေးသည့်အလား မိမိလာရောက်

www.dhammaransi.com



သောအဖြစ်ကိုသိစေပြီးလျှင် ဗုဒ္ဓရှေ့ထံမှောက်အရောက်သွားပြီး လျှင်-

**"ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊**
**နံတေဂမိဿန္တိ အပါယဘူမိ**
**ပဟာယ မာနုသံ ဒေဟံ၊**
**ဒေဝကာယံ ပရိပူရေဿန္တိ"**

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . အမှတ်မထင် အကြင်သူတို့သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ယုံကြည် လေးမြတ်ဆည်းကပ်ကြကုန်၏၊ ထိုသူတို့သည် အပါယ်လေးပါး သို့ ကေန်မုချမလားမရောက်ကြရကုန်လတ့်၊ လူ့ဘဝ၊ ဤခန္ဓာ ကိုယ်ပယ်စွန့်၍ နတ်ပြည်သို့မုချပုံသေရောက်ကြကုန်လတ့်"

ဤဂါထာဖြင့်လျှောက်ထားပြီး မိမိသက်ဆင်းရာမြောက် နခမ်းရေးသို့ပြန်ပြီး ရပ်တည်နေလေသည်။

ထိုအခါ ဗုဒ္ဓသည် ဆင်ခြင်ကြည့်ရှုလတ်သည်ရှိသော် မြေပြင်မှအပြန့်အားဖြင့် စကြာဝဠာအနားရေးတိုင်အောင် အမြင့် အားဖြင့် အကနိဋ္ဌတိုင်အောင် နတ်ဗြဟ္မာအစည်းအဝေးကြီး သည် ကြား၌ မုန်ညင်းစေ့မျှကျ၍မရလောက်အောင် ပြည့်ညက် လျက် ရှိသည်ကိုသိမြင်တော်မူသည်။

"ဤနတ်ဗြဟ္မာအစည်းအဝေးကြီးက ကြီးမားလှပေ၏၊ ရဟန္တာငါးရာတို့သည်ကား ဤမျှလောက်ကြီးမားများပြားသော နတ်ဗြဟ္မာအစည်းအဝေးကြီးဟူ၍ သိကြမည်မဟုတ်၊ ယခုပင် ထို ရဟန်းငါးရာတို့ကို ငါပြောကြားပေအံ့"

ဟူ၍ ကြံစည်ဆင်ခြင်တော်မူလေသည်။

www.dhammaransi.com



## နတ်များစွာရောက်လာပြီ

"ရဟန်းတို့ . . . ရှေးဘုရားတို့အတူလာခြင်းကောင်းတော်မူသော ငါဘုရားနှင့်တကွ ရဟန်းအပေါင်းတို့ကိုဖူးမြင်ရန် စကြာဝဠာတိုက်တစ်သောင်း၌နေထိုင်ကြသော နတ်ဗြဟ္မာတို့စည်းဝေးရောက်လာကြကုန်ပြီ"

"ရဟန်းတို့ . . . ယခုအခါ ငါဘုရား၌နတ်ဗြဟ္မာအစည်းအဝေးကြီးဖြစ်သကဲ့သို့ အတိတ်ကာလပွင့်တော်မူကြပြီးသောဘုရားရှင်တို့၏လည်း ဤမျှအတိုင်းအရှည်ရှိကြသည့်နတ်ဗြဟ္မာများစည်းဝေးခဲ့ကြကုန်လေပြီ"

"ရဟန်းတို့ . . . ယခုအခါ ငါဘုရား၏နတ်ဗြဟ္မာအစည်းအဝေးကြီးဖြစ်သလို အနာဂါတ်ကာလပွင့်တော်မူကြမည့်ဘုရားရှင်တို့၌လည်း ဤမျှအတိုင်းအရှည်ရှိကြသည့်နတ်ဗြဟ္မာများစည်း ဝေးကြလိမ့်မည်"

ဟူ၍ မိန့်ဆိုအသိပေးလေသည်။

## နတ်ဗြဟ္မာများနှင့်ဗုဒ္ဓ၏အကြံ

"မြတ်စွာဘုရားသည် ဤမျှလောက်များပြားသောနတ်ဗြဟ္မာတို့၏အစည်းအဝေးကြီး၌ တန်ခိုးကြီးသောနတ်ဗြဟ္မာတို့၏အမည်အနွယ်တို့ကိုသာ ထုတ်ဖော်ဟောကြားတော်မူလိမ့်မည်၊ တန်ခိုးနည်းပါးသောနတ်ဗြဟ္မာတို့၏အမည်အနွယ်တို့ကိုကား ဟောကြားတော်မူလိမ့်မည်မဟုတ်"

ဟု အချို့နတ်ဗြဟ္မာတို့က ကြံစည်မိကြလေသည်။

www.dhammaransi.com



"ဤနတ်ပြဟ္မာများ အဘယ်အရာကိုကြံစည်စဉ်းစား၍ နေကြသနည်း"
ဟု ဗုဒ္ဓက စဉ်းစားဆင်ခြင်သည်ရှိသော်-

"ခံတွင်းမှလက်ကိုသွင်းကာ နှလုံးသားကိုဆုတ်ကိုင်မိသောသူကဲ့သို့လည်းကောင်း၊ ခိုးထုပ်ခိုးထည်နှင့်တကွ ခိုးသူကိုဖမ်းယူမိသောသူကဲ့သို့လည်းကောင်း၊ ထိုနတ်ပြဟ္မာတို့၏စိတ်အကြံအစည်ကိုဗုဒ္ဓက သိရှိတော်မူလေသည်"

"ငါသည် စကြာဝဠာတိုက်တစ်သောင်းမှ ခညောင်းရောက်လာကြကုန်သော တန်ခိုးကြီးသူ၊ မကြီးသူခပ်သိမ်းသောနတ်ပြဟ္မာတို့၏အမည်၊ အမျိုးအနွယ်တို့ကိုပြည့်စုံစွာဟောကြားပေအံ့"
ဟု ဗုဒ္ဓကဆုံးဖြတ်တော်မူလေသည်။

"ရဟန်းတို့. . . ငါဘုရားသည် အမျိုးတူပေါင်းစုကုန်သော နတ်ပြဟ္မာတို့၏အမျိုးစုအမည်တို့ကို အနီးမူလအရင်းစ၍ ဟောပြတော်မူပေအံ့၊ ထုတ်ဖော်ကြွေးကြော်ပေးအံ့၊ ကောင်းစွာနာကြားကြပါကုန်လော"
ဟူ၍ ထပ်မံမိန့်ကြားတော်မူပြီးနောက် နတ်ပြဟ္မာတို့၏မျိုးစုအမည်တို့ကို ဟောကြားတော်မူပါသည်။

"ရဟန်းတို့. . . . ဂါထာဖွဲ့၍ဟောကြားပေအံ့၊ အကြင်ရဟန်းတို့သည် ဘုမ္မစိုးနတ်တို့မှီတင်းနေထိုင်ရာဖြစ်သော ထိုထိုအရပ်ကိုမှီ၍နေကုန်၏၊ တောင်ခေါင်းကိုမှီ၍နေကုန်၏၊ ထိုရဟန်း

www.dhammaransi.com



တို့သည် နိဗ္ဗာန်ကိုစေလွှတ်သောစိတ်ရှိကုန်၏၊ တည်ကြည်သော စိတ်ရှိကုန်၏။

ထိုများစွာသောရဟန်းတို့သည် ကြက်သီးမွေးညင်းထခြင်း မရှိမူ၍ ခြင်္သေ့မင်းကဲ့သို့တစ်ပါးတည်းကိန်းအောင်းလေ့ရှိကုန်၏၊ ဖြူစင်သောစိတ်ရှိ၍ နောက်ကျူးခြင်းကင်းလျက် သန့်ရှင်းကြည်လင်ကုန်၏”

“ရဟန်းတို့ . . နတ်ပြဟ္မာအပေါင်းတို့ ရှေ့ရှုလာရောက်လျက်ရှိကြသည့် ထိုနတ်ပြဟ္မာအပေါင်းကို ဒိဗ္ဗစက္ခုဉာဏ်ဖြင့် သိကြကုန်လော့”

ဗုဒ္ဓက ထိုသို့မိန့်ကြားသောအခါ ရဟန်းတို့သည် ဒိဗ္ဗစက္ခုဉာဏ်ဖြင့်ကြည့်ရန်အားထုတ်ကြသည်။

- အချို့သောရဟန်းတို့သည် နတ်ပြဟ္မာတစ်ရာကိုမြင်ကုန်သည်။
- အချို့သောရဟန်းတို့သည် တစ်ထောင်၊ အချို့သောရဟန်းတို့က ခုနစ်သောင်း
- အချို့သောရဟန်းတို့က တစ်သိန်း၊ အချို့သောရဟန်းတို့က နတ်ပြဟ္မာအနန္တတို့ကို တွေ့မြင်ကြလေသည်။

ဗုဒ္ဓသည် ရဟန်းတို့၏နတ်ပြဟ္မာများကို ဒိဗ္ဗစက္ခုဉာဏ်ဖြင့်မြင်ပုံအသီးသီးကိုသိရှိပြီးနောက်-

www.dhammaransi.com



## နတ်ပြဟ္မာများတို့၏အစည်များကိုပြောကြားခြင်း

"ရဟန်းတို့. . . ထိုနတ်ပြဟ္မာတို့ကို သင်တို့အားဂါထာဖြင့်အစဉ်အတိုင်း ပြောပြအံ့"
ဟု မိန့်ကြားသည်။

၅။ -ရဟန်းတို့. . . မြေ၌တည်ကုန်သောကပိလဝတ်ပြည်ကိုမှီ၍နေကုန်သော တန်ခိုးအာနုဘော်ကြီးပြီး အဆင်းလှအခြံအရံများကုန်သော ခုနှစ်ထောင်သောနတ်တို့သည် မဟာဝုန်တောရှိရဟန်းတို့၏အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာလာရောက်ကြကုန်၏။

-ဟိမဝန္တာတောင်၌နေကုန်သောအမျိုးမျိုးသောအသွေးအရောင်ရှိကုန်သောတန်ခိုးကြီးပြီး အဆင်းလှ၊ အခြံအရံများကုန်သော ခြောက်ထောင်သောနတ်တို့သည် အစည်းအဝေးသို့ဝမ်းမြောက်ဝမ်းသာလာရောက်ကြကုန်၏။

-သာတာဂီရိတောင်၌နေကုန်သောအမျိုးမျိုးသော အသွေးအရောင်ရှိပြီး တန်ခိုးကြီးအဆင်းလှ၊ အခြံအရံများကုန်သောသုံးထောင်သောနတ်တို့သည် အစည်းအဝေးသို့ဝမ်းမြောက်ဝမ်းသာလာရောက်ကြကုန်၏။

-အမျိုးမျိုးသောအသွေးအရောင်ရှိပြီး တန်ခိုးကြီး၊ အဆင်းလှ၊ အခြံအရံများကုန်သော တစ်သောင်းခြောက်ထောင်ကုန်သောနတ်တို့သည် အစည်းအဝေးသို့ဝမ်းမြောက်ဝမ်းသာလာရောက်ကြကုန်၏။

www.dhammaransi.com



-ဝေဿမိတ္တာတောင်၌နေကုန်သောအမျိုးမျိုးသော အသွေးအရောင်ရှိပြီး တန်ခိုးကြီးအဆင်းလှ၊ အခြံအရံ များကုန်သော ငါးရာသောသောနတ်တို့သည် အစည်း အဝေးသို့ဝမ်းမြောက်ဝမ်းသာလာရောက်ကြကုန်၏။

-ရာဇဂြိုဟ်ပြည်၊ ဝေပုလ္လတောင်၌နေသော ကုမ္ဘီရနတ် စစ်သူကြီးကို အသိန်းမကသောနတ်တို့ခံစားကုန်လျက် မဟာဝုန်တောအစည်းအဝေးသို့ လာရောက်ကြကုန်၏။

၆။ -အရှေ့အရပ်ကိုအုပ်စိုးသောဂန္ဓဗ္ဗနတ်တို့အရှင်ဓဋ္ဌရဋ္ဌ နတ်မင်းသည် များသောအခြံအရံရှိ၏၊ ထိုနတ်မင်း၏ သားတော်လည်းများ၍ ခွန်အားကြီး၊ တန်ခိုးကြီး၊ အဆင်းလှအခြံအရံများလျက် မဟာဝုန်တောအစည်း အဝေးသို့လာရောက်ကြ၏။

-တောင်အရပ်ကိုအုပ်စိုးသောကုမ္ဘဏ်တို့၏အရှင် ဝိရူဠှကနတ်မင်းသည် များသောအခြံအရံရှိ၏၊ ထိုနတ်မင်း ၏သားတော်တို့သည်များလှ၍ ခွန်အားကြီး၊ တန်ခိုး ကြီး၊ အဆင်းလှ၊ အခြံအရံများလျက် မဟာဝုန်တော အစည်းအဝေးသို့လာရောက်ကြ၏။

-အနောက်အရပ်ကိုအုပ်စိုးသောနဂါးတို့၏အရှင်ဝိရူပက္ခ နတ်မင်းသည် များသောအခြံအရံရှိ၏၊ ထိုနတ်မင်း၏ သားတော်တို့သည်များလှ၍ ခွန်အားကြီး၊ တန်ခိုးကြီး၊ အဆင်းလှ၊ အခြံအရံများလျက် မဟာဝုန်တောအစည်း အဝေးသို့လာရောက်ကြ၏။

www.dhammaransi.com



-မြောက်အရပ်ကိုအုပ်စိုးသောနတ်ဘီလူးတို့၏အရှင် ကုဝေရနတ်မင်းသည် များသောအခြံအရံရှိ၏၊ ထိုနတ်မင်း၏သားတော်တို့သည်များလှ၍ ခွန်အားကြီး၊ တန်ခိုးကြီး၊ အဆင်းလှ၊ အခြံအရံများလျက် မဟာဝုန်တော အစည်းအဝေးသို့လာရောက်ကြ၏။

-အရှေ့အရပ်၌ ဓတရဋ္ဌမင်း၊ တောင်အရပ်၌ဝိရူဠှက နတ်မင်း၊ အနောက်အရပ်၌ဝိရူပက္ခနတ်မင်း၊ မြောက်အရပ်၌ ကုဝေရနတ်မင်း၊ ထိုနတ်မင်းကြီးလေးယောက်တို့သည် အရပ်လေးမျက်နှာ၌အလွန်တောက်ပလျက် မဟာဝုန်တော၌တည်နေကြပါ၏။

၇။ -ထိုနတ်မင်းကြီး၏ကျွန်ယုံတော်ဖြစ်ကြသော ပရိယာယ် မာယာများပြီး လှည့်စားတတ်သောကောက်ကျစ်စဉ်းလဲသော မာယာနတ်၊ ကုဋေဏ္ဍုနတ်၊ ဝိဋေဏ္ဍုနတ်၊ ဝိဋုစ္စနတ်၊ ဝိဋုဋ္ဌနတ်နှင့်တကွ စန္ဒနနတ်၊ ကာမသေနနတ်၊ ကိန္နိဃဏ္ဍုနတ်၊ နိဃဏ္ဍုနတ်တို့သည် လာရောက်ကုန်၏။

-စန္ဒနနတ်၊ ကာမသေနနတ်၊ ကိန္နိဃဏ္ဍုနတ်၊ နိဃဏ္ဍုနတ်၊ ပဒနာဒနတ်၊ ဩပမညနတ်၊ ရထားထိန်းမာတလိနတ်၊ စိတ္တမည်သောဂန္ဓဗ္ဗနတ်၊ သေနမည်သော ဂန္ဓဗ္ဗနတ်၊ စိတ္တသေနမည်သောဂန္ဓဗ္ဗနတ်၊ နာဠရာဂါနတ်၊ ဇနေသဘနတ်၊ ပဉ္စသိခနတ်၊ တိမ္ဗရုနတ်၊ သူရိယဝစ္ဆသာနတ်သမီး၊ ဤဂန္ဓဗ္ဗနတ်တို့သည်လည်းကောင်း၊

www.dhammaransi.com



တစ်ပါးသောနတ်တို့သည်လည်းကောင်း၊ နတ်မင်းကြီးနှင့်အတူ မဟာဝုန်တောသို့အစည်းအဝေး လာရောက်ကြကုန်၏။

၈။ -နာဂသအိုင်၌နေသောနဂါး၊ ဝေသာလီ၌နေသောနဂါးတို့သည် နဂါးပရိသတ်နှင့်အတူလာရောက်ကြ၏၊ ကမ္ဗလမည်သောနဂါး၊ အဿတရမည်သောနဂါးနှင့် ပယာဂဆိပ်၌နေသောနဂါးတို့သည်လည်း ဆွေမျိုးတို့နှင့်အတူလာရောက်ကြကုန်၏။

အခြံအရံများကုန်သော ယမုနာမြစ်၌နေသောနဂါးတို့နှင့်ဓတရဋ္ဌအမျိုး၌ဖြစ်သောနဂါးတို့သည် လာရောက်ကုန်၏၊ ဧရာဝဏ်ဆင်ပြောင်ကြီးမည်သောနတ်သားသည်လည်း မဟာဝုန်တောသို့လာရောက်ကုန်၏။

-နဂါးတို့ကိုဖမ်းယူနိုင်သော နတ်တို့ကဲ့သို့အာနုဘော်ရှိသော အမိဝမ်းနှင့်ဥခွံအတွင်းမှ နှစ်ကြိမ်မွေးဖွားရပြီးအတောင်ရှိသည်၊ စင်ကြယ်သောမျက်စိအမြင်ရှိသည်၊ စိတ္တရသုပဏ္ဏအမည်ရှိ၏၊ ထိုဂဠုန်တို့သည် တောအုပ်အလယ်သို့ရောက်လာ၏။

-ထိုအခါ ဘုရားရှင်သည် ဂဠုန်မှအေးငြိမ်းအောင်ပြုတော်မူသဖြင့် နဂါးတို့ဘေးကင်းလေ၏၊ နဂါးနှင့်ဂဠုန်တို့သည် သိမ်မွေ့သောစကားတို့ဖြင့် ခေါ်ဝေါ်ပြောဆိုလျက် ဘုရားရှင်ကိုကိုးကွယ်ဆည်းကပ်ကြ၏။

၉။ -သိကြားမင်းကိုစစ်ရှုံးသဖြင့် သမုဒ္ဒရာကိုမှီ၍နေကုန်သောအသူရာတို့သည် သိကြားမင်း၏ညီနောင်တို့ပင်

www.dhammaransi.com



ဖြစ်ကုန်၏၊ တန်ခိုးကြီးအခြံအရံများ၏၊ ကာလကဉ္စအသူရာတို့သည် ကြီးမား၍ကြောက်မက်ဖွယ်ကောင်းသောကိုယ်ကိုဖန်ဆင်းလျက် လာကုန်၏၊ ဒါနဝေသီသမည်သောလောမာဆန္ဒအသူရာ၊ ဝေပစိတ္တိအသူရာ၊ သုစိတ္တိအသူရာ၊ မဟာရာအသူရာတို့သည် မာရ်နတ်သားနှင့်တကွလာရောက်ကြကုန်၏။

-အားလုံးပင် ဝေရောစနအမည်ရှိသောဗလိအသူရာကြီး၏သားတစ်ရာတို့သည် ဗလိအသူရာစစ်တပ်ကိုလက်နက်တပ်ဆင်ပြီးလျှင် ရာဟုအသူရိန်ကြီးထံချဉ်းကပ်၍ သင့်အားကောင်းခြင်းမင်္ဂလာဖြစ်ပါစေသတည်း၊ မဟာဝုန်တောအစည်းအဝေးကြီးသို့သွားရန် အချိန်တန်ပြီ ဟုပြောဆိုသည်။

၁၀။ -ထိုအခါ၌ အာပေါနတ်၊ ပထဝီနတ်၊ တေဇောနတ်၊ ဝါယောနတ်၊ ဂိရုဏနတ်၊ ဝါရုဏနတ်၊ သောမနတ်တို့သည် ယသနတ်နှင့်တကွလာရောက်ကြကုန်၏၊ အခြံအရံများကုန်သော မေတ္တာနတ်၊ ကရုဏာနတ်တို့သည် အမျိုးမျိုးသောအသွေးအရောင်ရှိကုန်ပြီး တန်ခိုးအာနုဘော်ကြီးကာ အဆင်းလှအခြံအရံများကုန်သောဤနတ်အစုအဝေးဆယ်ခုတို့သည် မဟာဝုန်တောအစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာလာကြကုန်၏။

-ဝေဏ္ဍုနတ်၊ သဟလိနတ်၊ အသမာနတ်တို့နှင့်တကွ

www.dhammaransi.com



ယမနတ်တို့သည်လည်းကောင်း၊ လ၏အခြံအရံဖြစ်သောနတ်တို့သည်လနတ်မင်းကိုရှေ့ထား၍လည်းကောင်း၊ နေအခြံအရံဖြစ်သော နတ်တို့သည် နေနတ်မင်းကိုရှေ့ထား၍လည်းကောင်း၊ ကြယ်တို့၏အခြံအရံဖြစ်ကုန်သောနတ်တို့သည် ကြယ်နတ်မင်းတို့ကို ရှေ့ထား၍လည်းကောင်း၊ မန္ဒဝလာဟကနတ်တို့သည်လည်းကောင်း နတ်တို့၏အကြီးအမှူးဖြစ်သော ရှေးဦးအလှူပေးခဲ့ဖူးသော ဝါသဝအမည်ရှိသောသိကြားမင်းသည်လည်းကောင်း၊ အားလုံးပင်အမျိုးမျိုးအသွေးအရောင်ရှိကုန်သော တန်ခိုးအာနုဘော်ကြီး၊ အဆင်းလှ၊ အခြံအရံများကုန်သော ဤနတ်(၁၀)မျိုးတို့သည်လည်း မဟာဝုန်တောအစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာလာရောက်ကြ၏။

-ထိုမှတစ်ပါး မီးလျှံကဲ့သို့တောက်ပသော သဟဘူနတ်၊ အောက်မဲညိုပွင့်နှင့်တူသောအဆင်းရှိသော အရိဋ္ဌနတ်၊ ရောဇနတ်၊ ဝရုဏနတ်၊ သဟဓမ္မနတ်၊ အစ္စုတနတ်၊ အနေဇကနတ်၊ သုလေယျနတ်၊ ရုစိရနတ်၊ ဝါရသဝနေသီအမည်ရှိသောနတ် ဤနတ်တို့သည်လည်း အမျိုးမျိုးသောအရောင်အသွေးရှိပြီး တန်ခိုးအာနုဘော်ကြီးလျက် အဆင်းလှ၊ အခြံအရံများသော ဤနတ် (၁၀)မျိုးတို့သည် မဟာဝုန်တောသို့ဝမ်းမြောက်ဝမ်းသာလာကြကုန်၏။

www.dhammaransi.com



-သမာနနတ်၊ မဟာသမနနတ်၊ မာနုသနတ်၊ မာနုသုတ္တမနတ်၊ ခိဍ္ဍပဒေါသိကနတ်၊ မနောပဒေါသိကနတ်ထိုမှတစ်ပါး မာရ်နတ်၊ လောဟိတဝါသိနတ်၊ အခြံအရံများသော ပါရာနတ်၊ မဟာပါရာနတ်၊ အားလုံးပင်အမျိုးမျိုးသောအသွေးအရောင်ရှိပြီး တန်ခိုးအာနုဘော်ကြီး၊ အဆင်းလှ၊ အခြံအရံများကုန်သော ဤ(၁၀)မျိုးသောနတ်တို့သည်လည်း မဟာဝုန်တောသို့ဝမ်းမြောက်ဝမ်းသာလာကြကုန်၏။

-သုက္ကနတ်၊ ကရမ္ဘနတ်၊ အရုဏနတ်၊ ဝေဃနနတ်၊ ဩဒါတဂယှမည်သောပါမောက္ခနတ်၊ ဝိစက္ခဏနတ်၊ သဒါမတ္တနတ်၊ ဟာရဂဇနတ် အခြံအရံများသောမိဿကနတ်၊ အရပ်ဆယ်မျက်နှာကိုမိုးရွာစေသောပဇ္ဇုန္နနတ်တို့သည် အားလုံးပင်အမျိုးမျိုးအသွေးအရောင်ရှိကုန်သော တန်ခိုးအာနုဘော်ကြီး၊ အဆင်းလှ၊ အခြံအရံများကုန်သော ဤနတ်(၁၀)မျိုးတို့သည်လည်း မဟာဝုန်တောအစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာလာရောက်ကြ၏။

-ခေမိယနတ်၊ တုသိတာနတ်၊ ယာမာနတ်၊ အခြံအရံများသောကဋ္ဌကနတ်၊ လမ္ဗိတကနတ်၊ လာမသေဋ္ဌနတ်၊ ဇောတိနတ်၊ အာသဝနတ်၊ နိမ္မာရတိနတ်၊ ပရနိမ္မိတဝသဝတ္တနတ်တို့သည် အားလုံးပင်အမျိုးမျိုးအသွေးအရောင်ရှိကုန်သော တန်ခိုးအာနုဘော်ကြီး၊ အဆင်းလှ၊

www.dhammaransi.com



အခြံအရံများကုန်သော ဤနတ်(၁၀)မျိုးတို့သည်လည်း မဟာဝုန်တောအစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကြ၏။

-ပဋိသန္ဓေနေခြင်း၊ ကင်းပြီးသောရာဂ၊ ဒေါသ၊ မောဟ ဟူသောခလုတ်ကန်သင်းမရှိသော သြယလေးဖြာမှ ကူးမြောက်ပြီးသော အာသဝေါတရားမရှိသော အရိယာသံဃာတော်ကိုလည်းကောင်း၊ ညစ်ညူးခြင်း ကင်းသည့်လမင်းသဖွယ်၊ တင့်တယ်တော်မူသော သြယလေးဖြာမှကူးမြောက်စေတော်မူသော မြတ်စွာ ဘုရားကိုဖူးမျှော်ကုန်အံ့ ဟု ကြွေးကြော်၍လာကြ ကုန်၏။

၁၁။ -တန်ခိုးကြီးမားသောဘုရားရှင်၏သားတော်ဖြစ်သော သုဗြဟ္မာမည်သောဗြဟ္မာ၊ ပရမတ္တမည်သောဗြဟ္မာ၊ သနင်္ကုမာရဗြဟ္မာ၊ တိဿဗြဟ္မာတို့သည်လည်း မဟာဝုန် တောသို့အစည်းအဝေးလာရောက်ကြပါကုန်၏။

-လက်တစ်ချောင်းဖြင့် စကြာဝဠာတစ်ထောင်၊ လက် ဆယ်ချောင်းဖြင့် စကြာဝဠာတစ်သောင်းတိုင်အောင် အရောင်အဝါဖြင့်ပြည့်စုံစေနိုင်သော ဗြဟ္မာတစ်ထောင် တို့သည်လည်းကောင်း၊ တန်ခိုးအာနုဘော်နှင့်ပြည့်စုံ သော ကြီးသောကိုယ်ရှိသောကျက်သရေနှင့်ပြည့်စုံ သောမဟာဗြဟ္မာသည် အခြားဗြဟ္မာတစ်ထောင်နှင့်ကို လွှမ်းမိုးအုပ်စိုးလျက် မဟာဝုန်တောသို့ဝမ်းမြောက် ဝမ်းသာရောက်လာပါ၏။

www.dhammaransi.com



၁၂။ -ဗြဟ္မာတစ်ထောင်စီအသီးသီး အစိုးရကုန်သောမဟာဗြဟ္မာ(၁၀)မျိုးတို့သည်လည်းကောင်း၊ ဟာရိတမည်သောမဟာဗြဟ္မာသည် ဗြဟ္မာတစ်သိန်းခြံရံလျက်လည်းကောင်း၊ မဟာဝုန်အစည်းအဝေးသို့ဝမ်းမြောက်ဝမ်းသာ လာကြပါကုန်၏။

-ရဟန်းတို့. . . မာရ်နတ်၏မိုက်မဲပုံကိုရှုကုန်လော့သိကြား၊ မဟာဗြဟ္မာတို့နှင့်တကွ ရှေ့ရှုလာကုန်သောထိုနတ်ဗြဟ္မာအားလုံးတို့ဆီသို့ မာရ်နတ်၏စစ်သည်တို့သည် ရှေ့ရှုချီတက်လာကြပါ၏။

"လာကြလော့. . . ဖမ်းကြလော့. . . နှောင်ဖွဲ့ကြလော့ ရာဂဖြင့်ချည်တုပ်ကြလော့. . . ထက်ဝန်းကျင်မှဝိုင်းထားကြလော့ သင်တို့သည် တစ်ဦးတစ်ယောက်ကိုမျှမလွတ်စေလင့်"

ဤသို့ဆိုလျက် စစ်သည်များစွာရှိသောမာရ်နတ်မင်းသည် မြေပြင်ကိုလက်ဖြင့်ပုတ်ခတ်၍ လျှပ်စစ်နှင့်တကွမိုးကြိုးထစ်ချုန်းသကဲ့သို့ ကြောက်မက်ဖွယ်အသံပြုလျက် ထိုအစည်းအဝေးသို့မာရ်နတ်စစ်သည်များကိုစေလွှတ်ခဲ့ပါသည်။

ထိုအခါ မာရ်နတ်သည် မိမိအလိုအတိုင်း မဖြစ်သောကြောင့် ပြင်းစွာအမျက်ထွက်လျက် ပြန်ရလေသည်။

၁၃။ စက္ခုငါးပါးနှင့်ပြည့်စုံသောမြတ်စွာဘုရားသည် ထိုအလုံးစုံကိုထူးသောဉာဏ်ဖြင့်သိ၍ ပိုင်းခြားမှတ်သားတော်မူပြီးလျှင်သာသနာတော်၌မွေ့လျော်ကုန်သောတပည့်သာဝကတို့အား-

"ရဟန်းတို့. . . မာရ်နတ်စစ်သည်တို့သည် ရှေ့ရှုချီတက်လာကုန်၏၊ ထိုစစ်သည်တို့ကိုသိကုန်လော့" ဟုမိန့်တော်မူသည်။

www.dhammaransi.com



ရဟန်းတို့သည် ဗုဒ္ဓ၏စကားကိုကြား၍ မာရ်နတ်စစ်သည်များကိုသိအောင်အားထုတ်ကြသည်၊ မာရ်နတ်စစ်သည်များသည် ရဟန္တာတို့၏မွေးညင်းကိုမျှလည်း မလှုပ်ရှားစေနိုင်သည်ဖြစ်၍ ဖယ်ခွာသွားကြရလေသည်။

ထိုအခါ မာရ်နတ်သည် ရဟန်းသံဃာကိုအာရုံပြု၍-

"စစ်ပွဲကိုအောင်မြင်ပြီးကုန်သော၊ ကြောက်ရွံ့ခြင်းကင်းပြီးကုန်သော၊ ကျော်စောခြင်းရှိကုန်သောလူအပေါင်း၌ထင်ရှားကုန်သော ထိုသာဝကအားလုံးတို့သည် အရိယာတို့နှင့်အတူဝမ်းမြောက်ကုန်၏"

မဟာသမယသုတ်ကိုဟောပြောပြီးသော် နတ်ပြဟ္မာတို့၏စိတ်နှလုံးသည် ခန့်ကျန်းနူးညံ့သွားသည်၊ မဟာသမယသုတ်ဒေသနာအဆုံး၌ နတ်ပြဟ္မာကုဋေတစ်သိန်း အရဟတ္တဖိုလ်သို့ဆိုက်ရောက်ပြီး သောတာပန်အရိယာစသည့် အရိယာတို့၏အရေအတွက်ကား ပိုင်း၍မရလောက်အောင်များလှပေသည်။

## သတ္တဝါနှင့်စရိုက်ကိုကြည့်ရှုခြင်း

ဗုဒ္ဓဟူသည် အလွန်ကြီးမြတ်သောပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီးဖြစ်သည်၊ နတ်နှင့်တကွသောလူအပေါင်းတို့မြင်အပ်၊ ကြားအပ်၊ နံအပ်၊ လျက်အပ်၊ ထိအပ်၊ သိအပ်သောအာရုံခြောက်ပါးတို့အနက် ဗုဒ္ဓ၏ဉာဏ်ဝယ်မထင်နိုင်သောအာရုံဟူ၍ တစ်စိုးတစ်စိမျှမရှိချေ။

www.dhammaransi.com



ဤသို့လျှင် ခပ်သိမ်းသောအာရုံ၌ အပိတ်အပင်အတား မရှိ၊ ထိုးထွင်းသိမြင်သောဉာဏ်ပညာရှင်ဖြစ်သောဗုဒ္ဓသည် ထိုမျှ စကြာဝဠာတိုက်အပြည့် စည်းဝေးရောက်လာသော နတ်ဗြဟ္မာ တို့ကို-

- ကျွတ်ထိုက်သူ
- မကျွတ်ထိုက်သူ

ဟူ၍ ဉာဏ်တော်ဖြင့်ခွဲဝေစုပုံပြုတော်မူပြီးလျှင် မကျွတ်ထိုက်သူ တို့ကိုပယ်ရှား၍ ကျွတ်ထိုက်သူတို့ကိုသာ ဉာဏ်တော်ဖြင့်သိမ်း ဆည်းယူငင်တော်မူပြီးနောက် ကျွတ်ထိုက်သူနတ်ဗြဟ္မာတို့တွင် လည်း-

- ဤမျှသောနတ်၊ ဗြဟ္မာတို့သည် ရာဂစရိုက်ထူပြောသူ တို့ဖြစ်သည်
- ဤမျှသောနတ်၊ ဗြဟ္မာတို့သည် ဒေါသစရိုက်ထူပြော သူတို့ဖြစ်သည်
- ဤမျှသောနတ်၊ ဗြဟ္မာတို့သည် မောဟစရိုက်ထူပြော သူတို့ဖြစ်သည်
- ဤမျှသောနတ်၊ ဗြဟ္မာတို့သည် ဝိတက်စရိုက်ထူပြော သူတို့ဖြစ်သည်
- ဤမျှသောနတ်၊ ဗြဟ္မာတို့သည် သဒ္ဓါစရိုက်ထူပြော သူတို့ဖြစ်သည်
- ဤမျှသောနတ်၊ ဗြဟ္မာတို့သည် ပညာ(ဗုဒ္ဓိ)စရိုက် ထူပြောသူတို့ဖြစ်သည်

www.dhammaransi.com



ဤသို့လျှင် စရိုက်တူရာစုပေါင်း၍ ခြောက်ပုံခြောက်စု ဉာဏ်တော်ဖြင့်ခွဲဝေမူပြုတော်မူသည်။

ထိုသို့ခွဲဝေပြီးလျှင် ခြောက်ပုံခြောက်စုပြုပြီးသော နတ်ဗြဟ္မာပရိသတ်ကို-

၁။ အတ္တဇ္ဈာသယသုတ္တနိက္ခေပ
-ကိုယ်တော်မြတ်၏အလိုတော်အတိုင်းတရားဟောခြင်း

၂။ ပရဇ္ဈာသယသုတ္တနိက္ခေပ
-တရားနာမည့်သူပုဂ္ဂိုလ်၏အလိုတော်အတိုင်း တရားဟောခြင်း

၃။ အဋ္ဌုပ္ပတ္တိကသုတ္တနိက္ခေပ
-ဖြစ်ပေါ်လာသောဝတ္ထုကြောင်းတစ်ခုခုကိုစွဲ၍ တရားဟောခြင်း

၄။ ပုစ္ဆာဝသိကသုတ္တနိက္ခေပ
-သူတစ်ပါးအမေးပုစ္ဆာပြဿနာနှင့်စပ်၍တရားဟောခြင်း

ဟူသော (သုတ္တနိက္ခေပ)တရားဟောခြင်းလေးမျိုးရှိသည့်အနက် ထိုနတ်ဗြဟ္မာပရိသတ်တို့ကို မည်သည့်နည်းဖြင့်ဟောကြားလျှင် သိမည်လော ဟုနှလုံးသွင်းဆင်ခြင်တော်မူလေသည်။

"ဤနတ်ဗြဟ္မာပရိသတ်သည် ပုစ္ဆာဝသိကတရားဟောခြင်းဖြင့်ဟောကြားမှသာ သစ္စာလေးပါးတရားကိုသိမြင်ကျွတ်တမ်းဝင်လိမ့်မည်"
ဟူ၍သိတော်မူသည်။

www.dhammaransi.com



"နတ်ဗြဟ္မာတို့၏အလိုဆန္ဒ အဇ္ဈာသယကိုရယူကာ စရိုက်နှင့်လိုက်လျော်အောင် ပြဿနာကိုမေးနိုင်သူတစ်ဦးတစ်ယောက်မျှရှိလေ၏လော"

ဟုဆင်ခြင်တော်မူလတ်သော် ရဟန်းငါးရာတို့အနက် တစ်ပါးမျှလည်းမစွမ်းနိုင် ဟုသိမြင်တော်မူသည်။

"မဟာသာဝကရှစ်ဆယ်၊ အဂ္ဂသာဝကနှစ်ပါးတို့ကိုမေးနိုင်ကြလိမ့်မည်လော"

ဟု နှလုံးသွင်းဆင်ခြင်တော်မူပြန်သောအခါ-

"ထိုမဟာသာဝက၊ အဂ္ဂသာဝကတို့လည်းမစွမ်းနိုင်ချေ"

ဟုမြင်တော်မူသည်။

"အကယ်၍ ပစ္စေကဗုဒ္ဓါတစ်ဆူဆူရှိခဲ့လျှင် ထိုပစ္စေကဗုဒ္ဓါသည်ပေးနိုင်လိမ့်မည်လော"

ဟု ကြံစည်ဆင်ခြင်တော်မူပြန်လေသည်။

"ပစ္စေကဗုဒ္ဓါလည်းမစွမ်းနိုင်"

ဟု သိတော်မူပြန်သည်။

ထို့နောက် သိကြားမင်း၊ သုယာမနတ်မင်းတို့တွင် တစ်ဦးဦးများစွမ်းဆောင်နိုင်မည်လား ဟု စဉ်းစားဆင်ခြင်ကြည့်သော်လည်း ထိုပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မျှ မစွမ်းနိုင်သည်ကိုသိမြင်တော်မူသည်။

"ငါသို့သောဘုရားရှင်သည်သာလျှင် ထိုနတ်ဗြဟ္မာတို့၏အဇ္ဈာသယကိုရယူကာ စရိုက်နှင့်လိုက်လျော်အောင် အမေးပုစ္ဆာပြဿနာကိုမေးမြန်းခြင်းငှာစွမ်းနိုင်ရာ၏၊ တစ်စုံတစ်ခုသော

www.dhammaransi.com



လောကဓာတ်၌ ငါဘုရားမှတစ်ပါးအခြားသောအဆူဆူသည် ရှိလေသလော"
ဟု အနန္တလောကဓာတ်တို့၌ အနန္တဉာဏ်တော်ကိုဖြန့်၍ကြည့်ရှု တော်မူလတ်သော် မိမိမှတစ်ပါးအခြားဘုရားတစ်ဆူမျှမရှိသည် ကိုတွေ့မြင်တော်မူလေသည်။

## နိမ္မိတ(ဖန်ဆင်းရှင်)ဘုရားကိုဖန်ဆင်းတော်မူခြင်း

"အကယ်၍ ငါဘုရားကိုယ်တိုင်ပင်မေးပြီး ငါဘုရားကိုယ် တိုင်ပင်ဖြေခဲ့သော် ဤနတ်ဗြဟ္မာအပေါင်းတို့သည် ထိုးထွင်း သိမြင်နိုင်ကြမည်မဟုတ်ချေ၊ အမှန်စင်စစ် အခြားဘုရားတစ်ဆူ ကမေး၍ ငါဘုရားကဖြေကြားမှသာလျှင် အံ့သြဖွယ်လည်းဖြစ် လိမ့်မည်၊ နတ်ဗြဟ္မာအပေါင်းတို့လည်း ထိုးထွင်းသိမြင်နိုင်ကြ လိမ့်မည်၊ သို့ဖြစ်၍ ငါဘုရားသည် နိမ္မိတရုပ်ပွားဘုရားတစ်ဆူကို ဖန်ဆင်းပေအံ့"
ဟု ကြံစည်ဆုံးဖြတ်တော်မူသည်။

ထို့နောက် အသိဉာဏ်၏အခြေပါဒဖြစ်သော ရူပါဝစရ (ကြိယာ)စတုတ္ထစျာန်ကိုဝင်စားတော်မူ၍ ထိုစျာန်မှထပြီးသော်-

"သပိတ်သင်္ကန်းကိုင်ယူပုံ၊ တူရှုကြည့်ပုံ၊ စောင်းငဲ့ကြည့်ပုံ၊ ကွေးပုံ၊ ဆန့်ပုံ၊ အလုံးစုံပင် ငါဘုရားနှင့်တစ်သားတည်းတူညီသော နိမ္မိတရုပ်ပွားအခြားဘုရားတစ်ဆူဖြစ်စေသတည်း"
ဟု မဟာကြိယာဉာဏသမ္ပယုတ်၏အဓိဋ္ဌာန်ဇောဝီထိစိတ်တို့ဖြင့် ပရိကံပြုပြီးလျှင် အရှေ့ယုဂန္ဓိုရ်တောင်ထိပ်ပြင်မှထွန်းတည်ထွက်

www.dhammaransi.com



လာသောလပြည့်ဝန်းကိုဖောက်ခွဲလျက် ထွက်ပေါ်လာသကဲ့သို့ ရူပါဝစရကြိယာစတုတ္ထစျာန်အဘိညာဏ်စျာန်စိတ်တော်ဖြင့် နိမ္မိတ ရုပ်ပွားအခြားဘုရားတစ်ဆူကိုဖန်ဆင်းတော်မူလေသည်။

နတ်ဗြဟ္မာအပေါင်းသည် ထိုနိမ္မိတဘုရား ရုပ်ပွားတော် ကိုမြင်ကြသော်-

"အို-အချင်းတို့. . . ပထမလမှတစ်ပါး အခြားလဝန်း ကြီးတစ်ခုထွက်ပေါ်လာပြန်လေပြီတကား"

ဟု အံ့သြပြောဆိုကြလေသည်။

ထို့နောက် နိမ္မိတရုပ်ပွားဘုရားရှင်သည် လဗိမာန်ကို စွန့်ထားခဲ့၍ တဖြည်းဖြည်းနတ်ဗြဟ္မာပရိသတ်အနီးသို့နီးကပ်လာ သော်-

"အချင်းတို့. . . လဗိမာန်မဟုတ်၊ နေဝန်းကြီးတက် ထွန်းလာလေပြီ"

ဟုပြောဆိုကြသည်၊ တစ်ဖန် ရှေးကထက်ပိုနီးလာသော်-

"အချင်းတို့. . . နေဝန်းကြီးမဟုတ်၊ နတ်ဗိမာန်ကြီး တစ်ခုဖြစ်သည်"

ဟုပြောဆိုကြပြန်သည်၊ နီးသည်ထက်ပို၍နီးလာသော်-

"အချင်းတို့. . . နတ်ဗိမာန်ကြီးလည်းမဟုတ်၊ နတ်သား တစ်ယောက်ဖြစ်သည်"

ဟု ပြောကြပြန်သည်၊ တစ်ဖန် ရှေးကထက်ပိုနီးလာသော်-

"အချင်းတို့. . . နတ်သားမဟုတ်၊ မဟာဗြဟ္မာကြီးတစ် ဦးဖြစ်သည်" ဟု ပြောကြပြန်သည်၊ ပို၍နီးလာသော်-

www.dhammaransi.com



"အချင်းတို့. . . မဟာဗြဟ္မာကြီးလည်းမဟုတ်၊ အခြားတစ်ပါးသောဘုရားတစ်ဆူကြွလာတော်မူလေပြီ"
ဟုပြောဆိုကြလေသည်။

"အချင်းတို့. . . ဘုရားတစ်ဆူအတွက် ဤမျှများပြားသောစကြာဝဠာအပြည့် နတ်ဗြဟ္မာတို့အစည်းအဝေးဖြစ်နေလျှင် နှစ်ဆူသောဘုရားရှင်တို့အတွက်ကား အဘယ်မျှများပြားလိမ့်မည်ကို မခန့်မှန်းနိုင်လောက်အောင်ပင်ရှိချေတော့၏"
ဟု ပုထုဇဉ်နတ်ဗြဟ္မာတို့က ကြံစည်စဉ်းစားကြကုန်သည်။

"လောကဓာတ်၌ဘုရားနှစ်ဆူပွင့်မြဲမဟုတ်ပါချေ၊ ကေန်ပင် မြတ်စွာဘုရားသည် ကိုယ်တော်မြတ်နှင့်တူသော အခြားနိမ္မိတဘုရားတစ်ဆူကိုဖန်ဆင်းတော်မူအပ်လေပြီ"
ဟု အရိယာနတ်ဗြဟ္မာတို့က ကြံစည်မိကြလေသည်။

ထို့နောက်မှ နိမ္မိတဘုရားရှင်သည် ထိုနတ်ဗြဟ္မာအပေါင်းတို့ကြည့်ရှုနေစဉ်မှာပင် ဘုရားရှင်ကိုယ်တော်မြတ်အနီးသို့ကြွရောက်တော်မူ၍ ဘုရားရှင်ကိုရှိမခိုးဘဲ မျက်နှာချင်းဆိုင်အရပ်၌ အညီအမျှဖန်ဆင်းအပ်သောနေရာတော်ဝယ် ထိုင်နေတော်မူလေသည်။

ထိုဘုရားရှင်နှစ်ဆူတို့မှ ထွက်ပေါ်လာသောရောင်ခြည်တော်(၆)သွယ်တို့သည် အကနိဋ္ဌဗြဟ္မာဘုံတိုင်အောင်ထိခိုက်ရောက်ပြီးလျှင် နတ်ဗြဟ္မာတို့၏ဦးခေါင်းစွန်း၌ ထိခိုက်သက်ဆင်းပြီးလျှင် စကြာဝဠာတိုက်အနားရေး၌တည်ကြသည်။

စကြာဝဠာတိုက်ကြီးတစ်ခုလုံးသည် ရွှေစင်အတိပြီးသောကွေးညွတ်သောအချင်ယနယ်တို့ဖြင့် မြေးယှက်အပ်သောစေတီ

www.dhammaransi.com



အိမ်ကဲ့သို့ တင့်တယ်လျက်ရှိနေပေသည်၊ စကြာဝဠာတိုက်တစ်သောင်း၌နေထိုင်ကြသောနတ်ဗြဟ္မာတို့သည် နှစ်ဆူသောဘုရားရှင်တို့၏ရောင်ခြည်တော်တိုက်ခန်းအတွင်းဝယ်နေရဘိသကဲ့သို့ ရှိလေသည်။

ထို့နောက် မြတ်စွာဘုရားသည် နတ်ဗြဟ္မာတို့အား သင့်လျော်လျောက်ပတ်မည့်တရားဒေသနာကိုစူးစမ်းဆင်ခြင်လတ်သော်. . .

- ရာဂစရိုက်များသောနတ်ဗြဟ္မာတို့အား သမ္မာပရိဗ္ဗာဇနိယသုတ္တန်
- ဒေါသစရိုက်များသောနတ်ဗြဟ္မာတို့အား ကလဟဝိဝါဒသုတ္တန်
- မောဟစရိုက်များသောနတ်ဗြဟ္မာတို့အား မဟာဗျူဟသုတ္တန်
- ဝိတက်စရိုက်များသောနတ်ဗြဟ္မာတို့အား စူဠဗျူဟသုတ္တန်
- သဒ္ဓါစရိုက်များသောနတ်ဗြဟ္မာတို့အား တုဝဋ္ဋကပဋိပဒါသုတ္တန်
- ပညာစရိုက်များသောနတ်ဗြဟ္မာတို့အား ပုရာဘေဒသုတ္တန်

တို့ကိုဟောကြားရန် ဉာဏ်တော်ဖြင့်ဆုံးဖြတ်တော်မူလေသည်။

www.dhammaransi.com

# အ ခန်း ( ၂ )

## ဧရိုက်အားလျော်သောသုတ်တော်များ

### သမ္မာပရိဗ္ဗာဇနိယသုတ်

သမ္မာ=ကောင်း+ပရိဗ္ဗာဇနိယ (ပရိ+ဝဇ+အနိယ)
-အလုံးစုံစွန့်ပစ်ထွက်ခွာသွား၍ကျင့်ခြင်း။
-သုတ္တ=ဟောတော်မူသောစကားတော်အစဉ်
(အိမ်ရာထောင်သောလူ့ဘောင်မှစွန့်ခွာထွက်ခွာသွားသည့်ပုဂ္ဂိုလ်တို့ကျင့်အပ်သောအကျင့်ကို ဟောပြတော်မူသောသုတ်)

ဗုဒ္ဓသည် ဤသုတ်ကိုတပ်မက်မှုရာဂဧရိုက်များသောနတ်ပြဟ္မာတို့ကျွတ်တမ်းဝင်ရန်အတွက် ဟောကြားခြင်းဖြစ်သည်။

၁။ နိမ္မိတဘုရားမေး -အရှင်ဘုရား၊ အိမ်ရာတည်ထောင်သည့်လူ့ဘောင်မှထွက်ခွာသွားသော ရဟန်းတို့

www.dhammaransi.com



သည် လောကကြီးအပေါ်၌ ကပ်ငြိတွယ်တာခြင်းမရှိအောင် မည်သို့ကျင့်ရပါမည်နည်းဘုရား။

၂။ ဘုရားရှင်ဖြေ -အကြင်ရဟန်းသည် ဒိဋ္ဌသုတစသောမင်္ဂလာကိုလည်းကောင်း၊ ဥပ္ပါတကျမ်း၊ နိမိတ်ကျမ်း၊ လက္ခဏာကျမ်းတို့၌ ယုံကြည်ခြင်းတို့ကိုလည်းကောင်း အကြွင်းမဲ့နှုတ်အပ်ပြီး ထိုရဟန်းသည် လောကနှင့်မလိမ်းကျံဘဲကောင်းစွာနေနိုင်၏။

ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-နံနက်စောစော အိပ်ရာထခဏ၌ပျံသွားငှက်(မိုးစာငှက်)ကိုမြင်ရလျှင် ကောင်းသောမင်္ဂလာဖြစ်သည်၊ ဥသျှစ်ပင်ပျိုကိုလည်းကောင်း၊ ကိုယ်ဝန်ဆောင်မိန်းမကိုလည်းကောင်း၊ တန်ဆာဆင်ထားသောတင့်တယ်သောကညာပျို၊ လုလင်ပျိုကိုလည်းကောင်း၊ ရေပြည့်အိုးကိုလည်းကောင်း၊ စိုစွတ်လတ်ဆတ်သောငါးကြင်းကိုလည်းကောင်း၊ အာဇာနည်မြင်းကိုလည်းကောင်း၊ အာဇာနည်မြင်းကသောရထားကိုလည်းကောင်း၊ နွားလားဥသဘကိုလည်းကောင်း၊ နို့ညှစ်နွားမကိုလည်းကောင်း၊ နွားကြောင်ကိုလည်းကောင်း' ထိုမှတစ်ပါးနှစ်သက်ဖွယ်ရူပါရုံကိုလည်းကောင်း တွေ့မြင်ရလျှင်ကောင်းသောမင်္ဂလာဖြစ်၏ဟု ဒိဋ္ဌမင်္ဂလာတို့ကိုယုံကြည်ခြင်းမှကင်းခြင်း။

www.dhammaransi.com



-နံနက်စောစောအိပ်ရာထခဏ ကျီးသာသံကြားရလျှင် ကြီးပွား၏၊ တိုးတက်၏၊ သာယာသောအသံကိုကြားရလျှင် ပြည့်ပြည့်ဖြိုးဖြိုးဖြစ်တတ်၏၊ နံနက်စောစော ကလေးရယ်သံကြားလျှင်မင်္ဂလာရှိ၏ စသောအသံတို့ကို ကြားရလျှင် ကောင်းသောမင်္ဂလာဖြစ်၏ ဟု သုတမင်္ဂလာကိုယုံကြည်ခြင်းမှကင်း၏။

-နံနက်စောစောအိပ်ရာထကာလ၌ ပဒုမ္မာကြာပန်းနံ့ အစရှိသောပန်းနံ့ကိုရှူရလျှင်လည်းကောင်း၊ နူးညံ့သောဒန်ပူကိုခံစားရ၍လည်းကောင်း၊ မြေကြီးစသည်ကို သုံးသပ်တွေ့ထိရလျှင်လည်းကောင်း ကောင်းသောမင်္ဂလာဖြစ်၏ ဟု သုတမင်္ဂလာကိုယုံကြည်ခြင်းမှကင်းခြင်း။

-ဥပါတ်ပျံခြင်း၊ တော်လဲခြင်း၊ လျှော်လှုပ်ခြင်းစသောတိတ်နိမိတ်ကြီးငယ်တို့ကြောင့် ထိုထိုတိုင်းပြည်ပျက်ခြင်း၊ ဒုဗ္ဘိက္ခန္တရ၊ သတ္တန္တရ၊ ရောဂန္တရကပ်ဆိုက်ခြင်းစသောအကျိုးမဲ့တို့ကိုဖြစ်ကုန်၏ ဟု မှတ်ထင်ယုံကြည်ခြင်း ဥပ္ပါတာဘိနိဝေသမှလည်းကင်း၏။

-ဤမည်သောအခါ၌မြင်မက်သောအိပ်မက်သည် ဤမည်သောအကျိုးအပြစ်ကိုဖြစ်စေ၏၊ ပက်လက်အိပ်နေစဉ်လည်းကောင်း၊ စောင်းအိပ်နေစဉ်လည်းကောင်း၊ မြင်မက်သောအိပ်မက်သည် ဤမည်သောအကျိုးအပြစ်ကိုဖြစ်စေ၏၊ နေဗိမာန်စသည်တို့ကိုမြင်မက်ခြင်း

www.dhammaransi.com



သည် ဤသို့သောအကျိုးအပြစ်ကိုဖြစ်စေ၏ ဟု မှတ်ထင်ယုံကြည်ခြင်း သုပိနာဘိနိဝေသမှကင်းခြင်း။

-ဤသို့အမှတ်ရှိသော ပတ္တမြားလက်နက်သည် ဤသို့သောအကျိုးအပြစ်ကိုဖြစ်စေ၏၊ ဤအဆစ်များသော ဒုက်သည် ဤအကျိုးအပြစ်ကိုဖြစ်စေ၏၊ ဤမည်သော အမှတ်လက္ခဏာရှိသော အဝတ်၊ အထည်၊ အသုံး အဆောင်စသည်တို့သည် ဤသို့သောအကျိုးအပြစ်ကို ဖြစ်စေသည် စသည်ဖြင့်ယုံကြည်ခြင်းလက္ခဏာ ဘိနိဝေသမှ ကင်းခြင်း။

ဤသို့လျှင် ကံကိုယုံကြည်ခြင်း၊ ကမ္မဿကတာသမ္မာ ဒိဋ္ဌိကိုလည်းကောင်း၊ အကျိုးအပြစ်ဖြစ်ခြင်း၏ရှေ့ပြေးပုဗ္ဗနိမိတ် ၏အဖြစ်ကိုလည်းကောင်း၊ အသင့်အားဖြင့်နှလုံးမသွင်းဘဲ ယင်း မင်္ဂလာစသည်တို့ကြောင့် အကျိုးအပြစ်များဖြစ်သည် ဟုမှားမှား ယွင်းယွင်းမှတ်ထင်ခြင်းတို့ကို အမြစ်ပြုတ်အကြွင်းမဲ့ပယ်နိုင်သော ပုဂ္ဂိုလ်သည် ဤလောကဒုက္ခဆင်းရဲကြီးကိုလွန်မြောက်နိုင်၏ ဟု ဗုဒ္ဓကဆိုလိုဟောလိုခြင်းဖြစ်ပါသည်။

၃။ အဖြေ(၂) -အကြွင်ရဟန်းသည် လူ၌ဖြစ်သောကာမဂုဏ် တို့၌လည်းကောင်း၊ နတ်၌ဖြစ်သော ကာမ ဂုဏ်တို့၌လည်းကောင်း၊ တပ်စွန်းမှုရာဂကို ပယ်ဖျောက်ရာ၏၊ ထိုရဟန်းသည် သစ္စာ တရားကိုဉာဏ်ဖြင့်သက်ဝင်လျက် ဘဝသုံးပါး မှလွန်မြောက်၍ လောဘနှင့်မလိမ်းကျံဘဲ ကောင်းစွာနေနိုင်၏။

www.dhammaransi.com



ဗုဒ္ဓ၏ဆိုလိုချက်မှာ-

-လူနတ်လောက၊ လူနတ်ဘဝ၊ လူနတ်စည်းစိမ်ကို တောင့်တလိုချင်သောကာမတဏှာကြောင့် လူနတ်လောက၊ လူနတ်ဘဝကိုမကျော်လွှန်နိုင်ဘဲ လူနတ်လောက၌တပြောင်းပြန်ပြန်ပြီး ကျင်လည်ရသည်။

-ထိုကာမတဏှာကို အနာဂါမိမဂ်ဖြင့် ပယ်နိုင်သောသူသည် လူနတ်လောက၊ လူနတ်ဘဝကိုကျော်လွှန်နိုင်သည်။

-ရူပလောက၊ အရူပလောကဟူသောဗြဟ္မာစည်းစိမ်ကို လိုချင်တောင့်တသောဘဝတဏှာကြောင့် ထိုလောက၊ ဘဝကို မကျော်လွှန်နိုင်ဘဲ ထိုလောကဘဝ၌ကျင်လည်ကြရသည်၊ ထိုဘဝ တဏှာကိုအရဟတ္တမဂ်ဖြင့်ပယ်နိုင်သူသည် ရူပ၊အရူပဘဝနှစ်ပါးကိုကျော်လွှန်နိုင်ပါသည်။

-ထို့ကြောင့် ဘဝသုံးပါးကိုကျော်လွှန်နိုင်ခြင်းငှာ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာကိုပယ်စွန့်၍ သစ္စာလေးပါးကို ပိုင်းခြားသိပြီး အရဟတ္တမဂ်သို့ရောက်အောင်ကျင့်သောသူသည် လောကကြီးနှင့်မငြိမကပ် မစပ်ယှက်ဘဲ လောကသုံးပါးမှလွှန်မြောက်နိုင်သည်ဟု ဗုဒ္ဓကဟောလိုခြင်းဖြစ်ပါသည်။

၄။ အဖြေ(၃) -အကြင်ရဟန်းသည် ဂုံးတိုက်ခြင်းတို့ကိုကျော ခိုင်း၍ အမျက်ထွက်ခြင်း၊ ဝန်တိုခြင်းကို ပယ်စွန့်ရာ၏၊ ထိုရဟန်းသည် နှစ်သက်ဖွယ်

www.dhammaransi.com



ရာအာရုံမနှစ်သက်ဖွယ်ရာအာရုံတို့၌ ရာဂ၊
ဒေါသကိုပယ်စွန့်ပြီး၍ လောကနှင့်မလိမ်းကျံ
ဘဲကောင်းစွာနေနိုင်၏။

ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-သူတို့အချင်းချင်းချစ်နေခြင်းမှ ကင်းဆိတ်ပျောက်
အောင်ပြုတတ်သောဂုံးတိုက်မှုသည် ပေသုဏ္ဏမည်၏။

-ရန်ငြိုးမပြေနိုင်ဘဲ လွန်ကဲစွာရန်ငြိုးဖွဲ့ခြင်းသည် အတိ
ကောဓမည်၏၊ ထိုဂုံးတိုက်မှုနှင့်ရန်ငြိုးဖွဲ့မှုကိုအရေးမပြု၊
ဂရုမထား၊ ကျောခိုင်းလျက်နေသောရဟန်းသည်
လည်းကောင်း၊

-စက်ဆုပ်ရွံမုန်းအပ်သောသတ္တဝါဟူသောဝန်တိုစေးနဲ
သူသည် ကဒရိယမည်၏၊
(ကဲ့ရဲ့လောက်အောင် အလွန်ဝန်တိုစေးနဲသူဖြစ်သည်)

-ထိုဝန်တိုစေးနဲသူကိုသောတာပတ္တိမဂ်ဖြင့်ပယ်စွန့်နိုင်
သောရဟန်းသည်လည်းကောင်း၊

-ဘာဝနာအဆင့်ဆင့်အားဖြင့် အနာဂါမ်၊ ရဟန္တာအဖြစ်
သို့ရောက်၍ ချစ်ခင်တွယ်တာမှုတဏှာ(အနုရောဓ)
ကိုလည်းကောင်း၊

-အာရုံနှင့်မတွေ့ချင်၊ ဆန့်ကျင်မှုဒေါသကိုလည်းကောင်း၊
အကြွင်းမဲ့ပယ်စွန့်နိုင်မှု (ဝိရောဓ)ကိုလည်းကောင်း
ကင်း၏။

www.dhammaransi.com



-ချစ်မှု၊ မုန်းမှုရှိသူသည် လောကကြီးနှင့်ငြိတွယ်ရော ယှက်ရစ်ပတ်လျက်နေသေးသည်မည်ပါသည်၊ အချစ်၊ အမုန်း၊ကင်းမှသာလျှင် လောကကြီးမှလွတ်မြောက်၏၊ အချစ်၊ အမုန်းကင်းကြောင်းအကျင့်ကား-

- ဂုံးတိုက်မှု
- ရန်ငြိုးမပြေမှု
- စေးနဲဝန်တိုမှု

ဤသုံးပါးကိုပယ်ရခြင်းဖြစ်၏၊ ဤသုံးပါးပယ်မှချစ်မှု၊ မုန်းမှုကင်း၏၊ ထိုသို့ကင်းမှလောကကြီးမှလွတ်မြောက်နိုင်သည် ဟု ဗုဒ္ဓက ဆိုလိုပါသည်။

၅။ အဖြေ(၄) -အကြင်ရဟန်းသည် ချစ်အပ်သောဝတ္ထုကိုလည်းကောင်း၊ မချစ်အပ်သောဝတ္ထုကိုလည်းကောင်းပယ်စွန့်၍ တစ်စုံတစ်ခုသောအာရုံ၌ စွဲလမ်းမှုမရှိမူ၍ သံယောဇဉ်၏အာရုံတရားတို့မှလွတ်မြောက်၏၊ ထိုရဟန်းသည် လောကနှင့် မလိမ်းကျံဘဲကောင်းစွာနေနိုင်၏။

ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-ဥပါဒါန်လေးပါး သို့မဟုတ် တဏှာဒိဋ္ဌိတို့ဖြင့် မြဲမြဲမြံမြံ ပြင်းထန်စွာ အာရုံကိုစွဲယူခြင်းမရှိလျှင်လည်းကောင်း၊ တစ်ရာ့ရှစ်ပါးသောတဏှာ၊ ခြောက်ဆယ်၊ နှစ်ပါးသော မိစ္ဆာဒိဋ္ဌိတို့ဖြင့် ရုပ်နာမ်ခန္ဓာတို့၌ ငါ့ဟာ၊ ငါ့ဥစ္စာ၊ ပုဂ္ဂိုလ် သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ ဟူ၍

www.dhammaransi.com



တပ်မက်ထင်မှားခြင်းအားဖြင့် မှီကပ်ရပ်တည်မှုမရှိလျှင်လည်းကောင်း၊ ချစ်အပ်၊ မုန်းအပ်သောသတ္တဝါသင်္ခါရတို့ကိုပယ်စွန့်ရာ၏။

(ဤ၌ချစ်တတ်သောဆန္ဒရာဂနှင့် မုန်းတတ်သောပဋိဃတို့ကိုပယ်စွန့်ခြင်းကိုပင်လျှင် ချစ်အပ်၊ မုန်းအပ်သောသတ္တဝါသင်္ခါရတို့ကို ပယ်စွန့်သည်ဟုဆိုပါသည်)

-ထိုဆန္ဒရာဂ၊ ပဋိဃတို့ကိုပယ်နိုင်သူသာလျှင် သံယောဇဉ်ဆယ်ပါးအစီးအပွားအာရုံတရားများဖြစ်သောလောကီရုပ်၊ နာမ်ခန္ဓာတို့မှကွင်းလုံးကျွတ်လွတ်နိုင်သည်၊ ဤသို့သံယောဇဉ်နှင့်တကွ သံယောဇဉ်တို့၏အာရုံမှကင်းလွတ်သူသည် လောကကြီးနှင့်မငြိမကင်းမစပ်မယှက်ကျော်တက်လွန်မြောက်နိုင်သည် ဟုဗုဒ္ဓကဆိုလိုဟောလိုခြင်းဖြစ်ပါသည်။

၆။ အဖြေ(၅) -အကြင်ရဟန်းသည် စွဲလမ်း၍ယူအပ်သောခန္ဓာတို့၌ ဆန္ဒရာဂကိုပယ်ဖျောက်၍ ခန္ဓာဟူသောဥပဓိတို့၌အနှစ်သာရဟုယူခြင်းသို့မရောက်၊ ထိုရဟန်းသည် တဏှာဒိဋ္ဌိကိုမမှီဘဲသူတစ်ပါးတို့မဆွဲဆောင်နိုင်သည်ဖြစ်ရာလောကနှင့်မလိမ်းကျံဘဲ ကောင်းစွာနေနိုင်၏။

ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-ခန္ဓာငါးပါးတို့၌လိုချင်တောင့်တမှု၊ တပ်စွမ်းစွဲငြိမှုကိုအရဟတ္တမဂ်ဖြင့်ပယ်ဖျောက်ပြီးသော ရဟန္တာပုဂ္ဂိုလ်

www.dhammaransi.com



သည် ဥပမိခေါ်သောခန္ဓာငါးပါးကို နိစ္စသာရ၊ သုခ
သာရ၊ အတ္တသာရ၊ သုဘသာရရှိသောတရားတို့ဟူ၍
ရှုမြင်မှတ်ထင်ခြင်းအလျှဉ်းမရှိပြီ၊ ထို့ကြောင့် ခန္ဓာ
လောကကြီး၌ တဏှာဒိဋ္ဌိဖြင့်မမှီမကပ်၊ မစပ်မတွယ်ဘဲ
ခန္ဓာလောကကြီးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊
အသုဘဟူ၍
ကိုယ်တိုင်တင်အပ်တွေ့မြင်ပြီးသည်မည်၏။

-ထိုခီဏာသဝပုဂ္ဂိုလ်သည် လောကကြီးအပေါ်၌
ကောင်း-ကောင်းကျင့်သည်မည်ပါ၏ ဟု ဗုဒ္ဓက
ဆိုလိုဟောလိုခြင်းဖြစ်ပါသည်။

၇။ အဖြေ(၆) -အကြွင်ရဟန်းသည် နှုတ်ဖြင့်လည်းကောင်း၊
စိတ်ဖြင့်လည်းကောင်း၊ ကိုယ်ဖြင့်လည်း
ကောင်း၊ သုစရိုက်တရားတို့နှင့်မဆန့်ကျင
မှု၍ သစ္စာလေးပါးတရားကိုကောင်းစွာသိပြီး
လျှင် ဤခန္ဓပရိနိဗ္ဗာန်ကိုလိုလားတောင့်တနေ
သူဖြစ်၍ ထိုရဟန်းသည် လောဘနှင့်
မလိမ်းကျံဘဲ ကောင်းစွာ နေနိုင်၏။

**ဗုဒ္ဓ၏ဆိုလိုချက်မှာ-**

-ဒုစရိုက်ကံတို့ကိုရှောင်ကြဉ်၍ ကာယသုစရိုက်၊ ဝစီသု
စရိုက်၊ မနောသုစရိုက်ဟူသော သုံးပါးသောသုစရိုက်
အမှုတို့၌မွေ့လျော်နေလျက် သုစရိုက်တို့ကိုသာမပြတ်
ပြုနေပြီး သစ္စာလေးပါးကိုပိုင်းခြားသိမြင်နိုင်အောင်

www.dhammaransi.com



စတုသစ္စာဘာဝနာဝိပဿနာကို စီးဖြန်းပွားများစေလျက် အရိယာမဂ်လေးပါးသို့ဆိုက်ရောက်ပြီးလျှင် လောက ခေါ်သောတရားသုံးပါးကိုမတောင့်တဘဲ နာမ်ရုပ်ခန္ဓာ တို့အကြွင်းမဲ့ချုပ်ငြိမ်းရာခန္ဓပရိနိဗ္ဗာန်စံရေးကိုသာ တောင့်တသောရဟန်းသည် လောကခေါ်သောဘဝ သုံးပါးကိုလွန်မြောက်လျက် လောကကြီးနှင့်မစပ် မယှက်မူ၍ လောကကြီးမှထွက်မြောက်သည် ဟု ဗုဒ္ဓကဆိုလိုပါသည်။

အဖြေ(၇) -အကြင်ရဟန်းသည် ငါ့ကို ငါ့ကိုရှိခိုး၏ဟူ၍ လည်းစိတ်မတက်ကြွရာ၊ ဆဲဆိုသော်လည်း ရန်ငြိုးမဖွဲ့ရာ၊ သူတစ်ပါးတို့ပေးလှူအပ်သော ဘောဇဉ်ကိုရ၍လည်း မာန်မယစ်ရာ၊ ထိုရဟန်းသည် လောဘနှင့်မလိမ်းကျံဘဲ ကောင်းစွာနေနိုင်၏။

**ဗုဒ္ဓ၏ဆိုလိုချက်မှာ–**

-လူအပေါင်းသည် ငါ့ကိုရိုသေမြတ်နိုးရှိခိုးကြ၏ ဟူ၍ သက္တာရသိလောကကိုမှီသော ပသံသလောကဓံ ကြောင့် စိတ်ကြီးဝင်ကာမမောက်မမာရာ၊ ဝမ်းမမြောက် ရာ၊ အက္ကောသဝတ္ထုခေါ်သောဆဲရေးကြောင်း(၁၀)မျိုး ဖြင့်ဆဲရေးတိုင်းထွာလာပြန်သော်လည်း နိန္ဒာလောကဓံ ကြောင့် ဖောက်ပြန်တုန်လှုပ်ခြင်းမရှိဘဲ အမျက်မထွက်၊ ရန်ငြိုးမဖွဲ့ရာ။

www.dhammaransi.com



-သူတစ်ပါးတို့ပေးလှူအပ်သောဘောဇဉ်စသောပစ္စည်းလေးပါးကိုအလွယ်တကူရသောခဏ၊ မောဟလောကဓံကြောင့် မတုန်လှုပ်မူ၍ တဏှာမာန၏အစွမ်းအားဖြင့်မယစ်မူးရာ။

-လာဘ်မရခြင်း၊ အလာဘ၊ လောကဓံကျော်စောခြင်း၊ ယသလောကဓံ၊ ကျော်စောမှုခြင်း၊ အယသလောကဓံ ချမ်းသာခြင်း၊-သုခလောကဓံ၊ ဆင်းရဲခြင်း-ဒုက္ခလောကဓံတို့ကြောင့်လည်း ဖောက်ပြန်တုန်လှုပ်ခြင်းမရှိရာ။

-ထိုလောကဓံတရားတို့ကြောင့် မတုန်လှုပ်သောရဟန်းသည် လောကကြီးနှင့်မစပ်မူ၍ လောကမှလွန်မြောက်နိုင်၏ ဟုဗုဒ္ဓကဆိုလိုပါသည်။

၉။ အဖြေ(ဂ) -အကြင်ရဟန်းသည် ဝိသမလောကကိုလည်းကောင်း၊ ဘဝသုံးပါးကိုလည်းကောင်း ပယ်စွန့်၍ သတ်ဖြတ်ခြင်း၊ နှောင်ဖွဲ့ခြင်းမှလည်းရှောင်ကြဉ်၏၊ ထိုရဟန်းသည် ယုံမှားခြင်းကိုကူးမြောက်ပြီးသူ၊ ရာဂစသောမြှားငြောင့်ကင်းပြီးသူဖြစ်၍ လောဘနှင့်မလိမ်းကျံဘဲ ကောင်းစွာနေနိုင်၏။

-တပ်မက်ခြင်းငှာမသင့်လျော်သောအရာ၌တပ်မက်ခြင်းသည် အဓမ္မရာဂမည်ပါ၏၊ လိုချင်တပ်မက်ခြင်းငှာသင့်လျော်သောအရာ၌သော်လည်း လောကရိုးရာနှင့်မညီမမျှပမာဏကိုကျော်လွန်၍တပ်မက်ခြင်းသည် ဝိသမလောဘမည်ပါ၏။

www.dhammaransi.com



-ယင်းအဓမ္မရာဂနှင့်ဝိသမာလောဘကိုလည်းကောင်း၊ ဘဝတို့၌တပ်မက်သောဘဝတဏှာကိုလည်းကောင်း၊ အရဟတ္တမဂ်ဖြင့်ပယ်စွန့်ပြီးသောသူသည် တစ်ပါးသောသတ္တဝါတို့ကိုသတ်ဖြတ်နှောင်ဖွဲ့ခြင်းဟူသော ဒုစရိုက်အကျင့်မှကင်းသည်ဖြစ်၍ မဂ်အဆင့်ဆင့်အားဖြင့် ယုံမှားခြင်းဝိစိကိစ္ဆာစသောကိလေသာ ဆူးငြောင့်မနှောက်ယှက်ဘဲ လောကကြီးမှလွတ်မြောက်နိုင်သည် ဟု ဗုဒ္ဓကဆိုလိုခြင်းဖြစ်ပါသည်။

၁၀။ အဖြေ(၉) -အကြင်ရဟန်းသည် မိမိအားလျှောက်ပတ်သောအကျင့်ကိုသိ၍လည်းကောင်း၊ သစ္စာလေးပါးတရားကို ဟုတ်တိုင်းမှန်စွာသိ၍လည်းကောင်း၊ လောက၌တစ်စုံတစ်ယောက်ကိုမျှမညှင်းဆဲ၊ ထိုရဟန်းသည် လောဘနှင့်မလိမ်းကျံဘဲ ကောင်းစွာ နေနိုင်၏။

ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-ရဟန်းတို့အားလျော်သောအကျင့်ဟူသည် ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြိယသံဝရသီလ၊ အာဇီဝပါရိသုဒ္ဓိသီလ၊ ပစ္စယသန္နိဿိတသီလ ဟူသောသီလ(၄)ပါးသာ ဖြစ်ပါသည်၊ ယင်းသီလလေးပါးအကျင့်တရားကို မကျိုးမပေါက်အောင် စောင့်ရှောက်ရပ်တည်ခြင်းကို သိသည် ဟုဆိုပါသည်။

-သိသည်ဆိုရာဝယ် စိတ်ဖြင့်သိခြင်းကိုဆိုလိုသည်

www.dhammaransi.com



မဟုတ်ပါ၊ ရဟန်းသည် သီလဝိသုဒ္ဓိကိုဖြစ်စေလျက် စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိစသော ဝိသုဒ္ဓိ(၆)ပါးကို အဆင့်ဆင့်ပွားကာ ဘာဝနာအထွဋ်သို့ရောက်သဖြင့် မဂ်ပေါက် ဖိုလ်ဝင်ဖြစ်သောထိုရဟန်းသည် ဝိဟိံသဗျာပါဒဒေါသကိလေသာအစွမ်းဖြင့် လောကသားတို့နှင့်ထွေးယှက်ရောစပ် မငြိကပ်တော့ဟု ဗုဒ္ဓကဆိုလိုခြင်းဖြစ်ပါသည်။

၁၁။ အဖြေ(၁၀) -အကြင်ရဟန်းအား အနုသယတို့သည် တစ်စုံတစ်ရာမျှမရှိကုန်၊ အကုသိုလ်အမြစ်အရင်းတို့ကိုလည်း ကောင်းစွာပယ်နုတ်အပ်၏၊ ထိုရဟန်းသည် တဏှာကင်းသူ၊ တောင့်တခြင်းမရှိသူဖြစ်၍ လောကနှင့်မလိမ်းကျံဘဲ ကောင်းစွာနေနိုင်၏။

ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-ကာမရာဂါနုသယ၊ ဘဝါရာဂါနုသယ၊ ပဋိဃာနုသယ၊ အဝိဇ္ဇာနုသယ၊ မာနာနုသယ၊ ဒိဋ္ဌာနုသယ၊ ဝိစိကိစ္ဆာနုသယဟူသောအနုသယ(၇)ပါးကင်းပြီးသော ခီဏာသဝရဟန်းသည် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏဟူသော ခန္ဓာလောကစသည်တို့လိုချင်တောင့်တသောတဏှာကင်းပြီးဖြစ်၍ ခန္ဓာလောကကို မတောင့်တတော့ဘဲ ယင်းလောကမှလွတ်မြောက်လေ၏ ဟု ဗုဒ္ဓကဆိုလိုခြင်းဖြစ်ပါသည်။

www.dhammaransi.com



၁၂။ အဖြေ(၁၁) -အကြွင်ရဟန်းသည် အာသဝေါကုန်ခမ်းပြီးသူ၊ မာန်ကိုပယ်ပြီးသူ၊ ရာဂလမ်းကြောင်းအားလုံးကိုလွန်ပြီးသူ၊ ယဉ်ကျေးပြီးသူ၊ ကိလေသာမီးငြိမ်းလေပြီးသူ၊ မတုန်မလှုပ်တည်တံ့သောစိတ်ရှိသူဖြစ်၏၊ ထိုရဟန်းသည် လောကနှင့်မလိမ်းကျံဘဲ ကောင်းစွာနေနိုင်၏။

ဗုဒ္ဓ၏ဆိုလိုချက်မှာ--

-ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝဟူသော အာသဝေါတရားလေးပါးကုန်ပြီးသောရဟန်းသည် အာသဝတို့၏အာရုံဖြစ်သော တေဘူမ္မက၊ သာသဝဓမ္မတည်းဟူသောလောကနှင့်မကပ်ငြိ မစပ်ယှက်တော့၊ မြတ်သောသူအားဖြစ်သော သေယျမာန်၊ သဒိသမာန်၊ ဟီနမာန်သုံးပါးတူသူအားဖြစ်သော သေယျမာန်၊ သဒိသမာန်၊ ဟီနမာန်သုံးပါး၊ ယုတ်သူအားဖြစ်သော သေယျမာန်၊ သဒိသမာန်၊ ဟီနမာန်သုံးပါး၊ ဤမာန်(၉)ပါးကိုပယ်စွန့်ပြီးသောခီဏာသဝရဟန်းသည် မာန်၏စွဲမှီရာ သေယျ၊ ဟီန၊ သဒိသဖြစ်သော သတ္တလောကကြီး၏နှင့်မငြိမကပ် မရောစပ်တော့ပေ။

-ရာဂ၏အာရုံဖြစ်၍ ရာဂ၏သွားနေကျလမ်းကြောင်းသဖွယ်ဖြစ်သော တေဘူမ္မကတရားတို့ကိုပိုင်းခြား၍ သိခြင်း၊ ပယ်ခြင်းအားဖြင့်လွန်မြောက်ပြီးသောရဟန်းသည် ထိုတေဘူမ္မကလောကကြီးနှင့်ရာဂသွေးဆောင်အောင်သွယ်မှု ကင်းလေပြီ။

www.dhammaransi.com



-မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်လုံအောင်ပိတ်၍ အဘိဇ္ဈာဒေါမနဿဝင်ခွင့်မရအောင် စောင့်ထိန်းသော ဣန္ဒြေရှင်ဖြစ်၍ ယဉ်ကျေးပြီးသောရဟန်းသည် အဆင်း၊ အသံအစရှိသောအာရုံလောကကြီးနှင့်တပ် မက်မှုပြစ်မှားမှုအစွမ်းအားဖြင့် မဆက်မသွယ်မငြိ တော့ပြီ၊ ကိလေသာတည်းဟူသောမီးအပူဖြင့် လောင် မြိုက်ခြင်းကင်းလျက် အအေးကြီးအေးသဖြင့် သဉပါဒိ သေသကိလေသာပရိနိဗ္ဗာန်ဝင်စံ၊ ခိုလှုံပြီးသောရဟန်း သည် ကိလေသာအာရုံဟူသောလောင်စာလောကကြီး နှင့်အဝေးကြီးဝေးလေပြီ။

-ငြိမ်ဝပ်သောစိတ်ကိုလှုပ်ရှားစေတတ်သော ဇောခေါ် သည့်တဏှာတည်းဟူသောလှံ့ဆော်ရေးသမားကို မဂ်ဒါးဖြင့်ခုတ်ဖြတ်၍ အသေသတ်ပြီးသောအရိယာ ပုဂ္ဂိုလ်သည် တုန်လှုပ်ခြင်းမရှိ၊ ပကတိသဘောဖြင့် တဏှာ၏အာရုံကာမဂုဏ်လောကကြီးနှင့် အဆက် ပြတ်လေပြီ ဟုဗုဒ္ဓကဆိုလိုပါသည်။

၁၃။ အဖြေ(၁၂) -အကြင်ရဟန်းသည် ယုံကြည်မှုသဒ္ဓါရှိ၏၊ အကြားအမြင်များ၏၊ မြဲသောအရိယာမဂ်ကို မြင်ပြီးဖြစ်၏၊ ခြောက်ဆယ်နှစ်ပါးသော၏ ဒိဋ္ဌိတို့ဖြင့် အစုစုကွဲသောသတ္တဝါတို့၏မိစ္ဆာ အယူဖြင့် အစုတစ်ခုခုသို့လာရောက်ခြင်းမရှိ၊ တည်ကြည်၏၊ ထိုရဟန်းသည် လောဘကို

www.dhammaransi.com



လည်းကောင်း၊ ဒေါသကိုလည်းကောင်း၊ ထိပါးပုတ်ခတ်ခြင်းကိုလည်းကောင်း ပယ်ရောက်၍လောကနှင့်မလိမ်းကျံဘဲ ကောင်းစွာနေနိုင်၏။

ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-ဘုရား၊ တရား၊ သံဃာတော်ဂုဏ်၌ လူပြောသူပြောမဟုတ်၊ ကိုယ်တိုင်လက်တွေ့သိ၍ ယုံကြည်မှုရှိခြင်း၊ အဝိဇ္ဇမသဒ္ဒါတရားနှင့်လည်းပြည့်စုံ၏။

-ဗုဒ္ဓဟောကြားမြတ်တရားကို နာယူမှတ်သားသင်ကြားပြီး၍ သင်ယူမှတ်သားပြီးသည့်အတိုင်း မချွတ်မယွင်းလိုက်နာကျင့်သုံးခြင်းဖြင့် အကြား၊ အမြင်နှစ်ပါးနှင့်ပြည့်စုံ၏။

-သမ္မာဒိဋ္ဌိစသောမဂ္ဂင်ရှစ်ပါးတရားတို့ကို မိမိ၏စိတ်သန္တာန်၌ ပစ္စဝေက္ခဏာဉာဏ်ဖြင့်တတ်အပ်ထင်ထင်တွေ့မြင်ပြီးဖြစ်၏။

-အချင်းချင်းမညီညွတ်ဘဲ သဘောကွဲလွဲစေတတ်သောကြောင့် (၆၂)ပါးသောဒိဋ္ဌိတို့ကို ဝဂ္ဂဟုခေါ်သည်၊ ထိုမိစ္ဆာဒိဋ္ဌိအယူရှိသူလူအပေါင်းကို ဝဂ္ဂဂတာ ဟုခေါ်သည်။

(၆၂-ပါးသောဒိဋ္ဌိအယူများကို ဒီဃနိကာယ်သီလက္ခန္ဓဝဂ်၌အကျယ်ကြည့်ပါ )

www.dhammaransi.com



-ထိုအယူ ၆၂-ပါးကို အသီးသီးကြိုက်နှစ်သက်သူ လူအစုအသင်းသည် (၆၂)သင်းဖြစ်ပါမည်၊ တစ်ပါးပါးသောအယူဝါဒရှိသူသည် တစ်ပါးပါးသောအသင်းအစုသို့ဆည်းကပ်သက်ရောက်သူမည်ပါသည်။

-ရဟန္တာပုဂ္ဂိုလ်သည် ထို(၆၂)ပါးသောမိစ္ဆာဝါဒကိုအကြွင်းမဲ့ပယ်ပြီးဖြစ်၍ အယူတူပြုသောအားဖြင့်မည်သည့်အစုအသင်းတစ်ခုခုနှင့်သော်မှ မပါဝင်တော့ပြီ၊ ဤသို့လျှင် (၆၂)ပါးသော အစုအသင်းဂိုဏ်းဂဏမှလွတ်ပြီးသောအရိယာဂိုဏ်းဝင်ဖြစ်၏။

-ဤသို့သောဂုဏ်များနှင့်ပြည့်စုံသောရဟန်းသည်လောကကြီးနှင့်ရောနှောစပ်ယှက်ပေါင်းသင်းခြင်းမရှိဟုဗုဒ္ဓက ဆိုလိုပါသည်။

၁၄။ အဖြေ(၁၃) -အကြင်ရဟန်းသည် ကောင်းစွာစင်ကြယ်သောအရဟတ္တမဂ်ဖြင့် ကိလေသာကိုအောင်ပြီးသူ၊ ကိလေသာအမိုးကိုဖွင့်လှစ်ပြီးသူ၊ သစ္စာတရားတို့၌လေ့လာပြီးသူ၊ နိဗ္ဗာန်ဟူသောကမ်းတစ်ဘက်သို့ရောက်ပြီးသူ၊ တဏှာဟူသောတုန်လှုပ်ခြင်းမရှိသူ၊ သခါရ၏ချုပ်ရာနိဗ္ဗာန်ကိုအာရုံပြုသောမဂ်ဉာဏ်၌လိမ္မာသူဖြစ်၏၊ ထိုရဟန်းသည် လောကနှင့်မလိမ်းကျံဘဲကောင်းစွာနေနိုင်၏။

www.dhammaransi.com



ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-အရဟတ္တမဂ်ဉာဏ်တည်းဟူသော စိန်လက်နက်ကို ကိလေသာတည်းဟူသော သံချေးအညှီအစေးလိမ်းကျံ ကပ်ငြိခြင်းမရှိဘဲ ပြောင်ပြောင်လက်လက်အရောင် ထွက်သောကြောင့် သံသုဒ္ဓ

-ယင်းစိန်လက်နက်ကိုစွဲကိုင်လျက် (၁၅၀၀)ကိလေသာ ဗိုလ်ထုကိုတိုက်ပွဲဆင်ရာ၌ အောင်ပွဲရသောခီဏာသဝ ရဟန်းကို သံသုဒ္ဓဇိန

-သတ္တဝါတို့၏စိတ်အစဉ်ကို ဖုံးအုပ်မြှေးယှက်ရစ်ပတ် လျက်တည်သဖြင့် ကုသိုလ်ဖြစ်ခွင့်မရလောက်အောင် ပိတ်ဆို့ကာဆီးတတ်သော ရာဂ၊ ဒေါသ၊ မောဟ (သို့မဟုတ်) ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ ကိလေသာတဏှာ(သို့မဟုတ်) ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ အဝိဇ္ဇာ၊ ဒုစ္စရိတတို့ကို အမိုး၊ အဖုံး(ဆဒ)၊ ယင်းအမိုးအဖုံး(၃)ပါး၊ (၇)ပါးကိုမဂ်ဉာဏ်ဖြင့် ထိုး ဖောက်ပယ်လှန်ပြီးသောရဟန်းသည် ဝိဝဋ္ဋစ္ဆဒ

-လောကီကုသိုလ်စေတနာ (၁၇)ပါး၊ အကုသိုလ်စေတနာ (၁၂)ပါးသည် ကမ္မဝဋ္ဋ

-လောကီဝိပါက်(၃၂)ပါးသည် ဝိပါကဝဋ္ဋ

-ထိုသုံးပါးသောဝဋ္ဋမှကင်းပြီးသောရဟန်းသည် ဝိဝဋ္ဋ

-(၇)ပါးသောအမိုးမှကင်းပြီးသောရဟန်းသည် ဝိစ္ဆဒ

www.dhammaransi.com



-မဂ်ဉာဏ်ဖြင့် မိမိသိအပ်ပြီးသောသစ္စာလေးပါးတရားကိုမည်သည့်တန်ခိုးရှင် လူနတ်ဗြဟ္မာမှ ပြောင်းလွဲချွတ်ယွင်းသွားအောင်မလုပ်နိုင်သောရဟန်းသည် သစ္စာလေးပါး၌ တံခွန်ထူနိုင်သောရဟန်းမည်၏။

-နိဗ္ဗာန်စခန်းအောင်ပန်းဆွတ်ခူးခဲ့ပြီးသောပါရဂူဖြစ်၏၊ တဏှာဟူသောလှံ့ဆော်ရေးသမားကို လက်ခံမွေးမြူထားလျှင် တစ်ဘုံမှတစ်ဘုံ၊ တစ်အာရုံမှတစ်အာရုံ တုန်လှုပ်ချောက်ခြားပြေးလွှားနေရပါ၏၊ တဏှာ၏ လုပ်ဆောင်ချက်ကြောင့် ငြိမ်သက်စွာမနေရဘဲ အုံးအုံးကျက်ကျက်ဆူပွက်နေရပါ၏၊ နိဗ္ဗာန်ကိုမျက်မှောက်ရပြီးသောရဟန်းသည် ထိုဆူပွက်နေသောတဏှာလောကကြီးမှ လွတ်မြောက်သောကြောင့် အနေဇဟူသောဘွဲ့တံဆိပ်ကိုခံယူရသည်။

-ဆိုင်ရာအကြောင်းဝတ္ထုတို့ပေါင်းဆုံဆည်းရာမှဖြစ်ပေါ်လာတတ်သောသဘောစုသည် သင်္ခါရ၊ ယင်းကို မဆုံဆည်းသဖြင့် ဖြစ်ခွင့်မရဘဲ ချုပ်ငြိမ်းကွယ်ပျောက်ရာအသင်္ခတဓာတ်သည် သင်္ခါရနိရောဓမည်၏။

-ယင်းအသင်္ခတဓာတ်ကို မျက်မှောက်ထင်ထင်မြင်တတ်သောမဂ်ဉာဏ်သည် သင်္ခါရနိရောဓဉာဏ်မည်၏။

-ယင်းမဂ်ဉာဏ်ကိုသောတာပတ္တိမဂ်ခဏ၌တစ်ကြိမ်၊ သကဒါဂါမိမဂ်ခဏ၌တစ်ကြိမ်၊ အနာဂါမိမဂ်ခဏ၌

www.dhammaransi.com



တစ်ကြိမ်၊ အရဟတ္တမဂ်ခဏ၌တစ်ကြိမ်၊ ဤလေးကြိမ်
တိုင်တိုင် လက်ကိုင်ပြုရသဖြင့် ယင်းမဂ်ဉာဏ်အရာ၌
လိမ္မာကျွမ်းကျင်ပြီးသော အရိယာရဟန်းသည် သဠါရ
နိရောဓဉာတကုသလမည်၏။

-ဤသို့လျှင်ဆိုခဲ့ပြီးသောဘွဲ့အမည်ဂုဏ်ထူးကျေးဇူးရှိ
သောရဟန်းသည် ဤလောကကြီးဟူသောထောင်
နှောင်းအကျဉ်းမှ လွတ်မြောက်ရသည် ဟုဗုဒ္ဓက
ဆိုလိုပါသည်။

၁၅။ အဖြေ(၁၄) -အကြင်ရဟန်းသည် လွန်ပြီးသောခန္ဓာတို့၌
လည်းကောင်း၊ လာလတံ့သောခန္ဓာတို့၌လည်း
ကောင်း၊ ငါ-ငါ၏ဥစ္စာဟုကြံစည်မှုတဏှာ
ဒိဋ္ဌိကိုလွန်၏၊ အလွန်စင်ကြယ်သောပညာ
ရှိ၏၊ အာယတနအားလုံးတို့မှကင်းလွတ်၏။

ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-တဏှာ-ဒိဋ္ဌိတရားနှစ်ပါးသည် အတိတ်၊ အနာဂါတ်၊
ပစ္စုပ္ပန်ခန္ဓာတို့၌ ငါဟူ၍လည်းကောင်း၊ ငါ့ဥစ္စာ၊ ငါ့ဟာ
ဟူ၍လည်းကောင်း ကြံစည်တတ်သောကြောင့် ကပ္ပ
မည်၏။

-ထိုကပ္ပမည်သောတဏှာ-ဒိဋ္ဌိနယ်ပယ်မှမလွန်မြောက်
နိုင်ဘဲ တဏှာဒိဋ္ဌိနယ်ပယ်တွင်ကျင်လည်ရသော
ပုထုဇဉ်သတ္တဝါတို့သည် ခန္ဓာလောကကြီးကို ငါမဟုတ်
ဘဲ ငါဟုမှတ်ထင်၏၊ ငါ့ဟာမဟုတ်ဘဲ ငါ့ဟာဟု

www.dhammaransi.com



စွဲလမ်းခြင်းအားဖြင့် ခန္ဓာလောကကြီးနှင့်ငြိတွယ်ဆက်သွယ်လျက်ရှိသောကြောင့် ခန္ဓာလောကမှလွတ်မြောက်ရာ သုခရိပ်မြုံနိဗ္ဗာန်ဘုံခိုလှုံခွင့်မရှိကုန်၊ ထိုတဏှာဒိဋ္ဌိ နယ်ပယ်ကိုလွန်မြောက်ပြီးသောရဟန်းသည်ကား ငါ-ငါ့ပါဟာဟုကြံစည်ခြင်းကင်းသဖြင့် လောကကြီးမှလွတ်မြောက်၍ ခန္ဓာနှင့်စပ်သောဒုက္ခခပ်သိမ်းကင်းငြိမ်းလေတော့သည်။

-ပဋိစ္စသမုပ္ပါဒ်အင်္ဂါ(၁၂)ရပ်တွင် အဝိဇ္ဇာ၊ သင်္ခါရဟူသော အင်္ဂါနှစ်ပါးသည်အတိတ်အခွန့်မည်၏(ဝါ) အတိတ်ကာလမည်၏။

-ဇာတိ၊ ဇရာ၊ မရဏဟူသောအင်္ဂါနှစ်ပါးသည် အနာဂါတ်အခွန့်မည်၏၊ ဝိညာဏ်၊ နာမ်၊ ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်ဘဝဟူသောအင်္ဂါ(၈)ပါးသည် ပစ္စုပ္ပန်အခွန့်မည်၏၊

-ထိုအခွန့်(၃)ပါးပိုင်းခြားအပ်သော ပဋိစ္စသမုပ္ပါဒ်အင်္ဂါ(၁၂)ရပ်၌ အကြောင်းဟုတ်လေသလော၊ မဟုတ်လေသလော၊ အကျိုးဟုတ်လေသလော၊ မဟုတ်လေသလော ဟုယုံမှားတွေးတောခြင်းမှကင်းသောသူကို အခွန့်(၃)ပါးမှကျော်လွန်သည်ဟု ဆိုအပ်ပါသည်။

-ဤအခွန့်(၃)ပါးကျော်လွန်ခြင်းကြောင်းအလွန်စင်ကြယ်သော အရဟတ္တမဂ်ပညာနှင့်ပြည့်စုံသောရဟန်းသည် ဝိသုဒ္ဓိပညမည်၏။

www.dhammaransi.com



-ထိုဝိသုဒ္ဓိပညာနှင့်ပြည့်စုံသောကြောင့် အာယတန(၁၂) ပါးတည်းဟူသော သံသရာနယ်ချဲ့သမားတို့ကို နယ်ချဲ့သမားဟုပိုင်းပိုင်းခြားခြားသိ၍ နယ်ချဲ့တရားတို့နှင့် အဆက်အသွယ်တဏှာနွယ်ကိုဖြတ်လျက် နယ်ချဲ့စက်ရိုပ်မှကင်းရှင်းအောင် ရုန်းထွက်နိုင်၏။

-ထို့ကြောင့် အာယတနနယ်ချဲ့လောကကြီးနှင့်မစပ်မသွယ်မငြိတွယ်တော့ ဟု ဗုဒ္ဓကမိန့်ဆိုပါသည်။

၁၆။ အဖြေ(၁၅) -အကြင်ရဟန်းသည် တစ်ခုတစ်ခုသောသစ္စာကိုဝိပဿနာပညာဖြင့်သိ၍ သစ္စာလေးပါးတရားကို မဂ်ပညာဖြင့်တစ်ပြိုင်နက်သက်ဝင်ပြီးလျှင် အာသဝေါတရားတို့ ကုန်ရာနိဗ္ဗာန်ကိုအပိတ်အပင်မရှိသိမြင်ရကား အလုံးစုံသောဥပဓိတို့ကုန်ခြင်းသို့ရောက်၏၊ ထိုရဟန်းသည်လောကနှင့်မလိမ်းကျံဘဲ ကောင်းစွာနေနိုင်၏။

ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-သစ္စာလေးပါးတို့တွင် တစ်ခုခုသောသစ္စာသည် အဘို့အစု (ကောဋ္ဌာသတ္ထ)ဟူသောအနက်အားဖြင့်လည်းကောင်း ၊ သိအပ်၊ ရောက်အပ်သောအနက် (ပဋိဝေဓတ္ထ)အားဖြင့်လည်းကောင်း ပဒ မည်ပါ၏။

-ထိုပဒမည်သော သစ္စာလေးပါးတွင် ဤသည်ကား ဒုက္ခ၊ ဤသည်ကား သမုဒယ၊ ဤသည်ကား နိရောဓ၊ ဤသည်ကား ဒုက္ခနိရောဓဂါမိနိပဋိပဒါ၊ မဂ္ဂတည်း

www.dhammaransi.com



ဟူသောဆရာအထံ၌သင်ယူခြင်း၊ ဥဂ္ဂဟပဋိဝေဓဉာဏ်
-အနက်သဘောကိုအထပ်ထပ်မေးမြန်းခြင်း ပရိပုစ္ဆာပဋိဝေဓဉာဏ်
-ကြားနာခြင်း သဝနပဋိဝေဓဉာဏ်
-အာဂုံနှုတ်တက်ဆောင်ရွက်ခြင်း ဓာရဏပဋိဝေဓဉာဏ်
-အနိစ္စ၊ ဒုက္ခ၊ အနတ္တဟုသုံးသပ်ခြင်း သမ္မာသနပဋိဝေဓဉာဏ်
တည်းဟူသော (သစ္စဝဝတ္ထာပန)ဉာဏ်ဖြင့် အသီးသီး တစ်ကန့်စီတစ်ကန့်စီ သိအပ်၏။
-ထိုတွင် နိရောဓသစ္စာ၊ မဂ္ဂသစ္စာနှစ်ပါးကို (သဝနပဋိဝေဓ)ဉာဏ်ဖြင့်သာ သိအပ်၏။
-ဒုက္ခ၊ သမုဒယ(၂)ပါးကိုမူကား ဥဂ္ဂဟပဋိဝေဓစသော ဉာဏ်ငါးပါးလုံးဖြင့်သိအပ်၏။
-ဤနည်းဖြင့် သစ္စာလေးပါးကိုသိပြီးနောက် ဘာဝနာ အဆင့်ဆင့်ရင့်သန်ပြီးလျှင် အရိယာမဂ်ဉာဏ်ဖြင့် ဒုက္ခ၊ သမုဒယ၊ မဂ္ဂသစ္စာတို့ကို (ကိစ္စပဋိဝေဓ)အားဖြင့် လည်းကောင်း၊ နိရောဓသစ္စာကို(အာရမ္မဏပဋိဝေဓ) အားဖြင့်တစ်ပြိုင်နက်တစ်ခဏချင်း ကောင်းကောင်း သိနိုင်ပါသည်။
-ဤ၌(ကိစ္စပဋိဝေဓ)ဟူသည် သစ္စဝဝတ္ထာနဉာဏ်တို့၏ အလုပ်ဖြစ်သောဒုက္ခ၌ပိုင်းခြား၍သိခြင်းကိစ္စ၊ သမုဒယ ၌ပယ်ခြင်းကိစ္စ၊ မဂ္ဂ၌ ပွားခြင်းကိစ္စတို့သည် ဤမဂ်ဖြစ်

www.dhammaransi.com



ရာခဏ၌သာ အပြီးဆုံးသို့ရောက်ခြင်းကြောင့် ယင်းဖြစ်ဆဲမဂ်၏အလုပ်ကိစ္စပင်ဖြစ်သည်၊ ယင်းဖြစ်ဆဲမဂ်၏အလုပ်ကိစ္စပြီးစေခြင်းသည် ကိစ္စပဋိဝေဓမည်ပါသည်။

-ထိုသို့သစ္စာလေးပါးကိုသိပြီးနောက် အာသဝေါကုန်ရာနိဗ္ဗာန်ကို မဟာကုသိုလ်ဉာဏသမ္ပယုတ်၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ်(၈)ပါးနှင့်ယှဉ်သော ပစ္စဝေက္ခဏာဉာဏ်ဖြင့်အပိတ်အဆီးမရှိ ထင်ထင်လင်းလင်းမြင်အောင်ရှုနိုင်၏။

-ထိုသို့မြင်ခြင်းကြောင့်-

ခန္ဓူပဓိ -ဒုက္ခ၏တည်ရာခန္ဓာငါးပါး

ကာမုပဓိ -ဒုက္ခ၏တည်ရာကာမဂုဏ်ငါးပါး

ကိလေသုပဓိ -ဒုက္ခ၏တည်ရာကိလေသာဆယ်ပါး

အဘိသင်္ခါရုပဓိ-ဒုက္ခ၏တည်ရာအဘိသင်္ခါရသုံးပါး

ဟူသော ဥပဓိလေးပါးတို့ကိုကုန်စင်စေနိုင်သောရဟန်းသည် ခန္ဓာလောက၌မကပ်ငြိဘဲ ခန္ဓာလောကမှ ကျွတ်လွတ်ထွက်မြောက်၏ ဟု ဗုဒ္ဓကဆိုလိုပါသည်။

၁၇။ အဖြေ(၁၆) -မြတ်စွာဘုရား၏ဤစကားသည် စင်စစ်ဟောတိုင်းမှန်ပါ၏၊ အကြင်ရဟန်းသည် ဤသို့သောဟောတော်မူသည့်အတိုင်း နေလေ့ရှိ၏၊ ထိုရဟန်းသည် ယဉ်ကျေးသူသံယောဇဉ်နှင့်ယောဂအားလုံးတို့ကိုလွန်မြောက်သူဖြစ်၍

www.dhammaransi.com



လောကနှင့်မလိမ်းကျံဘဲ ကောင်းစွာနေနိုင်၏။
-ဤသို့လျှင် နိမ္မိတဘုရားကမေး၍ ဘုရားရှင်စစ်စစ်က ဖြေကြားသောလောကကြီး၌ အကောင်းဆုံးဖြစ်သော အကျင့်အားဖြင့်ကျင့်စွမ်းနိုင်ရာပေ၏ ဟူသော **သမ္မာပရိဗ္ဗာဇနိယသုတ်**သည် မဟာသမယနတ်သဘင် အစည်းအဝေး၌ ရာဂစရိုက်များသော နတ်ပြဟ္မာတို့အား ဗုဒ္ဓကဟောကြားတော်မူခဲ့ပါသည်။

## ပုရာဘေဒသုတ်

ပုရာ=ရှေး၊ ဘေဒ=ပျက်စီးခြင်း၊ ပုရာဘေဒ=မပျက်စီးမီ ယခုဘဝ ကိုယ်ခန္ဓာမပျက်စီးမီ၊ မသေမီကျင့်ကြံအား ထုတ်ပြည့်စုံရမည့်တရားများကို ဟောကြားသောသုတ်တော် ဖြစ်ပါသည်။

မြတ်စွာဘုရားရှင်သည် ဤသုတ်တော်ကိုပညာ(ဗုဒ္ဓိ) စရိုက်များသောနတ်ပြဟ္မာတို့အတွက် ဟောကြားတော်မူသည်၊ ပညာစရိုက်များသောနတ်ပြဟ္မာတို့သည် ယခုမျက်မှောက်ဘဝ မသေမီကာလအတွင်း မည်သို့သောတရားများကိုကျင့်ကြံအား ထုတ်ပြုလုပ်သနည်း ဟု ဉာဏ်ကွန့်မြူးကာ ဆင်ခြင်စဉ်းစားကြလေသည်။

ထိုနတ်ပြဟ္မာတို့၏စိတ်အကြံကို ဗုဒ္ဓကသိတော်မူ၍ ဤသုတ်တော်ကိုနိမ္မိတဘုရားကမေးစေပြီး မိမိကိုယ်တိုင်ကဖြေကြားပေးခြင်းဖြစ်ပါသည်။

www.dhammaransi.com



(၁) နိမ္မိတဘုရားမေး -အဘယ်သို့သောဉာဏ်အမြင်ရှိသူ နှင့် အဘယ်သို့သောသီလရှိသူကို ကိလေသာတို့မှငြိမ်းပြီးသောသူ ဟူ၍ဆိုအပ်ပါသနည်း၊ ဂေါတမ နွယ်ပွားမြတ်စွာဘုရား၊ ဟောကြား ပေးတော်မူပါလော။

(၂)ပကတိဘုရားဖြေ -အကြင်ပုဂ္ဂိုလ်သည် ကိုယ်ခန္ဓာမ ပျက်စီးမီတပ်မက်မှု တဏှာကင်းပြီး သူ ဖြစ်၏၊ တဏှာ-ဒိဋ္ဌိဟူသောရှေး အတိတ်အဘို့အစုကိုမမှီသူဖြစ်၏၊ အလယ်ပစ္စုပ္ပန်ကာလ၌တပ်မက်သူ စသည်ဖြင့်ရေတွက်အပ်သူမဟုတ်၊ ထိုရဟန္တာပုဂ္ဂိုလ်အား အနာဂါတ် ကာလ၌ တဏှာ-ဒိဋ္ဌိဟူသောရှေ့ သွား မရှိ၊ ထိုပုဂ္ဂိုလ်ကိုငြိမ်းပြီးသောသူ ဟူ၍ ငါဆိုပါ၏။

ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-လက်ရှိအတ္တဘောကြီးမပြိုမပျက်အသက်ရှင်နေစဉ် အတွင်း၌ သိက္ခာသုံးပါးအကျင့်တရားကိုမှီ၍ ကာမ တဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာမှကင်းပြီးသော ရဟန္တာသည် ငါသည် ရှေးအခါ၌ ဤသို့သဘောရှိသော ရုပ်-နာမ်ခန္ဓာများနှင့်ပြည့်စုံခဲ့ဘူးပြီ ဟုဆင်ခြင်လျက်

www.dhammaransi.com



ထိုရခဲ့ဘူးသော ရုပ်နာမ်ခန္ဓာ၌ တပ်မက်နှစ်သက်ခြင်း ရာဂတို့သည် နောက်ထပ်မဖြစ်စေတော့ပြီ၊ ထို့ကြောင့် အတိတ်ခန္ဓာအဘို့အစုကိုမမှီမကပ်၊ မစပ်မငြိသူ ဟု ဆိုအပ်၏။

-ယင်းပြင် ရှေးကချစ်ဖွယ်သောသားမယားတို့နှင့်တကွ ရယ်မောပြောဆိုခဲ့ပုံ၊ ပျော်ရွှင်စွာနေခဲ့ရပုံတို့ကိုအာရုံပြု၍ စားမြုံ့ပြန်ကာသာယာကြည်နူးရွှင်မြူးနှစ်သက်ကင်းပြီးဖြစ်သောကြောင့်လည်း အတိတ်အာရုံတို့ကိုမှီကပ်ဆက်သွယ်နေသူမဟုတ်ပြီ၊ ထိုပုဂ္ဂိုလ်ကို "ပုဗ္ဗမန္တမနိဿိတော" ဟုဟောတော်မူပါသည်။

-ဖြစ်ဆဲပစ္စုပ္ပန်ရုပ်-နာမ်အပေါ်တပ်မက်ခြင်းတဏှာနှင့် ထင်မှားခြင်းဒိဋ္ဌိတို့ကိုပယ်စွန့်ပြီးဖြစ်သောကြောင့် တပ်မက်သူ(ရတ္တ)ပုဂ္ဂိုလ်ဟူ၍လည်းကောင်း၊ ဒေါသဖြင့် နှိပ်စက်ဖျက်ဆီးအပ်သူ(ဒုဋ္ဌ)ပုဂ္ဂိုလ်ဟူ၍ လည်းကောင်း၊ မောဟဖြင့်တွေဝေသူ(မူဠ္ဍ)ပုဂ္ဂိုလ် ဟူ၍လည်းကောင်း၊ ခေါ်ဆိုနိုင်ခွင့်မရှိ။

-ဤဘဝ၌ အဘိသင်္ခါရခေါ်သောကံတို့ကိုပယ်စွန့်ပြီးဖြစ်သောကြောင့် ဒေဝဂတိစသောဂတိငါးပါးသို့ လားရောက်လတံ့သူဟူ၍လည်းမဆိုအပ်၊ ယင်းပုဂ္ဂိုလ်ကို "ဝေမဇ္ဈေနုပသင်္ခေယျော" ဟူ၍ဟောပါသည်။

-ငါသည် နောက်ဘဝ၌ ဤမည်သောရုပ်ခန္ဓာနှင့်ပြည့်စုံ ရပါလို၏ ဟုအနာဂါတ်ရုပ်ခန္ဓာ၌တပ်မက်နှစ်သက်ခြင်း

www.dhammaransi.com



ရာဂကို ရှေ့သွားမပြုသောကြောင့် တဏှာ၊ ဒိဋ္ဌိတံခွန် မှန်ကင်း အအုပ်အချုပ် ခြွေရုံသင်းပင်းမရှိပြီ။

-ဤစောင့်ထိန်းအပ်သောသီလကြောင့် နတ်မင်း၊ သိကြားမင်း၊ နတ်သားဖြစ်ရပါလို၏ဟု စိတ်ဖြင့်တောင့် တဆုပန်ခြင်းမရှိသည်ဖြစ်၍ အနာဂါတ်နတ်ဘဝ စသည်၌ တပ်မက်နှစ်သက်ခြင်းရာဂကိုရှေ့သွားမပြု သောကြောင့် တဏှာ၊ ဒိဋ္ဌိတံခွန်မှန်ကင်း အအုပ် အချုပ် ခြွေရုံသင်းပင်းမရှိပြီ။

-ယင်းပုဂ္ဂိုလ်ကို တဿနတ္ထိပုရေက္ခတံ ဟုဟောတော်မူ သည်။

-ဤသို့လျှင် အတိတ်၊ အနာဂါတ်၊ ပစ္စုပ္ပန်ခန္ဓာတို့၌ တပ်မက်နှစ်သက်ခြင်းကင်းသောဝိတရာဂပုဂ္ဂိုလ်ကို အပူခပ်သိမ်းငြိမ်းသော (ဥပသန္တ)ပုဂ္ဂိုလ်ဟူ၍ ဗုဒ္ဓက ဟောလိုရင်းဖြစ်ပါသည်။

(၃) -အကြင်ပုဂ္ဂိုလ်သည် အမျက်ဒေါသမရှိသူ၊ ထိတ်လန့် ခြင်းမရှိသူ၊ သီလစသည်ဖြင့်မကြွားဝါးသူ၊ ကုက္ကုစ္စမရှိသူ၊ အမြော်အမြင်ပညာဖြင့်ပြောဆိုတတ်သူ၊ ပျံ့လွင့်ခြင်း မရှိသူ၊ နှုတ်စောင့်စည်းသူ၊ သိတတ်သောပညာရှိသူ ဖြစ်၏၊ ထိုပုဂ္ဂိုလ်ကို ကိလေသာမှငြိမ်းပြီးသောသူဟု ငါဆိုပါ၏။

www.dhammaransi.com



ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-ငါ၏အကျိုးမဲ့ကိုကျင့်ဘူးပြီ၊ ကျင့်ဆဲ၊ ကျင့်လတ့်ဟူ၍လည်းကောင်း၊

-ငါ့ချစ်သူ၏အကျိုးမဲ့ကိုကျင့်ဘူးပြီးကျင့်ဆဲ၊ ကျင့်လတ့်ဟူ၍လည်းကောင်း၊

-ငါမုန်းသူ၏အကျိုးကိုကျင့်ဘူးပြီးကျင့်ဆဲ၊ ကျင့်လတ့်ဟူ၍လည်းကောင်း၊

-ဤကိုးပါးသောအကြောင်းဖြင့် ကိုးပါးသောအမျက်ဒေါသခလုပ်တိုက်မိခြင်းစသောအရာမဟုတ်သည့်ကိစ္စ၌အမျက်ထွက်ခြင်းနှင့်တကွ (၁၀)ပါးသော အမျက်ဒေါသကိုအကြွင်းမဲ့ပယ်ပြီးသူသည် **အက္ကောဓန** မည်ပါ၏။

-ကိုးကွယ်ဆည်းကပ်သူအမျိုးဒါယကာမရှိခြင်း၊ အခြံအရံဂိုဏ်းဂဏမရှိခြင်း၊ မိမိပိုင်ကျောင်းမရှိခြင်း၊ လာဘ်မများခြင်း၊ ကျေးဇူးသတင်းကျော်စောမှုမရှိခြင်း၊ အလုပ်အကျွေးမရှိခြင်းစသော ချို့တဲ့မှုတို့ကိုစွဲ၍ ပူပန်စိုးရိမ်ခြင်းမရှိသောရဟန်းသည် **အသန္တာသီ** မည်ပါ၏။

-ငါကား အကျင့်သီလနှင့်ပြည့်စုံသူတည်း၊ အမျိုးဇာတ်အားဖြင့် မြင့်မြတ်သူတည်း၊ အဆင်းသဏ္ဌာန်ကြန်အင်လက္ခဏာနှင့်ပြည့်စုံသူတည်း၊ ဥစ္စာအားဖြင့်ကြွယ်ဝသူတည်း၊ အသက်မွေးဝမ်းကြောင်းအတတ်ပညာရှိသူတည်း ဟူ၍လည်းကောင်း၊

www.dhammaransi.com



-ငါကားမြင့်မြတ်ကြွယ်ဝသောအမျိုးမှထွက်၍ရဟန်းပြု
သူတည်း၊ နိုင်ငံကျော်ဓမ္မကထိကတည်း၊ ရဟန်းများ
စွာကိုစာချသူတည်း၊ သုတ္တန်ဆောင်ရဟန်းတည်း၊
ဝိနည်းဆောင်ရဟန်းတည်း၊ အဘိဓမ္မာဆောင်ရဟန်း
တည်း၊ စုတိဆောင်ရဟန်းတည်း၊ ဈာန်ရရဟန်းတည်း
ဟူ၍လည်းကောင်း၊
-အများသိအောင် တစ်စုံတစ်ခုသောနည်းပရိယာယ်ဖြင့်
ထုတ်ဖော်ချီးကျူးခြင်းကိုမပြုစေ(အပိစ္ဆတာ)ဂုဏ်နှင့်
ပြည့်စုံသောလူရှင်ရဟန်းသည် **အဝိကတ္တိ** မည်ပါသည်။
-လက်လှုပ်ခြင်း၊ ခြေလှုပ်ခြင်းဖြင့် ဣရိယာပုတ်တိုင်း၌
ကာယိန္ဒြေမရှိဘဲ စက်ဆုပ်ဘွယ်ကိုယ်အမူအရာရှိသော
ရဟန်းသည် ကုက္ကုစ္စရဟန်းမည်၏၊ ထိုမှပြောင်းပြန်ဖြစ်
သောရဟန်းသည် (အကုက္ကုစ္စ)ရဟန်းမည်၏။
-ထိုမှတစ်ပါး အပ်စပ်သည်၌မအပ်စပ်ဟူ၍လည်း
ကောင်း၊ မအပ်စပ်သည်၌ အပ်စပ်သည်ဟူ၍လည်း
ကောင်း၊ အပြစ်မဲ့၌ အပြစ်ရှိသူလည်းကောင်း၊ အပြစ်
ရှိသည်၌အပြစ်မဲ့ဟူ၍လည်းကောင်း၊ အမှတ်သညာရှိ
သည်ဖြစ်၍ စက်ဆုပ်ဖွယ်ရာစိတ်အမူအရာရှိသော
ရဟန်းသည် **ကုက္ကုစ္စ** မည်၏၊ ထိုမှပြောင်းပြန်ရဟန်း
သည် **အကုက္ကုစ္စ** မည်၏။
-ပြုမိဘူးသောဒုစရိုက်၊ မပြုလိုက်မိသောသုစရိုက်ကိုစွဲ၍
ငါကား ဒုစရိုက်ကိုပြုမိလေစွ၊ သုစရိုက်ကိုမပြုမိလေစွ

www.dhammaransi.com



ဟုနောင်တတစ်ဖန်ပူပန်ခြင်းဟူသော စက်ဆုပ်ဖွယ် စိတ်အမူအရာရှိသော ရဟန်းသည် ကုက္ကုစ္စမည်၏၊ ထိုမှပြောင်းပြန်ရဟန်းသည် **အကုက္ကုစ္စ** မည်၏။

-ပညာဖြင့်စူးစမ်းဆင်ခြင်၍ပြောဟောသောရဟန်းသည် များစွာသောစကားကိုပင် ပြောဟောပါသော်လည်း မကောင်းသောစကားအပြစ်ရှိသောစကားကို မဆိုမိခြင်းကြောင့် **မန္တဘာဏီ** မည်၏။

-တစ်ခုတည်းသောသမထဝိပဿနာအာရုံ၊ ပရိယတ္တိဓမ္မအာရုံတို့၌ စိတ်ကိုငြိမ်သက်စွာချထား၍မရဘဲ ကာမအာရုံစသော အာရုံအမျိုးမျိုးသို့ပြောင်းရွှေ့ပြေးသွားသောစိတ်ရှိသောရဟန်းသည် **ဥဒ္ဓတရဟန်း** မည်၏၊ ထိုမှပြောင်းပြန်ဖြစ်သောရဟန်းသည် **အနုဒ္ဓတရဟန်း** မည်၏။

-မုသာဝါဒ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပတို့ကိုပယ်စွန့်၍ လေးပါးသောဝစီသုစရိုက်တို့နှင့်ပြည့်စုံလျက် လေးပါးသောအပြစ်မှကင်းသောစကားကို ဆိုသောရဟန်းသည် **ဝါစာယတရဟန်း** မည်၏။

-(၃၂)ပါးသောတိရစ္ဆာနကထာကိုပယ်စွန့်၍ အပ္ပိစ္ဆကထာစသော(၁၀)ပါးသော ကထာဝတ္ထုကိုဟောပြောသောရဟန်းသည် **ဝါစာယတရဟန်း** မည်၏။

-ဤသို့(၇)ပါးသောလက္ခဏာရှိသောရဟန်းကို အပူခပ်သိမ်းငြိမ်းသော(ဥပသန္တ)ရဟန်းဟူ၍ဆိုအပ်ကြောင်း ဗုဒ္ဓကဆိုလိုပါသည်။

www.dhammaransi.com



(၄) -အကြင်ပုဂ္ဂိုလ်သည် အနာဂါတ်ကာလ၌ ကပ်ငြိမှု တဏှာကင်း၏၊ အတိတ်ကိုပြန်၍မစိုးရိမ်၊ ပစ္စုပ္ပန်မျက်စိ အတွေ့ အထိစသည်တို့၌ အတ္တစသည်မှကင်းဆိတ် သည်ကို ရှု၏၊ (၆၂)ပါးသောဒိဋ္ဌိတို့၏ဆောင်ယူခြင်းကို မခံယူရ၊ ထိုပုဂ္ဂိုလ်ကိုကိလေသာမှငြိမ်းပြီးသောသူ ဟု ငါဆို၏။

ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-အနာဂါတ်ခန္ဓာ၌ ကပ်ငြိတတ်သောတဏှာလည်း မရှိသော

-အတိတ်ခန္ဓာကိုစွဲ၍ ပူပန်စိုးရိမ်ခြင်းလည်းမရှိသော

-ဖဿတို့၌ကင်းဆိတ်ခြင်းကိုရှုလေ့ရှိသော

-(၆၂)ပါးသောမိစ္ဆာဒိဋ္ဌိတို့တွင် တစ်စုံတစ်ခုသောဒိဋ္ဌိဖြင့် မဆောင်အပ်မမျှောအပ်သည်ဖြစ်သောရဟန်းကို ဥပသန္တရဟန်း ဟုဗုဒ္ဓက ဟောတော်မူခြင်းဖြစ်ပါသည်။

-ဤစောင့်ထိန်းအပ်သောသီလ၊ ဆောက်တည်အပ်သော အကျင့်ဖြင့်နတ်မင်း၊ သိကြားမင်း၊ နတ်သား ဖြစ်ရပါလို၏ ဟုစိတ်ဖြင့်တောင့်တခြင်း၊ ဆုပန်ခြင်းမရှိ သည်ဖြစ်၍ အနာဂါတ်ဘဝစသည်၌ တပ်မက်နှစ်သက် ခြင်းရာဂကို ရှေ့သွားရှေ့ပြေးအဖြစ်မစေလွှတ်ခြင်း ကြောင့် တဏှာပုရေက္ခာရ ဒိဋ္ဌိပုရေက္ခာရ ဟုခေါ်သော တံခွန်မှန်ကင်းအအုပ်အချုပ်ခြွေရံသင်းပင်းမရှိပြီ၊ ဤသို့ လျှင် အတိတ်၊ အ နာဂါတ်၊ ပစ္စုပ္ပန်ခန္ဓာ၌ တပ်မက်

www.dhammaransi.com



နှစ်သက်ခြင်းကင်းသော ဝိတရာဂပုဂ္ဂိုလ်ကို အပူခပ် သိမ်းငြိမ်းသော (ဥပသန္တ)ပုဂ္ဂိုလ်ဟု ဆိုလိုသည်။

-အတိတ်ခန္ဓာကိုစွဲ၍ပူပန်ခြင်းမရှိခြင်းဟူသည်ကား- ငါ၏မျက်စိအကြည်(စက္ခုပသာဒ)သည် ဤမည်သော အကြောင်းကြောင့် ပျက်စီးခဲ့လေပြီ ဟု ပျက်စီးပြီးသော စက္ခုပသာဒကိုစွဲလမ်းတမ်းတ၍ပူပန်စိုးရိမ်ခြင်းမရှိ၊ သောကစသည်တို့၌လည်း အလားတူဖြစ်သည်။

-ငါ၏ရှေး၌ဖြစ်ဘူးသောလာဘ်ရခြင်း၊ အခြံအရံများခြင်း ကျော်စောခြင်း၊ ချမ်းသာခြင်းတို့သည် ဤမည်သော အကြောင်းကြောင့်ပျက်စီးကုန်ပြီးဟု ပျက်စီးလေပြီး သောအရာတို့ကိုစွဲလမ်းတမ်းတ၍ ပူပန်စိုးရိမ်ခြင်းမရှိ။

-ထိုမှတစ်ပါး ငါ၏မိဘ၊ ညီအစ်ကို၊ မောင်နှမသားချင်း ဆွေမျိုးတို့သည် ပျက်စီးကုန်လေပြီ ဟု ဉာတိဗျသနကို စွဲ၍ပူပန်ခြင်းမရှိ စသည်တို့ကိုဆိုလိုပါသည်။

-ဖဿတို့၌ ကင်းဆိတ်ခြင်းကိုရှုခြင်းဟူသည်ကား- မျက်စိအတွေ့ (စက္ခုသမ္ဖဿ)အစရှိသော အတွေ့ (ဖဿ) အမျိုးမျိုးတို့၌ ဤအတွေ့ကား-

- -ငါပင်ဖြစ်သောအတွေ့တည်း (အတ္တ)
- -ငါ၏ဥစ္စာဖြစ်သောအတွေ့တည်း (အတ္တနိယ)
- -မြဲသောအတွေ့တည်း (နိစ္စ)
- -ခိုင်ခံ့သောအတွေ့တည်း( ဓုဝ)
- -အခါခပ်သိမ်းထင်ရှားရှိသောအတွေ့တည်း (သဿတ)

www.dhammaransi.com



-ဘယ်အခါမှမဖောက်ပြန်သောအတွေ့တည်း
(အဝိပရိဏာမဓမ္မ)

ဟု ပုထုဇဉ်တို့အားဖြစ်တတ်သော ဝိသဘောများမှ ဆိတ်သုဉ်းသောဝိသဘောမျိုးများမရှိသော အနတ္တ၊ အနတ္တနိယ၊ အနိစ္စ၊ အဓုဝ၊ အသဿတ၊ ဝိပရိဏာမဓမ္မဖြစ်သောအတွေ့သာတည်းဟု ရှုမြင်ခြင်းပင်ဖြစ်ပါသည်။

-တစ်နည်း ရှေး၌ဖြစ်ခဲ့ဘူးသောဖဿအတွေ့သည်-
-ဖြစ်ဆဲဖြစ်လတ္တံ့သောအတွေ့မှဆိတ်သုဉ်း၏။
-ဖြစ်ဆဲအတွေ့လည်းဖြစ်ဘူးသောအတွေ့ဖြစ်လတ္တံ့သောအတွေ့မှဆိတ်သုဉ်း၏။
-ဖြစ်လတ္တံ့သောအတွေ့လည်းဖြစ်ဆဲ၊ ဖြစ်ပြီးအတွေ့မှဆိတ်သုဉ်း၏

ဟူ၍ ရှုခြင်းပင်ဖြစ်ပါသည်။

-တစ်နည်း လောကုတ္တရာဓမ္မ၌ပါဝင်သောအတွေ့(ဖဿ)သည် လောဘ၊ ဒေါသ၊ မောဟစသောကိလေသာမှဆိတ်သုဉ်း၏ ဟု ရှုခြင်းပင်တည်း။

-တစ်စုံတစ်ခုသောမိစ္ဆာဒိဋ္ဌိဖြင့်မဆောင်အပ်ဟူသည်ကား (၆၂)ပါးသောမိစ္ဆာဒိဋ္ဌိတို့သည် နောက်ထပ်တစ်ဖန်ဖြစ်ခွင့်မရှိအောင် မဂ်ဉာဏ်တည်းဟူသောမီးလျှံသင့်၍ အကြွင်းမဲ့ကုန်ဆုံးပျက်ပြုန်းပြီးဖြစ်ရကား ဤသည်ရဟန္တာပုဂ္ဂိုလ်ကို သံသရာဝဲဩဃသို့ ဆောင်ပို့မျှောချခြင်းငှာမစွမ်းနိုင်ကုန်။

www.dhammaransi.com



-ထို့ကြောင့် မိစ္ဆာဒိဋ္ဌိ၏အဆွဲအဆောင်မခံရပြီ ဟုဆိုခြင်း ဖြစ်ပါသည်။

(၅) -အကြင်ပုဂ္ဂိုလ်သည် ရာဂစသည်တို့မှကင်း၏၊ အံ့ဩဖွယ်ကိုမပြုတတ်၊ တပ်မက်မှုတဏှာမရှိ၊ ဝန်တိုမှုကင်း၏၊ ကိုယ်အမူအရာစသည်ကြမ်းတမ်းမှုမှကင်း၏၊ စက်ဆုပ်ဖွယ်ပုဂ္ဂိုလ်မဟုတ်၊ ချောပစ်ကုန်းတိုက်မှုနှင့်မယှဉ်၊ ထိုပုဂ္ဂိုလ်ကို ကိလေသာတို့မှငြိမ်းပြီးသောသူဟု ငါဆို၏။

**ဗုဒ္ဓ၏ဆိုလိုချက်မှာ-**

-လောက၌ ပုထုဇဉ်ပုဂ္ဂိုလ်သည် ရာဂနှင့်စပ်သောပွဲသဘင်စသည်၌ ပျော်ရွှင်ကုန်၏၊ ဒေါသနှင့်စပ်သောတိုက်ပွဲ၊ ခိုက်ပွဲစသည်၌မွေ့လျော်ကုန်၏၊ အရိယာရဟန်းသည်ကား ထိုရာဂ၊ ဒေါသစသည်တို့နှင့်စပ်သောကိစ္စတို့၌မွေ့လျော်ပျော်ပိုက်မှုမရှိ၊ နောက်သို့ပြန်ဆုတ်တွန့်နစ်သောစိတ်ရှိ၏ ၊ ထိုရဟန်းကို မတီလီန ဟုဆိုပါသည်။

-ဤလောက၌ အံ့ဖွယ်သရဲကိုဖြစ်စေသောအကြောင်း (၃)ပါးရှိပါသည်-

**၁။ ပစ္စယပဋိသေဝန**

-ပစ္စည်းလေးပါးသုံးဆောင်မှီဝဲပုံနှင့်ပတ်သက်၍ အံ့ဘွယ်ပြုခြင်းရဟန်းတစ်ပါးကို ဒါယကာတို့က ပစ္စည်းလေးပါးဖြင့်ဖိတ်သည့်ရဟန်းသည် ပစ္စည်းလေးပါးကိုအလိုရှိ

www.dhammaransi.com



သော်လည်း မိမိ၌ထင်ရှားမရှိသော အပ္ပိစ္ဆတာဂုဏ်ကို ရှိလေဟန်ပြု၍ ဤမျှအဖိုးတန်သောသင်္ကန်း၊ ကျောင်း အလိုမရှိပါ၊ သုဿန်၊ အိမ်ဈေးမှကောက်ယူရသော သင်္ကန်း၊ သစ်တစ်ပင်ဝါးတမ်ရင်ကျောင်းနှင့်ပင် ငါ့အား ပြည့်စုံလုံလောက်ပြီဟုပြောဆိုကာ ဒါယကာ၏အလှူ ကိုပယ်လိုက်သည်။

-ထိုအခါ ဒါယကာက အလိုနည်း၏၊ လှူရလျှင် ရဟန္တာ အားလှူရသည်နှင့်တူပေမည်၊ အဘယ်သို့လှူလို့ရ အောင်လုပ်ရမည်နည်းဟုကြံ၍ အမျိုးမျိုးသောဥပါယ် တို့ဖြင့် ပစ္စည်းလေးပါးကိုပို့ဆောင်ပေး၏၊ ထိုအခါ ရဟန်းသည် ဤဒါယကာအား ငါ့အပေါ်၌ခိုင်မြဲသော သဒ္ဓါတရားရှိကုန်ပေပြီ ဟုသိကာ ဒါယကာအပေါ်၌ ကရုဏာထားချီးမြှောက်သောဟန်ကို ထုတ်ဖော်ပြော၍ အလှူခံသည်။

-ထိုသို့သနားလေဟန်အလှူခံခြင်းဖြင့် ကျောင်းကြီး တိုက်ကြီးဆောက်လုပ်လှူဒါန်းလာအောင် အံ့ဘွယ်သရဲ ထူးကဲသောအမူအရာလုပ်ပြခြင်းကို ပစ္စယပဋိသေဝန ဟုခေါ်ပါသည်။

## ၂။ ဣရိယာပထ = ဣရိယာပုတ်ပြုပြင်၍အံ့ဘွယ်သရဲ ပြုခြင်း

-ယုတ်မာသောအလိုရှိသောရဟန်းသည် ပင်ကိုယ်သီလ ဂုဏ်ဖြင့်ပြီးသောအနေအထိုင်မဟုတ်ဘဲ ဒါယကာတို့ အထင်ကြီး၍ အချီးမွမ်းခံရလေအောင် ဒါယကာတို့

www.dhammaransi.com



ရွှေ့မျောက်ရောက်လျှင် အရိယာပုဂ္ဂိုလ်ပမာသွားပုံ-လာပုံကိုပြုပြင်၍ထား၏၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်း ဣရိယာပုတ်ကိုလည်းပြုပြင်ထား၏၊ အများမြင်သော နေရာ၌ ကမ္မဋ္ဌာန်းထိုင်၏၊ သမာဓိရှိလေဟန်ပြု၏၊· ရေချမ်းသက်သတ်လွတ်ဆွမ်းစားကြ၏။

-ဤဣရိယာပုတ်ဖြင့် အံ့ဘွယ်သရဲထူးကဲအောင်ပြုခြင်းသည် ဣရိယာပထသန္နိဿိတကုဟနဝတ္ထု မည်ပါသည်။

## ၃။ သာမန္တဇပ္ပန = အနီးအနား၌ရစ်သီ၍ ဟောပြောပုံအားဖြင့် အံ့ဘွယ်သရဲပြုခြင်း

-ယုတ်မာသောအလိုအကြံရှိသောရဟန်းသည် ဈာန်မဂ်ဖိုလ်နှင့်စပ်၍အချီးမွမ်းခံလိုသောကြောင့် ဤနှယ် ဤမှုသိုသောသက်န်းကိုဝတ်ရုံသောရဟန်းကား သာမန်ရဟန်းမဟုတ်၊ ဈာန်အစွမ်းဖြင့် စိတ်တန်ခိုးကြီးသောရဟန်းဖြစ်၏၊ မြတ်သောတန်ခိုးရှိ၏၊ ဤနှယ် တောကျောင်း၌နေသောရဟန်းကား ရဟန်းကိစ္စပြီး၍ ကြီးသောတန်ခိုးရှိ၏ ဟုဆရာသမားကပြောကြသည် ဟူ၍ မိမိကိုဈာန်မဂ်ဖိုလ်ရသူ၏အနီး၌ ရစ်ခါရစ်ခါ ချီးမွမ်းလာအောင် ပြောဟောခြင်းဖြင့် အံ့ဘွယ်သရဲ ထူးကဲအောင်ပြုသည်။

-ဤကဲ့သို့ ပြုခြင်းသည် သာမန္တဇပ္ပနကုဟနဝတ္ထုမည်ပါသည်၊ ဤအံ့ဘွယ်သရဲထူးကဲအောင်ပြု၍ ပစ္စည်းရခြင်း

www.dhammaransi.com



အကြောင်း(၃)ပါးကိုမပြုလုပ်၊ ရှောင်ကြဉ်သောရဟန်းကို အကုဟာက ဟုဟောပါသည်။

-ငါးပါးအာရုံကာမဂုဏ်တို့ကိုလည်းကောင်း၊ အမျိုးဒါယကာတို့၌လည်းကောင်း၊ အခြံအရံပရိသတ်ဂိုဏ်းဂဏကိုလည်းကောင်း ၊ဆွမ်းစသောပစ္စည်းလေးပါးကိုလည်းကောင်း၊ ထိုထိုဘုံဘဝကိုလည်းကောင်း၊ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ခန္ဓာကိုလည်းကောင်း မတပ်မက်၊ မတောင့်တ၊ မခင်တွယ်သောရဟန်းသည် အပိဟာလု မည်ပါ၏။

-နေရာကျောင်း၌ဝန်တိုခြင်း-အာဝါသမစ္ဆရိယ
-အမျိုးဒါယကာ၌ဝန်တိုခြင်း-ကုလမစ္ဆရိယ
-လာဘ်၌ဝန်တိုခြင်း -လာဘမစ္ဆရိယ
-အဆင်းဂုဏ်၌ဝန်တိုခြင်း -ဝဏ္ဏမစ္ဆရိယ
-ပရိယတ်၌ဝန်တိုခြင်း -ဓမ္မမစ္ဆရိယ

ဟူသောငါးပါးသောမစ္ဆရိယဝန်တိုခြင်းမှကင်းသောရဟန်းသည် အမစ္ဆရီမည်ပါ၏။

-ကိုယ်နှုတ်စိတ်အားဖြင့် မာန်တက်ခက်ထန်မှုကင်းသောရဟန်းသည် အပ္ပဂဗ္ဘမည်၏။

-ဒုဿီလရဟန်းသည် ပညာရှိတို့စက်ဆုပ်ကဲ့ရဲ့အပ်သောကြောင့် ဇေဂုစ္ဆရဟန်းမည်၏။

-သီလဝန္တရဟန်းသည် ပညာရှိတို့မစက်ဆုပ်မကဲ့ရဲ့အပ်သောကြောင့် အဇေဂုစ္ဆရဟန်းမည်၏။

www.dhammaransi.com



-ဗာလပုထုဇဉ်ရဟန်းသည် ဓေဝုစ္ဆ
-ကလျာဏပုထုဇဉ်မှစ၍ အရိယာပုဂ္ဂိုလ်(၈)ယောက်သည် အဓေဝုစ္ဆ
-(၁) မိမိအားချစ်စေလိုခြင်း (၂)ချစ်နေသူနှစ်ဦးအား အချင်းချင်းကွဲစေလိုခြင်းဟူသော အကြောင်းနှစ်ပါးဖြင့် ဂိုဏ်းတိုက်ခြင်းမှကင်းသောရဟန်းသည် ပေသုဏေယျနောယုတရဟန်းမည်၏။
-ဤသို့ဆိုအပ်ပြီးသော ပတိလီန-စသည့်အမည်ရသော ရဟန်းသည် အပ္ပုခပ်သိမ်းကင်းငြိမ်းသောရဟန်းမည်ပါသည်။

(၆) အကြင်ပုဂ္ဂိုလ်သည် သာယာဖွယ်ကာမဂုဏ်တို့၌ သာယာမှုမရှိ၊ အလွန်ထောင်လွှားမှုမာန၌လည်းမယှဉ်၊ ကာယကံစသည်တို့ဖြင့်နူးညံ့သိမ်မွေ့၏၊ ပဋိဘာန်(ပညာဉာဏ်)လည်းရှိ၏၊ သာသနာတော်မှတစ်ပါး အခြားအယူကိုမယုံကြည်၊ တပ်ခြင်းကင်းပြီးဖြစ်၏၊ ထိုပုဂ္ဂိုလ်ကို ကိလေသာတို့မှငြိမ်းပြီးသောသူဟူ၍ငါဆို၏။

ဗုဒ္ဓ၏ဆိုလိုချက်မှာ-
-နှစ်သက်ဖွယ်ရူပါရုံစသော ကာမဂုဏ်တည်းဟူသော အကြောင်းကြောင့် သတိတည်းဟူသောတံခါးရွက်ဖြင့် မပိတ်ဆို့ဘဲ ဟင်းလင်းဖွင့်ထားသောမျက်စိပေါက် စသောအပေါက်များမှ ရူပစသောတဏှာတည်းဟူ သောအရိအခွဲ၊ အခွဲအစေးတို့သည် တသွင်သွင်ယို

www.dhammaransi.com



ထွက်ကုန်၏။

-ခီဏာသဝရဟန်းကား သတိတည်းဟူသောတံခါးရွက်ဖြင့် မျက်စိပေါက်စသော(၆)ဒွါရကို အစဉ်အမြဲပိတ်ဆို့ပြီးဖြစ်ရုံမျှမက မဂ်ဉာဏ်တည်းဟူသောမီးရှိန်သင့်၍ တဏှာဟူသော အရိအခွဲ၊ အချွဲအစေးတို့လည်း ခန်းခြောက်ပျောက်ကွယ်ကုန်ပြီဖြစ်ရကား အရိအခွဲ ယိုစိမ့်ထွက်မှုမရှိသောကြောင့်

သာတိယေသုအနဿဝီ ဟု ဟောတော်မူပါသည်။

-ဇာတိ၊ အနွယ်၊ အမျိုး၊ အဆင်း၊ စည်းစိမ်ဥစ္စာ၊ အတတ်ပညာ၊ တစ်စုံတစ်ခုသောအကြောင်းကိုအမှီပြု၍ ထောင်လွှား တက်ကြွသောတံခွန်မှန်ကင်းနှင့်တူသော မာန်မာနကိုအကြွင်းမဲ့ ပယ်သတ်ပြီးဖြစ်၍ မာန်မူခြင်းကင်းသောရဟန်းကို အတိမာနေစနောယုတောဟု ဟောတော်မူ၏။

-နူးညံ့သိမ်မွေ့သောကာယကံ၊ ဝစီကံ၊ မနောကံနှင့်လည်းကောင်း၊ နူးညံ့သိမ်မွေ့သောဗောဓိပက္ခိယတရားတို့နှင့်လည်းကောင်းပြည့်စုံသောကြောင့် နူးညံ့သိမ်မွေ့သောသဘောရှိသောရဟန်းသည် သဏှမည်ပါသည်။

-ပိဋကတ်သုံးပုံကိုသင်ယူပြီးသောရဟန်း၏သင်ယူခြင်းပရိယတ်ကိုမှီ၍ဖြစ်သောဉာဏ်သည် ပရိယတ္တိပဋိဘာန်မည်ပါသည်။

www.dhammaransi.com



-အနက်၊ အဌကထာကိုအဖန်တလဲလဲမေးမြန်းပြီးသော
သင်ပြီးသောရဟန်း၏ အဖန်တလဲလဲမေးမြန်းမှုကိုမှီ၍
ဖြစ်သောဉာဏ်သည် ပရိပုစ္ဆာပဋိဘာန်မည်၏။
-ဗောဓိပက္ခိယတရား(၃၇)ပါး၊ အရိယာမဂ်(၄)ပါး၊
သာမညဖိုလ်(၄)ပါး၊ ပဋိသမ္ဘိဒါ(၄)ပါး၊ အဘိညာဉ်(၆)
ပါးတို့ကိုရပြီးသောရဟန္တာပုဂ္ဂိုလ်၏အတ္တပဋိသမ္ဘိဒါ
ဉာဏ်၊ပဋိဘာနပဋိသမ္ဘိဒါဉာဏ်သည် **အဓိဂမပဋိဘာန်**
မည်၏၊
-ထိုပဋိဘာန်(၃)ပါးနှင့်ပြည့်စုံသောရဟန်းသည်
**ပဋိဘာနဝါ** မည်၏။
-သင်္ခါရတရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူ၍ကိုယ်တိုင်
သိပြီးသောရဟန်းပဋိစ္စသမုပ္ပါဒ်သစ္စာလေးပါး၊ အဘိ
ညေယျတရား၊ သစ္ဆိကာတဗ္ဗတရားတို့ကို ကိုယ်တိုင်
သိပြီးသောရဟန်းကား ယင်းတရားတို့ကိုသိရေး၌
တစ်ပါးသောသူကိုယုံကြည်အားထားခြင်း မရှိတော့
သောကြောင့် **နသဒ္ဓေါပုဂ္ဂိုလ်** ဟူ၍ဆိုပါသည်။
-ဗာလပုထုဇဉ်တို့သည် ထိုထိုအာရုံဘုံဘဝတို့၌ တပ်မက်
နှစ်သက်နေဆဲဖြစ်၏၊ ကလျာဏပုထုဇဉ်နှင့်တကွ
သေက္ခပုဂ္ဂိုလ်(၇)ယောက်တို့သည် ထိုထိုအာရုံဘုံဘဝ
တို့၌တပ်မက်နှစ်သက်ခြင်းမှကင်းဆဲဖြစ်ကုန်၏၊ ရဟန္တာ
ပုဂ္ဂိုလ်သည် တပ်မက်နှစ်သက်ခြင်းမှကင်းပြီးဖြစ်၏၊
ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ်ကို တပ်မက်ခြင်းမှကင်းပြီး
**နဝိရဋ္ဌတိပုဂ္ဂိုလ်** ဟုဟောပါသည်။

www.dhammaransi.com



(၇) အကြင်ပုဂ္ဂိုလ်သည် လာဘ်ကိုလိုသဖြင့် ပရိယတ်ကို မသင်ယူ၊ လာဘ်မရခြင်းကြောင့်လည်းအမျက်မထွက်၊ ဆန့်ကျင်မှုမရှိသည်ဖြစ်၍ တဏှာဖြင့်ရသာရုံကိုလည်း မမက်မော၊ ထိုပုဂ္ဂိုလ်ကိုကိလေသာမှငြိမ်းပြီးသောသူ ဟူ၍ ငါဆို၏။

**ဗုဒ္ဓ၏ဆိုလိုချက်မှာ–**

-လောက၌ အချို့သောရဟန်းသည် ပစ္စည်းလာဘ်ကို ရလိုခြင်းကြောင့် ပရိယတ်ကျမ်းဂန်ကိုသင်အံ့လေ့ကျက်၏၊ ဤရဟန်းကား ထိုသို့မဟုတ် မိမိကိုယ်ကိုယဉ်ကျေးအောင်ဆုံးမနိုင်ရန်အကျိုးငှာလည်းကောင်း၊ မိမိ၌ရှိသောကိလေသာတရားတို့ကိုနှိမ်ချိုးငြိမ်းသတ်နိုင်ရန်အကျိုးငှာလည်းကောင်း၊ ဝဋ်ဆင်းရဲမှထွက်မြောက်ကျွတ်လွတ်နိုင်ရန်အကျိုးငှာလည်းကောင်း၊ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာသုံးဖြာသောပိဋကတ်တို့ကိုလေ့လာသင်ယူ၏။

-အချို့သောရဟန်းသည် ပစ္စည်းလာဘ်ကိုရလိုကြောင်း ပိဏ္ဍပါတ်စသောဓုတင်အကျင့်ကိုကျင့်တတ်၏၊ ဤရဟန်းကား ထိုသို့မဟုတ်၊ အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း၊ ကိလေသာကိုခေါင်းပါးစေလိုခြင်း၊ ကာယဝိဝေက၊ စိတ္တဝိဝေက၊ ဥပဓိဝိဝေကတို့ကိုအလိုရှိခြင်း၊ ဤဓုတင်အကျင့်ဖြင့် ဝဋ်မှလွတ်မြောက်လိုခြင်းကို ရည်မှန်းတောင့်တလျက် ဓုတင်အကျင့်ကိုကျင့်သူဖြစ်၏။

www.dhammaransi.com



-လောက၌ အချို့သောရဟန်းသည် လာဘ်မရခြင်း၊ အခြွေအရံမရခြင်း၊ အချီးမွမ်းမခံရခြင်း၊ ချမ်းသာစွာ မနေရခြင်းစသောအကြောင်းကြောင့် အမျက်ထွက်တတ်၊ စိတ်ပျက်တတ်၊ ဖောက်ဖောက်ပြန်ပြန်ပြောဆိုပြုလုပ်တတ်၏၊ ဤရဟန်းကား ထိုကဲ့သို့မဟုတ် လာဘ်မရခြင်းစသော လောကဓံအကြောင်းတို့ကို သည်းခံနိုင်၏၊ စိတ်ပျက်ခြင်း၊ အမျက်ထွက်ခြင်းမရှိ၊ ပကတိအမူအရာမှဖောက်ပြန်တုန်လှုပ်ခြင်းမရှိသော ရဟန်း ဖြစ်၏။

-ဤလောက၌ အဆင်း၊ အသံ၊ အာရုံတို့၌ခုံမင်တတ်သောတဏှာကိုအရင်းခံလျက် တစ်ဦးနှင့်တစ်ဦး၊ တစ်အိမ်နှင့်တစ်အိမ်၊ တစ်ရွာနှင့်တစ်ရွာ၊ တစ်ပြည်နှင့်တစ်ပြည် မညီမညွတ်ဆန့်ကျင်ဘက်ပြုလျက် လုယက်တိုက်ခိုက်သတ်ဖြတ်မှုတို့သည် မျက်မြင်အထင်အရှားဖြစ်ကြကုန်၏၊ ဤရဟန်းကား ထိုသို့သောတဏှာအရင်းခံသည် ဆန့်ကျင်မှုမရှိ၊ အမျက်ဒေါသမရှိ၊ ဒေါသအပူမှငြိမ်းအေး၏။

-ဤလောက၌ အရသာကိုမက်မောသောသူတို့သည် အချဉ်ကိုရလျှင် အချိုကိုရှာ၏၊ အချိုကိုရလျှင် အချဉ်ကိုရှာ၏၊ အငန်ကိုရလျှင် အစပ်ကိုရှာ၏၊ အစပ်ကိုရလျှင် အငန်ကိုရှာ၏၊ အပူကိုရလျှင် အအေးကိုရှာ၏၊ အအေးကိုရလျှင် အပူကိုရှာ၏၊ ရလာသမျှနှင့်မရောင့်

www.dhammaransi.com



ရဲနိုင်၊ ဤရဟန်းကား ရသတဏှာကို ပယ်ပြီးဖြစ်၍ ရလာသမျှဖြင့်ရောင့်ရဲနိုင်၏၊ ကောင်းနိုးရာရာကိုမရှာပြီ၊ အသားနုတက်ရုံအကျိုးငှာ အနာလိမ်းဆီကိုသုံးစွဲသကဲ့သို့လိုရာ ခရီးပေါက်ရုံသာလှည်းဝင်ရိုး၌ဆီကိုသုံးစွဲသကဲ့သို့ ခရီးခဲကိုလွန်မြောက်ရုံမျှသာ သားငယ်၏အသားကိုသုံးဆောင်သကဲ့သို့ ဤစတုသမုဋ္ဌာနာနိကရူပကာယ၏ တည်တံ့ခိုင်ရုံသာ အာဟာရကိုသုံးဆောင်၏၊ ထိုရဟန်းသည် အပူခပ်သိမ်းငြိမ်းလေပြီး ဟုဆို၏။

(၈) အကြင်ပုဂ္ဂိုလ်သည် လျစ်လျူရှုမှုဉပေက္ခာနှင့်ပြည့်စုံ၏၊ အခါခပ်သိမ်းအမှတ်ရမှုသတိရှိ၏၊ သူနှင့်တူသူဟု သဒိသမာန်ဖြင့်မမှတ်ထင်၊ သူထက်ထူးမြတ်သူ ဟုပဏိတမာန်ဖြင့်မမှတ်ထင်၊ သူအောက်ယုတ်သူဟု ဟီနမာန်ဖြင့် မမှတ်ထင်၊ ထိုရဟန္တာပုဂ္ဂိုလ်အား ရာဂစသောပွားစီးခြင်းတို့သည်မရှိကုန်၊ ထိုပုဂ္ဂိုလ်ကိုကိလေသာတို့မှငြိမ်းပြီးသောသူဟူ၍ငါဆို၏။

ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-ရူပါရုံစသောအာရုံငါးပါးကိုမြင်၊ ကြား၊ နံ၊ လျက်၊ ထိတွေ့ထင်မှုတို့၌ နှစ်သက်မှု၊ စိတ်ပျက်မှုသို့မရောက်စေဘဲ သတိသမ္ပဇဉ်ဖြင့် သဲပြင်၌ ချိန်ခွင်လျှာသဖွယ်အလယ်ဗဟို၌ ရပ်တည်လျက် လျစ်လျူရှုခြင်းဟူသော ဉပေက္ခာအင်္ဂါ(၆)ပါးနှင့်ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်သည် ဉပေက္ခက မည်ပါသည်။

www.dhammaransi.com



-သတိပဋ္ဌာန်လေးပါးကို အခါခပ်သိမ်းပွားစေသော ရဟန္တာပုဂ္ဂိုလ်သည် သဒါသတမည်ပါသည်၊ ထိုရဟန္တာပုဂ္ဂိုလ်သည် သဒိသမာန်၊ သေယျမာန်၊ ဟိနမာန်(၃)မျိုးကိုပယ်စွန့်ပြီးဖြစ်၏၊ ထူထပ်ပြည့်ကြပ်အောင်ပွားတတ်သော ရာဂုဿဒ၊ ဒေါသုဿဒ၊ မောဟုဿဒ၊ မာနုဿဒ၊ ဒိဋ္ဌုဿဒ၊ ကိလေသုဿဒ၊ ကမ္မုဿဒ (၇)ပါးကိုလည်း ပယ်စွန့်ပြီးဖြစ်၏၊ ထို့ကြောင့် ပူပန်ခပ်သိမ်းငြိမ်း၏ဟု ဟောတော်မူပါသည်။

(၉) အကြင်ရဟန္တာပုဂ္ဂိုလ်အား တဏှာ၊ ဒိဋ္ဌိဟူသောမှီရာတို့သည် မရှိကုန်၊ အကြင်ရဟန္တာပုဂ္ဂိုလ်သည် တရားကိုသိ၍ တဏှာဒိဋ္ဌိတို့ဖြင့်မမှီ၊ အကြင်ရဟန္တာပုဂ္ဂိုလ်အား သဿတဒိဋ္ဌိဖြစ်ခြင်းငှာလည်းကောင်း၊ ဥစ္ဆေဒဒိဋ္ဌိဖြစ်ခြင်းငှာလည်းကောင်း၊ တပ်မက်မှုတဏှာမရှိ၊ ထိုပုဂ္ဂိုလ်ကိုကိလေသာမှငြိမ်းပြီးသောသူဟူ၍ ငါဆို၏။

ဗုဒ္ဓ၏ဆိုလိုချက်မှာ- -

-အကြင်ပုဂ္ဂိုလ်သည် သင်္ခါရတရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူ၍မသိဘဲ နိစ္စ၊ သုခ၊ အတ္တဟူ၍ထင်မှတ်၏၊ ထိုပုဂ္ဂိုလ်အား တဏှာ၊ ဒိဋ္ဌိတည်းဟူသော အမှီ၊ အစွဲ၊ ပယောဂတို့သည်ရှိကုန်၏၊ ဤရဟန္တာပုဂ္ဂိုလ်သည်ကား သင်္ခါရတို့ကို နိစ္စ၊ သုခ၊ အတ္တ ဟုမှတ်ထင်ခြင်းမရှိဘဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟုသိပြီးဖြစ်ခြင်းကြောင့် တဏှာ၊ ဒိဋ္ဌိတည်းဟူသော အမှီအစွဲပယောဂတို့မှကင်း၏။

www.dhammaransi.com



-ထို့ကြောင့် စက္ခုစသောအဇ္ဈတ္တိကာယတန(၆)ပါး၊ ရူပ သဒ္ဒစသောဗာဟိရာယတန(၆)ပါးတို့ကို လည်းကောင်း၊ အမျိုးဒါယကာ၊ ဂိုဏ်း၊ နေရာ၊ ဗိမာန်၊ လာဘ်၊ အကျော်အစော စသည်ကိုလည်းကောင်း၊ ဖောက်ပြန်စွာ သိခြင်း၊မှတ်ခြင်း၊ ထင်မှားခြင်းအားဖြင့်မှီကပ်ငြိတွယ် ခြင်း မရှိပြီ၊ စင်စစ်အားဖြင့် ခန္ဓာအာယတနစသည်တို့မှ ကျွတ်လွတ်ထွက်မြောက်ပြီးဖြစ်၏။

-ဘဝဒိဋ္ဌိခေါ်သော သဿတဒိဋ္ဌိ၊ ဝိဘဝဒိဋ္ဌိခေါ်သော ဥစ္ဆေဒဒိဋ္ဌိတို့နှင့်တကွဖြစ်၍ ထိုထိုဘုံဘဝ၌ဖြစ်ခြင်း၊ ထိုထိုဘုံဘဝ၌ပြတ်စဲခြင်းတို့ကို တောင့်တစွဲလန်းခြင်း လည်းမရှိ။

-ထို့ကြောင့် ကာမဂုဏ်တို့၌လည်းကောင်း၊ ကိလေသာ တဏှာတို့၌လည်းကောင်း၊ ငဲ့ကွက်ခြင်းကင်းသော ရဟန္တာပုဂ္ဂိုလ်ကို ဥပသန္တအပူငြိမ်းသောပုဂ္ဂိုလ်ဟူ၍ ဗုဒ္ဓကဟောခြင်းဖြစ်ပါသည်။

(၁၀) ထိုရဟန္တာပုဂ္ဂိုလ်အား အထုံးအဖွဲ့၊ ဂန္ထတရားလေးပါးတို့ မရှိကုန်၊ ထိုရဟန္တာပုဂ္ဂိုလ်သည် ကပ်ငြိတတ်သော တဏှာကိုလွန်မြောက်၏၊ ဝတ္ထုကာမ၊ ကိလေသာကာမ တို့၌ငဲ့ကွက်ခြင်းမရှိသောပုဂ္ဂိုလ်ကို ကိလေသာတို့မှ ငြိမ်းပြီးသောသူဟူ၍ ငါဆို၏။

ဗုဒ္ဓဏ်ဆိုလိုချက်မှာ–

-ဤလောက၌ အဖွဲ့အထုံးဟူသည်ကား-

www.dhammaransi.com



-မိမိ၏မှားသောအယူဝါဒကို အလွန်တပ်မက်စွဲလမ်းခြင်းရာဂသည် နာမကာယနှင့်ရူပကာယကို (သို့မဟုတ်) ပစ္စုပ္ပန်ကာယနှင့်အနာဂါတ်ကာယကို ဖွဲ့ထုံးသီကုံးတတ်သောကြောင့် အဘိဇ္ဈာကာယဂန္ထအဖွဲ့အထုံး

-တစ်ပါးသောသူတို့၏အယူဝါဒ၌မနှစ်သက်ခြင်း၊ အမျက်ထွက်ခြင်းဒေါသသည် ဗျာပါဒကာယဂန္ထအဖွဲ့အထုံး

-မိမိ၏အလေ့အကျင့်များကို မှားသောအားဖြင့်သုံးသပ်ခြင်းဒိဋ္ဌိသည် သီလဗ္ဗတပရာမသကာယဂန္ထအဖွဲ့အထုံး

-မိမိသည် မြဲမြံစွာငါသာမှန်၏ ဟုယူအပ်သောအယူဝါဒဒိဋ္ဌိသည် ဣဒံသစ္စာဘိနိဝေသကာယဂန္ထအဖွဲ့အထုံး

-ဤအဖွဲ့အထုံးကင်းသောပုဂ္ဂိုလ်ကို တဏှာနယ်ကိုကျော်လွန်သောပုဂ္ဂိုလ် ဟု ဆိုလိုပါသည်။

(၁၁) -ရဟန္တာပုဂ္ဂိုလ်အား သားသမီးတို့သည်လည်းကောင်း၊ ကျွဲ၊ နွားစသောသတ္တဝါတို့သည်လည်းကောင်း၊ စပါးခင်းစသော လယ်ယာသည်လည်းကောင်း၊ အိမ်နေရာစသောမြေသည်လည်းကောင်းမရှိကုန်၊ ထိုပုဂ္ဂိုလ်၌ အတ္တရှိ၏ဟူသော သဿတဒိဋ္ဌိတို့ကိုလည်းကောင်း၊ အတ္တပြတ်၏ဟူသော ဥစ္ဆေဒဒိဋ္ဌိတို့ကိုလည်းကောင်း မရအပ်၊ ထိုပုဂ္ဂိုလ်ကို ကိလေသာတို့မှငြိမ်းပြီးသောသူဟူ၍ ဆိုအပ်၏။

www.dhammaransi.com



ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-သားသမီး၊ ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ လယ်ယာ၊ မိုး၊ မြေ၊ ရွှေ၊ ငွေစည်းစိမ်တို့ကိုသိမ်းပိုက်ခြင်းကင်းပြီး ငါ၊ ငါ့ဥစ္စာ ဟုအတ္တသို့ အစဉ်လိုက်မှုကင်းသောပုဂ္ဂိုလ်ကို ကိလေသာအားလုံးမှငြိမ်းပြီးသောပုဂ္ဂိုလ်ဟုဆိုခြင်း ဖြစ်ပါသည်။

(၁၂) -အကြင်ရာဂစသောအပြစ်ဖြင့် ရဟန္တာပုဂ္ဂိုလ်ကို ပုထုဇဉ်ဖြစ်သောနတ်လူတို့သည်လည်းကောင်း၊ ပရိဗိုဇ် ရဟန်း၊ ပုဏ္ဏားတို့သည်လည်းကောင်း၊ ကဲ့ရဲ့စွပ်စွဲတတ် ကုန်၏၊ ရဟန္တာပုဂ္ဂိုလ်များသည် ထိုတဏှာဒိဋ္ဌိတို့ကို တံခွန်မှန်ကင်းသဖွယ်ရှေ့သွားမပြုတော့ပြီဖြစ်၍ ထိုစွပ်စွဲသောစကားတို့ကြောင့် မတုန်လှုပ်ကြကုန်၊ ထိုပုဂ္ဂိုလ်ကို ကိလေသာမှငြိမ်းပြီးသောပုဂ္ဂိုလ်ဟု ဆိုပါ၏။

ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-ရုပ်နာမ်ဓမ္မသဘာဝတို့၌ ကျနပိုင်ပိုင်သိစွမ်းနိုင်သော ဉာဏ်မရှိသဖြင့် ထိုဆရာဟောပြောချက်ကို ကောင်းနိုး နိုး၊ ဤဆရာဟောပြောချက်ကောင်းနိုးနိုးမှတ်ထင် သဖြင့် အမျိုးမျိုးသောဆရာတို့သို့ကူးကာ ပြောင်းကာ ချာချာလည်နေသောနတ်လူအပေါင်းကို ပုထုဇဉ်ဟု ခေါ်ပါသည်။

-ဘုရားရှင်၏အဆုံးအမဩဝါဒမှပြင်ပသို့ထွက်၍ ငြိမ်းချမ်းမှုကိုရှာကြသော ပရိဗိုဇ်ရဟန်းစုကို သမဏ၊

www.dhammaransi.com



ဗေဒင်သမား၊ ပုဏ္ဏားတို့ကိုဖြဟ္မဏဟူ၍ခေါ်ပါသည်။
-ထိုပုဂ္ဂိုလ်များက ရာဂဖြင့်တပ်မက်နေသူ ဒေါသဖြင့် ပျက်စီးနေသူ၊ မောဟဖြင့်တွေဝေနေသူ၊ မာနဖြင့် ထောင်လွှားနေသူ၊ ဒိဋ္ဌိဖြင့်မှားယွင်းဖောက်ပြန်စွာသုံး သပ်နေသူ၊ ဥဒ္ဓစ္စဖြင့်ပျံ့လွင့်နေသူ၊ ဝိစိကိစ္ဆာဖြင့် မဆုံးဖြတ်နိုင်သူ၊ အနုသယဖြင့်ခိုင်မာသောအားရှိသူ ဖြစ်၏ ဟုစွပ်စွဲကုန်၏၊ ထိုစွပ်စွဲချက်များသည် တဏှာ ဒိဋ္ဌိကင်းသောရဟန္တာများအနီးသို့ မရောက်၊ ကဲ့ရဲ့ စွပ်စွဲခြင်းဘေးရန်တို့ကြောင့် ရဟန္တာများမတုန်လှုပ် တော့ ဟုဆိုလိုပါသည်။

(၁၃) ရဟန္တာပုဂ္ဂိုလ်သည် တပ်မက်မှုတဏှာကင်း၏၊ ဝန်တိုမှု မစ္ဆရိယကင်း၏၊ မာန်(၃)ပါးကင်း၏၊ တဏှာ၊ ဒိဋ္ဌိအား ဖြင့်ကြံစည်ခြင်းသို့မရောက်၊ ထိုပုဂ္ဂိုလ်ကို ကိလေသာ မှငြိမ်းပြီးသောသူ ဟုဆိုအပ်၏။

ဗုဒ္ဓ၏ဆိုလိုချက်မှာ--
-ဤတရားများကင်းပြီးဖြစ်သောကြောင့် ရဟန္တာပုဂ္ဂိုလ် ကို မည်သူကစွပ်စွဲကဲ့ရဲ့သည်ဖြစ်စေ၊ မတုန်လှုပ်ကြ တော့၊ ငြိမ်းပြီး ဟုဆိုလိုပါသည်။

(၁၄) -လောက၌ အကြင်ရဟန္တာပုဂ္ဂိုလ်အား မိမိ၏ဥစ္စာဟူ၍ သိမ်းဆည်းမှုမရှိ၊ ဖောက်ပြန်ပျက်စီးသွားသောဝတ္ထု ကြောင့်လည်းမစိုးရိမ်၊ တရားအားလုံးတို့၌လည်း ဆန္ဒ ဂတိစသည်မလိုက်၊ ထိုပုဂ္ဂိုလ်ကို ကိလေသာမှငြိမ်းပြီး သောပုဂ္ဂိုလ် ဟုဆိုအပ်၏။

www.dhammaransi.com



## ကလဟဝိဝါဒ

ကလဟ = ခိုက်ရန်ဖြစ်ခြင်း
ဝိပါဒ = ငြင်းခုံခြင်း

ခိုက်ရန်ဖြစ်ခြင်း၊ ငြင်းခုံခြင်းစသော မကောင်းမှုတရားဆိုးတို့ကို ပယ်နိုင်ရန်ဟောကြားသောတရားများဖြစ်ပါသည်။

ဗုဒ္ဓသည် ဤသုတ်ကိုဒေါသစရိုက်များသောနတ်ဗြဟ္မာတို့အတွက် ဟောကြားတော်မူပါသည်။

ဒေါသစရိုက်များသောနတ်ဗြဟ္မာတို့သည် ခိုက်ရန်ဖြစ်ခြင်း၊ ငြင်းခုံခြင်းစသောမကောင်းမှုတရားဆိုးတို့သည် အဘယ်ကြောင့်လောက၌ဖြစ်ပေါ်လာရပါသနည်း ဟု ကြံစည်စိတ်ကူးကြသည်၊ ထိုအကြံကို ဗုဒ္ဓကသိတော်မူ၍ နိမ္မိတဘုရားကမေးစေပြီး မိမိကအဖြေပေးလေသည်။

**၁။ နိမ္မိတဘုရားမေး-**

-ခိုက်ရန်ဖြစ်မှု၊ ငြင်းခုံမှုတို့သည် အဘယ်ကြောင့်ဖြစ်ပေါ်လာကုန်သနည်း၊ ဝန်တိုမှုနှင့်တကွဖြစ်ကုန်သော ထောင်လွှားမှု၊ အလွန်ထောင်လွှားမှုတို့သည်လည်းကောင်း၊ သူ့ကိုစွန်းပစ်၊ ကိုယ်ကိုချစ်အောင်ချောပစ်ဂုံးတိုက်ခြင်းတို့သည်လည်းကောင်း၊ ထိုတရားတို့သည် အဘယ်ကြောင့် ဖြစ်ပေါ်လာကုန်သနည်း၊ တောင်းပန်ပါ၏၊ ထိုအကြောင်းကို ဟောတော်မူပါလော။

www.dhammaransi.com



## နိမိတ္တတူရားမေးလိုချက်များ

၁။ ခိုက်ရန်ဖြစ်ခြင်း
၂။ ငြင်းခုံခြင်း
၃။ ငိုကြွေးခြင်း
၄။ တအုံနွေးနွေးပူဆွေးစိုးရိမ်ခြင်း
၅။ ဝန်တိုခြင်း
၆။ မာန်မူခြင်း
၇။ အလွန်အကဲမာန်တက်ခြင်း
၈။ ဂုံးတိုက်ခြင်း

ဤ(၈)ပါးကိလေသာတရားတို့သည် အဘယ်ကြောင့်ဖြစ်ပေါ်လာရပါသနည်း ဟုမေးခြင်းဖြစ်ပါသည်။

၂။ နိမိတ္တတူရားဖြေ

-ခိုက်ရန်ဖြစ်မှု၊ ငြင်းခုံမှုတို့သည် ချစ်အပ်သောသတ္တဝါသခါရကြောင့် ဖြစ်ပေါ်လာကုန်၏။

-ဝန်တိုမှုနှင့်တကွဖြစ်ကုန်သော ငိုကြွေးမှု၊ စိုးရိမ်မှုတို့သည်လည်းကောင်း၊ ချောပစ်ဂုံးတိုက်မှုနှင့်တကွဖြစ်ကုန်သောထောင်လွှားမှု၊ အလွန်ထောင်လွှားမှုတို့သည်လည်းကောင်း၊ ချစ်ခင်အပ်သောသတ္တဝါသခါရကြောင့်ဖြစ်ပေါ်လာကုန်၏။

-ခိုက်ရန်ဖြစ်မှု၊ ငြင်းခုံမှုတို့သည် ဝန်တိုမှုနှင့်စပ်ယှဉ်ကုန်၏၊ ငြင်းခုံမှုတို့ဖြစ်ကုန်သည်ရှိသော် ချောပစ်ဂုံးတိုက်မှုတို့ ဖြစ်တတ်ကုန်၏။

www.dhammaransi.com



ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-လောက၌ ချစ်ခင်မှုသည် သက်ရှိသတ္တဝါကိုချစ်ခင်မှု နှင့်သက်မဲ့အသုံးအဆောင်ကိုချစ်ခင်မှု ဟူ၍နှစ်မျိုးရှိပါသည်။

-ထိုနှစ်မျိုးသောချစ်ခင်မှုဖြင့် မိမိချစ်မြတ်နိုးအပ်သော သတ္တဝါသခါရတို့-

-သူတစ်ပါးလက်သို့ရောက်မည်စိုး၍လည်းကောင်း

-သူတစ်ပါးလက်သို့ရောက်ဆဲဖြစ်၍လည်းကောင်း

-ရောက်သွားပြီးဖြစ်၍လည်းကောင်း

-တစ်စုံတစ်ခုသောအကြောင်းကြောင့် ပျက်စီးမည် ထင်၍လည်းကောင်း

-ပျက်စီးဆဲဖြစ်၍လည်းကောင်း

-ပျက်စီးပြီးဖြစ်၍လည်းကောင်း

-ထိုအရေးတို့ကိုအကြောင်းပြု၍ (ကလဟ)ခေါ်သော ကိုယ်ထိလက်ရောက်ရိုက်နှက်ထိုးသတ်ခြင်း၊ တစ်ဦးနှင့်တစ်ဦး၊ တစ်အိမ်နှင့်တစ်အိမ်၊ တစ်ရွာနှင့်တစ်ရွာ၊ တစ်ပြည်နှင့်တစ်ပြည်၊ တိုက်ခိုက်ခြင်းတို့ဖြစ်ပေါ်လာရသည် ဟုဆိုလိုပါသည်။

၁။ အယူအဆကွဲလွဲ ဆဲဆိုငြင်းခုန်ကြလေ့ရှိ၏။ (ဝိဝါဒ)

၂။ ထုတ်ဖော် တသ နှမြောလှ၍ငိုကြွေးကြလေ့ရှိ၏။ (ပရိဒေဝ)

၃။ တအုံနွေးနွေးစိတ်မအေးဘဲ ပူဆွေးစိုးရိမ်ကြလေ့ရှိ၏။ (သောက)

www.dhammaransi.com



၄။ စောင့်ရှောက်ဖုံးဝှက်ခြင်း၊ သိမ်းပိုက်ဆုပ်ကိုင်ထားခြင်း ငါ့ဟာ၊ ငါ့ဥစ္စာ၊ ငါ့အိမ်၊ ငါ့ကျောင်းစသည်ဖြင့် ကြွေးကြော်ဖော်ပြခြင်းတို့ဖြင့် သူတစ်ပါးတို့ဖြင့် မပတ်သက်၊ မဆက်ဆံအောင်ဝန်တိုခြင်းကိုပြုကြလေ့ရှိ၏။ (မစ္ဆေရ)

၅။ မိမိဘက်သို့ပါလာစေရန်လည်းကောင်း၊ သူတို့အချင်းချင်းကွဲစေရန်လည်းကောင်း ဂုံးတိုက်ကြလေ့ရှိ၏။ (ပေသုည)

၆။ ဤမျှလောက်ချစ်ဘွယ်နှစ်သက်ဖွယ်ကောင်းသော အရာဝတ္ထုကို ငါတို့ရနိုင်ကြသည်၊ ရလွယ်ကြသည်ဟု ချစ်ဖွယ်ဝတ္ထုကိုမှီ၍ မာန်မူလေ့ရှိကြ၏။ (မာန)

၇။ ဤချစ်ဖွယ်၊ နှစ်သက်ဖွယ်ဝတ္ထုမျိုးကို ငါတို့သာရနိုင်သည်၊ တစ်ပါးသောလူညံ့လူနုံတို့ကား ရနိုင်ဘို့ကား မဆိုထားဘဲ တွေ့ဘူး၊ မြင်ဘူးရုံမျှမရှိကုန် ဟု သူတစ်ပါးအပေါ်၌ ကျော်လွှားမာန်တက်မာန်မူကြလေ့ရှိ၏။ (အတိမာန)

- ဤတရားတို့တွင် မစ္ဆေရ-ဝန်တိုမှုတစ်ပါးသောအခြားသောတရားများသည် မစ္ဆေရဟူသောဝန်တိုမှုကြောင့်လည်းဖြစ်ကုန်၏။
- ထိုမှတစ်ပါး အထူးအားဖြင့် ဂုံးတိုက်မှုသည် ငြင်းခုံမှုဟူသောဝိဝါဒကြောင့်ဖြစ်တတ်ပါသည်။
- အချုပ်အားဖြင့် ဂုံးတိုက်မှုသည်-
  - ချစ်ဖွယ်ဝတ္ထုကြောင့်လည်းကောင်း

www.dhammaransi.com



-ဝန်တိုမှုကြောင့်လည်းကောင်း
-ငြင်းခုံမှုကြောင့်လည်းကောင်း
ဤ(၃)ပါးသောအကြောင်းကြောင့်ဖြစ်တတ်ပါသည်။

-ခိုက်ရန်ဖြစ်မှု၊ ငြင်းခုံမှု၊ ငိုကြွေးမှု၊ စိုးရိမ်မှု၊ မာန်မူမှု၊ အလွန်မာန်မူမှုဟူသော(၆)ပါးသောတရားသည်-
-ချစ်ဖွယ်ဝတ္ထုကြောင့်လည်းကောင်း
-ဝန်တိုမှုကြောင့်လည်းကောင်း
ဤ(၂)ပါးသောအကြောင်းကြောင့် ဖြစ်တတ်ပါသည်။

-ဝန်တိုမှုသည် ချစ်ဖွယ်ဝတ္ထုဟူသော(၁)ပါးသော အကြောင်းကြောင့်ဖြစ်တတ်သည် ဟုဆိုလိုပါသည်။

**၃။ နိမ္မိတဘုရားမေး**

-လောက၌ ချစ်အပ်သောဝတ္ထုတို့သည် အဘယ်လျှင် အကြောင်းရှိကုန်ပါသနည်း။

-အကြင်သူတို့သည်လည်း လိုချင်မှု(လောဘ) ရှိကုန်သည်ဖြစ်၍ လောက၌သွားလာနေထိုင်ကြကုန်၏၊ ထိုသူတို့၏လိုချင်မှုသည် အဘယ်လျှင်အကြောင်းရှိပါသနည်း။

-အကြင်တောင့်တမှု၊ ပြည့်စုံမှုတို့သည် လူပုဂ္ဂိုလ်အားအားထားမှီခိုရန်ဖြစ်ကုန်၏၊ ထိုတောင့်တမှု၊ ပြည့်စုံမှုတို့သည် အဘယ်လျှင်အကြောင်း ရှိကုန်ပါသနည်း။

www.dhammaransi.com



**နိမိတ္တတထုရားမေးလိုချက်များ**

(၁) ချစ်ဖွယ်အာရုံ(ကာမဂုဏ်)၌ချစ်ခြင်းနှင့် ချစ်သည့်အတိုင်း လှည့်လည်ခံစားမှု

(၂) တောင့်တခြင်းတဏှာနှင့်တောင့်တတိုင်း ပြည့်စုံမှု၏အကြောင်းတို့ကိုမေးတော်မူခြင်းဖြစ်ပါသည်။

၄။ **ဘုရားရှင်ဖြေ**

-လောက၌ချစ်အပ်သောဝတ္ထုတို့သည် ကာမစ္ဆန္ဒလျှင်အကြောင်းရှိကုန်၏၊ အကြင်သူတို့သည် လိုချင်မှုလောဘရှိကုန်သည်ဖြစ်၍ သွားလာနေထိုင်ကြကုန်၏၊ ထိုလောဘသည်သာလျှင် ကာမစ္ဆန္ဒလျှင်အကြောင်းရှိကုန်၏။

-အကြင်တောင့်တမှု၊ ပြည့်စုံမှုတို့သည် လူပုဂ္ဂိုလ်အားအားထားမှီခိုရန်ဖြစ်ကုန်၏၊ ထိုတောင့်တမှု၊ ပြည့်စုံမှုတို့သည်လည်း ဤကာမစ္ဆန္ဒလျှင်အကြောင်းရှိကုန်၏၊

ဗုဒ္ဓ၏ဆိုလိုချက်မှာ-

-လောကသားတို့၏လောဘဖြင့် လိုချင်အပ်သမျှအရာဝတ္ထုသည် ကာမ

-သတ္တဝါတို့ဖမ်းဆီးဖွဲ့တုတ်ချုပ်ထားရာနှောင်ကြိုးနှောင်အိမ်သည် ဂုဏ

-နှောင်ကြိုး နှောင်အိမ်ကဲ့သို့ဖြတ်မရအောင် ရုန်းမထွက်နိုင်အောင် လိုချင်မှုဖြင့်စွဲလမ်းအပ်သောအရာဝတ္ထုအပေါင်းသည် ကာမဂုဏမည်၏။

www.dhammaransi.com



-ပရမတ္ထတရားကိုယ်အားဖြင့် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ ဟူသောအာရုံငါးပါးသည် ကာမဂုဏ်မည်၏။

(အထီး၊ အမနှစ်ဦးစုံတို့၏အမှုဖြစ်သော မေထုန်မှုနှင့် စပ်သောအရာသာ ကာမဂုဏ ဟုမမှတ်ရပါ )

-ထိုအာရုံငါးပါးကာမဂုဏ်တရားတို့ကို ရှာမှီးခြင်း၊ ရခြင်း၊ သုံးဆောင်ခြင်း၊ သိုမှီးခြင်း၊ ပေးကမ်းခြင်းတို့၌ မတင်းတိမ်နိုင်၊ တမြော်မြော်တောင့်တနေသော အားနည်းသော (ဒုဗ္ဗက)ရာဂသည် အကြောင်းရင်းဖြစ်သည် ဟုဆိုလိုပါသည်။

-ချစ်အပ်သောသတ္တဝါသခ်ါရဟူသော အာရုံ၏ အကြောင်းရင်းသည် ဆုံးဖြတ်မှု၌တည်ပါသည်၊ ဆုံးဖြတ်မှုသည်လည်း-

၁။ ဉာဏဝိနိစ္ဆယ = ဉာဏ်ဖြင့်ဆုံးဖြတ်မှု

၂။ တဏှာဝိနိစ္ဆယ = တဏှာဖြင့်ဆုံးဖြတ်မှု

၃။ ဒိဋ္ဌိဝိနိစ္ဆယ = ဒိဋ္ဌိဖြင့်ဆုံးဖြတ်မှု

၄။ ဝိတက္ကဝိနိစ္ဆယ = ဝိတက်ဖြင့်ဆုံးဖြတ်မှု

ဟူ၍(၄)မျိုးရှိသည်တွင် ဤနေရာ၌တဏှာဖြင့်ဆုံးဖြတ်မှုကိုသာယူရပါမည်။

-သက်ရှိသက်မဲ့ဝတ္ထုတို့ကို ဤဝတ္ထုကားချစ်ဖွယ်၊ နှစ်သက်ဖွယ်ကောင်း၏၊ ဤဝတ္ထုကားချစ်ဖွယ်၊ နှစ်သက်

www.dhammaransi.com



ဖွယ်မကောင်း ဟုတဏှာကသာ ဆုံးဖြတ်ကန့်သတ်လေ့ရှိပါသည်။

-အာရုံဝတ္ထုတစ်ခုတည်းကိုပင် အချို့သူအားနှစ်သက်ဖွယ်ဖြစ်၏၊ အချို့သူအား ရွံရှာဖွယ်ဖြစ်၏။

-ဥပမာ-ခွေးသား၊ တီကောင်၊ ပတ်ကျိသားတို့သည် အချို့သူအား ရွံရှာဖွယ်အသားဖြစ်သလို အချို့သူအား နှစ်သက်ခုံမင်သကဲ့သို့ပင်ဖြစ်သည်။

-ကောင်း-မကောင်းဆုံးဖြတ်တတ်သောတဏှာခေါ် သောဆန္ဒသည် ချစ်ဖွယ်၊ နှစ်သက်ဖွယ်အာရုံ၏ အကြောင်းရင်းဖြစ်ပါသည်။

-တဏှာဆန္ဒဟူသည်ကား-

၁။ **ဧသနတဏှာ-** ရှာမှီးခြင်းအားဖြင့်တပ်မက်သော တဏှာ

၂။ **ဧသိတတဏှာ-** ရှာမှီးပြီး ဝတ္ထု၌တပ်မက်သော တဏှာ

ဟူ၍(၂)မျိုးရှိပါသည်။

ထိုဧသိတတဏှာသည်လည်း-

၁။ **ပဋိလာဘတဏှာ -နောက်ထပ်ရမှု၌တပ်မက်မှု** -အာရုံဝတ္ထုကိုရှာမှီး၍ ရလာပြန်သော်လည်း အားရတင်းတိမ်မှုမရှိ၊ ရပြီးရင်းရချင်ရင်း၊ အတောမသတ်အထပ်ရလိုမှု

www.dhammaransi.com



၂။ ပဋိဘောဂတဏှာ - သုံးဆောင်ခံစားမှု၌တပ်မက်မှု
-အာရုံကိုသုံးဆောင်ခံစားမှု၌လည်း သောက်လေ-သောက်လေ ငတ်မပြေသကဲ့သို့ အားရတင်းတိမ်မရှိဘဲ မန္ဓာတုစကြာမင်းကြီး၏ တဏှာလောဘကဲ့သို့ အဆုံးမသတ်အာဇတ်မပြေမှု

၃။ သန္နိဓိတဏှာ - သိုမှီးသိမ်းဆည်းမှု၌တပ်မက်မှု
-ရပြီးသောအာရုံတို့ကိုအလိုနှင့်အမျှသုံးဆောင်ခံစားနေရသော်လည်း ထိုမျှနှင့်အားမရသေး၊ အနာဂါတ်ဘေးကို မြော်တွေးကြောင့်ကြ၍ မတောင့်တရအောင် သိုဝှက်သိမ်းဆည်းရာ၌လည်းအားရသည်မရှိ၊ ပြည့်သည်ထက်ပြည့်အောင်ထပ်၍-ထပ်၍ဖြည့်လိုမှု

၄။ ဝိဿဇ္ဇနတဏှာ - ပေးကမ်းစွန့်ကြဲမှု၌တပ်မက်မှု
-စွန့်ကြဲပေးကမ်းရာ၌ ပစ္စုပ္ပန်အကျိုးကိုမျှော်ကိုးတမ်းတ၍ ဤသို့ပေးကမ်းချီးမြှင့်မြှောက်ထားရလျှင် ငါ့အားစောင့်ရှောက်လိမ့်မည်၊ ငါ၏အလိုသို့လိုက်လိမ့်မည်၊ အရေးရှိကဝိုင်းဝန်းကူညီမည် စသည်ဖြင့် ကိုယ်ကျိုးအတွက်ရမက်မပြေဘဲခွဲဝေဖြန့်ဖြူးမှု

-ဤသို့လျှင် တဏှာအမျိုးမျိုးရှိရာ၌ ဆန္ဒခေါ်သောတဏှာဟူသမျှသည် အားနည်းသောတဏှာ(ဒုဗ္ဗလ)

www.dhammaransi.com



သို့မဟုတ် အာရုံတစ်မျိုးမျိုး၌ အစစွာဖြစ်သောတဏှာ (ပုဗ္ဗုပ္ပတ္တိက)မည်ပါသည်။

-ရာဂခေါ်သောတဏှာသည် အားကြီးသောတဏှာ (ဗလဝ) သို့မဟုတ် နောက်ထပ်အဆင့်ဆင့် ဆက်၍- ဆက်၍ဖြစ်သောတဏှာ (အပရာပရုပ္ပတ္တိကာ)မည်ပါသည်။

-ထို့ကြောင့် ရှေးရှေးဖြစ်သောတဏှာနှင့်အားနည်းသောတဏှာသည် နောက်နောက်ဖြစ်သောတဏှာနှင့် အားကြီးသောတဏှာ၏အကြောင်းပင်ဖြစ်ပါသည်။

-မိမိသည် သညာ၊ စိတ္တ၊ ဒိဋ္ဌိ၊ ဝိပ္ပလ္လာသတို့အားလျော်စွာ မိမိ၏ရှေးရှေးသောတဏှာက နှစ်သက်ဖွယ်ဟုဆုံးဖြတ်ပေးလိုက်သောအာရုံကို နောက်နောက်တဏှာသည် ရှာဖွေ၏။

-ရှာ၍ရပြန်လျှင် ရမှုကိုနောက်နောက်သောတဏှာဖြင့် ကျေနပ်နှစ်သက်နေ၏။

-နောက်နောက်သောတဏှာဖြင့်သုံးဆောင်ခံစား၏၊ သိုမှီးသိမ်းဆည်း၏၊ မျှော်လင့်ချက်ဖြင့်ခွဲဝေပေးကမ်း၏။

-ဤကား တဏှာသည် တဏှာ၏အကြောင်းဖြစ်ပုံဖြစ်ပါသည်။

-တောင့်တမျှော်လင့်ခြင်း၏ပြီးဆုံးမှုဟူသည်ကား အာရုံကိုလက်ရှိရမှု၊ ခံစားရမှု၊ သိုမှီးရမှု၊ ပေးကမ်းရမှုပင်ဖြစ်ပါသည်။

www.dhammaransi.com



## ၅။ နိမ္မိတဘုရားမေး

-လောက၌ ကာမစ္ဆန္ဒသည် အဘယ်လျှင်အကြောင်းရှိကုန်ပါသနည်း၊ တဏှာ-ဒိဋ္ဌိတို့ဖြင့် ဆုံးဖြတ်ခြင်းတို့သည်လည်း အဘယ်ကြောင့်ဖြစ်ကုန်သနည်း။

-အမျက်ထွက်မှု၊ မုသားစကားပြောဆိုမှု၊ သို့လော-သို့လောတွေးတောယုံကြည်မှားမှု ဟူသော အကြင်တရားတို့ကိုလည်းမြတ်စွာ ဘုရားဟောအပ်ပါကုန်၏၊ ထိုတရားတို့သည် အဘယ်ကြောင့်ဖြစ်ကုန်သနည်း။

**နိမ္မိတဘုရားမေးလိုချက်များ**

-တောင့်တတတ်သော တဏှာဆန္ဒ
-ဆုံးဖြတ်တတ်သော တဏှာဝိနိစ္ဆယ
-ဆုံးဖြတ်တတ်သော ဒိဋ္ဌိ ဝိနိစ္ဆယ
-အမျက်ထွက်တတ်သော ဒေါသ
-လိမ်လည်လှည့်စားတတ်သော မုသာဝါဒ
-ယုံမှားခြင်းဟူသော ဝိစိကိစ္ဆာ
-ဤတရားတို့နှင့်ယှဉ်သော အကုသိုလ်ကိလေသာတရားတို့သည် အဘယ်ကြောင့်ဖြစ်ပါသနည်း ဟု မေးခြင်းဖြစ်ပါသည်။

## ၆။ ဘုရားရှင်ဖြေ

-လောက၌ အကြင်သဘောတရားကို သာယာဖွယ်သဘောတရား၊ မသာယာဖွယ်သဘောတရားဟူ၍ ဆိုကုန်၏၊ ထိုသဘောတရားတို့ကိုအမှီပြု၍ ကာမစ္ဆန္ဒဖြစ်၏။

www.dhammaransi.com



-လောက၌ သတ္တဝါတို့သည် ရုပ်တရားတို့နှင့် ပျက်ခြင်း၊ ဖြစ်ခြင်းကိုမြင်၍ (တဏှာ-ဒိဋ္ဌိ) တို့ဖြင့် ဆုံးဖြတ်ခြင်းပြု၏။

၇။ -အမျက်ထွက်မှု၊ မုသားစကားပြောဆိုမှု၊ သို့လော-သို့လောတွေးတောယုံမှားမှုဟူသော သဘောတရားတို့သည်လည်း သာယာဖွယ်၊ မသာယာဖွယ်နှစ်ပါးရှိသော် သာလျှင်ဖြစ်ကုန်၏။

-မြတ်စွာဘုရားသည်သိတော်မူ၍ ဤတရားတို့ကိုဟောတော်မူရကား သို့လော-သို့လောတွေးတောယုံမှားမှုရှိသူသည် ဉာဏ်အမြင်ကိုရစိမ့်သောငှာ သိက္ခာသုံးပါးတို့ကိုကျင့်ရာ၏။

ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-တဏှာဆန္ဒသည် လောက၌သာယာနှစ်သက်အပ်သော အရာနှင့်မသာယာမနှစ်သက်အပ်သောအရာကို အကြောင်းပြု အမှီပြုပြီးဖြစ်တတ်ပါသည်။

-ထိုတွင် သာယာနှစ်သက်အပ်သောအရာဟူသည်ကား

၁။ ကိုယ်ချမ်းသာခြင်း (သုခ)

၂။ စိတ်ချမ်းသာခြင်း (သောမနဿ)

၃။ အလိုရှိအပ်ခြင်း (ဣဋ္ဌာရုံ)

၄။ ထိုဣဋ္ဌာရုံကိုအလိုရှိခြင်း (အနုနယ)

အားဖြင့် (၄)ပါးရှိပါသည်၊ ထိုလေးပါးကိုမှီ၍ (အကြောင်းပြု၍) တောင့်တခြင်းတဏှာဆန္ဒဖြစ်ပါသည်။

www.dhammaransi.com



-မသာယာ မနှစ်သက်အပ်သောအရာဟူသည်ကား
၁။ ကိုယ်ဆင်းရဲခြင်း (ဒုက္ခ)
၂။ စိတ်ဆင်းရဲခြင်း (ဒေါမနဿ)
၃။ အလိုမရှိအပ်သော (အနိဋ္ဌာရုံ)
၄။ ထိုအနိဋ္ဌာရုံကိုအလိုမရှိခြင်း၊ မတွေ့ဝေလိုခြင်း၊ ပဋိဃအားဖြင့်လေးပါးရှိပါသည်။

ထိုလေးပါးတို့နှင့်တွေ့ဆုံကြုံကြိုက်နေလျှင် ထိုလေးပါးတို့မှလွတ်ကင်းရေးကိုတောင့်တခြင်းဟူသော တဏှာဆန္ဒဖြစ်တတ်၏။

-တဏှာ ဒိဋ္ဌိအဆုံးအဖြတ်နှစ်ပါးသည် မဟာဘုတ်ရုပ်တရား၊ ဥပါဒါရုပ်တရားတို့၏ဖြစ်ပေါ်ခြင်းနှင့်ပျက်စီးခြင်းတို့ကို အကြောင်းပြု၍ ဖြစ်ပေါ်လာတတ်ပါသည်။

-ဤလောက၌လူတစ်ယောက်အား ရှေးကမရဘူးသောစည်းစိမ်ဥစ္စာတို့ကိုလည်းမရနိုင်ခဲ့ပါ။

-ရပြီး၍ ပျက်စီးကုန်ဆုံးခြင်းသို့လည်းရောက်ရာ၏။

-ထိုသူအား အဘယ်ကြောင့် ဥစ္စာများမရပါသလဲ၊ ရပြီးပျက်စီးသွားပါကလည်း ဘာကြောင့်ပျက်စီးခြင်းရောက်ရပါသနည်း ဟုကြံစည်ရာ၏။

-ထိုအခါ

-သေသောက်ကြူးခြင်း
-အချိန်မဲ့အလည်ပတ်များခြင်း
-ပွဲလမ်းသဘင်ပျော်ရွှင်မှုဖြင့်ဖျော်ဖျောက်ကြည့်ခြင်း

www.dhammaransi.com



-အလောင်းအစားများပြုလုပ်လာခြင်း
-မသူတော်များနှင့်ပေါင်းသင်းလာခြင်း
-အလုပ်အကိုင်ပျင်းရိမှုဖြစ်လာခြင်း

ဟူသော စည်းစိမ်ပျက်ကြောင်းတရား(၆)ပါးကိုတွေ့မြင်ရာ၏။

-ထိုအခါ စည်းစိမ်ဥစ္စာတိုးပွားခြင်း၊ အသစ်အသစ်ဖြစ်လာခြင်းကိုတောင့်တနှစ်သက်သောတဏှာသည် ထိုပျက်စီးကြောင်း(၆)ပါးကိုရှောင်ကြဉ်ရန် ဆုံးဖြတ်ပေးပေးလိုက်သည်။

-လယ်ထွန်ခြင်း၊ကုန်သွယ်ခြင်းစသောဥစ္စာရကြောင်းအလုပ်တို့ကိုလုပ်စေရန် ဆုံးဖြတ်ပေးလိုက်သည်။

-ဤသို့လျှင် ရုပ်ခေါ်သောစည်းစိမ်ဥစ္စာတို့၏ဖြစ်ခြင်း-ပျက်ခြင်းကိုမှီ၍ တဏှာအဆုံးအဖြတ်သည်ဖြစ်ပေါ်လာရပါသည်။

-စက္ခုပသာဒစသော မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ အကြည်ဓာတ်များဖြစ်လာသော် ငါ၏အတ္တဖြစ်သော မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်တို့သည်ဖြစ်ပေါ်ကုန်၏ ဟု ဒိဋ္ဌိကဆုံးဖြတ်လာပါသည်။

-အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဖြစ်ရာ၌လည်း ငါ၏အတ္တဖြစ်သောအာရုံတို့သည် ဖြစ်ပေါ်ကုန်၏ ဟုဒိဋ္ဌိကဆုံးဖြတ်လာပါသည်။

www.dhammaransi.com



-ရုပ်တို့ပျက်ရာ၌လည်း ဒိဋ္ဌိက ငါ၏မျက်စိ၊ ငါ၏အဆင်း စသည်တို့သည်ပျက်ကုန်၏၊ ဆုံးဖြတ်ကုန်၏၊ ဤသို့ လျှင် ရုပ်တို့၏ဖြစ်ခြင်း-ပျက်ခြင်းကိုအကြောင်းပြု၍ ဒိဋ္ဌိအဆုံးအဖြတ်များဖြစ်ပေါ်လာရပြန်ပါသည်။

၁။ အမျက်ထွက်ခြင်း - ဒေါသ

၂။ မမှန်သည်ကိုအမှန်ပြု၍ လိမ်လည်ပြောဆိုခြင်း - စေတနာ

၃။ ယုံမှားခြင်း - ဝိစိကိစ္ဆာ

-ဤတရား(၃)ပါးတို့သည် -

-ကိုယ်စိတ်ချမ်းသာမှု(သုခက္ခဏာရုံ)

-ကိုယ်စိတ်ဆင်းရဲမှု(ဒုက္ခအနိဋ္ဌာရုံ)

ဤအကြောင်းတရားတို့ကြောင့်ဖြစ်ကုန်သည်။

-မိမိလက်ရှိဖြစ်သောကိုယ်ချမ်းသာမှုတို့ပျောက်ကွယ်ပျက်စီးအံ့သည်မှ ကြောက်ရွံ့၍လည်းကောင်း၊ ပျက်စီးနေခိုက်ဖြစ်၍လည်းကောင်း၊ ပျောက်ကွယ်ပျက်စီးသွားပြီးဖြစ်၍လည်းကောင်း ဤအရေးတို့ကိုအကြောင်းပြု၍ အမျက်ထွက်မှု(ဒေါသ)ဖြစ်လာတတ်သည်။

-ကိုယ်စိတ်ဆင်းရဲမှုကြောင့် အမျက်ထွက်မှုကားထင်ရှားပါသည်၊ အလိုမရှိအပ်သောအာရုံဖြစ်သော မိမိ၏အကျိုးမဲ့ကိုပြုပြီး ပြုဆဲ-ပြုလတ္တံ့ဖြစ်သောရန်သူနှင့်မိမိအား စိတ်မချမ်းသာမှုကိုပေးတတ်သောအာရုံတို့ကိုမြင်ရာ-ကြားရာ-စိတ်ကူးမိရာတို့၌ အမျက်ဒေါသထွက်မှုသည်လည်းထင်ရှားပါသည်။

www.dhammaransi.com



-ဤသည်မှာ ထင်ရှား-မထင်ရှား(သာတ-အသာတ) ကြောင့် ဒေါသဖြစ်ပုံဖြစ်ပါသည်။
-ကိုယ်စိတ်ချမ်းသာရေးနှင့်အလိုရှိအပ်သောအာရုံကို အကြောင်းပြု၍ မမှန်(မုသား)စကားပြောတတ်၏။
-ကိုယ်စိတ်ဆင်းရဲမှုနှင့်အလိုရှိအပ်သောအာရုံကို အကြောင်းပြု၍ မမှန်(မုသား)စကားပြောတတ်၏။
-ငါသည် ကိုယ်စိတ်ချမ်းသာရေးနှင့်ကောင်းသောအာရုံ ကိုယနေ့၊ ယခုနှစ်၊ ယခုဘဝရနိုင်ဦးမည်လော၊ မရနိုင်ဘဲရှိတော့မည်လောဟု တွေးတောယုံမှားမှုဖြစ်တတ်၏။
-ငါသည် ယခုတွေ့ကြုံဆဲဖြစ်သော ကိုယ်စိတ်ဆင်းရဲမှုနှင့်မကောင်းသောအာရုံမှ ဘယ်အခါလွတ်မြောက်နိုင်အံ့နည်း၊ မလွတ်နိုင်ဘဲရှိလေတော့မည်လော ဟု တွေးတောယုံမှားမှုဖြစ်၏။
-ဤဝိစိကိစ္ဆာသည် မောဟနှင့်မကွဲမကွာဖြစ်၍ မောဟသည်လည်း သံသရာဝဋ္ဋဒုက္ခ၏အမြစ်အရင်းကြီးဖြစ်၏၊ မောဟအနက်မပြတ်သမျှ ဒုက္ခအမျှင်တန်းလျက်ရှိနေပါသည်။
-ထို့ကြောင့် မောဟဝိစိကိစ္ဆာတည်းဟူသော ဒုက္ခမျိုးစေ့ နိပျက်ပြုန်းခြောက်သွေ့စေသော ဉာဏ်ပညာနှင့်ဉာဏ်ပညာအာရုံရရန်, ပုထုဇဉ်ပုဂ္ဂိုလ်များသည်-
-အဓိသီလသိက္ခာကိုဖြည့်ကျင့်ခြင်းဖြင့် သီလဝိသုဒ္ဓိ
-အဓိစိတ္တသိက္ခာကိုဖြည့်ကျင့်ခြင်းဖြင့် စိတ္တဝိသုဒ္ဓိ

www.dhammaransi.com



-အဓိပညာသိက္ခာကိုဖြည့်ကျင့်ခြင်းဖြင့် ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ

စသော အထက်စခန်းထွက်ရပ်လမ်းငါးရပ်ကိုအဆင့်ဆင့်ကူးတက်ရပါသည်၊ ထိုသို့ကူးတက်နိုင်လျှင် ဝိစိကိစ္ဆာပျောက်၍ အမြင်မှန်ရောက်ပြီး နိဗ္ဗာန်မျက်မှောက်ပြုနိုင်ပါမည်။

၈။ **နိမ္မိတဘုရားမေး**

-သာယာမှုနှင့်မသာယာမှုသည် အဘယ်လျှင် အကြောင်းရင်းရှိပါသနည်း၊ အဘယ်တရား မရှိလတ်သော် ဤသာယာမှု-မသာယာမှုတို့သည် မဖြစ်ကုန်ပါသနည်း။

-အကြင်အကြောင်းကြောင့် ပျက်ခြင်း-ဖြစ်ခြင်းဟူသော သဘောတရားသည်ဖြစ်၏၊ ထိုအကြောင်းကြောင့်ဖြစ်သော သဘောတရားကိုဟောကြားပေးတော်မူပါလော။

၉။ **ဘုရားရှင်ဖြေ**

-သာယာမှုနှင့်မသာယာမှုသည် တွေ့ထိမှု(ဖဿ) လျှင် အကြောင်းရှိ၏၊ ထိုတွေ့ထိမှု(ဖဿ)မရှိသော် ဤတရားတို့မဖြစ်ကုန်၊ ပျက်ခြင်း-ဖြစ်ခြင်းဟူသော အကြင်သဘောတရားသည်ရှိ၏၊ ထိုသဘောတရားကို တွေ့ထိမှု(ဖဿ)လျှင် အကြောင်းရှိ၏ဟူ၍ သင့်အားငါဟော၏။

www.dhammaransi.com



ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာတို့၏အစီးအပွားဖြစ်၍ သုခ၊ ဒုက္ခ၊ ဥပေက္ခာအားလျော်သောဖဿများသည် သုခဝေဒနီယဖဿ၊ ဒုက္ခဝေဒနီယဖဿ၊ အဒုက္ခမသုခဝေဒနီယဖဿများမည်ပါသည်။

-ထိုဖဿများဖြစ်ရာအခါ၌ သုခ၊ ဒုက္ခ၊ ဥပေက္ခာဝေဒနာဖြစ်ကြ၍ ထိုဖဿများချုပ်ငြိမ်းကွယ်ပျောက်ရာအခါ၌ ထိုဝေဒနာများကွယ်ပျောက်ပါသည်။

-ဥပမာ-မျက်စိတွေ့ထိမှုသည် မျက်စိဝတ္ထုလျှင်မှီရာရှိပြီးမြင်ခြင်းနှင့်တကွဖြစ်သော ဥပေက္ခာဝေဒနာအားသဟဇာတပစ္စည်း၊ အညမညပစ္စည်း၊ နိဿယပစ္စည်း၊ ဝိပါကပစ္စည်း၊ အာဟာရပစ္စည်း၊ သမ္ပယုတ္တပစ္စည်း၊ အတ္ထိပစ္စည်း၊ အဝိဂတပစ္စည်းဟူသော(၈)ပါးသောအကြောင်း၏အဖြစ်ဖြင့် ကျေးဇူးပြုပါသည်။

-သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ တဒါရုံဖြစ်သောကာမဝိပါက်ဝေဒနာတို့အား မျက်စိအတွေ့က ဥပနိဿယအကြောင်း၏အဖြစ်ဖြင့် ကျေးဇူးပြုပါသည်။

-သောတစသည်တို့သည် ထိုနည်းတူပင်ဖြစ်ပါသည်။

-မနောဒွါရ၌ တဒါရုံ၊ ကာမဝိပါက်၊ ပဋိသန္ဓေဘဝင်၊ စုတိနှင့်သမ္ပယုတ်ဖြစ်သောအတွေ့(ဖဿ)သည် ယှဉ်ဖက်ဝိပါက်ဝေဒနာအား အထက်ဆိုအပ်ခဲ့သောအကြောင်း(၈)ပါးဖြင့်ကျေးဇူးပြုပါသည်။

www.dhammaransi.com



-မနောဒွါရာဝဇ္ဇန်းနှင့်သမ္ပယုတ်ဖြစ်သောအတွေ့(ဖဿ) သည် ထိုတဒါရုံစသည်တို့နှင့် သမ္ပယုတ်ဖြစ်သော ဝေဒနာတို့အား ဥပနိဿယအကြောင်းအဖြစ်ဖြင့် ကျေးဇူးပြု၏။

-ဖဿပစ္စယာဝေဒနာဟူသော ပဋိစ္စသမုပ္ပါဒ်သဘောကို သိရှိရပါမည်။

-ထိုဝေဒနာတို့၏ပျက်ခြင်းကိုမှီ၍ဖြစ်သော ဝိဘဝခေါ် ဥစ္ဆေဒဒိဋ္ဌိ၊ ဘဝခေါ်သော သဿတဒိဋ္ဌိတို့သည်လည်း ထိုအတွေ့(ဖဿ)လျှင် အကြောင်းရင်းရှိကုန်ပါသည်၊ ဖဿကြောင့်ဖြစ်လာရပါသည်ဟု ဆိုလိုပါသည်။

**၁၀။ နိမ္မိတဘုရားမေး**

-လောကဌ်တွေ့ထိမှု(ဖဿ)သည် အဘယ်လျှင် အကြောင်း ရှိသနည်း၊ သိမ်းဆည်းမှုတို့သည် အဘယ် ကြောင့်ဖြစ်ကုန်သနည်း။

-အဘယ်တရားမရှိလတ်သော် ငါ့ဟာ ဟု စွဲလမ်းမှု မရှိပါသနည်း။

-အဘယ်တရားကိုလွန်မြောက်သည်ရှိသော် တွေ့ထိမှု (ဖဿ)တို့သည် မတွေ့ထိနိုင်ပါသနည်း။

**၁၁။ ဘုရားရှင်ဖြေ**

-ဖဿသည် နာမ်နှင့်ရုပ်တရားကိုအစွဲပြုပြီးဖြစ်ပါသည်။

-ဝတ္ထုအာရုံကာမဂုဏ်တို့ကိုသိမ်းပိုက်ကြောင်း တဏှာ ဒိဋ္ဌိတို့သည် အလို(ဣစ္ဆာ)လျှင် အကြောင်းရှိကုန်၏၊

www.dhammaransi.com



တဏှာဟုဆိုအပ်သော အလို(ဣစ္ဆာ)မရှိလတ်သော် ငါ့ဟာ ဟုစွဲလမ်းမှုမရှိ၊ ရုပ်တရားကိုလွှန်မြောက်သည် ရှိသော် တွေ့ထိမှု(ဖဿ)တို့သည် မတွေ့ထိကုန်။

ဗုဒ္ဓ၏ဆိုလိုချက်မှာ–

(က) -စက္ခုပသာဒ(မျက်စိအကြည်)၊ ရူပါရုံ(အဆင်း)ဟူသော ရုပ်တရား၊ စက္ခုဝိညာဏ်(မြင်သိစိတ်)၊ ဖဿ(တွေ့ထိမှု) မှတစ်ပါး သမ္ပယုတ်တရား(တက္ကဖြစ်မှု)တည်းဟူသော နာမ်တရား

-ဤရုပ်နာမ်နှစ်ပါးကြောင့် စက္ခုသမ္ဖဿ(မျက်စိအတွေ့ အထိ)ဖြစ်လာရပါသည်။

(အလားတူ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယတို့သည် ဖြစ်လာရသည်)

-အာဝဇ္ဇန်းနှင့်တကွဖြစ်သောဘဝင်စိတ်၊ တေဘူမက စိတ်၊ စေတသိက်ဟူသော ဓမ္မာရုံ

-အာဝဇ္ဇန်းနှင့်တကွဖြစ်သောမနောဒွါရိကဇောဇော(သို့) သက်သက်သောမနောဒွါရိကဇော

-ဤသုံးပါးသောနာမ်တရား ရုပ်ဓမ္မာရုံတည်းဟူသော ရုပ်တရား ဤရုပ်-နာမ်နှစ်ပါးကြောင့် မနောသမ္ဖဿ (စိတ်အတွေ့အထိ)ဖြစ်၏။

(ခ) -သိမ်းပိုက်ခြင်း (ပရိဂ္ဂဟ)သည်-

-တဏှာဖြင့်သိမ်းပိုက်ခြင်း

-ဒိဋ္ဌိဖြင့်သိမ်းပိုက်ခြင်း

www.dhammaransi.com



ဟူ၍(၂)မျိုးသောသိမ်းပိုက်ခြင်းဖြင့် မပြည့်ဝနိုင်ကြဘဲ အမြဲလိုလျက်သာရှိသော ရှေးရှေးသောတဏှာကြောင့် ဖြစ်ရပါသည်။

(ဂ) -ငါ့ဟာ၊ ငါ့ဥစ္စာ (ပမတ္တ)ဟု ကိုယ်ပိုင်ပြုလုပ်ခြင်းသည် လည်း-

-တဏှာဖြင့်ကိုယ်ပိုင်ပြုလုပ်ခြင်း
-ဒိဋ္ဌိဖြင့်ကိုယ်ပိုင်ပြုလုပ်ခြင်း

ဟူ၍(၂)မျိုးသောကိုယ်ပိုင်ပြုလုပ်ခြင်းသည်လည်း မည်မျှပင်ကိုယ်ပိုင်ပြုလုပ်ရစေကာမူ ပြည့်ဝလုံလောက်သည်မရှိ၊ အစဉ် အမြဲလိုလျက်-လိုလျက်သာရှိသော ရှေးရှေးသောတဏှာကြောင့် ဖြစ်ရပါသည်။

(ဃ) -ရုပ်တရားတို့ကျော်လွန်ကွယ်ပျောက်သည်ရှိသော် ဖဿတို့သည်လည်း ကျော်လွန်ပျောက်ကွယ်ကုန်၏။

-ကျော်လွန်ပျောက်ကွယ်ခြင်း(၄)မျိုးရှိပါသည်-

၁။ **ဉာတဝိဘူတ**

-ဤကား ဘူတရုပ်(မဟာဘုတ်)ရုပ်တည်း၊ ဥပါဒါရုပ်တည်း ဟုထင်ရှားအောင်ပြု၍ သိမြင်မှု

၂။ **တိရဏဝိဘူတ**

-ဤမဟာဘုတ်၊ ဥပါဒါရုပ်တို့သည် အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ ရောဂလက္ခဏာ၊ ဂဏ္ဍလက္ခဏာ၊ သလ္လလက္ခဏာရှိကုန်၏စသော

www.dhammaransi.com



အားဖြင့် (၄၃)ပါးသောရုပ်တို့၏လက္ခဏာများ
ကို ဝိပဿနာဉာဏ်ဖြင့် စူးစမ်းဆင်ခြင်ရှုမြင်မှု

၃။ **ပဟာနဝိဘူတ**

-ဤသို့စူးစမ်းဆင်ခြင်ရှုမြင်ပြီးနောက်
ထိုလက္ခဏာတို့ကြောင့် သာယာဖွယ်မရှိသော
ရုပ်တရားအပေါ်၌ ဆန္ဒရာဂကိုပယ်စွန့်မှု

၄။ **သမတိက္ကမဝိဘူတ**

-လေးပါးသောအရူပသမာပတ်တို့ကိုရရှိပြီး
ကသိုဏ်းရုပ်ဟူသောအာရုံကိုကျော်လွန်မှု

-ဤသို့လျှင် ဝိပဿနာမဂ်၏အစွမ်းအားဖြင့်လည်းကောင်း၊ အရူပသမာပတ်၏အစွမ်းအားဖြင့်လည်းကောင်းဖြစ်သော(၄)ပါးသောကျော်လွန်ခြင်းဖြင့် ရုပ်တရားတို့ကို ကျော်လွန်နိုင်လျှင် ရုပ်ကိုအကြောင်းပြု၍ဖြစ်သော စက္ခုသမ္ဖဿစသည်တို့ကိုကျော်လွန်နိုင်တော့သည် ဟု ဟောတော်မူလိုခြင်းဖြစ်ပါသည်။

၁၂။ **နိမ္မိတဘုရားမေး**

-အဘယ်သို့ကျင့်သောသူသည် ရုပ်ကို လွန်မြောက်နိုင်သနည်း။

-အဘယ်သို့သောအကြောင်းဖြင့် ချမ်းသာဆင်းရဲကို လွန်မြောက်နိုင်သနည်း။

www.dhammaransi.com



-အကြောင်အခြင်းအရာအားဖြင့် လွန်မြောက်နိုင်၏၊ ထိုအခြင်းအရာကို ကျွန်ုပ်အား ဟောကြားပါလော့။
-ထိုအကြောင်းကိုသိလိုသောစိတ်ဖြစ်ပေါ်ပါ၏။

၁၃။ ဘုရားရှင်ဖြေ

-ပကတိသညာရှိသူလည်းမဟုတ်သော
-ဖောက်ပြန်သောသညာရှိသော ရူးသွပ်သူလည်းမဟုတ်သော
-သညာမရှိသော အသညသတ်ပြဟ္မာနှင့် နိရောဓသမာပတ်ဝင်စားသူလည်း မဟုတ်သော
-ရူပသညာကိုလွန်မြောက်ပြီးသော အရူပစျာန် သမာပတ်ကိုရသူလည်းမဟုတ်သော
-ဤသို့သဘောရှိသော အာကာသနဉ္စာယတန စျာန်ကို ရရန်ကျင့်သူ ရူပစတုတ္ထစျာနလာဘီပုဂ္ဂိုလ်သည် ရုပ်ကို လွန်မြောက်နိုင်၏။

ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-သမထယောဂီပုဂ္ဂိုလ်သည် ကသိုဏ်းရုပ်လျှင် အာရုံရှိသော ရူပါဝစရစျာန်ကိုရပြီးဖြစ်၏၊ ထိုပုဂ္ဂိုလ်သည်-
-"ဤလောက၌ ကရဇရုပ်ကိုအမှီပြု၍ ခိုက်ရန်ငြင်းခုန်မှု ထိုးခုတ်သတ်ဖြတ်မှုတို့သည်ဖြစ်ကုန်၏၊ ကရဇရုပ် မရှိလျှင် ထိုအဖြစ်တို့မရှိကုန်" ဟူ၍ ရုပ်၌အပြစ်ကို မြင်သဖြင့် ရှေးဦးစွာရုပ်တရား၌ ငြီးငွေ့စက်ဆုပ် စိတ်ပျက်ရွံမုန်းရာ၏။

www.dhammaransi.com



-ထို့နောက် ရူပါဝစရစတုတ္ထစျာန်ကိုဝင်စားပြီး၍ စျာန်မှထသောအခါ-

-"ဤစျာန်သည် ငါငြီးငွေ့စက်ဆုပ်အပ်သောရုပ်ကိုအာရုံပြုလေသည်၊ သုခသောမနဿဟူသောရန်သူသည်လည်း ငါဝင်စားသောစျာန်နှင့်နီးကပ်လှသည်"ဟု ရူပါဝစရစတုတ္ထစျာန်၌အပြစ်ကိုမြင်ပြန်၏။

-ထို့နောက် မိမိဝင်စားအပ်သောစျာန်ထက် ငြိမ်သက်သောသဘောရှိသော ရုပ်ကိုလည်းအာရုံမပြုသော အရူပါဝစရစျာန်ကိုရခြင်းငှာအလိုရှိရာ၏။

-သို့အတွက် ရှေးဦးစွာသောအာကာသာနဉ္စာယတနစျာန်ကိုရခြင်းငှာ မိမိစျာန်၏အာရုံပဋိဘာဂနိမိတ်ကို အာရုံမပြုသည်၏အစွမ်းဖြင့် ပယ်ခွာစွန့်ပစ်ရာ၏။

-ထိုသို့ပယ်ခွာစွန့်ပစ်ခြင်းအားဖြင့်ရအပ်သော အာကာသာကသိုဏ်းကိုစီးဖြန်းပွားများရာ၏၊ ထိုသို့ စီးဖြန်းပွားများသောပုဂ္ဂိုလ်သည် အရူပသမာပါတ်ကိုရနိုင်ခြင်း၏ အကြောင်းဖြစ်သော အကျင့်ပဋိပတ်၌ပြည့်စုံစွာတည်သောပုဂ္ဂိုလ်မည်ပါသည်။

-ထိုပုဂ္ဂိုလ်သည် အချင်းခပ်သိမ်းဘာဝနာမှုမရှိသော ပုဂ္ဂိုလ်

-သာမန်တည်းဟူသော သညာသညီပုဂ္ဂိုလ်လည်း မဟုတ်

-စိတ်မနှံ့သူ၊ ရူးသွပ်သူတည်းဟူသော ဝိသညီပုဂ္ဂိုလ်လည်းမဟုတ်၊

www.dhammaransi.com



-နိရောဓသမာပတ်ဝင်စား၍ သညာချုပ်သူနှင့်အခါခပ်သိမ်းသညာမရှိသော အသညသတ်ဘုံသားဖြဟ္မာဟူသော အသညီပုဂ္ဂိုလ်လည်းမဟုတ်၊

-ကသိုဏ်းရုပ်ကိုအာရုံပြုသော ရူပသညာ၊ ပဥ္စဝတ္ထုပဥ္စာရုံတို့၏ထိခိုက်ကြုံကြိုက်ခြင်းကြောင့်ဖြစ်သော ပဥ္စဝိညာဏသညာအမျိုးမျိုးသောသဘောရှိသော နာနတ္တသညာတို့ကို လွန်မြောက်ပြီး၍ အရူပသမာပတ်ကိုရသောပုဂ္ဂိုလ်လည်းမဟုတ်၊

-အမှန်အားဖြင့် အရူပသမာပတ်ရကြောင်းအကျင့်ကိုကျင့်သော အရူပမဂ္ဂသမင်္ဂီပုဂ္ဂိုလ်သာဖြစ်ပါသည်။

-ထိုပုဂ္ဂိုလ်အား ကသိုဏ်းရုပ်(သို့မဟုတ်)ကသိုဏ်းရုပ်ကိုအာရုံပြုသော ရူပစျာန်တို့သည် ကင်းချုပ်ကွယ်ပျောက်ကုန်၏။

-သို့သော်လည်း ယင်းပုဂ္ဂိုလ်သည် သံသရာတစ်ခွင်၌ခန္ဓာအစဉ်ကိုချဲ့ထွင်တတ်သော(ဝါ)သံသရာ၌ ကြာမြင့်စွာနေစေတတ်သော တဏှာ၊ မာန၊ ဒိဋ္ဌိ ဟုဆိုအပ်သော ပပဉ္စတရားတို့ကို မပယ်မစွန့်နိုင်သေးသည်ဖြစ်၍ ဝဋ္ဋဒုက္ခမှကျွတ်လွတ်ထွက်မြောက်သောပုဂ္ဂိုလ်ဟုမဆိုရသေး ဟုဆိုလိုခြင်းဖြစ်ပါသည်။

**၁၄။ နိမ္မိတဘုရားမေး**

–အကြင်ပုစ္ဆာကို အကျွန်ုပ်တို့မေးခဲ့ကုန်ပါ၏၊ အရှင်ကလည်း ဖြေကြားခဲ့ပြီးပါပြီ၊ အရှင်ဘုရားအား အခြား

www.dhammaransi.com



သော ပုစ္ဆာကိုမေးပါအံ့၊ ဤလောက၌ ပညာရှိကုန်သော အချို့သောသူတို့သည် အရူပသမာပတ်ဟူသော အတိုင်းအရှည်ဖြင့် သတ္တဝါ၏မြတ်သောစင်ကြယ်မှုကို ဆိုပါကုန်သလော၊ ထိုသို့မဟုတ် အရူပသမာပတ်ထက် လွန်သော အခြားစင်ကြယ်မှုကိုလည်း ဆိုကုန်ပါသေးသလော။

(ဤလောက၌ ပညာရှိအခေါ်ခံနေကြသော ပုဂ္ဂိုလ်အချို့သည် အရူပဝစရသမာပတ်ကို လောကုတ္တရာ နိဗ္ဗာန် ဟု သမုတ်ကြပါသလော၊ သို့မဟုတ် အရူပဝစရ သမာပတ်မှတစ်ပါးသောအရာကို လောကုတ္တရာနိဗ္ဗာန် ဟု သမုတ်ကြပါသလော ဟုမေးခြင်းဖြစ်ပါသည်)

၁၅။ **ဘုရားရှင်ဖြေ**

-ဤလောက၌ ပညာရှိကုန်သော အချို့သောသူတို့သည် ဤအရူသမာပတ်ဟူသောအတိုင်းအရှည်ဖြင့် သတ္တဝါ၏သံသရာဝဋ်မှကျွတ်လွတ်ခြင်း မြတ်သော စင်ကြယ်မှုကိုဆိုကုန်၏၊ ထိုသူတို့တွင် အချို့သူတို့သည် စိုးစဉ်းမျှ ခန္ဓာအကြွင်းမရှိ၊ အဆုံးသတ်ဘဝဇာတ်၏ ပြတ်စဲချုပ်ငြိမ်းခြင်း၌ လိမ္မာကျွမ်းကျင်သည် ဟုဝန်ခံ ပြောဆိုကြကုန်သည်ဖြစ်လျက် ဥစ္ဆေဒအယူကို ဟောပြောပြသတ်ကြပါသည်။

www.dhammaransi.com



ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-ပညာရှိသောမြတ်စွာဘုရားသည် ထိုသဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိအယူရှိကုန်သောသူတို့ကို ထိုသူတို့သည်ထိုအယူများကိုမှီကုန်၏ဟုသိသဖြင့်လည်းကောင်း၊ ထိုသူတို့မှီရာ ထိုသဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိတို့ကိုသိသဖြင့်လည်းကောင်း၊ လောကသဘာဝတရားတို့သည် အနိစ္စစသည်ဖြင့်သိသဖြင့်လည်းကောင်း၊ လောကမှလွတ်မြောက်တော်မူပြီးသည်ဖြစ်၍ ငြင်းခုံခြင်းသို့ရောက်တော်မမူ၊ ထိုပညာရှိသောမြတ်စွာဘုရားရှင်သည် အဖန်တလဲလဲဖြစ်ခြင်းသို့ရောက်တော်မမူပါ။

-ဤလောက၌ ကေစ္စသဿတဝါဒီခေါ်သောအယူများကိုကြိုက်နှစ်သက်ကြသောပုဂ္ဂိုလ်အချို့ရှိပါသည်၊ ထိုပုဂ္ဂိုလ်များသည် မိမိကိုယ်မိမိ ပညာရှိပုဂ္ဂိုလ်ဟုထင်မှတ်လျက်-

-"လောက၌ သတ္တဝါတို့၏ထာဝရအမြဲချမ်းသာစွာစံရာဖြစ်သော ကောင်းကင်ဘုံသည်ရှိ၏၊ ထိုကောင်းကင်ဘုံသို့ရောက်နိုင်သောအကျင့်ကား ကောင်းကင်ပုညတ်ကိုအာရုံပြုသောအာကာသာနဥ္စာယတနစျာန်၊ စျာန်မှဆက်၍ အထက်ထက် ဝိညာဏဥ္စာယတနာစျာန်၊ အာကိဥ္စာညာယတနာစျာန်၊ နေဝသညာနာသညာယတနစျာန် ဤလေးပါးဖြစ်သည်။

www.dhammaransi.com



-ဤစျာန်လေးပါးကိုရသူသည် ထိုထာဝရအမြဲချမ်းသာ စွာစံနေရာကောင်းကင်ဘုံသို့ရောက်လျက် ဘယ်အခါမျှ စုတေပျက်စီးခြင်းမရှိ၊ အခါခပ်သိမ်းတည်နေရလေ၏” ဟု ဟောပြောပညတ်ကြပါသည်။

-ထို့အပြင် ဥစ္ဆေဒဝါဒီခေါ် သောအယူများကိုကြိုက်နှစ် သက်ကြသောပုဂ္ဂိုလ်အချို့သည်လည်းရှိ၏၊ ထိုပုဂ္ဂိုလ် တို့သည်လည်း မိမိကိုယ်မိမိ ကျွမ်းကျင်လိမ္မာသူဟု ထင်မှတ်လျက်-

-“ဤလောက၌ လောကလူသားတို့၏ဘဝကြီးငယ် အသွယ်သွယ်၌ကျင်လည်ပြေးသွားရခြင်းမှကင်းရှင်း လွန်မြောက်ရာဘဝဇာတ်၏အပြီးသတ်လက်စသိမ်း ချုပ်ငြိမ်းပြတ်စဲရာဘဝအဆုံးသို့ရောက်၍ မိမိလက်ရှိ ရုပ်နာမ်နှစ်ထွေဇီဝိန်ကြွေသည်မှ နောက်၌ တစ်စုံတစ်ခု သောဘုံဘဝသို့မရောက်ရဘဲ ပြတ်စဲချုပ်ငြိမ်းဘဝ ဇာတ်သိမ်းရ၏” ဟူ၍ ဟောပြောပညတ်ကြပါသည်။

-ငါဘုရားကား မဆင်ခြင်၊ မစူးစမ်း၊ ယောင်ယမ်းမှန်းဆ ၍ဟောပြောပြကြသောဒိဋ္ဌိအယူလိုက်မှား၊ တိတ္ထိယ တို့ကဲ့သို့မဟုတ်၊ သဗ္ဗညုတဉာဏ်ဖြင့် အတိအကျ သဘာဝတို့ကိုသိမြင်တော်မူသည့်အလျောက် စူးစမ်း ဆင်ခြင်တော်မူ၍ ထိုသဿတ၊ ဥစ္ဆေဒအယူရှိကြသော ပုဂ္ဂိုလ်အမျိုးအစားတို့ကိုလည်း ခွဲခြားဝေဖန်၍သိတော် မူသည်၊ ထိုပုဂ္ဂိုလ်တို့၏မှီရာအယူဝါဒအစားစားကိုလည်း

www.dhammaransi.com



ပိုင်းခြားဝေဖန်၍သိတော်မူကြကုန်၏၊ ထိုမှတစ်ပါး သင်္ခါရတရားတို့ကိုလည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ (မမြဲ-ဆင်းရဲ - အစိုးမရ) ဟုသိတော်မူကြကုန်၏၊ ပဋိစ္စသမုပ္ပါဒ်တရား၊ သစ္စာလေးပါးတရားတို့ကိုလည်း ပိုင်းခြား သိတော်မူကုန်၏။

-ထိုသို့သိမြင်တော်မူသောကြောင့် ရာဂ၊ ဒေါသစသော ကိလေသာအနှောင်အဖွဲ့မှကွင်းလုံးကျွတ်တော်မူကုန်သည်ဖြစ်၍ ဤလောက၌ တစ်စုံတစ်ယောက်သောသူနှင့်တကွငြင်းခုံခြင်း၊ ခိုက်ရန်ဖြစ်ခြင်းရှိတော်မမူပါ။

-သစ္စာလေးပါးအမှန်တရားကို ဉာဏ်ပညာဖြင့် ဤကား ဒုက္ခ၊ ဤကား သမုဒယ၊ ဤကား နိရောဓ၊ ဤကား မဂ္ဂဟူ၍ ယူတတ်၊ သိတတ်၊ ဆုံးဖြတ်တတ်ကုန်သည် ဖြစ်၍ ထိုထိုဘဝကြီးငယ်အသွယ်သွယ်တို့ကိုလည်း စွဲလမ်းတောင့်တခြင်းရှိတော်မမူကုန်။

-သဿတဒိဋ္ဌိ၊ ဥစ္ဆေဒတဒိဋ္ဌိတို့ကိုအမြင်မှန်၊ အယူမှန်ဟူ၍ လက်ခံထားသော အစုအသင်းတို့လည်း အတုယူတူပြု၍ ဝင်ရောက်ပေါင်းဆုံခြင်းရှိတော်မမူ ဟုဆိုလိုပါသည်။

## ရူဠှဗျူဟာသုတ်

ရူဠှ = ငယ်သော

ဗျူဟာ= အမျိုးမျိုးကြံစည်ခြင်း၊ စစ်ဆင်ခင်းကျင်းခြင်း၊ စုရုံးခြင်း

www.dhammaransi.com



အမျိုးမျိုးကြံစည်စိတ်ကူးကြသဖြင့် ဖြစ်ပေါ်လာသော အယူအဆများကိုစုရုံးဖော်ပြပြီးလျှင် ထိုအယူဝါဒကိုစွဲလမ်းခြင်း ပျောက်အောင် ဟောသောတရားစုဖြစ်သည်။

မဟာသမယအစည်းအဝေးကြီးသို့ လာရောက်ကြသော နတ်၊ ဗြဟ္မာတို့တွင် ဝိတက်စရိုက်(ကြံစည်မှုစရိုက်)အားကြီးသော နတ်တို့အတွက် ဤသုတ်ကိုဗုဒ္ဓကဟောပြောပြခြင်းဖြစ်ပါသည်။

ဝိတက်စရိုက်အားကြီးသောနတ်၊ ဗြဟ္မာတို့သည်-

"ဤလောက၌ အယူအဆ၊ ဝါဒအသီးသီးရှိကြသော သတ္တဝါတို့သည် အားလုံးပင်စိတ်ကောင်း၊ သဘောကောင်းရှိကြကုန်သလော၊ အမှား-အမှန်ကိုမဝေဖန်ဘဲ မိမိအယူဝါဒကိုသာ တစ်ယူသန်စွဲလမ်းကြကုန်လော၊ သို့မဟုတ် အခြားသူတို့၏အယူဝါဒကိုလည်း စဉ်းစားဆင်ခြင်၍လက်ခံကြကုန်သေးသလော" ဟု တွေးတောကြံစည်ကြလေ့ရှိသည်။

ဤနတ်တို့၏အကြံအစည်ကိုသိတော်မူ၍ ဗုဒ္ဓက နိမ္မိတဘုရားကိုမေးစေပြီး မိမိက ဤသုတ်ကိုဟောတော်မူခြင်းဖြစ်ပါသည်။

**၁-၂။ နိမ္မိတဘုရားမေး**

-ပညာရှိအခေါ်ခံ တစ်ယူသန်ဝါဒအစွဲသမားတို့သည် ငါတို့ယူထားသောအယူမျိုးကိုသိနားလည်မှသာ အမှန်တရားကိုသိသူ ပညာရှိဖြစ်သည်၊ ငါတို့၏အယူကို နားမလည်သူ၊ မနှစ်သက်သူတို့သည် လူနုံ၊ လူအ၊ လူအန္ဓ၊ လူဗာလ၊ လူမိုက်များသာဖြစ်ပါသည်၊ ငါတို့

www.dhammaransi.com



အယူသာမှန်သည်၊ အခြားသူတို့၏အယူသည်မှားသည်ဟု တစ်ဖက်သက်တစ်ယူသန်အချင်းချင်း ငြင်းခုံပြောဆိုနေကြပါသည်၊ ထိုသူတို့၏အယူဝါဒတွင် အဘယ်အယူဝါဒသည်မှန်ကန်ပါသနည်း။

၃။ ဘုရားရှင်ဖြေ

-သူတစ်ပါး၏အယူအဆကိုနားမလည်မနှစ် သက်ရုံမျှဖြင့် လူနုံ၊ လူအ၊ လူဗာလဖြစ်သည် ဟုဆိုလျှင် အားလုံးပင် လူနုံ၊ လူအ၊ လူဗာလချည်းဖြစ်ကုန်ရာသည်၊ အကြောင်းမှာ လူအားလုံးတို့သည် မိမိတို့၏အယူကိုသာမှန်သည် ဟုစွဲကြီးလျှင် အခြားသူတစ်ပါးတို့၏အယူဝါဒများကို မနှစ်သက်ကြသောကြောင့်ဖြစ်ပါသည်။

ဗုဒ္ဓ၏ဆိုလိုချက်မှာ-

-သူတစ်ပါး၏အယူဝါဒတို့နှင့်စပ်သောအကျင့်ဟူသမျှတို့ကို ခွင့်မပြုနိုင်သူမှန်သမျှ မည်သူမဆို လူဗာလချည်း၊ လူတိရစ္ဆာန်ချည်း၊ ပညာမဲ့လူအန္ဓချည်းဖြစ်ရမည်ဟုဆိုလျှင် အယူဝါဒအသီးသီးရှိသူအားလုံးတို့သည်လည်း လူဗာလ၊ လူအန္ဓချည်းသာဖြစ်ကုန်ကြပါမည်။

-အဘယ်ကြောင့်ဆိုသော် အယူဝါဒလက်ကိုင်ရှိသူအားလုံးတို့သည် အသီးသီးမိမိတို့၏အယူဝါဒကိုသာ မိမိတို့အစဉ်အမြဲ ကိန်းအောင်းမှီဝဲရာဟုလက်စွဲထားကြကုန်သည်။

www.dhammaransi.com



-ဥပမာ လူတစ်ယောက်သည် နေအိမ်မှထွက်၍ နေ့အခါ ဆိုင်ရာဆိုင်ရာအလုပ်ကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်ပြီး နောက် မည်မျှပင်နေချင်စဖွယ်တင့်တယ်သာယာသည် ဖြစ်စေကာမူ မိမိနေအိမ်သို့သာပြန်လာစမြဲဖြစ်သကဲ့သို့ အယူသည်းသူတစ်ယောက်သည် သူတစ်ပါး၏အယူ ဝါဒနှင့်စပ်သောအကြောင်းတရားတို့ကိုသိရပါသော်လည်း သူတစ်ပါးတို့၏အယူဝါဒအနေဖြင့်သာ စဉ်းစား ဆင်ခြင်လျက် မိမိစွဲမြဲသောအယူဝါဒကိုသာပြန်၍ နေထိုင်တတ်၏။

-ထို့ကြောင့် သူတစ်ပါးအယူဝါဒကိုခွင့်မပြုတိုင်း လူဗာလ ဖြစ်ရလျှင် အားလုံးလူဗာလချည်းဖြစ်ရမည်ဟု ဆိုသကဲ့သို့ဖြစ်သည်ဟု ဟောတော်မူလိုခြင်းဖြစ်ပါသည်။

၄။ နိမ္မိတ ဘုရားမေး

-မိမိအယူကိုသာမှန်သည်ဟုစွဲယူထားသူတိုင်းပင် အမှန်တရားသိသူ၊ ပညာရှိများဖြစ်သည်ဟုဆိုလျှင် အယူဝါဒသမားအားလုံးပင် ပညာရှိများသာဖြစ်ရာချေသည်၊ အကြောင်းမှာမူကား မည်သူမဆိုမိမိအယူကိုမှန်သည်ဟု စွဲထားသောကြောင့်ဖြစ်သည်။

၅။ ဘုရားရှင်ဖြေ

-ကိလေသာအညစ်အကြေးတို့ဖြင့် ရောထွေး ငြိတွယ် မစင်ကြယ်သူဖြစ်စေကာမူ မိမိ၏အယူအဆဘာသာဝါဒအလျောက် ကိုယ့်နည်းနှင့်ကိုယ်ပင် စင်ကြယ်သော

www.dhammaransi.com



ပညာရှိသူမည်၏ဟူ၍လည်းကောင်း၊ လိမ္မာကျွမ်းကျင်သောပညာရှင်မည်၏ဟူ၍လည်းကောင်း၊ လွန်ကဲသောအသိဉာဏ်ရှိသူမည်၏ ဟူ၍ လည်းကောင်း၊ ဆိုရမည်ဖြစ်ပါသည်။

ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-အယူဝါဒလက်ကိုင်ရှိသူအသီးသီးတို့သည် ဆိုင်ရာဆိုင်ရာကိုယ့်ဘာသာကိုယ့်ဝါဒကို သူများနည်းတူပြည့်ပြည့်စုံစုံဖြစ်အောင် ကောင်းစွာယူကြပြီးဖြစ်၍ မည်သူတစ်ဦးတစ်ယောက်ကမျှ ယုတ်သောနည်းသောပညာရှိသူဟူ၍မဆိုကြပေ၊ မြတ်သောပညာရှိသူဟူ၍သာဆိုကြမည်သာဖြစ်မည် ဟုဆိုလိုပါသည်။

**၆။ နိမ္မိတဘုရားမေး**

-အချို့ကမှန်သည်ဟုဆိုကြသည့်အယူကိုပင် အခြားသူတို့ကမမှန်ဟု ငြင်းခုံပြောဆိုကြပြန်ပါသည်၊ကိလေသာငြိမ်းဆေးကြောင့်ဖြစ်သောအယူဝါဒသည် တစ်သဘောတည်း တစ်ခုတည်းသာဖြစ်သင့်ပါသည်၊ ထိုသို့ ဖြစ်သင့်ပါလျက် အဘယ်ကြောင့် ကိလေသာငြိမ်းအေးပြီးသူ ပညာရှိအခေါ်ခံပုဂ္ဂိုလ်တို့က အကွဲကွဲအပြားပြား ပြောဆိုနေကြပါသနည်း။

www.dhammaransi.com



၇။ ဘုရားရှင်ဖြေ

-အမှန်တရားသည် တစ်သဘောတည်း တစ်မျိုးတည်းသာဖြစ်သည်၊ ကိလေသာငြိမ်းပြီးသူ အရိယာတို့သည် အမှန်တရားကိုသော်လည်းကောင်း၊ အမှန်တရားနှင့်စပ်လျဉ်းသောအကျင့်ကိုသော်လည်းကောင်း အကွဲကွဲအပြားပြားပြောဆိုငြင်းခုံခြင်းမရှိကြပါ၊ အမှန်တရားကို အကွဲကွဲအပြားပြားပြောဆိုငြင်းခုံနေခြင်းသည် အရိယာစစ်မဟုတ်သေးသဖြင့် စိတ်ကူးအတိုင်း ပြောဆိုနေခြင်းသာ ဖြစ်သည်။

ဗုဒ္ဓ၏ဆိုလိုချက်မှာ-

-လောက၏အဆုံးဖြစ်သောအမှန်တရားသည် တစ်ခုတည်းသာရှိရမည်ဖြစ်သည်၊ နှစ်မျိုးမရှိရပါ၊ ဗုဒ္ဓအယူဝါဒအရ မဖောက်မပြန်မှန်ကန်သောပရမတ္ထတရား နိဗ္ဗာန်သာဖြစ်ပါသည်။

-လောကအဆုံးသို့ရောက်ကြောင်း အကျင့်မှန်သည် တစ်မျိုးတည်းသာဖြစ်သည်၊ မဂ္ဂသစ္စာဟုခေါ်သော မဂ္ဂင်(၈)ပါးလမ်းကြောင်းသည် နိဗ္ဗာန်ရောက်ကြောင်း တစ်ခုတည်းသောလမ်းကြောင်းဖြစ်သည်၊ မဂ္ဂသစ္စာကို အကျင့်မှန်ကိုမျက်မှောက်ပြုသည်အစွမ်းအားဖြင့်လည်းကောင်း၊ ပွားများစေသည့် အစွမ်းဖြင့်လည်းကောင်း၊ သိရှိပြီးသောအရိယာပုဂ္ဂိုလ်များအား ငြင်းခုံဖွယ်ရာတစ်စုံတစ်ရာမရှိပါချေ။

www.dhammaransi.com



-အယူမှား အမြင်မှားရှိသူတို့သည် တစ်ခုတည်းသော လောက၏အမှန်တရားကိုမသိ၊ မမြင်ခြင်းကြောင့် ရော်ရမ်းမှန်းဆကာ ဤတရားသည် လောက၏အဆုံး တရားအမှန်ဖြစ်သည်၊ ဤတရားကား လောက၏ အဆုံးအမှန်တရားဖြစ်သည် ဟုအကွဲကွဲအပြားပြား သော လောကအဆုံးအမှန်တရားကိုအမွှမ်းတင်ချီးကျူး ကြကာ ဘုရားတစ်ဆူပမာ တံခွန်ထူလျက်ရှိကြကုန် သည် ဟုဆိုလိုပါသည်။

၈။ နိမ္မိတဘုရားမေး

-မိမိကိုယ်ကို ပညာရှိဉာဏ်ကြီးရှင်ဟု ဂုဏ်တင် ပြောဆို နေကြသူတို့သည် အဘယ်ကြောင့် ဤအမှန်တရားကို အကွဲကွဲအပြားပြား အမျိုးမျိုးပြောဆိုနေကြပါသနည်း၊ ဆရာသမားများထံမှ ကြားနားမှတ်သား၍ ပြောဆိုကြ ခြင်းလော (သို့မဟုတ်) မိမိစိတ်ကူးကြံစည်အရ ပြောဆိုနေကြခြင်းလော။

၉။ ဘုရားရှင်ဖြေ

-တည်မြဲသည်ဟူသောအယူ(သဿတဒိဋ္ဌိ) မှားရှိသူ တို့က မိမိတို့အယူမှတစ်ပါး အခြားအမှန်တရားမရှိဟု ပြောဆိုကြသည်၊ အခြားအယူများမှာ စိတ်ကူးအရ ပြောဆိုကြသော အမျိုးအစားများသာ ဖြစ်ကြသည် ဟူ၍လည်း ပစ်ပယ်ကြသည်၊ထိုနည်းတူပင် မိစ္ဆာအယူ ရှိသူများသည် မိမိ၏အယူသာအမှန်တရားဖြစ်၍

www.dhammaransi.com



သူတစ်ပါး၏အယူမှာ စိတ်ကူးအရပြောဆိုကြသည့် အမျိုးအစားသာဖြစ်သည် ဟု ပစ်ပယ်ကြသည်။

ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-မိမိနှင့်အယူဝါဒမတူသည့်အခြားသူကို လူနုံ-လူအ-လူမိုက် ဟုထင်မှတ်နေသူသည် မိမိကိုယ်ကိုလူလိမ္မာ ဟုဆိုလိုရာ ရောက်သည်၊ မိမိကိုယ်ကို လူလိမ္မာဟု ထင်မှတ်နေသူသည် အခြားသူများကိုအထင်မကြီးနိုင်၊ မမြတ်နိုးနိုင်ချေ။

-၆၂-ပါးသော မိစ္ဆာအယူရှိသူသည် မာန်မာနထောင်လွှားကာ ဂုဏ်ကြီးရှင်ပညာရှိတစ်ယောက်ဟု မိမိကိုယ်ကို မိမိ အထင်ကြီးသည်၊ အဘယ့်ကြောင့်ဆိုသော် ထိုသူသည် မိမိအယူ၌ပြင်းစွာစွဲလမ်းသောကြောင့်ဖြစ်ပါသည်။

-မိမိအယူကိုစင်ကြယ်သည်ဟုစွဲလမ်းနေသူသည် မိမိနှင့် အယူဝါဒမတူသောအခြားသူများကို လူနုံ-လူအ-လူမိုက် ဟုပြောဆိုကြသည်။

-လောက၌ မိစ္ဆာအယူဝါဒရှိသူတို့သည် မိမိတို့အယူဝါဒသာလျှင် သူတစ်ပါးတို့အယူထက် ကောင်းမွန်စင်ကြယ်သည် ဟု အချင်းချင်းငြင်းခုံလေ့ရှိသည်၊ သူတော်ကောင်းဖြစ်သောအရိယာပုဂ္ဂိုလ်များကမူ များသော မိစ္ဆာဒိဋ္ဌိအယူဝါဒအားလုံးတို့ကိုစွန့်ပယ်ပြီးဖြစ်၍ အချင်းချင်းငြင်းခုန်ခြင်းမပြုကြချေ။

www.dhammaransi.com



-အထင်များ၊ အမှတ်များအားဖြင့် ယူအပ်သောထာဝရဘုရား၊ ထာဝရပုဂ္ဂိုလ်၊ ထာဝရဘုံ၊ ထာဝရခန္ဓာရှိ၏ ဟူ၍ဖြစ်သော သဿတအယူဝါဒ(၅၅)မျိုးသည် လောက၌ရှိ၏၊ ထိုအယူဝါဒကြောင့် လောကအဆုံးတရားတွေအမျိုးမျိုးအစားစားများစွာ ပေါ်ပေါက်လေသည်၊ အယူသည်းတို့သည် လောကဆုံးအမှန်တရားဟူ၍ သမုတ်အပ်သောတရားတို့ကိုဟောပြောကြကုန်၏။

-စင်စစ်အားဖြင့် လောကအဆုံးတရားကား နိဗ္ဗာန်တစ်မျိုးတည်းသာရှိသည်၊ (သို့မဟုတ်)နိဗ္ဗာန်ရောက်ကြောင်းမဂ္ဂင်(၈)ပါးဟူသည် တစ်မျိုးတည်းသောလောကပြီးဆုံးကြောင်းသာရှိပါသည်။

-ထို့ပြင် အချို့သောအယူသည်းတို့သည် ထာဝရဘုရား၊ ထာဝရပုဂ္ဂိုလ်၊ ထာဝရဘုံ၊ ထာဝရခန္ဓာဟူ၍မရှိသင့်၊ သတ္တဝါဟူသည် သေသည်မှနောက်၌ပြတ်စဲပျောက်ကွယ်လေ၏၊ မည်သည့်ဘုံဘဝမျှမရောက်တော့ ဟုကြံစည်လျက် (၇)ပါးသောဥစ္ဆေဒအယူကိုဟောကြကုန်သည်၊ ထိုအယူရှိသူများကလည်း ငါတို့၏ဥစ္ဆေဒအယူသာမှန်ကန်၏၊ တစ်ပါးသောသူတို့၏ သဿတဝါဒများကား မှားကုန်သည် ဟူ၍ပြောဆိုကြပါသည်။

၁၀။ -မြတ်သောမဂ်လာဟူ၍ သမုတ်အပ်သောရူပါရုံကိုမြင်ရလျှင်၊ သဒ္ဒါရုံကိုကြားရလျှင်၊ ဂန္ဓာရုံကိုနံရလျှင်၊ ရသာရုံ

www.dhammaransi.com



ကိုလျက်ရလျှင်၊ ဖောဋ္ဌဗ္ဗာရုံကိုတွေ့ထိရလျှင် ကိလေသာမှုစင်ကြယ်သောမဂ်ဉာဏ်ဖြစ်၏ ဟူသောအယူကိုလည်းကောင်း၊

-နွား၊ ခွေးစသောတိရစ္ဆာန်တို့၏အကျင့်ကိုကျင့်လျှင် ကိလေသာမှုစင်ကြယ်သောမဂ်ဉာဏ်ဖြစ်၏ဟူသောအယူကိုလည်းကောင်း၊ ဤအယူများကိုမှီ၍ မစင်ကြယ်သည်အဖြစ်တည်းဟူသော ကဲ့ရဲ့ဘွယ်အခြင်းအရာကိုတွေ့မြင်ရသည်ဖြစ်ပါသော်လည်း ယခင်ကစင်ကြယ်သည်ဟုဆုံးဖြတ်ခဲ့သောဒိဋ္ဌိဆုံးဖြတ်ချက်၌ မြဲမြံစွာရပ်တည်ပြီး အယူဝါဒအားဖြင့် မိမိနှင့်ဆန့်ကျင်သောပုဂ္ဂိုလ်သည် မိုက်မဲသူတည်း၊ မလိမ္မာသူတည်းဟူ၍ မိမိအယူနှင့်ဆန့်ကျင်သူကိုကဲ့ရဲ့ပြောဆိုပါသည်။

ဗုဒ္ဓ၏ဆိုလိုချက်မှာ-

-ဤလောက၌ မင်္ဂလာရှိသော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိတို့ကိုမြင်ရ၊ ကြားရ၊ တွေ့ရလျှင် လာဘ်ရ၏၊ ဘုန်းတန်ခိုးကြီး၏၊ ကိလေသာမှုစင်ကြယ်သောမဂ်ဉာဏ်ကိုရသည်ဟုထင်မှတ်ကြကုန်၏၊ နွား၊ ခွေးစသောတိရစ္ဆာန်တို့၏အလေ့အကျင့်ကဲ့သို့ ကိလေသာခေါင်းပါးအောင်လေ့လာခြင်း ကျင့်ဆောင်ပြုလုပ်လျှင် ကိလေသာမှုစင်ကြယ်သောမဂ်ဉာဏ်ရ၏ ဟုမှတ်ထင်တတ်ကြကုန်သည်။

www.dhammaransi.com



-ဘုရားရှင်လက်ထက်က စန္ဒာဘ အမည်ရှိသောထူးဆန်းသောပုဏ္ဏားကြီးတစ်ယောက်ပေါ်ခဲ့သည်၊ ထိုပုဏ္ဏားကြီး၏ရင်ဘတ်အလယ်၌လဝန်းကဲ့သို့ဝန်းဝိုင်းသောသဏ္ဍာန်ရှိသောရောင်ခြည်အလင်းသည် တဖိတ်ဖိတ်တလက်လက်ဖြာထွက်လျက်ရှိသည်၊ ထိုပုဏ္ဏားကြီးကိုတွေ့မြင်ရလျှင် လာဘ်ပေါမျှား၏၊ စည်းစိမ်အခြံအရံပေါမျှား၏၊ ဘုန်းတန်ခိုးအာနုဘော်ကြီး၏၊ စိတ်ချမ်းသာ၏၊ ကိလေသာမှစင်ကြယ်သောမဂ်ဉာဏ်ကိုရ၏ဟု ယုံကြည်ကြသောသူတို့သည် စန္ဒာဘပုဏ္ဏားကြီးကိုတစ်ကြိမ်တစ်ခါကြည့်ရှုမျှအကျိုးငှာ အသပြာတစ်သိန်းပေးရသည်။

-မင်္ဂလာရှိသောအသံစသည်တို့၌လည်း ကိလေသာမှစင်ကြယ်၏ဟူသောအယူသည်လည်း ထိုနည်းတူထွန်းကားလျက်ရှိပါသည်။

-ဘုရားရှင်လက်ထက်မှာပင် ကောရခတ္တိယပရိဗိုဇ်သည်ကိလေသာခေါင်းပါးစေရန် ခွေးကဲ့သို့လေးဘက်ထောက်သွား၏၊လေးဘက်ထောက်ငုံ့၍စား၏၊ ဖိုခနောက်သုံးခုအလယ်ပြာပုံတွင်ခွေးကဲ့သို့ခွေအိပ်၏၊ ခွေးကဲ့သို့ ခြေတစ်ဘက်မြှောက်၍ကျင်ငယ်စွန့်၏၊ ကျင်ကြီးကိုစား၏၊ အတ္တဘောကိုညှင်းဆဲမှ ကိလေသာခေါင်းပါးမည် ဟုယုံကြည်၏။

www.dhammaransi.com



-ထိုသို့မှတ်ထင်ယုံကြည်၍ ဒိဋ္ဌ-သုတ-မုတ-သီလဗ္ဗတ အကျင့်တို့ကို လက်တွေ့ကျင့်သုံးရာအခါ ကိလေသာ စင်ကြယ်ခြင်းအကျိုးကိုမတွေ့ရသော်လည်း အယူမှား အမြင်မှားဆုံးဖြတ်ချက်ကိုလက်ခံထားပြီးဖြစ်၍ ထိုဆုံး ဖြတ်ချက်ကိုခိုင်မြဲစွာရပ်တည်ပြီးလျှင် စိတ်ကြည်လင် ရွှင်ပြခြင်း အထူးကိုရလျက်စိတ်မပျက်ဘဲ ဆက်လက် ကျင့်သုံးနိုင်လေသည်။

-မိမိနှင့်အယူမတူသူတို့ကို လူမိုက်-လူမလိမ္မာဟူ၍ အထင်သေးအမြင်သေးအားဖြင့် ရှုတ်ချကဲ့ရဲ့ကြသည် ဟုဆိုလိုပါသည်။

၁၁။ -ဤသို့အယူဝါဒ မတူမျှသူတို့ကို မိုက်မဲတွေဝေသူ၊ မလိ မ္မာသူ ဟုကဲ့ရဲ့ပြောဆိုထားတတ်သည်၊ မိမိကိုယ်ကိုမူ အပြစ်မဲ့သူ၊လိမ္မာသူဟူ၍ပြောဆိုတတ်ပါသည်၊ ထိုသို့ ပြောဆိုသောသူသည် မိမိကိုယ်ကိုမူ လိမ္မာသူ၊ ဉာဏ်ရှိ သူ ဟုဝန်ခံပြောဆိုပြီး မိမိအယူမှတစ်ပါးသောသူတို့ကို မူ ကဲ့ရဲ့၏၊ မှားသောအယူ၊ မှားသောအယူရှိသူဟူ၍ ပစ်ပယ်ပြောဆိုတတ်ပါသည်။

ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-အယူဝါဒမတူမျှသော တစ်ပါးသောသူကိုမိုက်မဲတွေဝေ သူဟုဆိုလျှင် မိမိကို လိမ္မာသူဟူ၍ ဆိုရာရောက်၏၊ သူတစ်ပါးကိုကဲ့ရဲ့ခြင်းအကြောင်းနှင့် မိမိကိုယ်ကို ချီးမြှောက်ခြင်းအကြောင်းသည် တစ်မျိုးတည်းသာဖြစ်

www.dhammaransi.com



သည်၊ တရားကိုယ်အားဖြင့် ဒိဋ္ဌိစေတသိက်ဖြစ်သည်။
-ထိုဒိဋ္ဌိတရားဆိုးကိုအမှီပြုပြီး တစ်ပါးသူအပေါ်၌ မာန
အတိမာနနှင့်ကဲ့ရဲ့ရှုတ်ချကြောင်းဒေါသတို့သည်
ဆက်လက်ဖြစ်ပွားကုန်ရသည် ဟုဆိုလိုပါသည်။

၁၂။ -ထိုပုဂ္ဂိုလ်သည် အကြောင်းမှန်ကိုလွန်သော ဆိုးရွား
သောအယူဆိုးဖြင့်ပြည့်ဝသည်ဖြစ်၍ မိမိ၏အယူကို
စွဲမှီ၍ဖြစ်သောမာနဖြင့်ရစ်မူးသည်၊ မိမိကိုယ်တိုင်မိမိ
ကိုယ်ကိုပညာရှိဟုဘွဲ့တံဆိပ်ခပ်နှိပ်ထားသည်။
-အဘယ်ကြောင့် ဤသို့ဖြစ်သနည်းဆိုသော် ထိုအယူ
မှားရှိသူသည် မှားသောအယူကို ကောင်းစွာသုံးသပ်ပြီး
မိမိကိုယ်ကိုမိမိ မာန်တက်၍ ပညာရှိဟုမှတ်ထင်နေ
သောကြောင့်ဖြစ်ပါသည်။

ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-အယူဝါဒအားဖြင့် သူတစ်ပါးနှင့်အပြိုင်အဆိုင်အနိုင်ရ
အောင် အငြင်းပွားလျက်ရှိပြီး သူတစ်ပါးကိုမိုက်မဲသူ၊
တွေဝေသူ၊ မလိမ္မာသူဟုဆိုပြီး မိမိကိုယ်ကိုမူ ဉာဏ်ရှိ
သူ၊ လိမ္မာသူ၊ အပြစ်မဲ့သူဟုမှတ်ထင်နေသော ပုဂ္ဂိုလ်
တစ်ယောက်သည် မိမိအယူကိုသူတစ်ပါး၏အယူထက်
သာလွန်အောင် ကြံဆောင်ပြုပြင်ဆင်ယင်မွမ်းမံရ
သည်။
-ထိုသို့ပြင်ဆင်သဖြင့် မိမိ၏အယူဝါဒသည် မူလလက္ခ
ဏာတည်ရာမှကျော်လွန်၍ ဖူးယောင်ပုပ်ပွသော

www.dhammaransi.com



အလောင်းကောင်ပမာ လွန်စွာစက်ဆုပ်ဖွယ်ရှိသည် အဖြစ်သို့ရောက်လေသည်။

-ထိုအယူကို အတိသာရဒိဋ္ဌိ ဟုခေါ်သည်၊ ထိုမှမ်းမံပြင်ဆင်ထားသောအယူကိုအားရနှစ်သက် ကျေနပ်လျက်ရှိပြီး မိမိအယူသည်အလုံးစုံပြည့်စုံနေသည် ဟုထင်မှတ်နေသည်၊ ထိုအယူစွဲမာနဖြင့် မာန်မူလျက်ရှိသည်၊ မိမိကိုယ်ကို ကောင်းစွာသုံးသပ်ဆင်ခြင်ပြီးသောအယူဖြစ်၍ ဘယ်သူမှဝင်ရောက်ကြားမဝင်နိုင်တော့ ဟုထင်မှတ်နေတတ်သည် ဟုဆိုလိုပါသည်။

-အတိသာရဒိဋ္ဌိဟူသည် အကြောင်းကိုလွန်ဖြစ်သောကြောင့် (၆၂)ပါးသောဒိဋ္ဌိအယူကို အတိသာရဒိဋ္ဌိလွန်၍ဖြစ်၏ဟူသည့် အကြောင်းမဲ့ကြံစည်ယူဆမှုပင်ဖြစ်ပါသည်။

-အကြင်ပုဂ္ဂိုလ်သည် စင်ကြယ်၏ဟုဆုံးဖြတ်ခဲ့သောဒိဋ္ဌိအယူ၌တည်၍ အထူးအားရနှစ်သက်နေသည်၊ မိမိအယူနှင့်ဆန့်ကျင်သူကိုမိုက်မဲသူ၊ မလိမ္မာသူဟူ၍ကဲ့ရဲ့ပြောဆိုသည်၊ ထိုကဲ့ရဲ့ပြောဆိုသောစကားကြောင့် အပြောဆိုခံရသောပုဂ္ဂိုလ်သည် မိုက်မဲသည်၊ မလိမ္မာသည့်ပုဂ္ဂိုလ်ဖြစ်အံ့၊ ဤသူတစ်ပါးစကားကြောင့် မိုက်မဲသူ၊ မလိမ္မာသူဖြစ်ရသည်ရှိသော် ထိုကဲ့ရဲ့ပြောဆိုသောသူသည်လည်း မပြောခံရသူနှင့်အတူတူ ယုတ်မာသောပညာရှိသည်သာဖြစ်သည်။

www.dhammaransi.com



-ထိုသို့မဟုတ် မိမိအလိုလိုအသိဉာဏ်ပေါက်ရောက်သူ ပညာရှိမည်သည် အကယ်၍ဖြစ်ငြားအံ့၊ သူတစ်ပါး စကားနှင့်မသက်ဆိုင်၊ မိမိအလိုလိုအားဖြင့် ပညာရှိသူ ဖြစ်နိုင်သည်ရှိသော် ကိလေသာအပူဘေးမှငြိမ်းအေးသူ ဟူ၍သမုတ်အပ်သောပုဂ္ဂိုလ်တို့တွင် မိုက်မဲတွေဝေ သောတစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် ရှိနိုင်တော့ မည်မဟုတ်ပေ။

-အယူများဖြင့် မြဲမြံစွာရပ်တည်နေသောအကြင်ပုဂ္ဂိုလ် တစ်ယောက်သည် မိမိနှင့်အယူမတူသူကိုလူမိုက်၊ လူမလိမ္မာဟူ၍ကဲ့ရဲ့ပြောဆိုရာ၊ ထိုကဲ့ရဲ့သူ၏စကားမှ ဖြင့် အကဲ့ရဲ့ခံရသူသည် ကဲ့ရဲ့သည့်အတိုင်း လူမိုက်၊ လူမလိမ္မာသူဖြစ်ရစတမ်းဆိုရလျှင် ထိုကဲ့ရဲ့သူသည် လည်း ကဲ့ရဲ့ခံရသူနှင့်အတူတကွ လူမိုက်၊ လူမလိမ္မာ ပင်ဖြစ်ရာ၏၊ အဘယ်ကြောင့်ဆိုသော် အကဲ့ရဲ့ခံရသူ ကလည်း ကဲ့ရဲ့သူကို လူမိုက်၊ လူမလိမ္မာဟူ၍တုံ့ပြန်ကာ ကဲ့ရဲ့ရာရောက်သောကြောင့်ဖြစ်ပါသည်။

-ထိုသို့မဟုတ် သူတစ်ပါးစကားနှင့်မပတ်သက်ဘဲ ကိုယ့် အလို ကိုယ့်အယူဝါဒအားဖြင့် ပညာရှိဖြစ်ကြစတမ်း ဆိုပြန်လျှင်လည်း အယူဝါဒလက်ကိုင်ရှိသူမှန်သမျှ သည် အလုံးစုံပညာရှင်ဖြစ်နေတော့မည်၊ ပညာမဲ့မိုက် မဲသူဟူ၍ရှိတော့မည်မဟုတ်ပေ။

www.dhammaransi.com



-မိမိအလိုဖြင့် ပညာရှိဖြစ်နိုင်ရိုးမှန်လျှင် ရသေ့၊ ရဟန်း ပရဗိုဇ်သော်လည်း မိုက်မဲသူတစ်စုံတစ်ယောက်မျှမရှိနိုင် ဟုဆိုလိုခြင်းဖြစ်ပါသည်။

၁၄။ -ကိလေသာအပူဘေးမှငြိမ်းအေးသူဟူ၍ သမုတ်အပ်သောအကြင်ရဟန်း၊ ရသေ့၊ ပရဗိုဇ်တို့သည် ငါတို့၏ အယူဝါဒကျင့်စဉ်မှ တစ်ပါးသောအယူဝါဒကျင့်စဉ်ရှိသူ သမဏဗြာဟ္မဏတို့သည် စင်ကြယ်သောအရဟတ္တမဂ် ဂုဏ်မှလျော့ကျဆုံးရှုံးရလေသည် ဟုပြောဆိုကြသည်၊ အဘယ်ကြောင့်ပြောဆိုသနည်းဆိုသော် မိမိ၏အယူဝါဒ၌ အလွန်တပ်မက်စွဲလမ်းသောကြောင့်ဖြစ်ပါသည်။

ဗုဒ္ဓ၏ဆိုလိုချက်မှာ-

-သမ=ငြိမ်းအေးသော၊ အဏ=ကိလေသာ ငြိမ်းအေးသော၊ ကင်းသောကိလေသာရှိသူသည်သမဏ ထိုသမဏဟူသောအမည်ကို ရသေ့၊ ပရဗိုဇ်၊ တိတ္ထိတို့သည်လည်းခံယူကြသည်၊ တိတ္ထိဟူသည်ကား အယူများရှိသူတို့ဖြစ်ပါသည်။

-ထိုတိတ္ထိတို့ကား ငါတို့၏အယူဝါဒကျင့်စဉ်တစ်ပါးသော အယူဝါဒကျင့်စဉ်ရှိသောသမဏဟူသမျှသည် စင်ကြယ်သောအရဟတ္တမဂ်ဂုဏ်မှ လျော့ကျကြသည်၊ အရဟတ္တမဂ်ခေါ်သော စင်ကြယ်သောတရားမရှိကြသဖြင့် မြတ်သောပုဂ္ဂိုလ်မဟုတ်၊ ယုတ်နိမ့်အောက်ကျသောပုဂ္ဂိုလ်တစ်စုသာဖြစ်သည်ဟု ပြောဟောကြသည်။

www.dhammaransi.com



-အဘယ့်ကြောင့် ပြောဟောပါသလဲဆိုက ထိုတိတ္ထိတို့သည် မိမိတို့၏အယူဝါဒ၌ တပ်မက်စွဲလမ်းသောရာဂဖြင့် လွန်စွာတပ်မက်စွဲလမ်းမှုကြောင့်ဖြစ်သည်။

-မိမိ၏အယူဝါဒ၌စွဲလမ်းချက်ပြင်းပြသောတိတ္ထိတို့သည် မိမိတို့အယူဝါဒကိုပြုလုပ်စီမံသူ၊ ခေါင်းဆောင်ဆရာတို့ ဟောပြောချက်၊ ထိုဟောပြောချက်ကိုလိုက်နာကျင့်ဆောင်သူတပည့်၊ ဂိုဏ်း၊ မိမိတို့၏အယူဝါဒကျင့်စဉ်ကိုသာ စင်ကြယ်လွတ်မြောက်ရေးတရား(သုဒ္ဓိဓမ္မ)ဟု ဆိုကြလေ့ရှိပါသည်၊ ကျန်အယူဝါဒများကို စင်ကြယ်သော(အသုဒ္ဓိဓမ္မ)တရားဟု ဟောပြောလေ့ရှိပါသည်။

-သဿတအယူရှိသူကလည်း သဿတအယူသာမှန်သည်၊ ဉစ္ဆေဒအယူရှိသူကလည်း ဉစ္ဆေဒအယူမှန်သည်၊ နတ္ထိက၊ အဟေတုက၊ အကိရိယ၊ အယူရှိသူတို့ကလည်းမိမိတို့အယူသာမှန်သည်၊ အခြားအယူမမှန် ဟုဆိုကြသည်။

-ဤသို့ဆိုကြလျှင် ကိုယ့်အယူကိုယ်အလိုအားဖြင့် အားလုံးပညာရှိချည်းဖြစ်ကြ၍ အဘယ်သူကိုလူမိုက်၊ လူမလိမ္မာဟူ၍ ဆိုစရာရှိပါတော့အံ့နည်း၊ အားလုံးပညာရှိသူ၊ အကျင့်မှန်သူချည်းသာဖြစ်ရာ၏ ဟုဆိုလိုပါသည်။

၁၅။ -မိမိ၏အယူဝါဒ၌ လွန်စွာတပ်မက်ကြသော များစွာကုန်သောတိတ္ထိတို့သည် မိမိအယူသာစင်ကြယ်သည်ဟူ၍

www.dhammaransi.com



ပြောဟောကြကုန်၏၊ တစ်ပါးသူတို့၏တရားတို့၌ စင်ကြယ်မှုရှိသည်ဟူ၍ မပြောဆိုမဟောကြားကြကုန်၊ မိမိတို့ယုံကြည်ရာအယူဝါဒ၌သာ မြဲမြံခိုင်ခံ့စွာသက်ဝင်သောအယူဝါဒရှိနေကြသည်။

၁၆။ -ထိုမြဲမြံသောအယူဝါဒရှိသူ တိတ္ထိတို့တွင် မိမိ၏အယူဝါဒ၌ မြဲမြံခိုင်ခံ့တည်တံ့သောဝါဒရှိသောတိတ္ထိသည် တစ်ပါးသောပုဂ္ဂိုလ်ကို မိုက်မဲတွေဝေသူဟူ၍ မထားနိုင်တော့ရာ။

ဗုဒ္ဓ၏ဆိုလိုချက်မှာ-

-အားလုံးပညာရှိချည်း အကျင့်မှန်သူဖြစ်နေလျှင် တစ်ပါးသောသူကို မိုက်မဲသူ၊ မစင်ကြယ်သူဟူ၍ပြောဆိုတတ်သော ထိုပုဂ္ဂိုလ်သည်လည်း မိမိကိုယ်တိုင်သာလျှင် ငြင်းခုန်ခြင်းသို့ မိမိကိုယ်တိုင်ပို့ဆောင်ရာရောက်နေပေတော့သည်။

-သူတို့၏အယူအလိုအားဖြင့် အားလုံးပညာရှိသူ၊ အကျင့်မှန်သူချည်းသာဖြစ်ပါလျှင် တစ်ပါးသူကိုမိုက်မဲသူ၊ အကျင့်မျှားသူ၊ အကျင့်မစင်ကြယ်သူ ဟု ကဲ့ရဲ့ပြောဆိုသူသည် မိမိကိုယ်တိုင် မိမိချည်းသာတစ်ယောက်တည်းထည်း ငြင်းခုန်ခြင်းသို့ရောက်ရာ၏။

-ထိုမျှမကသေး အယူများ၌ခိုင်ခိုင်မာမာရပ်တည်နေ၍လည်းကောင်း၊ မိမိ၏ဂိုဏ်းဆရာ၊ ဟောပြောသူဆရာကို အလုံးစုံသိသူဟူ၍လည်းကောင်း၊ မိမိလွတ်မြောက်

www.dhammaransi.com



ရေးဟောစဉ်တရားကို ကောင်းစွာဟောအပ်သော တရားဟူ၍လည်းကောင်း၊ မိမိ၏ကျင့်ဘော်ကျင့်ဘက် ဂိုဏ်းဂဏကို အကျင့်ကောင်းသောဂိုဏ်းဟူ၍လည်း ကောင်း၊ မိမိ၏အယူဝါဒကို ကောင်းသောအယူဝါဒ ဟူ၍လည်းကောင်း၊ မိမိ၏အကျင့်ကို ကောင်းစွာစိစစ် ထားသော အကျင့်ကောင်းဟူ၍လည်းကောင်း၊ မိမိ၏ မဂ်တရားကို ဝဋ်ဆင်းရဲမှလွတ်နိုင်သောမဂ်ဟူ၍ လည်းကောင်း နှိုင်းချိန်ဆုံးဖြတ်၍ လွန်ကဲစွာငြင်းခုံခြင်း သို့ရောက်လေတော့သည်။

-သို့မဟုတ် မိမိဝါဒကို သူတစ်ပါးဝါဒထက်လွန်ကဲအောင် ထား၍ငြင်းခုံတော့သည် ဟုဆိုလိုပါသည်။

၁၇။ -သတ္တဝါသည် အယူမှားဆုံးဖြတ်မှုတို့၌ အပြစ်ကိုမြင်၍ ထိုအယူမှားတို့ကိုပယ်စွန့်ခဲ့သည်ရှိသော် လောက၌ ငြင်းခုန်ခြင်းကိုပြုတော့မည်မဟုတ်ပါဟူ၍ ဘုရားရှင်က အဖြေပေးခဲ့ပါသည်။

ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-၆၂-ပါးသော မှားသောအယူတို့ကို မှားမှန်းသိ၍ ပယ်စွန့်နိုင်လျှင် ငြင်းခုန်မှုရှိတော့မည်မဟုတ်ဟု ဆိုလိုပါ သည်။

www.dhammaransi.com



## မဟာဗျူဟသုတ်

မဟာ = ကြီးသော

ဗျူဟာ = အမျိုးမျိုးကြံစည်ခြင်း၊ စစ်ဆင်ခင်းကျင်းခြင်း၊ စုရုံးခြင်း

မဟာဗျူဟာ -အမျိုးမျိုးကြံစည်စိတ်ကူးကြသဖြင့် ဖြစ်ပေါ်လာသောအယူအဆများကို စုရုံးဖော်ပြပြီးလျှင် ထိုအယူဝါဒတို့၌စွဲလမ်းခြင်းပျောက်အောင် ဟောသောတရားတော်

-မဟာသမယအစည်းအဝေးကြီးသို့ လာရောက်ကြသောနတ်ဗြဟ္မာတို့တွင် မောဟစရိုက်အားကြီးသောနတ်ဗြဟ္မာတို့အတွက် ဤသုတ်ကို ဟောကြားခြင်းဖြစ်ပါသည်။

-ဤမဟာဗျူဟာသုတ်၌ဟောကြားသော မောဟ၏သဘောမှာအမှန်တရားကို ဖုံးလွှမ်းခြင်း၊ အမှန်တရား၌တွေဝေခြင်းဖြစ်သည်။

-ထိုမောဟစရိုက်ထူပြောသောနတ်တို့သည်- "မှားသောမိစ္ဆာအယူရှိသူအပေါင်းတို့သည် ပညာရှိတို့၏ကဲ့ရဲ့ရှုံ့ချခြင်းကိုသာ အမြဲခံနေကြရကုန်သလော၊ သို့မဟုတ် တစ်ခါတစ်ရံ ချီးမွမ်းခြင်းကိုလည်းခံကြရပါပေးသလော၊ ထိုသူတို့၏အယူအားလုံးပင် ကဲ့ရဲ့ဖွယ်ချည်းဖြစ်သလော၊ သို့မဟုတ် ချီးမွမ်းဖွယ်များလည်း

www.dhammaransi.com



အနည်းငယ်စိုးစဉ်းမျှရှိပါသေးသလော”
ဟု ကြံစည်စိတ်ကူးကြသည်။
-ထိုနတ်တို့၏အကြံအစည်ကိုသိတော်မူ၍ ဗုဒ္ဓ
က ဤမဟာဗျူဟာသုတ်ကိုဟောကြားတော်
မူပါသည်။

၁။မေး -မိစ္ဆာအယူဥ္စွဲမြဲတည်နေကုန်သော အချို့သောသမဏ ဗြာဟ္မဏတို့သည် ဤငါ၏အယူသာလျှင်မှန်၏ဟု ပြောဆိုကြကုန်၏၊ ထိုသူအားလုံးတို့သည် ထိုအယူဥ္စ အကဲ့ရဲ့သာခံကြရပါကုန်သလော၊ သို့မဟုတ် ချီးမွမ်း ခြင်းကိုလည်းရပါကုန်သေးသလော။

၂။ဖြေ -ဤသို့ချီးမွမ်းခံရခြင်းသည် အနည်းငယ်မျှသာတည်း၊ ရာဂစသည်တို့ငြိမ်းအေးရန်မစွမ်းနိုင်၊ ငြင်းခုံခြင်း၏ အကျိုးတို့ကိုနိုင်ခြင်း၊ ရှုံးခြင်းစသောကောင်း-မကောင်း အားဖြင့် နှစ်ပါးတို့၏ဟူ၍ငါဆို၏၊ ဤသို့ငြင်းခုံခြင်း အပြစ်ကိုလည်းမြင်၍ ငြင်းခုံခြင်းမရှိရာ၊ နိဗ္ဗာန်ကို ဘေးမရှိ ဟုရှုလျက် ငြင်းခုံခြင်းမပြုရာ။

ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-တစ်ယူသန်အားဖြင့် ငြင်းခုံပြောဆိုနေကြသော ထိုတိတ္ထိတို့သည် တစ်ခါတစ်ရံချီးမွမ်းမှုကိုလည်းရကြပါ ၏၊ ရသော်လည်း ထိုချီးမွမ်းမှုကား အနည်းငယ်မျှ သာဖြစ်၏၊ ကဲ့ရဲ့ရှုတ်ချမှုတို့သာများကုန်၏။

-ထိုအနည်းငယ်ချီးမွမ်းမှုသည်လည်း ရာဂ၊ ဒေါသ၊ မောဟတို့ငြိမ်းရန်မစွမ်းနိုင်၊ ကောဓဥပနာဟအစရှိ

www.dhammaransi.com



သောငြင်းခုံခြင်း၏အကြောင်း မကောင်းသောတရား ဆိုးတို့ကိုငြိမ်းဖျောက်ရန်မစွမ်းနိုင်၊ အလုံးစုံသောကိလေသာဒုစရိုက်အကုသိုလ်တို့ကို ငြိမ်းဖျောက်ရန်မစွမ်းနိုင်။

-အယူဝါဒကိုမှီ၍ငြင်းခုံခြင်းမှု အကြောင်းကြောင့်နိုင်ခြင်း ရှုံးခြင်းအကျိုး(၂)ပါးကိုသာရသည်၊ လာဘ်ရခြင်း၊ မရခြင်းအကျိုးနှစ်ပါးကိုသာရသည်၊ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း အကျိုးနှစ်ပါးကိုသာရသည်၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်း၊ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းစသော(၂)ပါးစီသောအကျိုးကိုသာရ၏ ဟု ငါဘုရားရှင်ကဟောလိုခြင်းဖြစ်ပါသည်။

-ထို့ကြောင့် ငြင်းခုံခြင်း၏အပြစ်ကိုရှုမြင်ပြီး၍ ငြင်းခုံရခြင်းမရှိရာဖြစ်သောနိဗ္ဗာန်ကိုဘေးရန်ကင်းစွာ ချမ်းသာရာစစ်စစ်ဟူ၍ မျက်မှောက်ထင်ထင်မြင်အောင် ကြည့်လျက် ငြင်းခုံခြင်းမှကင်းအောင် ရှောင်ရှားရမည် ဟုဆိုလိုပါသည်။

၃။ -မိစ္ဆာအယူအားလုံးတို့ကို ပုထုဇဉ်တို့ဖြစ်စေအပ်ကုန်၏၊ ပညာရှိသည် ဤမိစ္ဆာအယူအားလုံးတို့သို့မကပ်ရောက်၊ မြင်၊ ကြားရသောအရာ၌နှစ်သက်လိုလားမှုကိုမပြုသေး၊ ကပ်ရောက်သောတဏှာဒိဋ္ဌိမရှိသော ထိုပညာရှိသည် အဘယ်မည်သောရုပ် ဝေဒနာစသည်ကိုကပ်ရောက်တော့မည်နည်း။

www.dhammaransi.com



ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-အယူဝါဒကိုစွဲမှီ၍ငြင်းခုံမှုမပြုသောငါဘုရား၏အဆုံးအမခံဉာဏ်ပညာရှိသူပုထုဇဉ်သည် အယူမှားသူ လူအမျိုးမျိုးတို့ကြံစည်ပြုလုပ် သမုတ်ပညတ်၍ထားသော(၆၂)ပါးသောအယူများတို့သို့ တဏှာဒိဋ္ဌိ၏အစွမ်းအားဖြင့် ချဉ်းကပ်သုံးသပ်တော့မည်မဟုတ်။

-ထို့ကြောင့် မင်္ဂလာ ဟုသမုတ်အပ်သောအဆင်း(ရူပါရုံ)ကိုမြင်ကာမျှဖြင့် ကိလေသာစင်ကြယ်၏ဟူသောအယူဝါဒကို မကြိုက်မနှစ်သက်တော့ပြီ။

-အလားတူ အသံ၊ အနံ့၊ အရသာ၊ အ တွေ့အထိတို့ကိုကြား၊ နံ၊ ခံစား၊ ထိရုံမျှဖြင့် ကိလေသာစင်ကြယ်၏ဟူသောအယူဝါဒကို မကြိုက်မနှစ်သက်တော့ပြီ။

-ထိုသို့မကြိုက်မနှစ်သက်ပါက ခန္ဓာငါးပါးကို တဏှာဒိဋ္ဌိတို့ဖြင့်မစွဲလမ်းတော့ပါ၊ ထိုသို့လားရာဂတိဘုံဘဝသံသရာတို့၌ တဏှာ၊ ဒိဋ္ဌိတို့ဖြင့်မကပ်ငြိတော့ပါ။

-ဤကား အယူဝါဒကိုစွဲ၍ မငြင်းခုံခြင်းအကျိုးကျေးဇူးဖြစ်သည် ဟုဆိုလိုပါသည်။

၄။ -စောင့်ထိန်းမှု(သီလ)သည်မြတ်၏ ဟုအယူရှိသူတို့သည်သီလစောင့်စည်းရုံမျှဖြင့် စင်ကြယ်သည်ဟူ၍ ဆိုကုန်၏၊ နွား၊ ခွေးစသည်တို့၏အကျင့်(ဝတ)ကိုကောင်းစွာယူ၍တည်ကုန်၏၊ ဤမိမိအယူ၌သာလျှင် ကျွမ်းကျင်လိမ္မာဟုပြောဆိုသူတို့သည် ဘဝ၌မက်မောနစ်မြုပ်ကုန်လျက်

www.dhammaransi.com



ထိုဆရာ၏စင်ကြယ်သောအကျင့်ကိုကျင့်ကုန်အံ့ ဟု ပြောဆိုကြကုန်သည်။

ဗုဒ္ဓ၏ဆိုလိုချက်မှာ-

-စည်းမျဉ်းကျင့်စဉ်ကို မလွန်ကျူးခြင်းဟူသော အလေ့ သဘောသည် သီလမည်ပါသည်။

-စည်းမျဉ်းအတိုင်းဆောက်တည်ကျင့်သုံးခြင်းသည် ဝတ မည်ပါသည်။

ထိုသီလ ဝတ(၂)ပါးသည်-

(က) သာသနိက သီလဝတ

(ခ) ဗာဟိရကသီလဝတ ဟူ၍နှစ်မျိုးရှိသည်။

သာသနိက သီလဝတ၌လည်း-

(က) သီလလည်းမည် ဝတလည်းမည်သောအလေ့ အကျင့်တစ်မျိုး

(ခ) သီလအမည်မရ ဝတအမည်ရသောအကျင့် တစ်မျိုး ဟူ၍(၂)မျိုးရှိသည်။

## (က) သီလမည်ဝတမည်

-ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလ၊ ပါတိမောက္ခ သံဝရသီလတို့ကို မလွန်ကျူးအောင်စောင့်ထိန်းမှုသည် သီလလည်းမည်၏၊ ဝတလည်းမည်၏၊ သီလဝတ နှစ်ပါးစုံအမည်ရသည်။

-အရည်ကင်းအစရှိသောဓုတင်အကျင့်သည် လည်း ကောင်း၊ အရိုးအရေ၊ အကြောသာကြွင်းပါစေ၊

www.dhammaransi.com



အသားအသွေးခန်းခြောက်ပါစေ၊ ယောက်ျားကောင်းတို့လုံ့လဖြင့်ရအပ်ရထိုက်သောတရားထူးကိုမရမချင်းလုံ့လမလျှော့တော့အံ့ ဟူ၍ ဝိရိယကိုဆောက်တည်ခြင်းမျိုးသည်လည်းကောင်း

-တဏှာတည်းဟူသောဆူးငြောင့်ကိုမထုတ်မနှုတ်နိုင်သေးသမျှကာလပတ်လုံး၌ အစာမစားအံ့၊ ရေမသောက်အံ့၊ အပြင်မထွက်အံ့၊ မျက်စိဖွင့်မပြေအံ့၊ ကိုယ်ကိုမလဲလျောင်းအံ့ ဟူ၍ဝိရိယကိုဆောက်တည်ခြင်းမျိုးသည်လည်းကောင်း၊ ဆောက်တည်ကျင့်သုံးရုံသာ ဆောက်တည်ကျင့်သုံးအပ်သောကြောင့် ဝတသာမည်၏။

-မကျူးလွန်သော သီလဟူသောအမည်ကို မရပါ။

(ခ) **ဗာဟိရကသီလဝတ**

-မိမိထင်ရာမြင်ရာစည်းမျဉ်းထား၍ မလွန်ကျူးဘဲ ထိန်းသိမ်းစောင့်စည်းသောအလေ့ပင်ဖြစ်ပါသည်။

-ဥပမာ-အချို့ပရိဗိုဇ်များသည် အဝတ်မဝတ်၊ ရေအေးမသောက်ခြင်း၊ ငါးကိုမစားခြင်း၊ အသားကိုမစားခြင်း၊ သေရည်သေရက်မသောက်ခြင်း၊ ကိုယ်ဝန်ဆောင်မိန်းမထံမှဆွမ်းမခံခြင်း စသည်တို့ကိုထင်မြင်ရာတို့ကိုသီလဟုသမုတ်သည်၊ နွား၊ ခွေး စသည်တို့၏သွားနည်း၊ လာနည်း၊ စားနည်းစသောအမူအရာကိုလည်း သီလဟုသမုတ်သည်။

www.dhammaransi.com



-ဗာဟိရကဝတဟူသည်ကား ထိုသို့သောထင်ရှားမြင်ရာ ရော်ရမ်းမှန်းဆ၍ ဤရဟန်းကိုမကျူးလွန်ကောင်း သောသီလဟူ၍သမုတ်အပ်သောအကျင့်ကို ဆောက်တည်ကျင့်သုံးခြင်းပင်ဖြစ်သည်။

-ထိုဗာဟိရကသီလဝတအကျင့်များသည် မဇ္ဈိမပဋိပဒါ (အလယ်အလတ်လမ်းစဉ်)တိမ်းစောင်းချွတ်ယွင်း သဖြင့် ဝဋ်ဆင်းရဲမှထုတ်ဆောင်သောအကျင့်မဟုတ်၊ ကိုယ်ကိုညှင်းဆဲကြောင်း (အတ္တကိလမထ)အကျင့်သာ ဖြစ်ကြောင်းသာဖြစ်သည်။

(ဘုရားရှင်လက်ထက်က နွားတို့၏ပုံစံအတိုင်းဝတ်ဆင် ပြီး နွားတို့၏အကျင့်ကိုကျင့်သော ပုဏ္ဏပရိဗိုဇ်၊ ခွေးတို့၏ ပုံစံအတိုင်း နေထိုင်ကျင့်ကြံသောသေနိယပရိဗိုဇ် ဟူ၍ ပရိဗိုဇ်(၂)ဦးရှိခဲ့သည်။

-နောင်တွင် ဘုရားနှင့်တွေ့ပြီး အကျွတ်တရားရခဲ့ကြ သည်။

-သီလဟူသောအလေ့အကျင့်ကိုလွတ်မြောက်စင်ကြယ် ရေး၌ အမြတ်ဆုံးအကျင့် ဟုယူဆသူတို့တွင် သာသနာ နုလောမိကသီလပင်ဖြစ်စေ၊ သမာဓိ၊ ပညာ၊ အထက် ဘာဝနာတို့နှင့်မရောနှောလျက်မပတ်သက်၊ သီလ သက်သက်ဖြင့် သံသရာမှစင်ကြယ်လွတ်မြောက်ရေး ကိုပြောဆိုသူတို့သည်လည်းကောင်း၊

www.dhammaransi.com



-ဗာဟိရကဝတသီလဖြင့် စင်ကြယ်လွတ်မြောက်ရေးကို ပြောဆိုသူတို့သည်လည်းကောင်း အကြောင်းမှန်ကို ပြောဆိုသူတို့မဟုတ်ကုန်

-နွား၊ ခွေးစသည်တို့၏အကျင့်ကိုပြည့်စုံစွာဆောက်တည်၍ကျင့်ပါလျှင် သံသရာလွတ်မြောက်ရေးကိုလေသာစင်ကြယ်ရေးဖြစ်သည် ဟုဆိုလျက် ကိုယ်တိုင်ကျင့်နေသူတို့သည်လည်း အတွင်းအဖွဲ့တ္တ၌ ဘဝသံသရာကိုတပ်မက်နှစ်သက်နေသော ရာဂစိတ်မကင်းဘဲလျက် မိမိတို့၏စိတ်အလိုကိုသို့ဝှက်လျက် ပြင်ပ၌နှုတ်ဖြင့်သာ သံသရာလွတ်မြောက်ရေးစင်ကြယ်ရေးဟူ၍ ဟစ်အော်နေကြလျက် စိတ်ကြိုက်တစ်မျိုးနှုတ်ပြောတစ်မျိုးစီ မညီဘဲရှိကြကုန်သည်။

-ထိုသို့ဖြစ်ပါကုန်လျက် ဗာဟိရကတိတ္ထိယတို့သည် မိမိကိုယ်မိမိ ပညာရှိလူလိမ္မာအဖြစ်ဖြင့် ကြွေးကြော်လျက်ရှိကြကုန်သည် ဟုဆိုလိုပါသည်။

၅။ ထိုသူသည် စောင့်ထိန်းမှုသီလ၊ ဆောက်တည်မှု ဝတမှရွေ့လျောခဲ့မှု သီလနှာဝတ ချွတ်ယွင်းပျက်စီးသောကြောင့် တုန်လှုပ်၏၊ နေအိမ်မှထွက်အရပ်တစ်ပါးသို့သွားသူသည် လှည်းအုပ်မှကျန်ရစ်ခဲ့သော် ထိုနေအိမ်၌လှည်းအုပ်တစ်ခုခုကိုတောင့်တဘိသကဲ့သို့ ထို့အတူစင်ကြယ်မှုကိုတမ်းတမူလည်းတမ်းတ၏၊ တောင့်တမူလည်း တောင့်တ၏။

www.dhammaransi.com



ဗုဒ္ဓ၏ဆိုလိုချက်မှာ-

-သီလဖြင့်သာ သံသရာဝဋ်မှကျွတ်လွယ်၏ ဟူသော အယူရှိသူ(သီလသုဒ္ဓိကတိတ္ထိယ)တစ်ယောက်သည် လည်းကောင်း

-ဆောက်တည်အပ်သောအကျင့်ဖြင့် သံသရာဝဋ်မှ ကျွတ်လွတ်နိုင်၏ဟူသောအယူရှိသူ (ဝတသုဒ္ဓိကတိတ္ထိယ) တစ်ဦးသည်လည်းကောင်း

-မိမိစောင့်ထိန်းအပ်ဆောက်တည်အပ်သော သီလ အကျင့်မှမကျင့်နိုင်၍ဖြစ်စေ၊ မကျင့်လို၍ဖြစ်စေ လျော့ကျပျက်စီးသွားသောအခါ-

"ငါသည် စောင့်ထိန်းဆောက်တည်မြဲဖြစ်သော သီလ အကျင့်ကိုချိုးဖောက်ကျော်နင်း၍ ချွတ်ယွင်းမိစေပြီ" ဟု စိုးရိမ်ပူပန်ခြင်းပြင်းစွာဖြစ်ခဲ့သည်။

-မကျင့်လို၍ ချိုးဖောက်ကျော်နင်းသူဖြစ်လျှင် မိမိလက် ရှိဖြစ်ခဲ့သောသီလအကျင့်မှတစ်ပါး အခြားကောင်းနိုး ရာရာသီလအကျင့်ကိုဆိုမည်ယောင်းရမ်းတမ်းတပါ သည်၊ ရှာဖွေတတ်ပါသည်။

-မစွမ်းနိုင်၍ကျော်နင်းချိုးဖောက်သူဖြစ်လျှင် မိမိလက် ရှိဖြစ်ခဲ့သောသီလအကျင့်ကိုယ်တစ်ဖန်တမ်းတ မြော်လင့်၏၊ စွမ်းနိုင်လောက်သောနည်းကိုရှာဖွေ၏၊ ထိုသီလအကျင့်ကိုတစ်ဖန်ပြန်ကျင့်ပြန်ပါသည်။

www.dhammaransi.com



-ဥပမာ-ယောကျ်ားတစ်ယောက်သည် မိမိအိမ်မှထွက်ခွာခဲ့၍ အန္တရာယ်များသောခရီးကိုသွားခဲ့ရာ အင်အားကောင်းသောခြေကုန်သည်လှည်းကုန်သည်တို့ကို အဖော်သဟဲပြု၍သွားရာ၏။

-ထိုအခါ လမ်းတစ်ဝက်၌အမှတ်တမဲ့တစ်စုံတစ်ခုသော အကြောင်းကြောင့် အဖော်ကုန်သည်တို့မှတစ်ယောက်တည်းကျန်ရစ်ခဲ့လေရာ၏။

-ထိုကျန်ရစ်ခဲ့သောယောကျ်ားသည် အိမ်သို့ပြန်ရန်နှင့် အဖော်နောက်သို့ဆက်လိုက်ရန် နှစ်လမ်းရှိခဲ့ရာ တစ်လမ်းလမ်းကိုအမှန်လိုက်ရသည်။

-ထိုနည်းတူစွာ တစ်စုံတစ်ခုသောအကြောင်းကြောင့် လွတ်မြောက်ရေးလမ်းစဉ်သီလဝတမှချွတ်ချော်၍ အကျင့်လက်လွယ်ဖြစ်သူသည် တစ်ပါးတစ်ခြားသော သီလဝတသို့သော်လည်းရောက်ရာ၏၊ သို့မဟုတ် မူလနေအိမ်နှင့်တူသောလက်ရှိကျင့်ခဲ့ဖူးသည့် သီလဝတသို့လည်း ပြန်လည်ဆည်းကပ်ရာ၏ ဟုဆိုလိုပါသည်။

၆။ -စောင့်ထိန်းမှုသီလ၊ ဆောက်တည်မှုဝတအားလုံးကိုလည်းကောင်း၊ အပြစ်ရှိ-အပြစ်မရှိသောထိုကုသိုလ်-အကုသိုလ်ကံကိုလည်းကောင်းပယ်စွန့်၍ စင်ကြယ်မှု-မစင်ကြယ်မှုကိုမတောင့်တသောရဟန်းပုဂ္ဂိုလ်သည် မိစ္ဆာအယူကိုမယူမူ၍ စင်ကြယ်မှု-မစင်ကြယ်မှုမှ ရှောင်လျက် သွားလာနေထိုင်နှင့်ရာ၏။

www.dhammaransi.com



ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-မြတ်စွာဘုရားသည် အရိယမည်၏။

-ဘုရားရှင်၏သြဝါဒကိုနာယူကျင့်သုံးသောရဟန်းရှင်လူသည် အရိယာသာဝကမည်၏။

-ထိုအရိယာသာဝကသည် သီလဖြင့်သာလျှင် သံသရာမှလွတ်မြောက်စင်ကြယ်မှုဖြစ်၏၊ ခွေး၊ နွား၊ အကျင့်ဖြင့်လွတ်မြောက်စင်ကြယ်မှုဖြစ်၏ဟူသော ပူပန်တုန်လှုပ်ခြင်း၏အကြောင်းရင်းဖြစ်သောအယူဝါဒကို ပယ်စွန့်ပြီးဖြစ်၍ မဇ္ဈိမပဋိပဒါ(အလယ်အလတ်)လမ်းစဉ်မှန်ကိုကျင့်၏။

-ထိုသို့ကျင့်သဖြင့် အရဟတ္တမဂ်ကိုရ၍ ကုသိုလ်-အကုသိုလ်တို့ကိုပယ်စွန့်ပြီးဖြစ်လေသည်။

-ကာမဂုဏ်ငါးပါးကို သံသရာဝဋ်မှကင်းလွတ်စင်ကြယ်ကြောင်း ဟုသမုတ်၍လည်းကောင်း၊ ကာမဂုဏ်ကိုမတောင့်တ၊ အကုသိုလ်တရားတို့ကို သံသရာဝဋ်မှကင်းလွတ်စင်ကြယ်ကြောင်းမဟုတ်ဟု သမုတ်၍လည်းကောင်း၊ အကုသိုလ်မှကင်းရှင်းရေးကိုမတောင့်တ၊ ထိုအရိယာသာဝကသည် အရဟတ္တဖိုလ်သို့ကျရောက်ပြီးဖြစ်၍ အရဟတ္တဖိုလ်သို့ မိမိရရောက်ရေးကိုတောင့်တမှုမရှိ။

-တောင့်တမှုအလုံးစုံကိုကျော်လွန်ပြီးဖြစ်၏၊ ဆုတ်ယုတ်ခြင်းကြီးပွားခြင်းကိုကျော်လွန်ပြီးဖြစ်၏၊ အဆုံးတိုင်

www.dhammaransi.com



အောင်ကျင့်သုံးသောမဂ်အကျင့်ရှိ၏၊ စင်ကြယ်၊ မစင်ကြယ်ဟုသမုတ်အပ်သော အလုံးစုံသောအကုသိုလ်အစ၊ မဂ်အလယ်၊ အရဟတ္တဖိုလ်အဆုံးရှိသော တောင့်တဖွယ်တို့မှကင်းရှင်းလွန်မြောက်ပြီးဖြစ်၏။

-ငြိမ်းအေးခြင်း(သန္တိ) ၃-မျိုးရှိသည်-

**၁။ အစ္စန္တသန္တိ**

-နိဗ္ဗာန်သည် ဝဋ်ဆင်းရဲ၊ ကိလေသာ ဆင်းရဲမှစင်စစ်အချင်းခပ်သိမ်းလွတ်မြောက်ရာဖြစ်၍ အစ္စန္တသန္တိမည်၏။

**၂။ တဒင်္ဂသန္တိ**

-ရူပဈာန်၊ အရူပဈာန်တို့သည် အခိုက်အတန့်အားဖြင့် နီဝရဏတို့မှငြိမ်းအေးရာဖြစ်၍ တဒင်္ဂသန္တိမည်၏။

**၃။ သမ္မုတိသန္တိ**

-၆၂-ပါးသောမိစ္ဆာအယူဝါဒများသည် စင်စစ်အချင်းခပ်သိမ်းအားဖြင့်လည်းကောင်း၊ အခိုက်အတန့်အားဖြင့်လည်းကောင်း၊ ဝဋ်ဆင်းရဲမှလည်းကောင်း၊ နီဝရဏတရားမှလည်းကောင်း၊ ငြိမ်းအေးရာမဟုတ်၊ စိတ်ကူးကြံစည်ခြင်းဖြင့် ငြိမ်းအေးရာဖြစ်၍ သမ္မုတိသန္တိမည်၏ အရိယာသာဝကသည် ထိုသမ္မုတိသန္တိ ဟုခေါ်သော အယူများကိုပယ်စွန့်ပြီးပြီ ဟုဆိုလိုပါသည်။

၇။ -သံသရာမှစင်ကြယ်၏ဟုအယူရှိကြကုန်သောသူတို့သည် စက်ဆုပ်အပ်သော (တပေါဇိဂုစ္ဆာ)အကျင့်ကိုလည်းကောင်း၊ ထို့ပြင် မြင်ရသောရူပါရုံ၊ ကြားရသော

www.dhammaransi.com



သဒ္ဒါရုံ၊ ရောက်ရသောဖောဋ္ဌဗ္ဗာရုံကိုလည်းကောင်း အမှီပြု၍ ဘဝကြီးငယ်တို့၌ တပ်မက်မှုတဏှာမကင်း ကြကုန်ရကား စင်ကြယ်မှုကိုပြောဆိုကြကုန်၏။

ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-အတ္တဘောကိုပင်ပန်းအောင်ကျင့်ရသောလုံ့လအကျင့် ဖြစ်သောမကောင်းမှုအကုသိုလ်ကို စက်ဆုပ်ကဲ့ရဲ့နိုင် သည်၊ စွန့်ပစ်နိုင်သည် ဟူ၍အယူရှိသူတို့သည် တပေါ ဇိဂုစ္ဆဝါဒရှိသူတို့မည်ပါသည်။

-ဤပုဂ္ဂိုလ်များသည် မကောင်းမှုကိုကဲ့ရဲ့စွန့်ပစ်ခြင်းငှာ ကျင့်အပ်သောလုံ့လအကျင့်ကိုအမှီပြု၍ ဘဝသံသရာ မှလွတ်မြောက်စင်ကြယ်ရေးကိုနှုတ်ဖြင့် အလွန်ချီးမွမ်း ကြသော်လည်း ကြီးကြီးငယ်ငယ်အသွယ်သွယ်သော သံသရာဘဝတို့ကို တဏှာဖြင့်တပ်မက်နှစ်သက်လျက် ပင်ရှိကုန်၏။

-ထိုနည်းတူ အမြင်၊ အကြား၊ အနံ့၊ အရသာ၊ အတွေ့ အထိတို့ဖြင့် စင်ကြယ်၏ဟု အယူရှိသူတို့လည်း မြင်မှု၊ ကြားမှု စသည်ကိုအမှီပြုပြီး ဘဝသံသရာမှစင်ကြယ် လွတ်မြောက်ရေး ကိုချီးကျူးကုန်သော်လည်း ဘဝ သံသရာကိုတဏှာဖြင့် တပ်မက်နှစ်သက်လျက်ရှိကြ ကုန်၏။

-ပြုသောကောင်းမှု-မကောင်းမှုမရှိ၊ သေလွန်ပြီးနောက် ၌လွတ်မြောက်စင်ကြယ်တော့၏၊ အမြဲထာဝရဘုံစံဖြစ်

www.dhammaransi.com



တော့၏ ဟူ၍ အယူရှိကြသောအကိရိယဝါဒီပုဂ္ဂိုလ်တို့သည်လည်း မိမိဝါဒအလျောက် ဘဝလွတ်မြောက်ရေးကိုချီးကျူးကြသော်လည်း စင်စစ်လွတ်မြောက်လိုသောစိတ်မရှိ၊ ဘဝကြီးငယ်ကိုသာ သာယာနှစ်သက်တပ်မက်လျက်ပင်ရှိကြသည် ဟုဆိုလိုပါသည်။

၈။ -တောင့်တသူအား တမ်းတမှုတဏှာတို့ဖြစ်ကုန်သည်သာတည်း၊ တဏှာဒိဋ္ဌိတို့ဖြင့်ကြံစည်အပ်သောဝတ္ထုတို့၌တုန်လှုပ်မှုသည်လည်းဖြစ်၏၊ ဤလောက၌ အကြင်ရဟန္တာပုဂ္ဂိုလ်အား စုတိပဋိသန္ဓေမရှိ၊ ထိုရဟန္တာပုဂ္ဂိုလ်သည် အဘယ်ရာဂစသည်ဖြင့်လည်း တုန်လှုပ်ရာအံ့နည်း၊ အဘယ်အရာမျိုး၌လည်း တမ်းတရာအံ့နည်း။

ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-မိမိတို့အကျင့်ကိုမှီ၍ဘဝသံသရာမှလွတ်မြောက်စင်ကြယ်နေပြီးဟူ၍ မိမိကိုယ်ကိုမှတ်ထင်နေသောတိတ္ထိတို့အား တပ်မက်နှစ်သက်ခြင်းတဏှာကင်းကြောင်းအကျင့်မှန်မရှိရကား၊ ဘဝကြီးငယ်တို့၌ ထိုထိုအာရုံကာမဂုဏ်ကို ခုံမင်နှစ်သက်တပ်မက်တောင့်တသည်ဖြစ်၍ နောက်ထပ်အဖန်တလဲလဲတပ်မက်မှု၊ တောင့်တမှုတို့သည်လည်း ဆက်ကာဆက်ကာမပြတ်မစဲဖြစ်လာကုန်၏။

-ထိုမှတစ်ပါး မိမိတပ်မက်နှစ်သက်အပ်သောအာရုံတို့ကြောင့်လည်း စိုးရိမ်ကုန်၏၊ ပူပန်တုန်လှုပ်ကုန်၏၊

www.dhammaransi.com



လက်ရှိဝတ္ထုအာရုံကိုပျောက်ပျက်မည်ကိုစွဲ၍လည်း ပူပန်တုန်လှုပ်၏၊ ပျောက်ပျက်ဆဲနှင့်ကြုံ၍လည်း ပူပန်တုန်လှုပ်၏၊ ပျောက်ပျက်မည့်အရေးကိုမျှော်တွေး၍လည်း ပူပန်တုန်လှုပ်၏။

-ဘုရားရှင်၏အဆုံးအမသြဝါဒကိုလိုက်နာကျင့်ကြံ၍ တဏှာကုန်ခန်းသောရဟန္တာပုဂ္ဂိုလ်တို့သည်ကား ဘဝတို့၌တောင့်တမှုလည်းမရှိ၊ စုတိပဋိသန္ဓေအားဖြင့် အဖန်ဖန်ကျင်လည်ရခြင်းလည်းမရှိတော့ပါ။

-ထိုရဟန္တာပုဂ္ဂိုလ်သည် ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဥဒ္ဓစ္စ၊ ဝိစိကိစ္ဆာအနုသယတို့ဖြင့်ကင်းသောပုဂ္ဂိုလ် အပြစ်၌တည်၍ ပူပန်တုန်လှုပ်စရာမရှိတော့ပါ။

-လားရာဂတိတို့တွင် အဘယ်လားရာဂတိကိုမှတုန်လှုပ်ပူပန်မှုမရှိ၊ အဘယ်ဝတ္ထုအာရုံဘုံဘဝကိုတောင့်တမြော်မှန်းတမ်းတရာမရှိတော့ ဟုဆိုလိုပါသည်။

၉။မေး -အချို့သောသူတို့သည် အကြင်ဝါဒအယူတရားကို မြတ်၏ဟူ၍ဆိုကုန်၏၊ အခြားသူတို့ကမူ ထိုတရားကို ယုတ်၏ ဟူ၍ဆိုကုန်၏၊ ဤသူအားလုံးပင် လိမ္မာကျွမ်းကျင်သူဟူ၍ အယူရှိကြကုန်၏။

-ဤသူတို့၏အယူဝါဒတို့တွင် အဘယ်သူ၏အယူဝါဒသည် မှန်ပါသနည်း။

-အယူဝါဒတစ်ခုကို အချို့ကမှား၏၊ အချို့ကမှန်၏၊ ငြင်းခုံပြောဆိုရာ အဘယ်ပုဂ္ဂိုလ်၏စကားကို အမှန်

www.dhammaransi.com



ဟူ၍ သိရမည်နည်း၊ မှားသည်-မှန်သည်ဆိုသူအားလုံး တို့သည် ပညာရှိဟူ၍ ဝန်ခံနိုင်လောက်သောအရည် အချင်းရှိသူများမဟုတ်ပါကုန်သလော ဟု မေးတော်မူ လိုရင်းဖြစ်ပါသည်။

၁၀။·ဖြေ-အချို့သူတို့တွင် မိမိ၏အယူဝါဒတရားကိုသာပြည့်စုံ၏ ဟူ၍ပြောဆိုကြကုန်၏၊ အခြားသူတို့၏အယူဝါဒတရား ကိုမူကား ယုတ်၏ဟုပြောဆိုကုန်၏၊ ဤသို့လည်း စွဲမြဲ ယူဆ၍ ငြင်းခုန်ခြင်းကိုပြုကြကုန်၏၊ မိမိတို့၏ပညတ် ချက်အယူဝါဒကိုသာမှန်၏ ဟူ၍ပြောဆိုကြကုန်၏။

ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-မိမိအယူဝါဒကသာပြည့်စုံသောအယူဝါဒဖြစ်၏၊ သူတစ်ပါး၏အယူဝါဒကားမပြည့်စုံ၊ ယုတ်သောအယူ ဝါဒဖြစ်၏ ဟူ၍ပြောဆိုသူတို့သည် ဤသို့ပြောဆိုခြင်း ပင်လျှင် တစ်ယူသန်အားဖြင့် ငြင်းခုန်သူများဖြစ်ကုန်၏၊ မိမိ၏အယူဝါဒမှန်၏ဟူ၍ဆိုကုန်လျက် ဣဒံသစ္စာ- ဘိနိဝေသကာယဂန္ထခေါ် သောအပါယ်လားကြောင်း မကောင်းတရားကိုပွားစီးကြကုန်၏ ဟုဆိုလိုပါသည်။

၁၁။ -သူတစ်ပါးကဲ့ရဲ့ရှုတ်ချမှုကြောင့် ယုတ်ညံ့သူဖြစ်ခဲ့မူ အယူဝါဒတရားတို့၌ တစ်စုံတစ်ရာထူးခြားချက်မဖြစ် ရာ၊ အကြောင်းသော်ကား များစွာသောသူတို့သည် အခြားသောသူ၏အယူဝါဒကိုယုတ်ညံ့၏ ပြောဆိုကြ ကာ မိမိ၏အယူဝါဒ၌သာ မြဲမြံစွာပြောဆိုတတ်သော ကြောင့်တည်း။

www.dhammaransi.com



ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-အယူဝါဒတစ်မျိုးမျိုးသည် သူတစ်ပါးကဲ့ရဲ့ရှုတ်ချကာမျှဖြင့်ယုတ်ညံ့သောဝါဒဖြစ်ရမည်ဆိုလျှင် လောက၌ဘယ်အယူဝါဒမှမြတ်သောအယူဝါဒ မဖြစ်နိုင်တော့ရာ၊ အဘယ်ကြောင့်နည်းဆိုသော် အယူရှိသူလူအသီးသီးတို့၏ သူတစ်ပါး၏အယူကိုကဲ့ရဲ့၍ မိမိ၏အယူကိုချီးမြှောက်မြဲသောကြောင့်ပင် ဟုဆိုလိုပါသည်။

၁၂။ -ထိုတိတ္ထိတို့သည် မိမိတို့၏အယူဝါဒလမ်းစဉ်တို့ကိုချီးမွမ်းကုန်သကဲ့သို့ ထိုနည်းတူသူတို့၏မိမိ၏ဆရာနှင့်ဆရာစကားတရားတော်ကိုပူဇော်သည်လည်း မချွတ်မယွင်းမှန်ကန်၏ ဟူ၍သာချီးမွမ်းကြကုန်၏၊ ဤသို့ဖြစ်လတ်သော် အယူဝါဒအားလုံးတို့သည် မချွတ်မယွင်းအမှန်ချည်းသာဖြစ်ကုန်ရာ၏၊ သို့သော်လည်း ထိုဆရာတို့၏အယူဝါဒစင်ကြယ်မှုသည် တစ်မျိုးစီသာဖြစ်နေပါ၏။

ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-မိမိတို့၏အယူဝါဒကို မိမိတို့ချီးမွမ်းတိုင်းသောအခြင်းအရာအားဖြင့်ကိုယ်အယူဝါဒ၌ အလေးအမြတ်ပြုခြင်း၊ ပူဇော်ခြင်းအမှုများသည် အကယ်၍မချွတ်မယွင်းမှန်ကန်သောအမှုမည်သည်ဟုဆိုရလျှင် အပူဇော်ခံအယူဝါဒဟူသမျှသည်လည်း မချွတ်မယွင်း မှန်ကန်သောအယူဝါဒများသာဖြစ်ရာ၏၊ အကြောင်းမူကား အယူ

www.dhammaransi.com



ရှိသူတိတ္ထိတို့၏အယူတိုင်းအယူတိုင်း၌ ဝင်ဆင်းရဲမှ လွတ်မြောက်စင်ကြယ်မှုအသီးသီးရှိသောကြောင့်တည်း ဟုဆိုလိုပါသည်။

၁၃။ -ရဟန္တာပုဂ္ဂိုလ်အား သူတစ်ပါးတို့သိစေအပ်သောအရာမျိုးမရှိ၊ (၆၂)ပါးသောအယူဝါဒမျိုးတို့၌ ဆုံးဖြတ်၍စွဲလမ်းမှုလည်းမရှိ၊ ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ်သည် သတိပဋ္ဌာန်စသည်မှ တစ်ပါးသောမိစ္ဆာအယူဝါဒတရားကိုအပြတ်ထား၍ မရှာသောကြောင့် ငြင်းခုန်မှုတို့ကို လွန်မြောက်တော့၏။

ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-သတ္တန္နံ ဓမ္မာနံ ဗာဟိတတ္တာ ဗြာဟ္မဏော (မဟာနိဒ္ဒေသပါဠိ)သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ၊ ရာဂ၊ ဒေါသ၊ မောဟ၊ မာန ဟူသော(၇)ပါးသောအကုသိုလ်တရားတို့ကိုအပပြုပြီး ပယ်ရှားပြီးဖြစ်သောရဟန္တာပုဂ္ဂိုလ်သည် ဗြာဟ္မဏမည်၏။

-ထိုဗြာဟ္မဏသည် သင်္ခါရတရားတို့၏မမြဲ၊ ဆင်းရဲအစိုးမရသဘောကိုကိုယ်ပိုင်ဉာဏ်ဖြင့် ကိုယ်တိုင်သိနိုင်၏၊ သူတစ်ပါးဟောပြောချက်ကိုယုံကြည်ကာမျှဖြင့် သင်္ခါရတို့ကို အနိစ္စစသည်ဖြင့် လက်ခံနေသူမဟုတ်။

-ထိုမှတစ်ပါး (၆၂)ပါးသောအယူမှားတို့တွင် တစ်ပါးပါးသောအယူဝါဒကိုလည်း ဉာဏ်ဖြင့်သက်ဝင်ဆုံးဖြတ်၍ ဤဝါဒသည်မှန်၏ဟူ၍ ဘယ်ခါမျှယူတော့မည်မဟုတ်ပေ။

www.dhammaransi.com



-သက္ကာယဒိဋ္ဌိ၊ သီလဗ္ဗတပရာမာသ၊ အတ္တဝါဒုပါဒါန်၊ ကာမသစ္စာဘိနိဝေသစသော အယူမှားအမြင်မှားတရားဆိုးတို့ကို မဂ်ဉာဏ်တည်းဟူသောမီးဖြင့်လောင်ကျွမ်းစေပြီးဖြစ်၏။

-ထို့ကြောင့် အယူဝါဒကိုမှီ၍ ငြင်းခုန်ခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်းတို့ကို ကျော်လွန်မြောက်ပြီးဖြစ်၏၊ ဗုဒ္ဓ၏သတိပဋ္ဌာန်စသောဗောဓိပက္ခိယတရားတို့ကိုသာ ဝဋ်မှထွက်မြောက်ကြောင်း ကောင်းသောအကျင့်တရားဟုကိုယ်တွေ့မျက်မြင်ဖြစ်၍ ထိုမှတစ်ပါးသောဝဋ်မှထွက်မြောက်ကြောင်းတရားတို့ကိုမရှာတော့ပါ ဟုဆိုလိုပါသည်။

၁၄။ -ပရစိတ္တဝိဇာနနဉာဏ်စသည်ဖြင့် ငါ-သိ၏၊ ငါ-မြင်၏၊ ထိုငါသိသောတရားသည် မချွတ်မယွင်းမှန်သည်သာလျှင်တည်း ဟုအချို့သောသာမဏဗြာဟ္မဏတို့သည် မိစ္ဆာအယူဖြင့် စင်ကြယ်မှုကိုယုံကြည်ကြကုန်၏။

-ထိုသူတို့တွင် တစ်ယောက်ယောက်သည် ပရစိတ္တဝိဇာနနဉာဏ်စသည်ဖြင့် အကယ်၍သိမြင်စေကာမူ သစ္စာလေးပါးတို့ကိုသိမှုကိစ္စမပြီးသောကြောင့် ထိုသူ၏ ထိုမြင်ခြင်းဖြင့် အဘယ်သို့ပြုအံ့ပါသနည်း။

-ထိုတိတ္ထိတို့သည် သတိပဋ္ဌာန်စသည်တို့ကိုကျော်လွန်၍ အခြားသောမိစ္ဆာတရားဖြင့်စင်ကြယ်၏ ဟူ၍ပြောဆိုကြကုန်၏။

www.dhammaransi.com



ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-လောကီအဘိညာဉ်ရသောရသေ့ပရဗိုဇ်တို့သည် ပရစိတ္တဝိဇာနနအဘိညာဉ်ဖြင့် သူတစ်ပါးစိတ်ကိုလည်း သိကုန်၏၊ ပုဗ္ဗေနိဝါသအဘိဉာဏ်ဖြင့် ကမ္ဘာ(၄၀)တိုင်အောင် ရှေးရှေးဘဝဖြစ်စဉ်ကိုသိကုန်၏၊ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် လူ့ဘုံ၊ နတ်ဘုံ၊ ငရဲဘုံတို့ကိုလည်း မြင်နိုင်ကုန်၏။

-ထိုသို့မြင်မှုကိုစွဲ၍ ဘဝသံသရာမှလွတ်မြောက်စင်ကြယ်ရေးကိုမှားမှားယွင်းယွင်းဆုံးဖြတ်လျက် အမြင်မှားအယူမှားအားဖြင့် "မြဲသောအတ္တရှိကြ၏၊ အတ္တသည်မမြဲ၊ အတ္တသည်မြဲသည်လည်းမဟုတ်၊ မမြဲသည်လည်းမဟုတ်" စသည်ဖြင့် သက်ဝင်ယုံကြည်ကြကုန်၏။

-အဘိဉာဉ်ဉာဏ်ရှင်ဖြစ်ပါလျက် အဘယ်ကြောင့်မှားမှားယွင်းယွင်းဆုံးဖြတ်လျက် မမှန်သောဘဝလွတ်မြောက်ရေးကို ယုံကြည်ပါကုန်သနည်း ဟုမေးအံ့။

-ထိုရသေ့ပရဗိုဇ်တို့၏လောကီအဘိညာဉ်ဉာဏ်ဖြင့် သိမြင်မှုသည် ဘဝလွတ်မြောက်ရေးအခြေခံဖြစ်သော-

-ဆင်းရဲမှုကိုသိမှု (ဒုက္ခသစ္စာ)

-ဆင်းရဲဖြစ်ကြောင်းကိုသိမှု (သမုဒယသစ္စာ)

-ဆင်းရဲလွတ်မြောက်ကိုသိမှု (နိရောဓသစ္စာ)

-ဆင်းရဲလွတ်မြောက်ရာကျင့်စဉ်ကိုသိမှု (မဂ္ဂသစ္စာ)

www.dhammaransi.com



ဟူသောဘဝလွတ်မြောက်ရေးကျင့်စဉ်အမှန်မဂ်ကို ပွားစေမှု၊ ဖိုလ်နိဗ္ဗာန်ကိုမျက်မှောက်ပြုမှုဟူသောကိစ္စတို့တွင် မည်သည့်ကိစ္စကိုမျှမပြီးစေတတ်၊ ပြီးစီးစေရန်ဉာဏ်မရှိ၊ ထို့ပြင် လမ်းစမှန်မဂ္ဂင်တရားကိုကျော်လွန်၍ကျောက်ခဲသလဲကိုဆီကြိတ် မှားသောယောကျ်ားကဲ့သို့ မှားသောအကျင့်လမ်းစဉ်ဖြင့် ဘဝလွတ်မြောက်ရေးကိုပြောဟောကြသည်။

-ထိုရသေ့ပရဗိုဇ်တို့၏မှားယွင်းသောလွတ်မြောက်ရေးလမ်းစဉ်ကိုကျော်လွန်၍ သတိပဋ္ဌာန်စသောလမ်းမှန်အကျင့်ကိုသာ ဘုရားရှင်ပို့သည်ဘဝလွတ်မြောက်ရေးအတွက် ဟောတော်မူသည် ဟုဆိုလိုပါသည်။

၁၅။ -ပရစိတ္တဝိဇာနနဉာဏ်စသည်ဖြင့် ရှုမြင်သောသူသည်နာမ်ရုပ်ကို နိစ္စ-သုခ-အတ္တအားဖြင့်ရှုမြင်၏၊ ရှုမြင်ပြီး၍ထိုနာမ်ရုပ်တို့ကိုသာလျှင် နိစ္စ-သုခ-အတ္တအားဖြင့်သိလတံ့၊ များစွာရှုမြင်သည်ဖြစ်စေ၊ အနည်းငယ်ရှုမြင်သည်ဖြစ်စေ၊ ထိုရှုမြင်ခြင်းမျိုးဖြင့် စင်ကြယ်၏ ဟုခန္ဓာစသည်၌ လိမ္မာကုန်သောသူတို့ကမပြောဆိုကြကုန်။

ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-အဘိညာဉ်ရသော ရသေ့ပရဗိုဇ်တို့သည် အဘိဉာဏ်ဉာဏ်ဖြင့် ရုပ်-နာမ်တို့ကိုရှုသော် နိစ္စ၊ သုခ၊ အတ္တအဖြစ်သာရှုပေလိမ့်မည်၊ အနိစ္စ-ဒုက္ခ-အနတ္တ ရုပ်နာမ်တို့၏

www.dhammaransi.com



ဖြစ်ခြင်းသဘော၊ ချုပ်ခြင်းသဘောကိုမရှုမြင်နိုင်လတ့်၊ ရုပ်-နာမ်တို့ကိုရှုမြင်ပြီးသည့်နောက်၌လည်း ထိုရုပ်-နာမ်တို့ကိုပင် နိစ္စ၊ သုခ၊ အတ္တအားဖြင့်သာသိလာထင်လာကြမည်၊ အနိစ္စစသည်၏အဖြစ်ဖြင့် သိသာထင်လာမည်မဟုတ်။

-ထို့ကြောင့် ရုပ်-နာမ်ဓမ္မတို့ကို အဘိညာဏ်အစွမ်းဖြင့်ရှုနိုင်စေကာမူ နိစ္စ၊ သုခ၊ အတ္တဟူ၍ ရှုမြင်မှုသည် ဝိပဿနာဉာဏ်မဟုတ်၊ ဝိပဿနာဉာဏ်ကိစ္စမဟုတ်သောရှုမြင်မှုဖြစ်၍ သံသရာမှလွတ်မြောက်စင်ကြယ်မှုကို ဘုရားရှင်တို့ဟောတော်မမူကုန်ဟုဆိုလိုပါသည်။

၁၆။ -မြဲမြံစွာစွဲယူ၍ဆိုလေ့ရှိသော (သဿတ)စသည့်အယူရှိသူသည် ဆုံးမလွယ်သူမဖြစ်နိုင်၊ ကြံစည်အပ်သည့်အယူကို ရှေ့သွားပြုသော်လည်း ဆုံးမလွယ်သူမဖြစ်နိုင်၊ ထိုသူသည် အကြင်အယူဝါဒကိုမှီ၏၊ ထိုမိမိမှီရာအယူဝါဒ၌ တင့်တယ်ကောင်းမြတ်ဟုပြောဆိုကုန်၏၊ စင်ကြယ်၏ဟုပြောဆိုသော ထိုသူသည် မိမိ၏အယူဝါဒ၌ မချွတ်မယွင်းမှန်ကန်၏ဟုရှုမြင်၏။

ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-အယူဝါဒများယွင်းနေသူတို့ကို မှန်ရာသို့ရောက်အောင်ပဲ့ပြင်ထိန်းရာတွင် မိရိုးဖလာ၊ သမရိုးကျအစဥ်အလာဖြစ်သော ဘလာအဖြူထည်သက်သက်၌ ပဲ့ပြင်ခြင်းငှာလွယ်ကူသည်နှင့်အမျှ မိရိုးဖလာ သမရိုးအစဥ်ရှိရုံမျှ

www.dhammaransi.com



မက ဈာန်အဘိညာဉ်ကိုရ၍ ဝိသေသဂုဏ်ထူးဖြင့် အမြန်ကြူးသူတို့ကိုအယူမှန်ရောက်အောင် ပဲ့ပြင်ရန် အလွန်ခက်ခဲ၏၊ မိမိကြံဆ၍ပြုပြင်စီရင်အပ်သော အယူဝါဒတို့ကိုတံခွန်စိုက်လျက် ပြိုင်ဘက်မမြင်အောင် မှတ်ထင်နေတတ်ပါသည်။

-မိမိ၏မှီရာအယူအကျင့်၌သာ ကြောင်းကျိုးစုံခိုင်လုံတင့် တယ်သောသဘောလက္ခဏာတို့ကို ယုတ္တိယုတ္တာ ရှေ့ နောက်ညီညာအောင် ဖွေရှာဟောပြောပြတတ်၏၊ မိမိ၏အယူအကျင့်၌သာ ဘဝသံသရာမှလွတ်မြောက် ခြင်းဂုဏ်ကို ဟောပြောတတ်၏။

-သို့မဟုတ် မိမိကိုသာစင်ကြယ်သန့်ရှင်းအပြစ်ကင်း သောအယူရှိသူဟု မာန်တံခွန်တလူလူစိုက်ထူတတ်၏၊ မိမိအယူဝါဒ၌ မှန်ကန်သောအခြင်းအရာလက္ခဏာ တို့ကိုသာရှုကြည့်ဆင်ခြင်၏၊ မှားယွင်းသောအခြင်း အရာလက္ခဏာတို့ကို ရှုကြည့်ဆင်ခြင်ခြင်းငှာ အလိုမရှိ တတ် ဟုဆိုလိုပါသည်။

၁၇။ -ရဟန္တာပုဂ္ဂိုလ်သည် ပညာဖြင့်သိ၍ တဏှာဒိဋ္ဌိဟူသော အကြံအစည်ကိုမကပ်ရောက်၊ မိစ္ဆာအယူတို့ကို အနှစ် သာရအားဖြင့်မယုံကြည်၊ အဘိဉာဏ်သမာပတ္တိဉာဏ် ဖြင့် တဏှာဒိဋ္ဌိအနှောင်အဖွဲ့ကိုလည်းမဖြစ်စေ။

-ထိုရဟန္တာပုဂ္ဂိုလ်သည် ပုထုဇဉ်တို့ဖြစ်စေအပ်ကုန်သော မိစ္ဆာအယူဝါဒတို့ကိုသိပြီး၍သာလျှင် လျစ်လျူရှုတတ်

www.dhammaransi.com



၏၊ တစ်ပါးသောပုထုဇဉ်တို့သည်ကား ထိုမိစ္ဆာအယူဝါဒ တို့ကို တဏှာဒိဋ္ဌိအားဖြင့် စွဲကုန်၏။

ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-ဗြဟ္မဏခေါ်သောရဟန္တာပုဂ္ဂိုလ်သည် သင်္ခါရတို့၏မမြဲသောသဘောအစရှိသည်တို့ကို မျက်မှောက်ထင်ထင် မြင်ပြီးရကား၊ သင်္ခါရတရားတို့ကို တဏှာတပ်မက်နှစ်သက်သောအားဖြင့် ကြံစည်စိတ်ကူးမှုမရှိပြီ၊ ဒိဋ္ဌိဖြင့်ငါ၊ သူတစ်ပါး၊ ယောကျာ်း၊ မိန်းမစသည်ဖြင့် ကြံစည်စိတ်ကူးမှုမရှိပြီ၊ သက္ကာယဒိဋ္ဌိ၏ဆွဲဆောင်ရာသို့မမိုက်ပါတော့ပြီ၊ ဒိဋ္ဌိဖြင့်ဖောက်ပြန်စွာတွေ့မြင်သောအာရုံကို ပုလဲ၊ ပတ္တမြားစသောရတနာနှစ်ကဲ့သို့ ဦးထိပ်ရွက်ချီလှည့်လည်ဆောင်ယူစေသည်မဟုတ်။

-အဘိညာဉ်ဖြင့်သိမြင်မှုကိုစွဲ၍ မဟာဗြဟ္မာသည် ထာဝရတည်၏၊ သတ္တဝါဟူသည် အကြောင်းကင်းလျက်ဖြစ်၏ စသည်ဖြင့်ထက်မြက်တတ်သောတဏှာဒိဋ္ဌိတို့ကို ဆွေမျိုးရင်းချာပမာအလား ခိုင်မြဲစွာဖွဲ့ထားတော့သည်မဟုတ်။

-စင်စစ်အားဖြင့် သင်္ခါရတို့ကို ဉာတပရိညာဉ်၊ တီရဏပရိညာဉ်၊ ပဟာနပရိညာဉ်ဖြင့် ပိုင်းခြားသိမြင်ပြီးဖြစ်၍ သမ္မုတိပညတ်မျှသာဖြစ်သောအယူဝါဒတို့ကို အရေးမယူလျစ်လျူရှုလေတော့၏။

www.dhammaransi.com



-အရိယာပြဟ္မာတို့မှတစ်ပါးသောပုထုဇ္ဇနာ လူအန္ဓတို့သည်သာ ထိုသည့်အယူဝါဒတို့ကို အခိုင်အမြဲလက်စွဲပြုလျက် ချီးမြှောက်ပြောဆိုကုန်၏ ဟုဆိုလိုပါသည်။

၁၈။ -ဤလောက၌ ရဟန္တာပုဂ္ဂိုလ်သည် အထုံအဖွဲ့(ဂန္ထ) တရားလေးပါးတို့ကိုဖြေချပြီး၍ဖြစ်ပေါ်လာသော ငြင်းခုံမှုတို့၌ ဆန္ဒစသည်တို့၏အစွမ်းဖြင့် အဂတိအုပ်စုသို့မလိုက်၊ မငြိမ်းအေးမှုတရားတို့၌လျစ်လျူရှုသော ထိုရဟန္တာပုဂ္ဂိုလ်သည် ရာဂစသည့် ငြိမ်းအေးပြီးဖြစ်ရကား တဏှာဒိဋ္ဌိအစွမ်းဖြင့်မစွဲယူ၊ အခြားသောပုထုဇဉ်တို့ကား တဏှာဒိဋ္ဌိအစွမ်းဖြင့်စွဲကုန်၏။

**ဗုဒ္ဓ၏ဆိုလိုချက်မှာ-**

-ဘုရား၏တပည့်သာဝကဖြစ်သော အရိယာရဟန်းသည်-

(၁) မိမိအယူဝါဒ၌ပြင်းစွာတပ်မက်ခြင်းလောဘ ဟူသောအထုံးအဖွဲ့

(၂) သူတစ်ပါးအယူဝါဒ၌မနှစ်သက်ခြင်း၊ ဒေါသထွက်ခြင်းအထုံးအဖွဲ့

(၃) မိမိ၏သီလအကျင့်ကို ဤသီလအကျင့်ဖြင့် ဘဝသံသရာမှစင်ကြယ်လွတ်ကင်း၏၊ ထာဝရနတ်၊ ပြဟ္မာအဖြစ်သို့ရောက်နိုင်၏ ဟူ၍မှားသောအားဖြင့် သုံးသပ်ခြင်း၏ဒိဋ္ဌိ ဟူသောအထုံးအဖွဲ့

www.dhammaransi.com



(၄) ငါ၏အယူသာမှန်၏၊ သူတစ်ပါးအယူအားမှား၏ဟူ၍ မိမိအယူ၌သက်ဝင်ဆုံးဖြတ်ရပ်တည်ခြင်းဒိဋ္ဌိပင်ဖြစ်သောအထုံးအဖွဲ့

-ဤအထုံးအဖွဲ့(၄)မျိုးကို မဂ်ဉာဏ်တည်းဟူသောလက်နက်ဖြင့် အထုံးအဖွဲ့မရှိအောင် ဖြတ်တောက်ရှင်းလင်း၍ ဖြောင့်စင်းညီညာသောစိတ်အစဉ်ရှိပြီးဖြစ်၏။

-ထိုမှတစ်ပါးအယူဝါဒ(၆၂)ပါးပြားခြင်းကြောင့် ငါ၏အယူသာမှန်သည်၊ သင်၏အယူဝါဒမှားသည် ဟု အချင်းချင်းငြင်းခုန်ကြသော လူအစုအသင်းသည်လည်း (၆၂)စု (၆၂)သင်းပင်ဖြစ်လာရပါသည်။

-အရိယာရဟန်းသည် အယူဝါဒနှင့်စပ်သောအထုံးအဖွဲ့ကင်းပြီးဖြစ်သောကြောင့် ထို(၆၂)ပါးသောအစုအသင်း၌မပါဝင်ဘဲ ယင်းမှကင်းလွတ်သောပုဂ္ဂိုလ်ဖြစ်၍ ငြင်းခုန်နေသူ၊ ခိုက်ရန်ဖြစ်နေသူ မဟုတ်စေရပြီ။

-ထိုမှတစ်ပါး မိမိကိုယ်တိုင်က ကိလေသာအပူဘေးမှငြိမ်းအေးပြီးဖြစ်၍ အပူဘေးမှမအေးသူတို့ကို ကဲ့ရဲ့အမှု၊ ရန်ဘက်မပြုတော့ဘဲ လျစ်လျူရှုနိုင်၏။

-မိမိ၏အပူငြိမ်းကြောင့် အကျင့်ကိုလည်း တဏှာဒိဋ္ဌိဖြင့်သုံးသပ်စွဲကိုင်ခြင်းမရှိ၊ ထိုအရိယာသာဝကမှ တစ်ပါးသောတိတ္ထိယတို့ကမူ မိမိတို့ကိုယ်တိုင်ကိလေသာအပူမငြိမ်းနိုင်သော်လည်း မိမိတို့၏အယူအကျင့်ကို အပူငြိမ်းကြောင်းဟုထင်မှားလျက် တဏှာဒိဋ္ဌိတို့ဖြင့်

www.dhammaransi.com



သုံးသပ်စွဲကိုင်ချီးမြှောက်ပြီး သူတစ်ပါးတို့၏အယူအကျင့်ကို လျစ်လျူရှုကဲ့ရဲ့မှုကိုသာပြုကြကုန်သည် ဟုဆိုလိုပါသည်။

၁၉။ -ပညာရှိကြသောရဟန္တာပုဂ္ဂိုလ်တို့သည် ရှေးအတိတ်ဖြစ်သောခန္ဓာငါးပါးတို့ကိုအာရုံပြု၍ဖြစ်သော ကိလေသာတို့ကိုပယ်စွန့်၍ အသစ်ပစ္စုပ္ပန်ဖြစ်သော ခန္ဓာငါးပါးတို့ကိုအာရုံပြု၍ဖြစ်သော လိုလားမှုစသည်ကိုမပြုမူရာ၊ ဆန္ဒဂတိစသည်သို့မလိုက်၊ မြဲမြံစွာစွဲယူ၍လည်းဆိုလေ့မရှိ၊ ၆၂-ပါးသောမိစ္ဆာအယူတို့မှလွတ်မြောက်၏၊ လောက၌ တဏှာဒိဋ္ဌိတို့ဖြင့်မလိမ်းကျံမကပ်ငြိ၊ ဒုစရိုက်ကိုပြုမိလေခြင်း၊ သုစရိုက်ကိုမပြုမိလေခြင်း ဟုမိမိကိုယ်မကဲ့ရဲ့တတ်။

**ဗုဒ္ဓ၏ဆိုလိုချက်မှာ–**

-အရိယာဖြစ်သောရဟန်းသည် လွန်ခဲ့ပြီးသောအတိတ်ခန္ဓာတို့ကိုစွဲ၍အာရုံပြု၍ တပ်မက်မှု၊ စွဲလမ်းမှု၊ တွေဝေမှုဟူသောကိလေသာအာသဝေါကိုလည်း ပယ်စွန့်ပြီးဖြစ်၏၊ ဖြစ်ရှိဆဲပစ္စုပ္ပန်ခန္ဓာကိုယ်ကိုစွဲ၍ တပ်မက်မှု၊ စွဲလမ်းမှု၊ တွေဝေမှုဟူသောကိလေသာအာသဝေါတို့ကိုလည်း အသစ်အသစ်ဖြစ်အောင်ပြုလုပ်တော့မည်မဟုတ်၊ အကျွမ်းတဝင်ချစ်ခင်သူတို့အပေါ်၌ တဏှာဆန္ဒဖြင့် အဂတိလိုက်စား၍ မတရားပြုတော့သည်လည်းမဟုတ်။

www.dhammaransi.com



-ဆန့်ကျင်ဘက်ရန်သူအပေါ်၌ ရန်ငြိုးဒေါသဖြင့် အဂတိ လိုက်စား၍ မတရားပြုတော့သည်လည်းမဟုတ်။
-ချစ်သူ၊ မုန်းသူမယူမမှတ်ဘဲ မသိသော်မှု မောဟဖြင့် အဂတိလိုက်စား၍ မတရားပြုသည်လည်းမဟုတ်။
-တန်ခိုးကြီးသူ၊ အာဏာရှိသူတို့အပေါ်၌ တွေးကြံ ကြောက်လန့်မှု သာယာစိတ္တုပ္ပါဒ်ဖြင့် အဂတိလိုက်စား ၍ မတရားလည်းမပြုတတ်။
-မာနဒိဋ္ဌိ၊ ဥဒ္ဒစ္စ၊ ဝိစိကိစ္ဆာအနုသယ၊ ကိလေသာတို့၏ အလိုအားဖြင့် အဂတိလိုက်စား၍ မတရားလည်းမပြု တတ်။
-အတ္တခေါ်သောသဘောသည် မြဲ၏၊ မမြဲ၊ မြဲသည်လည်း မဟုတ်၊ မမြဲသည်လည်းမဟုတ် စသည်ဖြင့်ဆုံးဖြတ်၍ ဤအယူသာမှန်၏၊ အခြားသောအယူကား အချည်းနှီး တည်း ဟု သက်ဝင်ဆုံးဖြတ်သုံးသပ်ရပ်တည်မှုလည်း မရှိ။
-ထိုအရိယာရဟန်းသည် လောကုတ္တရာမဂ်နှင့်ပြည့်စုံပြီး ဖြစ်၍ (၆၂)ပါးသောအယူမှား၊ အမြင်မှားတို့မှကွင်းလုံး ကျွတ်လွတ်ပြီးဖြစ်၏၊ တဏှာတည်းဟူသော ကော်ရည် အစေး၊ ဒိဋ္ဌိတည်းဟူသောကော်ရည်အစေးတို့ ခန်းခြောက်ပျောက်ကွယ်ပြီးဖြစ်၍ မည်သည့်ခန္ဓာ၊ မည် သည့်အာယာတနဓာတ်ဟူသော လောကအပါယ်အစ ရှိသော ဘုံလောကအပေါ်၌ငြိတွယ်ပြားကင်၊ လိမ်းကျံ တတ်တော့သည်မဟုတ်။

www.dhammaransi.com



-တာလပုထုဇဉ်တို့သည် ငါသည်မကောင်းမှုကိုပြုမိလေခြင်း၊ ကောင်းမှုကိုမပြုမိလေခြင်းဟူ၍ မိမိကိုယ်မိမိကဲ့ရဲ့စက်ဆုပ်ရှုတ်ချ ပူပန်ကုန်သကဲ့သို့ မိမိကိုယ်မိမိ ကဲ့ရဲ့စက်ဆုပ်ရှုတ်ချ ပူပန်မှုလည်းမရှိပြီ ဟုဆိုလိုပါသည်။

၂၀။ -ထိုရဟန္တာပုဂ္ဂိုလ်သည် မြင်သမျှသောရူပါရုံကိုလည်းကောင်း၊ ကြားရသောသဒ္ဒါရုံကိုလည်းကောင်း၊ ရောက်သမျှသောဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗာရုံကိုလည်းကောင်း၊ ထိုတရားအားလုံးတို့၌ ကိလေသာစသောမာရ်စစ်သည်ကိုလွှမ်းမိုးဖျက်ဆီးနိုင်၏၊ ခန္ဓာဝန်ကိုချပြီးဖြစ်၏၊ ကိလေသာတို့မှလွတ်မြောက်ပြီးဖြစ်၏၊ တဏှာ-ဒိဋ္ဌိဟူသောကြံစည်မှုတို့ကိုမပြု၊ ပုထုဇဉ်သေက္ခတို့ကဲ့သို့ ရှောင်ကြဉ်ဆဲမဟုတ်တော့ပေ၊ တောင့်တမှုတဏှာလည်း မရှိတော့ပေ။

ဗုဒ္ဓ၏ဆိုလိုချက်မှာ-

-မောဟစရိုက်အမိုက်ထုပြောသဘောမလင်း ဉာဏ်မရှင်းသောနတ်ဗြဟ္မာအချို့တို့ကို သဘောမှန်သိစေလိုသောအရေးဖြင့် မေးတော်မူသောနိမ္မိတဘုရားအမေးပုစ္ဆာနှင့်ပတ်သက်၍ ဖြေဆိုအပ်သမျှတို့ကို စပ်ကာ-စပ်ကာဖြေဆိုလာခဲ့ရာ ယခုအခါ နိဂုံးသတ်အနေဖြင့် ဖြေဆိုရပါလျှင်-

-ခိဏာသဝအရိယာရဟန်းသည် ဒိဋ္ဌ-သုတ-မုတစသော ၆၂-ပါးသောအယူဝါဒတည်းဟူသော စစ်မြေပြင်ဝယ် စစ်ခင်းစရာကိလေသာရန်သူဟူ၍ မြူမျှမရှိတော့ပါ၊

www.dhammaransi.com



အကြွင်းမဲ့ငြိမ်းအေးပြီးဖြစ်သဖြင့် အောင်ပွဲဆင်ယင်ခဲ့ပြီး ပါပြီ။

-ခန္ဓာအစဉ်တည်းဟူသော ဝန်ထုပ်ဝန်ပိုး၊ ကိလေသာတည်းဟူသောဝန်ထုပ်ဝန်ပိုးနှစ်ခုကို ချီပိုးထမ်းရွက်လျက် ဘဝသံသရာတည်းဟူသော ခရီးခဲ၌ဆင်းရဲပင်ပန်းစွာ ပြေးသွားကျင်လည်ခြင်းခြင်းမှလည်း ကင်းရှင်းလွတ်မြောက်ပြီးဖြစ်ပါသည်။

-ရာဂ၊ ဒေါသ၊ မောဟအစရှိသောကိလေသာအကျဉ်းထောင်နှောင်အိမ်အတွင်းမှလည်း ကွင်းလုံးကျွတ်ကင်းလွတ်ပြီးဖြစ်ပါသည်။

-ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်တို့ဖြင့် အသိမှန်၊ အမြင်မှန်သို့ရောက်ပြီးဖြစ်၍ ဖောက်ဖောက်ပြန်ပြန်တွေးတောကြံစည်စိတ်ကူးတတ်သော တဏှာ၊ ဒိဋ္ဌိကြံစည်မှုဟူသော လောင်းရိပ်စက်ကွင်းမှိုင်းတိုက်အတွင်းမှလည်း ရှောင်ကွင်းထွက်ပြီးပါပြီ။

-ပုထုဇဉ်သေက္ခဖြစ်သော အောက်တန်းစားပုဂ္ဂိုလ်တို့သည် မရအပ်သေးသောတရားထူးကိုရခြင်းငှာ မျက်မှောက်မပြုအပ်သေးသောတရားထူးကို မျက်မှောက်ပြုခြင်းငှာ ကိလေသာတည်းဟူသော အနာရောဂါပျောက်ကင်းစေခြင်းငှာ မသင့်လျော်သောအစားအစာ၊ အညော်အကင်းတည်းဟူသော ဒုစရိုက်ဒုရာဇီဝတို့မှ ပုန်းရှောင်ရသကဲ့သို့ ပုန်းရှောင်ရခြင်းမရှိတော့ပြီ။

www.dhammaransi.com



-ကိလေသာအနာရောဂါကင်းရှင်းပြီးဖြစ်၍ ဒုစရိုက်ဒုရာဇီဝတည်းဟူသော အညော်အကင်းတို့ကိုရှောင်ကွင်းပုန်းကွယ်ပြီး ဖြစ်ပါ၏။

-လူခန္ဓာ၊ နတ်ခန္ဓာ၊ ပြဟ္မာခန္ဓာတို့၌ တပ်မက်နှစ်သက်ခြင်းကိုပြုတတ်သောအဖော်အကျွမ်း၊ အမျှော်သမားမရှိတော့သည်ဖြစ်၍ မည်သည့်အာရုံဘုံဘဝကိုမျှတောင့်တမျှော်လင့်ခြင်းမရှိတော့ပြီ ဟုဆိုလိုရင်းဖြစ်ပါသည်။

## တုဝဋ္ဋကသုတ်

တုဝဋ္ဋက =အကျင့်၊ အလျင်အမြန်၊ ဝဋ္ဋဆင်းရဲမှလွတ်မြောက်ကြောင်း ဝဋ္ဋဆင်းရဲမှအလျင် အမြန်ထွက်မြောက်၍ နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်

မဟာသမယသုတ်အစည်းအဝေးသို့ ရောက်လာကြသောနတ်ပြဟ္မာတို့တွင် သဒ္ဓါစရိုက်လွန်ကဲသောနတ်ပြဟ္မာတို့အတွက် ဤတုဝဋ္ဋကသုတ်ကိုဘုရားရှင်ဟောကြားတော်မူခဲ့ပါသည်။

ထိုသဒ္ဓါစရိုက်လွန်ကဲသောနတ်ပြဟ္မာတို့သည် ဤသို့ကြံစည်စဉ်းစားကြသည်-

"မြတ်စွာဘုရားသည် အရဟတ္တဖိုလ်သို့ရောက်ပြီးသောပုဂ္ဂိုလ်တို့၏ဂုဏ်ကျေးဇူးတို့ကို အံ့မခန်းနိုင်အောင် ကျယ်ပြန့်စွာ

www.dhammaransi.com



ချီးကျူးဟောကြားတော်မူခဲ့သည်၊ အရဟတ္တဖိုလ်သို့ရောက်အောင် မည်သို့ကျင့်ရပါသနည်း၊ အရဟတ္တဖိုလ်သို့ရောက်ကြောင်းအကျင့်ကား အဘယ်နည်း”

ဟု ကြံစည်စဉ်းစားကြသည်။

ထိုနတ်ပြဟ္မာတို့၏စိတ်အကြံကို ဘုရားရှင်ကသိတော်မူ၍ ဤဇဋာသုတ်ကိုဟောကြားတော်မူပါသည်။

ဤသုတ်သည် မဂ်ဖိုလ်နိဗ္ဗာန်ရောက်ရန် အားထုတ်ကြသောပုဂ္ဂိုလ်အားလုံးတို့အတွက်ဖြစ်သော်လည်း အထူးသဖြင့် ရဟန်းသံဃာတော်တို့သည် မည်သို့မည်ပုံကျင့်ကြံနေထိုင်ရမည်ကို ဦးစားပေးဟောကြားထားခြင်းဖြစ်ပါသည်။

၁။ **မေး** -နေမင်း၏အဆွေဖြစ်သောမြတ်စွာဘုရား. . မြတ်သော သီလက္ခန္ဓစသောတရားကို ရှာမှီးတော်မူသောမြတ်စွာဘုရားအားမေးလျှောက်ပါ၏၊ လောက၌ ရဟန်းသည် ကာယိကဝိဝေကစသော ဆိတ်ငြိမ်မှုကိုလည်းကောင်း၊ ရာဂစသည်တို့ငြိမ်းအေးရာနိဗ္ဗာန်ကိုလည်းကောင်း၊ အဘယ်သို့ရှုမြင်သည်ရှိသော် ရုပ်စသောတစ်စုံတစ်ခုကို စွဲလမ်းမယူမူ၍ မိမိသန္တာန်၌ ရာဂစသည်တို့ငြိမ်းအေးစေနိုင်ပါသနည်း။

**မေးလိုရင်းအချက်မှာ**

-ဝိဝေက(၃)ပါး၊ နိဗ္ဗာန်၊ နိဗ္ဗာန်ရောက်ကြောင်းအကျင့်ကို မေးလျှောက်ပါရစေ၊ ကလျာဏပုထုဇဉ်(သို့မဟုတ်) သေက္ခ(ကျင့်ဆဲ)ပုဂ္ဂိုလ်သည် ဝိဝေက(၃)ပါး၊ နိဗ္ဗာန်၊

www.dhammaransi.com



နိဗ္ဗာန်ရောက်ကြောင်းအကျင့်ကို အဘယ်သို့ကျင့်၍ ခန္ဓာလောကတွင် မည်သည့်ခန္ဓာကိုမျှမစွဲလမ်းတော့ဘဲ မိမိသန္တာန်၌ ကိလေသာငြိမ်းချမ်းမှုကိုရနိုင်ပါသနည်း ဟုမေးလိုခြင်းဖြစ်ပါသည်။

၂။ ဖြေ -ရဟန်းသည် သံသရာကိုချဲ့ထွင်တတ်သော တဏှာ-ဒိဋ္ဌိဟူသော ပပဉ္စဝရာ၏အရင်းမူလ အဝိဇ္ဇာစသည်ကို လည်းကောင်း၊ ရုပ်စသောခန္ဓာငါးပါး၌ ငါ-ဟူသော ထောင်လွှားမှုမာနကိုလည်းကောင်း၊ ဤအလုံးစုံကို ပညာဖြင့်အကြွင်းမဲ့ချုပ်စေရာ၏၊ အဇ္ဈတ္တသန္တာန်၌ဖြစ်သော တဏှာအားလုံးတို့ကိုပယ်ဖျောက်ခြင်းငှာ အခါခပ်သိမ်းသတိနှင့်ပြည့်စုံသည်ဖြစ်၍ကျင့်ရာ၏။

**ဗုဒ္ဓ၏ဆိုလိုချက်မှာ–**

-မိမိကိန်းဝပ်ရာသတ္တဝါတို့၏ခန္ဓာအစဉ်ကိုချဲ့ထွင်တတ် ရှည်လျားမြင့်ကြာစွာထားတတ်သောတဏှာ-မာန-ဒိဋ္ဌိ သုံးပါးကိုပပဉ္စ ဟုခေါ်ပါသည်။

-ဤ၌ မာနကိုသီးခြားဆိုလတံ့ဖြစ်ခြင်းကြောင့် တဏှာ-ဒိဋ္ဌိ (၂)ပါးကိုသာ ပပဉ္စ ဟုယူအပ်ပါသည်။

-ထိုတဏှာ-ဒိဋ္ဌိဟူသော ပပဉ္စတရားဖြစ်ပွားလာခြင်း၏ အကြောင်းရင်းဖြစ်သောတရားများကား-

၁။ အဝိဇ္ဇာ -အမှန်ကိုမသိမှု

၂။ အယောနိသောမနသိကာရ-လမ်းမှန်မဟုတ်သော စဉ်းစားကြံစည်မှု

www.dhammaransi.com



၃။ အသ္မိမာန - ရုပ်နာမ်ခန္ဓာကို ငါပင်ဖြစ်၏ဟုထင်မှု
၄။ အဟိရိက - ဒုစရိုက်ပြုရန်မရှက်မှု
၅။ အနောတ္တပ္ပ - ဒုစရိုက်ပြုရန်မကြောက်မှု
၆။ ဥဒ္ဓစ္စ - စိတ်မငြိမ်မသက်လေ့လွင့်မှု

ဤ(၆)ပါးပင်ဖြစ်ပါသည်။

-ဤ(၆)ပါးတရားတို့ကို အရဟတ္တမဂ်ဖြင့်အကြွင်းမဲ့ပယ်စေရာ၏၊ မိမိအဇ္ဈတ္တသန္တာန်၌ဖြစ်သော ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာတို့ကိုလည်း အရဟတ္တမဂ်ဖြင့် ပယ်ဖျောက်ငြိမ်းစေရာ၏။

-ထိုတရားတို့ကိုပယ်နိုင်ရန် လက်နက်ကောင်းအဖြစ် သတိမြဲမြဲဖြင့် သိက္ခာ(၃)ပါးကိုကျင့်သုံးကိုင်စွဲရသည်ဟု ဆိုလိုပါ သည်။

၃။ အကြွင်ပုဂ္ဂိုလ်သည် မိမိကိုစွဲ၍ဖြစ်သောဂုဏ်အားလုံးကိုလည်းကောင်း၊ ထိုမှတစ်ပါးသောဆရာဥပဇ္ဈာယ်တို့ကိုစွဲ၍ဖြစ်သောဂုဏ်အားလုံးတို့ကိုလည်းကောင်း သိရာ၏ ထိုပုဂ္ဂိုလ်သည် ထိုသိသမျှသောမိမိ၏ဂုဏ်၊ ဆရာသမားဂုဏ်ဖြင့်ခက်ထန်မှုမာနကိုမပြုရာ၊ ထိုခက်ထန်မှုမာနကို ငြိမ်းအေးကြောင်းဟူ၍ သူတော်ကောင်းတို့မဆိုကြကုန်။

ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-ရှင်ရဟန်းသည် မိမိ၏အမျိုးအားဖြင့်မြတ်သည်၏

www.dhammaransi.com



အဖြစ်ဟူသောဂုဏ်ကိုလည်းကောင်း၊ လာဘ်များသည် အဖြစ်၊ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာဆောင်၊ ဓုတင် ဆောင်အဖြစ်တည်းဟူသောဂုဏ်ကိုလည်းကောင်း၊ ဈာန်၊ အဘိညာဉ်ရသည်အဖြစ်တည်းဟူသော ဂုဏ်ကို လည်းကောင်း၊ ဥပဇ္ဈာယ်ဆရာ၊ နိဿယည်းဆရာဟူ သောတစ်ပါးသောပုဂ္ဂိုလ်တို့၏ဆိုအပ်ခဲ့ပြီးသော ဂုဏ်မျိုးကိုလည်းကောင်း၊ သိထားပြီးရှိရာ၏။

-ထိုသည့်မိမိဂုဏ်၊ ဆရာသမားဂုဏ်ဖြင့် မာနမကြီးရာ၊ အကြောင်းမှုကား ထိုမာနကြီးမှုကိုကိလေသာငြိမ်း ကြောင်း ဟူ၍ ဘုရားရှင်တို့မဟောကုန် ဟုဆိုလိုပါ သည်။

၄။ ထိုမာနဖြင့် ငါသည်မြင့်မြတ်သည်ဟူ၍လည်းကောင်း၊ ပညတ်နိမ့်သူဟူ၍လည်းကောင်း၊ ထို့ပြင် မတူညီသူ ဟူ၍လည်းကောင်းမမှတ်ထင်ရာ၊ များစွာသောအခြင်း အရာတို့ဖြင့်ပြည့်စုံသူဟူ၍ မိမိကိုယ်ကိုအထူးကြံစည် လျက်မတည်ရာ။

ဗုဒ္ဓ၏ဆိုလိုချက်မှာ-

-ငါသည် ဤသို့သောအမျိုးဇာတ်နှင့်ပြည့်စုံသူတည်း။

-ဤပုဂ္ဂိုလ်ထက်အမျိုးဇာတ်အားဖြင့် ငါကမြတ်၏။

-ဤပုဂ္ဂိုလ်တို့နှင့်အမျိုးဇာတ်အားဖြင့်တန်းတူဖြစ်၏။

-ဤပုဂ္ဂိုလ်တို့နှင့်နှိုင်းစာလျှင် အမျိုးဇာတ်အားဖြင့် ငါက

www.dhammaransi.com



နိမ့်ကျ၏ ဟူ၍ အမျိုးဇာတ်ကိုအမှီပြုပြီး မိမိကိုအထက်တန်းစား၌ထားသော အတိမာန်၊ အလယ်တန်း၌ထားသော သဒိသမာန်၊ အောက်တန်း၌ထားသော အဝမာန်၊ ဤမာန်(၃)ပါးကိုမပြုရာ။

-ထိုနည်းတူ လာဘ်ပေါ်ခြင်း၊ သူတစ်ပါးတို့လေးစားခြင်းစသောဂုဏ်ပရိယတ်ကျမ်းဂန်တတ်မြောက်ခြင်း၊ ပဋိပတ်အကျင့်ကောင်းခြင်းစသောဂုဏ်တို့ကို အစွဲပြု၍ မိမိကိုယ်ကိုမိမိအထက်တန်းစား၊ အောက်တန်းစား၊ အလယ်တန်း၌ထားသော အတိမာန်၊ သဒိသမာန်၊ အဝမာန်ကိုလည်းမပြုရာ။

-ဤအမျိုးမြတ်မှု၊ လာဘ်ပေါမျှားမှုစသောဂုဏ်နှင့်ပြည့်စုံသည့်အလျောက် ငါကား ဤသို့ဂုဏ်နှင့်ပြည့်စုံသူတည်းဟုသာယာမက်မောလျက် မိမိကိုယ်ကိုအမျိုးမျိုးအထင်ကြီးပြီး စိတ်ကူးယဉ်မနေရ ဟုဆိုလိုပါသည်။

၅။ -ရဟန်းသည် မိမိသန္တာန်၌ဖြစ်သောရာဂစသောကိလေသာကိုသာလျှင် ငြိမ်းစေရာ၏၊ သတိပဋ္ဌာန်စသည်တို့မှ တစ်ပါးသောမိစ္ဆာအကျင့်ဖြင့် ငြိမ်းအေးမှုကိုမရှာမှီးရာ၊ မိမိသန္တာန်၌ဖြစ်သောရာဂစသောကိလေသာကို ငြိမ်းစေသူအား မိမိကိုယ်ဟူသောအတ္တဒိဋ္ဌိအယူမရှိ၊ အတ္တမှ ကင်းသောဥစ္ဆေဒဒိဋ္ဌိကား အဘယ်မှာရှိတော့အံ့နည်း။

www.dhammaransi.com



ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-အရဟတ္တဖိုလ်သို့ဆိုက်ရောက်လိုလျှင် မိမိစိတ်အစဉ်၌ ကိန်းဝပ်လျက်ရှိသော ရာဂ၊ ဒေါသအစရှိသောကိလေသာအားလုံးတို့ငြိမ်းဖျောက်ရေးကို ကြိုးပမ်းအားထုတ်ရမည်၊ သူတစ်ပါးစိတ်အစဉ်၌ ကိန်းဝပ်နေသော ကိလေသာကြိုးပမ်းရေးကိုအားမထုတ်ရာ။

-သို့မဟုတ် ကိလေသာငြိမ်းရေးကိုပယ်သတ်ရာဝယ် သတိပဋ္ဌာန်စသောအဇ္ဈတ္တကမ္မဋ္ဌာန်း၌သာ ဘာဝနာကို ဖြစ်စေလျက် ငြိမ်းသတ်ရာ၏။

-သတိပဋ္ဌာန်စသောကမ္မဋ္ဌာန်းမှတစ်ပါးသော ဒိဋ္ဌသုဒ္ဓိ၊ သုတသုဒ္ဓိ၊ မုတသုဒ္ဓိ၊ သီလသုဒ္ဓိ၊ ဝတသုဒ္ဓိစသော အကျင့်များတို့ကိုကျင့်ခြင်းဖြင့် ကိလေသာငြိမ်းမှုတို့ကို မရှာမှီးရာ။

-အဇ္ဈတ္တကမ္မဋ္ဌာန်း၌ ဘာဝနာကိုဖြစ်စေလျက် အဇ္ဈတ္တသန္တာန်၌ ကိလေသာငြိမ်းမှုကိုရပြီးသောရဟန်းအား အတ္တဒိဋ္ဌိခေါ်သော သဿတဒိဋ္ဌိ၊ နိရတ္တဒိဋ္ဌိခေါ်သော ဥစ္ဆေဒဒိဋ္ဌိတို့လည်း ကွယ်ပျောက်ကင်းရှင်းပြီးဖြစ်ပါသည်၊ မည်သည့်ခန္ဓာအာယတနကိုမျှ တဏှာဒိဋ္ဌိတို့ဖြင့် စွဲလမ်းတွယ်တာကပ်ငြိမှုမရှိတော့ပါ၊ ထိုသို့မရှိသော် ဘယ်ခန္ဓာ ဘယ်အာယတနတို့ကိုစွန့်လွှတ်ရန်လိုပါသေးသနည်း ဟုဆိုလိုပါသည်။

www.dhammaransi.com



၆။ -သမုဒ္ဒရာ၏အောက်၊ အထက်၊ အလယ်၌ လှိုင်းတံပိုးတို့မဖြစ်မူ၍ မတုန်မလှုပ်တည်သကဲ့သို့ ဤအတူ တဏှာကင်းသူသည် လောကဓံရှစ်ပါးကြောင့် မတုန်မလှုပ်တည်ပါသည်၊ ရဟန်းသည် တစ်စုံတစ်ခုသော အာရုံကြောင့် ရာဂစသည့်ထူပြောများပြားခြင်းကိုမပြုရာ။

ဗုဒ္ဓ၏ဆိုလိုချက်မှာ-

-မဟာသမုဒ္ဒရာကြီးသည် အစောက်အနက်အားဖြင့် ယူဇနာပေါင်း(၈၄၀၀၀)ရေထုရှိ၏၊ ထို(၈၄၀၀၀)ထဲတွင် အောက်ပိုင်းယူဇနာ(၄၀၀၀၀)ပမာဏရှိသော ရေထုသည် ငါးလိပ်အစရှိသောရေနေသတ္တဝါတို့ကြောင့် မငြိမ်မသက်တုန်လှုပ်ချောက်ခြားလျက်ရှိ၏။

-အထက်ပိုင်းယူဇနာ(၄၀၀၀၀)ပမာဏရှိသောရေထုသည်လည်း လေတို့၏တိုးဝှေ့တိုက်ခိုက်မှုကြောင့် လှိုင်းတံပိုးတို့ဖြင့် တုန်လှုပ်ချောက်ခြားလျက်ရှိ၏။

-အလယ်ပိုင်းယူဇနာ(၄၀၀၀၀)ပမာဏရှိသောရေထုသည်ကား တစ်စုံတစ်ခုသောအကြောင်းကြောင့် တုန်လှုပ်ခြင်းမရှိ၊ ငြိမ်သက်စွာအမြဲတည်နေ၏၊ လှိုင်းတံပိုးလည်းမရှိ၊ ထိုအလယ်ပိုင်းရေနှင့်တူစွာ ဇောဟုခေါ်သောတဏှာမှကင်းပြီးသောရဟန်းသည် လာဘ်ရခြင်း၊မရခြင်း၊ အခြံအရံရခြင်း-မရခြင်း၊ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်းဟူသော

www.dhammaransi.com



လောကဓံတရားကြောင့် ဖောက်ပြန်တုန်လှုပ်ခြင်းမရှိ၊ မည်သည့်လောကဓံနှင့်ကြုံစေကာမူ ပကတိပင်ကိုယ်သဘောအတိုင်း တည့်တည့်မတ်မတ်ရပ်တည်လျက်ရှိသည်။

-မြင့်မိုရ်တောင်ကိုဝန်းရံပတ်လျက်တည်သောတောင်စဉ် (၇)ထပ်ရှိ၏၊ ထိုတောင်စဉ်တို့၏အကြားကြား၌ရှိသော သီတာသမုဒ္ဒရာရေတို့သည် မတုန်မလှုပ်ငြိမ်သက်စွာ တည်ကုန်သကဲ့သို့ ထိုနည်းတူတကျာကင်းသော ရဟန်းသည် လောကဓံကြောင့် တုန်လှုပ်ခြင်းမရှိဟူ၍ သိရမည်။

-ကျူတောကိုင်းတောတို့သည် လွန်စွာတိုးတက်ပွားများခြင်းသဘောရှိကုန်သကဲ့သို့ အလားတူစွာ ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ယင်းတို့မှကြွင်းသောကိလေသာ၊ အဘိသင်္ခါရခေါ် သောကံစေတနာ၊ ဤတရား(၇)ပါးတို့သည်လည်း လွန်စွာတိုးတက်ပွားများခြင်းသဘောရှိသောကြောင့် ဥဿဒ-ပွားတတ်သောတရားစုမည်၏။

-ထိုတရားစုတို့ကိုမပွားနိုင်အောင် အငုတ်၊ အရင်းအမြစ်သေးမွှားမကျန် သုတ်သင်ရှင်းလင်းပြီးဖြစ်သည် ဟုဆိုလိုပါသည်။

၇။ မေး -အပိတ်အပင်မရှိ၊ ပွင့်ပွင့်လင်းလင်းမြင်စွမ်းနိုင်သောမြတ်စွာဘုရား. . . အရှင်ဘုရားသည် ထင်ရှား၊ မထင်ရှားသောဘေးရန်ကိုဖျက်ဆီးတတ်သော ကိုယ်တိုင်

www.dhammaransi.com



မျက်မှောက်ပြု၍ သိပြီးသောတရားတို့ကို ဟောကြားခဲ့ပြီးပါပြီ။

-အရှင်ဘုရား. . မဂ်ဖိုလ်နိဗ္ဗာန်နှင့်လျော်သော ကျင့်စဉ်ကိုလည်းကောင်း၊ ပါတိမောက္ခသံဝရသီလကိုလည်းကောင်း၊ တည်ကြည်မှုသမာဓိကိုလည်းကောင်း ဟောကြားပေးပါဦးဘုရား။

ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-ပွင့်လင်းသောမျက်စိဆိုသည်မှာ-

(က) မံသစက္ခု -ခန္ဓာကိုယ်တွင်ပါဝင်သောပကတိမျက်လုံးတော်

(ခ) ဒိဗ္ဗစက္ခု -နတ်မျက်စိနှင့်တူသောအဘိညာဏ်မျက်စိ

(ဂ) ပညာစက္ခု -ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်၊ ပဋိသမ္ဘိဒါဉာဏ်၊ ဝေသာရဇ္ဇဉာဏ်၊ ဒသဗလဉာဏ်ဟူသောမျက်စိ

(ဃ) ဗုဒ္ဓစက္ခု -ဣန္ဒြိယပရောပရိယတ္တိဉာဏ်၊ အာသယာနုသယဉာဏ်ဟူသောမျက်စိ

(င) သမန္တစက္ခု -သဗ္ဗညုတဉာဏ်ဟူသောမျက်စိ

-ဘုရားရှင်သည် ထိုစက္ခု(၅)ပါးနှင့်ပတ်သက်၍ တစ်စုံတစ်ခုသောအပိတ်အဆီးမရှိ၊ အလိုရှိရာခဏ၌ အမြဲ

www.dhammaransi.com



ပွင့်လင်းလျက်နေခြင်းကြောင့် ဘုရားရှင်ကိုပွင့်လင်းသော မျက်စိ(ဝိဝဋ္ဋစက္ခု)ရှိသောပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုပါသည်။

-ဗုဒ္ဓ၏ပကတိမျက်လုံးတော်သည် ကိုယ်တော်မြတ်၏ ပတ်လည်ဝန်းကျင်အရပ်၌ တစ်ယူဇနာကိုနေ့ညမရွေး မြင်နိုင်သည်၊ မည်သည့်အတားအဆီးအကာအကွယ် အပိတ်အပင်မရှိ။

-စက္ခုစသော ဣန္ဒြေကိုစောင့်စည်းမှုသည် သီလအလုံးစုံကိုစောင့်ထိန်းရာရောက်ခြင်းကြောင့်လည်းကောင်း၊ ဤဣန္ဒြိယသံဝရသီလကိုအစထား၍ ဟောအပ်သော ဒေသနာအစဉ်သည် ထိုသဒ္ဓါစရိုက်များသောနတ်တို့နှင့် သင့်လျော်ခြင်းကြောင့်လည်းကောင်း၊ ဣန္ဒြိယသံဝရ သီလမှအစပြု၍ နိဗ္ဗာန်ရောက်ကြောင်းအကျင့်ကို ပြခြင်းငှာ ဤသို့မေးခြင်းဖြစ်သည် ဟုဆိုလိုပါသည်။

၈။ ဘုရားရှင်စစ်ဖြေ -

-မျက်စိဖြင့်လျှပ်ပေါ်သည်မဖြစ်ရာ၊ တိရစ္ဆာနကထာ ဟူသောရွာသူတို့၏စကားမှ နားကိုပိတ်ထားရာ၏၊ ရသာရုံ၌လည်းမမက်မောရာ၊ လောက၌ တစ်စုံတစ်ခုမျှကိုလည်း တဏှာဒိဋ္ဌိဖြင့်မမြတ်နိုးရာ။

ဗုဒ္ဓ၏ဆိုလိုချက်မှာ-

-ဆင်းရဲမှုကိုတဏှာလောဘကပြု၏၊ တဏှာလောဘ ကင်းပျောက်မှ အစစ်အမှန်ချမ်းသာကိုရ၏၊ အစစ် အမှန်ချမ်းသာကိုလိုချင်သဖြင့် တဏှာလောဘပျောက်

www.dhammaransi.com



ကင်းအောင် ပျက်စီးအောင်ကျင့်သူသည်ရဟန်း
မည်၏၊ ထိုသို့မဟုတ်ကား အတုအပသာမည်၏။
-ထို့ကြောင့် ချမ်းသာစစ်ကိုရလိုသောရဟန်းသည် မျက်စိ
လော်လည်မှုကိုစောင့်ထိန်းရာ၏၊ ထမ်းပိုးတစ်ပြန်မှ
ကြည့်၍သွားရန် သိက္ခာပုဒ်ကိုရှိသေရာ၏။
-မမြင်အပ်ဘူးသေးသော အထူးအဆန်းတို့ကိုမြင်ခြင်း
ငှာ ထိုထိုရွာနိဂုံးဇနပုဒ်တောအုပ်၊ တောင်တန်းပန်း
ဥယျာဉ်တို့သို့ ဘုရားဖူးရိုးမယ်ဖွဲ့၍လှည့်လည်သွားလာ
ခြင်းကိုမပြုရာ၊ မရှောင်ကွင်းနိုင်၍ ရွာတွင်း၊ မြို့တွင်း
သို့သွားရာတွင်လည်း ဆင်၊ မြင်း၊ ရထား၊ ခြေသည်
စစ်သည်၊ မိန်းမ၊ ယောကျ်ား၊ ကလေးသူငယ်ဈေးဆိုင်
စသည်တို့ကို ကြည့်ရှုမျက်မသွားရ။
-မျက်စိရှေ့မှောက် အမှတ်တမဲ့ရောက်လာသော အဆင်း
အာရုံကိုသော်လည်း ဆန္ဒ၊ ရာဂဖြစ်မည့်အခြင်းအရာ
အဘိဇ္ဈာဒေါမနဿဖြစ်မည့်အခြင်းအရာအားဖြင့်
ဆင်ခြင်စဉ်းစားမပြုရာ၊ ဤမျက်စိလော်လည်မှုကို
စောင့်ထိန်းရာ၏။
-နား၏လော်လည်မှုကိုလည်း အလားတူစောင့်ထိန်းရာ
၏၊ ယင်းကိစ္စနှင့်စပ်သောစကား၊ တိုင်းရေးပြည်ရေးနှင့်
စပ်သောစကား၊ ခိုးမှုတိုက်မှုနှင့်စပ်သောစကားစသော
တိရစ္ဆာနကထာတို့ကို ကိုယ်တိုင်ပြောဆိုမှုကိုမဆိုထား
ဘိ၊ နားဖြင့်မကြားရအောင်ရှောင်ကြဉ်ရသည်၊
(သောတိန္ဒြေကို ပိတ်ဆို့ရာ၏ ဟုဆိုလိုပါသည်)

www.dhammaransi.com



-စားမှု-သောက်မှု၌လည်း ရသဖြင့်တင်းမတိမ်နိုင်၊ အငန်ရလျှင် မငန်သည်ကိုမျှော်လင့်ခြင်း၊ အချိုရလျှင် မချိုသည်ကိုမျှော်လင့်ခြင်းစသော တောင့်တမက်မောမှုကိုမပြုရာ၊ (ဝိဝိတ်ိန္ဒြေကိုပိတ်ဆို့ရာ၏) ဟုဆိုလိုပါသည်။

-ရုပ်နာမ်ခန္ဓာတို့၏ ဤရုပ်သည် ငါပင်ဖြစ်၏၊ ဤရုပ်သည်ငါ၏ရုပ်ပင်တည်း ဟုရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာလျှင် အရင်းခံရှိသော နောက်နောက်သောတဏှာဒိဋ္ဌိဖြင့်စွဲလမ်းမြတ်နိုးမှုတို့ကို မပြုရာ(စက္ခု-သောတ-ဇိဝှါတို့ကိုပိတ်ဆို့ရာသည်)ဟုဆိုလိုပါသည်။

၉။ -ရဟန်းသည် အနာရောဂါဟူသော အတွေ့ဖြင့်တွေ့ကြုံသောအခါ တစ်စုံတစ်ခုသောအကြောင်းကြောင့် ငိုကြွေးခြင်းကိုမပြုရာ၊ ကာမစသောဘဝကိုလည်း မတောင့်တရာ၊ ကြောက်မက်ဖွယ်ဘေးရန်တို့ကြောင့်လည်း မတုန်လှုပ်ရ။

ဗုဒ္ဓ၏ဆိုလိုချက်မှာ-

-မျက်စိရောဂါ၊ နားရောဂါအစရှိသော တစ်စုံတစ်ရာသောအနာရောဂါနှိပ်စက်သောအခါ၌ သည်းမခံနိုင်ဘဲ စိတ်ပင်ပန်းခြင်းမပြုရာ၊ ကိုယ်၌အတွေ့ဆင်းရဲမှုကြောင့် ငိုကြွေးမြည်တမ်းခြင်းအဆုံးရှိသောတုန်လှုပ်ချောက်ခြားမှုကိုမပြုရာ။

www.dhammaransi.com



-ကိုယ်ခန္ဓာအတွေ့ချမ်းသာမှုကိုရလို၍ ကာမဘဝစသော ထိုထိုနတ်ပြည်စသောဘဝကိုမတောင့်တရာ။ (ကာယိန္ဒြေတို့ကိုပိတ်ဆို့ရန်ဖြစ်သည်) ဟုဆိုလိုပါသည်။

-ဣန္ဒြေတို့ကိုစောင့်စည်းပိတ်ဆို့သဖြင့် တောကျောင်းနေရဟန်းသည် ကိုယ်ခန္ဓာဆင်းရဲမှု၏အကြောင်းဖြစ်သော ခြင်သေ့၊ ကျားသစ်စသောဘေးရန်ဃာနိန္ဒြေ၊ မနိန္ဒြေနှင့် စပ်သော မခံသာသောဘေးအန္တရာယ်တို့နှင့်ကြုံကြိုက်သော်လည်း အလွန်အမင်းပြင်းထန်စွာမတုန်လှုပ်ရာ။ (ကာယိန္ဒြေ၊ မနိန္ဒြေတို့ကိုပိတ်ဆို့ရာ၏) ဟုဆိုလိုပါသည်။

-ဤ(၂)ဂါထာဖြင့် ဣန္ဒြိယသံဝရသီလကို ဟောကြားပြခြင်းဖြစ်ပါသည်။

၁၀။ -ထမင်း၊ မုန့်၊ ငါးစသည်တို့ကိုလည်းကောင်း၊ ရှစ်ပါးသောအဖျော်ကိုလည်းကောင်း၊ မုန့်၊ သစ်သီးစသော ခဲဘွယ်ကိုလည်းကောင်း၊ အဝတ်တို့ကိုလည်းကောင်း ရသည်ရှိသော် သိုမှီးမှုကိုမပြုလုပ်ရာ၊ ထမင်းစသည် တို့ကိုမရသော်လည်းမစိုးရိမ်မထိတ်လန့်ရာ။

ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-တောရကျောင်း၌နေစဉ် တစ်ခါတစ်ရံမျှသောဆွမ်း စသည်တို့ကိုရသည်၊ ပိုလျှံကြွင်းကျန်သောဆွမ်း

www.dhammaransi.com



စသည်များကို သိုမှီးသိမ်းဆည်းမထားရာ၊ ပေးကမ်းစွန့်ကြဲရာ၏။

-တစ်ခါတစ်ရံ လုံလောက်အောင်မရဘဲလည်းရှိတတ်သည်၊ မရခြင်းကြောင့် ပူပန်ဆင်းရဲမှုမပြုရာ၊ နောင်တစ်နေ့ရရာ၏၊ အစဉ်သဖြင့်မရသောတောရကျောင်း၌မနေရ ဟုဆိုလိုပါသည်။

(ဤဂါထာဖြင့် ပစ္စယသန္နိဿိတသီလကိုဟောကြားခြင်းဖြစ်ပါသည်)

၁၁။ -ချာန်၌မွေ့လျော်သောရဟန်းသည် လှည့်လည်သွားလာခြင်း၌ လက်ခြေဆော့ခြင်းစသော လှုပ်ရှားမှု၊ ခြေလျှပ်ပေါ် သူမဖြစ်ရာ၊ ကုက္ကုစ္စမှရှောင်ကြဉ်ရာ၏၊ ကုသိုလ်တရားတို့၌မမေ့လျော့ရာ၊ အသံတိတ်ဆိတ်ကုန်သောအိပ်ရာနေရာတို့၌နေရာ၏။

ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-ရဟန်းသည် ဈာန်၌မွေ့လျော်ရမည်၊ လောကီလောကုတ်ဈာန်တို့ကိုရအောင်အားထုတ်ရမည်၊ စကားပြောမှု၌မွေ့လျော်ခြင်းလက်မှုစသောအမှုလုပ်ငန်း၌မွေ့လျော်ခြင်းတို့မှကင်းရှင်းရသည်။

-သပ္ပါယဖြစ်သောနေရာ၌စွဲမြဲနေရာ၏၊ ဟိုရွာကောင်းနိုးနိုး၊ ဒီရွာကောင်းနိုးနိုးဖြင့် ပြောင်းခါ-ပြောင်းခါ လှည့်လည်သွားလာမနေရပါ။

www.dhammaransi.com



-နေမိထိုင်မိရာအရပ်၌လည်း လက်လှုပ်လှုပ်၊ ခြေလှုပ်လှုပ်ပြု၍ မျောက်ကဲ့သို့လက်ခြေမငြိမ်မသက်ကြွေ့ပျက်လောက်သောလက် အမူအရာ၊ ခြေအမူအရာတို့ကိုစက်ဆုပ်ရွံရှာအပ်သောကြောင့် ကုက္ကုစ္စ ဟုခေါ်ပါသည်။

-ထိုစက်ဆုပ်ဖွယ်ရာကိုယ်အမူအရာမှလည်းရှောင်ရာ၏

-ပြုကောင်းသည်ကို မပြုကောင်းဟုထင်မှတ်မှု

-မပြုကောင်းသည်ကို ပြုကောင်းဟုထင်မှတ်မှု

-အပြစ်မရှိသည်ကို အပြစ်ရှိသည်ဟုထင်မှတ်မှု

-အပြစ်ရှိသည်ကို အပြစ်မရှိသည်ဟုထင်မှတ်မှု

-ဤထင်မှတ်မှုများအားလုံးသည် စိတ်၏စက်ဆုပ်ဖွယ်ရာများဖြစ်ကြပါသည်။ ကောင်းမှုကုသိုလ်ကိုမပြုမိလေခြင်း၊ မကောင်းမှုကိုပြုမိလေခြင်း ဟုနောင်တတစ်ဖန်ပူပန်မှုများသည်လည်း စိတ်၏စက်ဆုပ်ဖွယ်ရာအမူအရာများပင်ဖြစ်ပါသည်။

-ထိုစိတ်အမူအရာများကိုရှောင်ကြဉ်၍ သမာဓိကိုတည်အောင်မွေးရမည် ဟုဆိုလိုပါသည်။

-လူသံ-လူရှုပ်ပေါသောနေရာသည် မဂ်ဖိုလ်ရနိုင်သောအရပ်မဟုတ်၊ လူသံတိတ်ဆိတ်သောအိပ်ရာနေရာကျောင်းကိုမွေ့လျော်တတ်ရမည် ဟုဆိုလိုပါသည်၊ ထိုအရပ်သည်သာ သမာဓိထူထောင်နိုင်၊ ဖြစ်နိုင်သောအရပ်ဖြစ်ပါသည်။

www.dhammaransi.com



၁၂။ -ကိလေသာကိုပူပန်စေတတ်သောလုံ့လရှိသူသည် အိပ်ခြင်းကိုများစွာမပြုရာ၊ နိုးကြားမှုဝီရိယကိုမှီဝဲရာ၏။ ပျင်းရိမှုကိုလည်းကောင်း၊ လှည့်ပတ်မှုမာယာကိုလည်းကောင်း၊ ရယ်ရွှင်မြူးတူးကစားမှုကိုလည်းကောင်း၊ မေထုန်အကျင့်ကိုလည်းကောင်း၊ အသုံးအဆောင်နှင့်တကွ ခန္ဓာကိုယ်ကိုတန်ဆာဆင်မှုကိုလည်းကောင်း ပယ်စွန့်ရာ၏။

ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-အရဟတ္တဖိုလ်သို့ရောက်လိုသောယောဂီရဟန်းသည် နေ့ညဉ့်တစ်ရက်လုံးကို(၆)ပုံ-ပုံ၍ တစ်ပုံစာ(၄)နာရီမျှသာအိပ်သင့်သည်၊ ထို(၄)နာရီထက်ပိုလွန်၍အိပ်လျှင် အအိပ်များသည် ဟုဆိုရာ၏။

-တစ်နေ့လုံး စင်္ကြံသွားခြင်း၊ ထိုင်ခြင်းခြင်းဖြင့် အကုသိုလ်တရားတို့မဝင်အောင်ပိတ်ဆီးချက် စိတ်ကိုသုတ်သင်ရာသည်။

-ညဉ့်၌ ပထမယမ်၊ မဇ္ဈိမယာမ်ပတ်လုံး ထိုနည်းတူ သုတ် သင်ရပါသည်။

-မဇ္ဈိမယာမ်၌ကား လက်ျာနံပါးဖြင့်စောင့်လျက် လက်၊ ခြေတို့ကိုကောင်းစွာထားပြီးလျှင် သတိသမ္ပဇဉ်ယှဉ်ထအံ့ ဟူသောအမှတ်သညာဖြင့်အိပ်ရသည်။

-ဤသို့မဇ္ဈိမယာမ်မှတစ်ပါး ကျန်အချိန်ရှိသရွေ့ ကိလေသာတို့မှပိတ်ဆို့လျက် စိတ်ကိုသုတ်သင်သောရဟန်း

www.dhammaransi.com



သည် နိုးကြားခြင်းနှင့်ယှဉ်သော(ဇာဂရိယာနုပရတ္တ) ရဟန်းကဲ့သို့ကျင့်ရပါမည်။

-အသွေးအသားခန်းခြောက်၍ အရိုးအရေမျှကြွင်းကျန်သော်လည်း မလျော့သောလုံ့လရှိသူသည် အာတာပီမည်၏။

-ထိုလုံ့လမျိုးရှိသူသာ အရဟတ္တဖိုလ်သို့ဆိုက်ရောက်နိုင်ပါသည်၊ အပျင်းကြီးပျင်း၊ မာယာများခြင်း၊ ရယ်မောပျော်ပါးလိုခြင်း၊ မေထုန်မှီဝဲခြင်း၊ သပိတ် သက်န်းတို့ကို တန်ဆာဆင်ခြင်းမှကင်းရာ၏ ဟုဆိုလိုပါသည်။

၁၃။ -ရတနာမြတ်သုံးပါးမြတ်နိုးသူသည် သူတစ်ပါးကိုနှိပ်စက်ကြောင်း(အထဗ္ဗဏ)အတတ်ကိုလည်းကောင်း၊ အိပ်မက်ကျမ်း၊ လက္ခဏာကျမ်း၊ နက္ခတ်ကျမ်းကိုလည်းကောင်း၊ သား၊ ငါးစသည်တို့မြည်တွန်သံကို သိသောအတတ်ကိုလည်းကောင်း၊ ကိုယ်ဝန်တည်ရေးဆေးပေးခြင်းကိုလည်းကောင်းမစီရင်ရာ၊ ဆေးကုခြင်းကိုလည်း မမှီဝဲမလိုက်စားရာ။

ဗုဒ္ဓ၏ဆိုလိုချက်မှာ-

-အထဗ္ဗရသေ့စီရင်သောဗေဒင်ကျမ်းကို အာထဗ္ဗဏကျမ်း ဟုခေါ်သည်။

-ထိုကျမ်း၌ သတ္တဝါတို့ကိုညှင်းဆဲနှိပ်စက်ကြောင်း မကောင်းသော အစီအရင်တို့ကိုပြဆိုထားသည် ဟုဆိုလိုပါသည်။

www.dhammaransi.com



-ထိုအစီအရင်ကိုပြုသောသူတို့သည် ဆားမပါသော ဘောဇဉ်ကိုစား၍ နေဇာမြက်အခင်းရှိသော မြေပေါ်၌ အိပ်၍မန္တန်စုပ်သည်၊ (၇)ရက်စေ့သောနေ့၌ ကောင်းစွာ စီရင်အပ်သောမြေပေါ်၌ခုနှစ်လှမ်းလှမ်းပြီးလျှင် လက်ကိုဝင်၍ မန္တန်ကိုစုပ်သည်ရှိသော် မိမိတို့လိုသော အစီအရင်ပြီးသည် ဟုဆိုပါသည်။

-ရန်သူစစ်သည်တို့ပိတ်ဆို့ဝိုင်းထားသောအခါ၌ဖြစ်စေ၊ ရင်ဆိုင်တိုက်ခိုက်သောအခါ၌ဖြစ်စေ၊ ယင်းအာတဗ္ဗဏ အစီအရင်ဖြင့် တစ်ဘက်စစ်သည်တို့၌ကိုယ်တုန်လှုပ် ခြင်း၊ ကိုက်ခဲခြင်း၊ ကျင်နာခြင်း၊ ဖျားနာခြင်း၊ ကိုယ်ရောင်ခြင်း၊ သွေးအန်ခြင်းစသည်တို့ကိုဖြစ်စေ နိုင်သည် ဟုဆိုပါသည်။

-ရဟန်းဟူသမျှသည် ထိုအာတဗ္ဗဏဝေဒင်ကျမ်းကို မသင်ရပါ၊ ထိုကျမ်းအစီအရင်ကိုလည်းမပြုလုပ်ပေးရ။

-ထိုနည်းတူ အိပ်မက်တိတ္ထုကျမ်း၊ လက္ခဏာဝေဒင်ကျမ်း ဇောတိသတ္တစသောနက္ခတ်များကို မသင်ကြားရပါ၊ ဝေဒင်မဟောရ၊ အခါပေးမလုပ်ရ။

-ပိုးကိုက်၍ဖြစ်စေ၊ လေနှိပ်စက်၍ဖြစ်စေ၊ ဤ(၂)ပါး သောအကြောင်းကြောင့် ကိုယ်ဝန်မတည်နိုင်သော မိန်းမများအား ပိုး၊ လေတို့ကိုကုစားပေးပြီး ကိုယ်ဝန် တည်အောင်ဆေးမပေးရ။

(ကံကြောင့်ကိုယ်ဝန်မတည်ရာ၌ ဘုရားသော်မှမကုစား နိုင်သောကြောင့် ဤ၌မယူအပ် ဟုဆိုလိုပါသည်)

www.dhammaransi.com



- မျက်စိနာတိမ်သလားလို့ကုစားခြင်း (သလာကိယတိကိစ္ဆာ)
- စူးဝင်သောခြောင့်ကိုထွက်အောင်ကုစားခြင်း (သလ္လကတ္တိယတိကိစ္ဆာ)
- အရင်းခံဖြစ်သောမူလအနာ နောက်ဆက်ဖြစ်သော အနုဗန္ဓအနာတို့တွင် ကိုယ်နှင့်တူသောမူလအနာကို ကုစားခြင်း (ကာယတိကိစ္ဆာ)
- ဘုတ်ထုတ်ခြင်း၊ ဘုတ်သွင်းခြင်း၊ စုန်းပယောဂကို ကုစားခြင်း (ဘူတိယတိကိစ္ဆာ)
- သူငယ်ကြီးပွားအောင်မွေးမြူမှုကိုပြီးစေတတ်သော ဆေးပေးမှု (ကောမာရဘစ္စတိကိစ္ဆာ)

-ဤဆေးကုခြင်း(၅)မျိုးကိုလည်း မပြုလုပ်အပ်၊ အခြား မည်သည့်ဆေးကုမှုမျိုးမျှ မပြုအပ် ဟုဆိုလိုပါသည်။

၁၄။ -ရဟန်းသည် ကဲ့ရဲ့ခြင်းကြောင့်မတုန်လှုပ်ရာ၊ အချီးမွမ်း ခံရသော်လည်းမတက်ကြွရာ၊ ဝန်တိုခြင်းနှင့်တကွ လိုချင်မှုလောဘကိုလည်းကောင်း၊ အမျက်ထွက်မှု ကောဓကိုလည်းကောင်း၊ ချောပစ်ကုန်းတိုက်မှုကို လည်းကောင်း ပယ်ဖျောက်ရာ၏။

ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-သပိတ်၊ သင်္ကန်းစသောပရိက္ခရာတို့ကို ရဟန်း၊ ရဟန်းမ သာမဏေ၊ သာမဏေမ၊ သိက္ခာမာန်ဟူသောသီတင်း သုံးဖော်(၅)ဦးတို့နှင့်အတူ လှည့်ပတ်ဖြားယောင်း၍ဖြစ်

www.dhammaransi.com



စေ၊ အမြတ်ရလို၍ဖြစ်စေ၊ လဲလှယ်ခြင်းမပြုရ ဟုတားမြစ်ထားခြင်းဖြစ်ပါသည်။

-မိမိအား တစ်ပါးသူတို့စွပ်စွဲနိုင်လောက်အောင် ကိလေသာ(၃)မျိုးကိုမပြုရပါ။

၁။ **ဩဠာရိကကိလေသာ**

-ကြမ်းတမ်းရုန့်ရင်းသော ကံမြောက်သော ကိလေသာဒုစရိုက်(၃)မျိုးဖြစ်သည်။

၂။ **မဇ္ဈိမကိလေသာ**

-အလတ်စား ဝဋ္ဋမူလက(ဝဋ်ဆင်းရဲ၏အရင်း) ကိလေသာ

-(ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက် (၃)မျိုးဖြစ်သည်)

၃။ **သုခုမ**

-သိမ်မွေ့သောဝဋ္ဋမူလက(ဝဋ်ဆင်းရဲ၏အရင်း)

(က) **ဉာတိဝိတက်**

-ဆွေမျိုးတို့၏တိုးတက်ကြီးပွားရေးနှင့်စပ်၍ သာယာလျက်ကြံစည်မှု

(ခ) **ဇနပဒဝိတက်**

-ပြည်သူပြည်သား၊ ဆန်ရေစပါးပေါများအောင်ရွာ၊ ငွေရတနာများပေါများချမ်းသာအောင်၊ တိုင်းပြည်မြို့ရွာနှင့်စပ်၍ သာယာဝမ်းမြောက်လျက်ကြံစည်မှု

www.dhammaransi.com



(ဂ) **အမရဝိတက်**

-ဆောင့်ကြောင့်ထိုင်ခြင်းအကျင့်၊ဆူး၌အိပ်ခြင်း အကျင့်စသည်တို့သည် ဒုက္ခကိုကုန်ဆုံးစေနိုင်၏၊ တမလွန်ဘဝတွင် ကေဝလသုခကိုရစေ၏၊ သေခြင်းကင်းကြ၏ ဟုယုံကြည်လျက် ထိုအကျင့်ကိုကျင့်သောပုဂ္ဂိုလ်၏အကျင့်နှင့် စပ်သောအကြံ

(မသေရန်ကြံသောကြောင့် အမရဝိတက် ဟု ခေါ်ပါသည်၊ အမရာဝိက္ခေမဒိဋ္ဌိနှင့်စပ်သော အကြံကိုလည်း အမရဝိတက် ဟု မဟာနိဒ္ဒေသ အဌကထာ ဆိုပါသည်)

(ဃ) **ပရာနုဒ္ဒယတာပဋိသညုတ္တဝိတက်**

-မေတ္တာ၊ ကရုဏာနှင့်အသွင်တူသည်ဖြစ်၍ မေတ္တာယောင်၊ ကရုဏာယောင်ဆောင်လျက် (ဂေဟာသိတပေမ)ခေါ်သောကာမဂုဏ်ကိုမှီသောမြတ်နိုးမှုနှင့်စပ်သွယ်၍ကြံစည်မှု

(င) **လဘာဒိပဋိသညုတ္တဝိတက်**

-ဆွမ်း၊ သင်္ကန်း၊ ကျောင်း ၊ဆေးပစ္စည်းလေးပါးကိုရချင်မှု၊ ဒါယကာတို့ကပေးလှူရာ၌ မွန်မြတ်ကောင်းသည်ကိုပေးလှူစေလိုမှု၊ ကျော်စောသတင်း၊ တံဆိပ်ရဆရာတော်ဖြစ်လိုမှုတို့ကို တွေးတောအာရုံပြုလျက် ကြံစည်စိတ်ကူးမှု

www.dhammaransi.com



(စ) အနုဝည္တတ္တိပဋိသံယုတ္တဝိတက်

-ဤသည်နေပုံ-ထိုင်ပုံ၊ သွားပုံ၊ လာပုံ၊ စားပုံ၊ သောက်ပုံ၊ ဝတ်ပုံ၊ ပြောပုံ၊ ဆိုပုံများကို ပြုလုပ်ပြင်ဆင်ထားလျှင် ငါ့အား ဒါယကာ တို့ကအထင်ကြီးလိမ့်မည်၊ အောက်တန်းစား အညံ့စားဘုန်းကြီးအဖြစ် မထင်မှတ်ကုန် လတ္တံ့ ဟူ၍ မိမိအားအထင်အလွန်ကြီးခြင်းကို တောင့်တလျက် ဂေဟာသိတပေမနှင့်တကွ ကြံစည်စိတ်ကူးမှု

(ဤဝိတက်(စိတ်ကူးမှု)၆-မျိုးကို သုခုမကိလေ သာ ဟုခေါ်ပါသည်။

-ဤသို့လျှင် ကံမြောက်သော(ကမ္မပထ)ဒုစရိုက်ကိလေ သာနှင့်ဝိတက်မျိုးစုံဟူသောကိလေသာတို့သည် တစ်ပါး သူတို့ကဲ့ရဲ့စွပ်စွဲကြောင်းဖြစ်ကုန်သည်။

-ဤလောက၌ သူတစ်ပါး၏စိတ်အကြံကိုသိသော တန်ခိုးရှင်သမဏဗြဟ္မဏတို့သည်ရှိကြသည်၊ ထိုပုဂ္ဂိုလ် များကဲ့ရဲ့ပြစ်တင်လွတ်အောင် ကိလေသာ(၃)မျိုး မဖြစ်ဘဲ ရှောင်ကြဉ်ရာ၏။

-ရွာ၌မကပ်ငြိရာဆိုသည်မှာ ရဟန်းသည် ရွာနေလူတို့နှင့် ဝမ်းသာစရာရှိလျှင် အတူတကွဝမ်းသာ၍ ဝမ်းနည်း စရာရှိလျှင်လည်း အတူတကွဝမ်းနည်း၍ ချမ်းသာမှု၊ ဆင်းရဲမှုတို့၌လည်း အတူတကွချမ်းသာ-ဆင်းရဲအမှု

www.dhammaransi.com



ခံယူ၍ နှီးနှောရောယှက်ပေါင်းဖက်နေထိုင်ခြင်းကို မပြုရာဟုဆိုလိုပါသည်။

-ထိုမှတစ်ပါး ရွာတွင်းသို့ဆွမ်းခံဝင်သောရဟန်းသည် မစောင့်စည်းမပိတ်ဆို့သော ဣန္ဒြေရှိသည်ဖြစ်၍ မြင်အပ်တိုင်း၊ ကြားအပ်တိုင်း၊ တွေ့ရောက်အပ်တိုင်းသော အာရုံတို့၌ အဘိဇ္ဈာ၊ ဒေါမနဿဖြစ်လျှင် ရွာ၌ ကပ်ငြိမည်ဖြစ်မည်၊ ဣန္ဒြေကိုစောင့်ထိန်းပိတ်ဆို့လျှင် ကပ်ငြိမည်မဟုတ်။

-လာဘ်ကိုအလိုရှိ၍ ဒါယကာတို့ကိုမြှောက်ကာ-ချောက်ကာ နှိမ့်ကာမပြောကြားရာ ဟူသည်ကား လာဘ်ကိုလိုချင်၍ မိမိတို့နှိမ့်ချဒါယကာကိုမြှောက်၍လည်းကောင်း၊ မိမိကိုမြင့်မြှောက်ဒါယကာကိုနှိမ့်ချ၍လည်းကောင်း၊ ဤနှစ်ပါးသောအကြောင်းတို့ဖြင့် လူတို့ကိုဟောပြောတတ်သည်။

-ဥပမာ-ဦးပဥ္စင်းမှာ ဤအိမ်က ဒါယကာ-ဒါယိကာကြီးတို့က စောင့်ရှောက်ထားသဖြင့် ချမ်းသာစွာနေရပေသည်၊ မိဘကဲ့သို့ပင်အားကိုးရသူများဖြစ်သည်စသည်ဖြင့် မိမိကိုယ်ကိုနှိမ့်ချ၍ ဒါယကာကိုမြှောက်၍ဟောမှု

-ဦးပဥ္စင်းက ဤဒါယကာ-ဒါယိကာမကြီးများအပေါ်၌ ကရုဏာထား၍စောင့်ရှောက်ခဲ့ရသည်၊ ဦးပဥ္စင်းကိုအမှီပြုပြီး သူတို့တတွေမှာ သရဏဂုံနှင့် သီလတွေဆောက်တည်ခွင့်ရပြီး သုဂတိသွားလမ်းဖြောင့်တန်းနေကြသည်၊

www.dhammaransi.com


သူတို့၏အမှုကိစ္စများကိုလည်း ဦးပဥ္စင်းကပင်ဖြေရှင်း ဆောင်ရွက်ပေးနေရသည်၊ ယခုတော့ သူတို့က ဦးပဥ္စင်းကိုမေ့နေကြဟန်တူသည် စသည်ဖြင့် မိမိကိုယ်ကိုချီးမြှောက်ပြီး ဒါယကာအပေါ်၌နှိမ့်ချပြောဆိုမှု။

-ဤကဲ့သို့သောလာဘ်ရအောင်ဟောမှု-ပြောမှုတို့ကို မပြုလုပ်ရ ဟုဆိုလိုပါသည်။

၁၆။ -ရဟန်းသည် ကြွားဝါတတ်သူမဖြစ်ရာ၊ သက်န်းစသော ပစ္စည်းရရေးနှင့်စပ်သောစကားကိုမပြောဆိုရာ၊ ကိုယ်၊ နှုတ်စိတ်ကြမ်းတမ်းရိုင်းစိုင်းမှုကိုမပြုကျင့်ရာ၊ ငြင်းခုန် သောစကားကိုမပြောဆိုရာ။

ဗုဒ္ဓ၏ဆိုလိုချက်မှာ-

-ငါကား သီလနှင့်ပြည့်စုံသူတည်း၊ ဓုတင်အကျင့်ကျင့်နေ သူတည်း၊ ကောင်းသောအမျိုးဇာတ်ရှိသူတည်း၊ ရုပ် အဆင်းလှသူတည်း၊ အတတ်ပညာရှိသူတည်း၊ ကျမ်း ဂန်စာပေတတ်သူတည်း၊ ဈာန်အဘိညာဉ်ရသူတည်း မိမိကိုယ်ကိုမိမိ ချီးကျူးခြင်း၊ ဂုဏ်ဖော်ခြင်း၊ ကြွားဝါခြင်း မပြုရာ။

-အဆွေမတော်သူ၊ မပင့်ဖိတ်သူတို့ထံ၌ ပစ္စည်းလေးပါး ကိုနှုတ်မြွက်မတောင်းရာ၊ လှူချင်လာအောင်သွယ်ဝိုက် ၍လည်းမပြောရာ၊ လာဘ်လာဘကိုငဲ့၍ တရား မဟောရာ။

www.dhammaransi.com



-ကိုယ်၌ထင်ရှားရှိသောမာန်ခက်ထန်မှု၊ နှုတ်၌ထင်ရှား ရှိသောမာန်ခက်ထန်မှု၊ စိတ်၌ထင်ရှားရှိသောမာန် ခက်ထန်မှုကိုမပြုရာ။

-ကိုယ်၌ထင်ရှားရှိသောမာန်ခက်ထန်မှုဟူသည်ကား သံဃအလယ်သို့ရောက်သောအခါ ထေရ်ကြီးတို့ကို တိုးဝှေ့ထိခိုက်၍တည်နေခြင်း၊ ရှေးရှုတူရှုအရပ် မြင့်ရာ အရပ်၌ရပ်တည်ခြင်း၊ ထိုင်ခြင်း၊ ဦးခေါင်းခြုံလျက်နေ ခြင်းစသောမရိုမသေပြုမှုများပင်ဖြစ်ပါသည်။

-နှုတ်၌ထင်ရှားရှိသောမာန်ခက်ထန်မှုဟူသည်ကား သံဃအလယ်သို့ရောက်သောအခါ ထေရ်ကြီးတို့ကို မပန်ကြားဘဲတရားဟောခြင်း၊ မည်သူမျှမတိုက်တွန်းဘဲ တရားဟောခြင်း၊ လူတတ်လုပ်၍ပြဿနာဖြေဆိုခြင်း၊ ပါတိမောက်ပြခြင်း၊ ရပ်လျက်တည်းကောင်း၊ လက်ရုံး လက်မောင်းတန်းလျက်လည်းကောင်း၊ စကားပြောခြင်း၊ ရွာတွင်းသို့ဝင်သောအခါ ဒါယိကာမတို့ ငါ့အတွက် ဘာစားစရာရှိသလဲ၊ လျှစရာရှိသလဲစသည်ဖြင့် နှုတ်ကို အနှိပ်အကွပ်မရှိဘဲ ဖွာကြဲသောစကားကိုပြောဆိုမှု တို့ဖြစ်ပါသည်။

-စိတ်ဖြင့်မာန်ခက်ထန်မှုဟူသည်ကား အမျိုးမြတ်သူ မဟုတ်ဘဲလျက် မိမိကိုယ်ကိုမိမိ အမျိုးမြတ်သူ၊ ရဟန်း တို့နှင့်တန်းတူပြု၍ထင်မှတ်ခြင်း၊ ပိဋကတ်ဆောင်သူ မဟုတ်ဘဲ ပိဋကတ်ဆောင်ရဟန်းတို့နှင့် တန်းတူပြု၍

www.dhammaransi.com



ထင်မှတ်ခြင်း၊ ဓုတင်ဆောင်မဟုတ်ဘဲ ဓုတင်ဆောင် ရဟန်းနှင့်တန်းတူပြုခြင်း၊ ဈာန်အဘိညာဉ်မရဘဲ ဈာန် အဘိညာဉ်ရရဟန်းနှင့်တန်းတူပြုခြင်း၊ ထင်မှတ်ခြင်း စသည်တို့ဖြစ်ပါသည်။

-ဤကဲ့သို့သော ကိုယ်၊ နှုတ်၊ စိတ်မာန်တက်မှု၊ ခက်ထန်မှု တို့ကိုမပြုရာ ဟုဆိုလိုပါသည်။

-ငြင်းခုံမှုကိုမပြုရာ ဟူသည် ငြင်းခုံမှုကိုပြုသောသူသည် စကားများစွာကိုပြောဆိုရသည်၊ စကားများစွာပြောဆိုရ လျှင် စိတ်ပျံ့လွင့်မှု (ဥဒ္ဓစ္စ)ဖြစ်ရသည်။

-စိတ်ပျံ့လွင့်သူအား ကိုယ်၊ နှုတ်၊ စိတ်စောင့်စည်းမှု (အသံဝရ) ကင်းလွတ်တတ်၏။

-ထိုသူ၏စိတ်သည် ဘာဝနာသမာဓိမှဝေးကွာတတ်၏။

-သမာဓိမရှိသူ၏ ဝိပဿနာပညာသည်လည်း အကျိုးပြီး အောင် မဆောင်ရွက်နိုင်ရာ။

-ဝိပဿနာဉာဏ်စွမ်းမထက်လျှင် မဂ်ပညာ၊ ဖိုလ်ပညာ ဟူသော လောကုတ္တရာကျေးဇူးမှယုတ်ရာ၏။

-ထို့ကြောင့် မဂ်ဖိုလ်ရနိုင်သော ဥပနိဿယအကြောင်း ကောင်းရှိစေကာမူ ငြင်းခုန်မှုဟူသော ပယောဂဝိပတ္တိ ကြောင့် မဂ်ဖိုလ်လက်လွတ်ဖြစ်တတ်သည် ဟုဆိုလို ပါသည်။

၁၇။ -ဆင်ခြင်ဉာဏ်သမ္ပဇဉ်ရှိသူသည် မုသားစကားမပြောဆို ရာ၊ စဉ်းလဲခြင်းတို့ကိုလည်းမပြုရာ၊ ခေါင်းပါးသော

www.dhammaransi.com



အသက်မွေးခြင်းဖြင့်လည်းကောင်း၊ ပညာဖြင့် လည်းကောင်း စောင့်ထိန်းမှုသီလစုတင်ဆောက်တည်မှု ဝတဖြင့်လည်းကောင်း၊ အခြားသူတို့ကိုမထေမဲ့မြင် မအောက်မေ့ရာ။

ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-ရဟန်းသည် ရယ်ရွှင်မြူးတူးလိုသောသဘောမျှဖြင့်လည်း မမှန်သောစကားကိုမဆိုရာ။

-ထင်ရှားမရှိသောဂုဏ်ကို ရှိလေဟန်မပြုရာ။

-သီလမရှိဘဲလျက် သီလဝန္တပုဂ္ဂိုလ်ကြီးထင်အောင် ပြောဆိုပြုလုပ်မှုမရှိရာ။

-ဈာန်မရဘဲလျက် ဈာန်သမာဓိမိမိမှာရှိလေဟန် မဂ်ဖိုလ်မရှိဘဲလျက် မဂ်ဖိုလ်ရှိလေဟန် အပြောအဆို အပြုအမူများကိုမပြုရာ။

-မိမိကခေါင်းပါးကြမ်းတမ်းသောအသက်မွေးမှုဖြင့် ခြိုးခြံစွာကျင့်နေလျှင် မွန်မြတ်သောအသက်မွေးမှုရှိသူကို မထေမဲ့မြင်မပြုရာ။

-မိမိကခြိုးခြံမှုမရှိ၊ မွန်မြတ်သောအသက်မွေးမှုကိုပြုသူဖြစ်ပါလျှင် ခြိုးခြံစွာကျင့်သူတို့ကို ရှေးဘုန်းရှေးကံမပါ၍ ထိုညံ့ဖျင်းသောအစာများကိုစားရသည် ဟုမထေမဲ့မြင် မပြုရာ။

-မိမိက ပညာရှိသူဖြစ်လျှင် ပညာမဲ့သူကိုမကဲ့ရဲ့ရာ။

www.dhammaransi.com



-ထိုနည်းတူ မိမိက သီလအကျင့်ရှိသူဖြစ်လျှင် သီလအကျင့်မရှိသူကိုမကဲ့ရဲ့ရာ၊ မထေမဲ့မြင်မပြုရာ ဟု ဆိုလိုပါသည်။

၁၈။ -သူတစ်ပါးတို့ဖျက်ဆီးကဲ့ရဲ့ခြင်းခံရသောရဟန်းသည် ပရိုဝိဇ်ရဟန်းတို့၏လည်းကောင်း၊ များစွာသောသူတို့၏လည်းကောင်း၊ များစွာသောစကားကိုကြားရသည်ရှိသော် ထိုသူတို့ကိုကြမ်းကြုတ်သောစကားဖြင့် တုံ့ပြန်မပြောဆိုရာ၊ မှန်ပါ၏၊ သူတော်ကောင်းတို့သည် ရန်တုံ့မှုခြင်းကိုမပြုကြကုန်။

ဗုဒ္ဓ၏ဆိုလိုချက်မှာ-

-ရဟန်းဟူသည် တစ်ပါးသူတို့၏ကဲ့ရဲ့စွပ်စွဲဆဲရေးခြင်းကို တစ်ခါတစ်ရံ၌ခံရတတ်သည်၊ ထိုအခါ ဆဲရေးသူကို အတုံ့ပြန်၍မဆဲရာ။

-စွပ်စွဲကဲ့ရဲ့သူကိုတုံ့ပြန်၍ စွပ်စွဲကဲ့ရဲ့ခြင်းမပြုရာ။

-ရန်ဘက်ပြုသူကိုတုံ့ပြန်၍ ရန်ဘက်မမူရာ။

-ရုန့်ရင်းကြမ်းကြုတ်သောစကားဖြင့်မချေပဘဲ သိမ်မွေ့နူးညံ့သောစကားဖြင့် ချေပသင့်သောအရာ၌ ချေပရာ၏။

-ထိုတုံ့ပြန်၍ ဆဲမှု၊ စွပ်စွဲမှု၊ ရန်ပြုမှုတို့သည် ကိလေသာငြိမ်းအောင်ကျင့်သူတို့၏အမှုအရာမဟုတ်ကုန် ဟု ဆိုလိုပါသည်။

www.dhammaransi.com



၁၉။ -စုံစမ်းဆင်ခြင်သောရဟန်းသည် ထိုဟောပြောပြီးခဲ့သောတရားကိုလည်းသိ၍ အခါခပ်သိမ်းသတိနှင့်ပြည့်စုံသည်ဖြစ်လျက် ကျင့်ရာ၏၊ ရာဂစသည်တို့ငြိမ်းအေးရာသဘောတရားကို သန္တိသုခနိဗ္ဗာနဓာတ်ဟုသိ၍ ဂေါတမနွယ်ဖွားမြတ်စွာဘုရား၏သာသနာတော်၌ မမေ့မလျော့ရာ။

ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-အရဟတ္တဖိုလ်သို့ရောက်ရန်ရည်မှန်းသောရဟန်းသည် ဟောပြောပြီးသောရှောင်သင့်ရှောင်ထိုက်သော အကုသိုလ်တရား၊ ဆောင်သင့်ဆောင်ထိုက်သောကုသိုလ်တရားတို့ကိုအလုံးစုံသိပြီးနောက်၌ တေဘူမကသင်္ခါရတရားတို့ကို အနိစ္စ-ဒုက္ခ-အနတ္တလက္ခဏာသို့တင်လျက် ဝိပဿနာဘာဝနာဖြင့် ပြန့်ပွားနေရာ၏။

-အခါခပ်သိမ်းသတိမြဲမြဲဖြင့် (သတိပဋ္ဌာန်အကျင့်ကိုကျင့်သဖြင့်)သီလ၊ သမာဓိ၊ ပညာဟူသော သိက္ခာ(၃)ပါးကိုပွားစေ၏။

-ဗုဒ္ဓ၏တရားတော်၌ အမွန်မြတ်ဆုံးသောနိဗ္ဗာန်ဟူသော သန္တိသုခကိုမြော်မှန်းလျက် ကိုယ်တိုင်မျက်မှောက်ဉာဏ်ဖြင့်ရောက်အောင် အပ္ပမာဒတရားဖြင့် လုံ့လထားကာပွားစေရာ၏ ဟုဆိုလိုပါသည်။

၂၀။ -အာရုံခြောက်ပါးတို့ကိုလွှမ်းမိုးနိုင်သည်ဖြစ်၍ ကိလေသာတို့ကမနှိပ်စက်နိုင်သောထိုမြတ်စွာဘုရားသည်

www.dhammaransi.com



တစ်ဆင့်ကြားမဟုတ်၊ မိမိကိုယ်တိုင်မျက်မှောက်ပြု သောတရားကိုမြင်တော်မူ၏၊ ထို့ကြောင့်ပင်လျှင် ထိုမြတ်စွာဘုရား၏သာသနာတော်၌ မမေ့မလျော့ အခါခပ်သိမ်း ရှိသေကိုင်းညွတ်သည်ဖြစ်၍ကျင့်ရာ၏။

ဗုဒ္ဓ၏ဆိုလိုချက်မှာ–

-လုံ့လကြီးစွာဖြင့် သမထဝိပဿနာတရားတို့၌ မမေ့မလျော့မပေါ့သောရဟန်းသည် ရူပါရုံစသောကာမဂုဏ်တို့နှင့်တွေ့ဆုံရာအခါ တပ်မက်မှုကိုပယ်ခြင်းအားဖြင့် ထိုကာမဂုဏ်တို့ကို မိမိကလွှမ်းမိုးနှိပ်နင်းခြင်းငှာစွမ်းနိုင်ပါပြီ၊ ကာမဂုဏ်တို့၏လွှမ်းမိုးနှိပ်စက်ခြင်းကိုမခံရပါပြီ။

-ကာမဂုဏ်နှိပ်စက်ခြင်းမှလွတ်ကင်းသည်ဖြစ်၍ ဘာဝနာအဆင့်ဆင့်အားဖြင့် ကိုယ်တွေ့မျက်မှောက်ရောက်အပ်သော မဂ်၊ ဖိုလ်နိဗ္ဗာန်တရားကို ကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့မြင်နိုင်ပါ၏။

-ပစ္စုပ္ပန်ဘဝ၊ တမလွန်ဘဝ၌ ဒုက္ခကိုဖြစ်စေတတ်သော ကိလေသာအန္တရာယ်တို့ကို အကြိမ်ကြိမ်ထပ်၍-ထပ်၍ သတ်တတ်သော သက်ကြောင့်ဖြစ်သော မဂ်၊ ဖိုလ်၊ နိဗ္ဗာန် သို့မဟုတ် သံသရာဝဋ္ဋဒုက္ခတည်းဟူသော အကျိုးမဲ့နှင့်တကွသော တဏှာစသောကိလေသာ တရားဆိုးတို့မရှိရာ၊ မဖြစ်ရာဖြစ်သော မဂ်၊ ဖိုလ်နိဗ္ဗာန် ဆိုသည်ကား ဤသို့ဤပုံတည်းဟု တစ်ဆင့်ကြားသော အားဖြင့်လည်းကောင်း၊

www.dhammaransi.com



-ဆရာစဉ်ဆက်ဆောင်ရွက်မှတ်သားအပ်သော နည်းဥပဒေအားဖြင့်လည်းကောင်း၊ စာတွေ့အားဖြင့်လည်းကောင်း၊ ကြံစည်စိတ်ကူးချက်အားဖြင့်လည်းကောင်း၊ အသင့်ယုတ္တိနှင့်တကွ မှန်းဆခြင်းဖြင့်လည်းကောင်း၊ အကြောင်းတုကိုရှာကြံခြင်းအားဖြင့်လည်းကောင်း၊ ရှုတိုင်း-ကြံတိုင်းခန့်ငြားသော အထင်အမြင်အားဖြင့်လည်းကောင်း၊ ယုံကြည်အားရ၍ နေအပ်သည်မဟုတ်သော ကိုယ်တွေ့ဉာဏ်တွေ့ဖြစ်သော မဂ်၊ ဖိုလ်နိဗ္ဗာန်ကို ယုံမှားမှုကင်းစင်လျက် ကိုယ်တိုင်ပင်လျှင် သက်ဝင်ဆုံးဖြတ်အတတ်မြင်နိုင်၏။

-ထိုအကြောင်းကြောင့် ဘုရားရှင်၏အဆုံးအမသြဝါဒဖြစ်သော သမထအမှု၊ ဝိပဿနာအမှုတို့၌ မမေ့မလျော့ဘဲ ဓမ္မာနုဓမ္မပဋိပတ်ကိုကျင့်လျက် ဓမ္မပူဇာအားဖြင့် ဘုရားရှင်ကိုပူဇော်ရာ၏။


-သိက္ခာ(၃)ပါးကျင့်စဉ်တရားတို့ကို ဝိသုဒ္ဓိအစဉ်အားဖြင့် သီလကိုအစ သမာဓိကိုအလယ် ပညာကိုအဆုံးထား၍ ကျင့်ကြံကြိုးကုတ်အားထုတ်မှီဝဲရာ၏ ဟုဆိုလိုပါသည်။

မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယဘိ-အေ)

www.dhammaransi.com

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ် သျှင်သီရိ
(ဓမ္မာစရိယ ဘီ-အေ)



ရေရန်ပွဲမှသည်

# အမြိုက်ရသအောင်ပွဲဆီသို့